မပန်းခက် ဂျပန်မှာဘာသာပြန်ဆိုသော

# ၉ နှစ်စာဝတ္ထုတိုများ



မောင်တင်ဆင့်၊ ခင်ပန်နှင်း (မြောင်းမြ)၊ ဆူးငှက်၊ ကျော်စွာထက်
ခင်ဆွေဦး၊ မေမောင်၊ မောင်ညိုပြာ၊ မဝင့် (မြစ်ငယ်)
မြသန်းတင့်၊ ရဲသျှမ်း၊ မင်းနွယ်စိုး၊ မစန္ဒာ၊ ဖေမြင့်၊ သန်းမြင့်အောင်
ညီပုလေး၊ ဆောင်းဝင်းလတ်၊ မောင်သွေးချွန်

စီစဉ်သူ - မပန်းခက်

မပန်းခက် ဂျပန်မှာ ဘာသာဆိုပြန်သော

# ၉ နှစ်စာ ဝတ္ထုတိုများ

မောင်တင်ဆင့်၊ ခင်ပန်နှင်း (မြောင်းမြ)၊ ဆူးငှက်၊ ကျော်စွာထက်
ခင်ဆွေဦး၊ မေမောင်၊ မောင်ညိုပြာ၊ မဝင့် (မြစ်ငယ်)၊ မြသန်းတင့်
ရဲသျှမ်း၊ မင်းနွယ်စိုး၊ မစန္ဒာ၊ ဖေမြင့်၊ သန်းမြင့်အောင်
ညီပုလေး၊ ဆောင်းဝင်းလတ်၊ မောင်သွေးချွန်

လှူဒါန်းပါသည်။

**မိုးဒွင်းစာပေ**

မှ

ထုတ်ဝေသည်

ဖုန်း ၀၉ ၅၁၂ ၉၂၆၇

**ပုံနှိပ်မှတ်တမ်း**

မပန်းခက် ဂျပန်မှာ ဘာသာပြန်ဆိုသော
၉ နှစ်စာ ဝတ္ထုတိုများ
ကလောင်စုံ
မပန်းခက် စီစဉ်သည်။
ဒုတိယအကြိမ်၊ မတ်၊ ၂၀၂၀
ပထမအကြိမ်၊ ဇွန်၊ ၂၀၀၄(မာတာ စာပေ)
မိုးဒွင်း စာပေ
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၃၀၀၀ ကျပ်

**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများစာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** - ဦးအေးဝင်း (၀၀၂၉၀)၊ အေးကမ္ဘာပုံနှိပ်တိုက်၊ အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** မောင်ဒေး။ **ကွန်ပျူတာစာစီ** သရဖီ။

## မာတိကာ

* ပဏာမ အမှာစကား – လူထုဒေါ်အမာ ၇

**အခန်း ၁၊ မြို့**

၁။ မြင်းတစ်ကောင် – မောင်တင်ဆင့် ၁၃

၂။ သုညဒီဂရီ စင်တီဂရိတ် – ခင်ပန်နှင်း (မြောင်းမြ) ၂၀

၃။ မီးသင့်အသိုက် – ဆူးငှက် ၃၀

၄။ မြို့သစ်ကလေး ၂ – ကျော်စွာထက် ၃၇

**အခန်း ၂၊ ကလေးသူငယ်များ၊ မိန်းမများ**

၁။ အေးချမ်းငယ်၏ ဖွင့်ဟဝန်ခံချက် – ခင်ဆွေဦး ၅၃

၂။ မှာချင်တယ် မောင် မလွမ်းနဲ့ – မေမောင် ၆၁

၃။ မစိန်ရီ သရက် – မောင်ညိုပြာ ၇၃

၄။ တိမ်ရိပ်နှင်းဆီ – မဝင့် (မြစ်ငယ်) ၈၁

၅။ စံပယ်တွေ ရမယ် – မြသန်းတင့် ၉၃

**အခန်း ၃၊ ဘဝ**

၁။ ငါ့ဝမ်းပူဆာ မနေသာ – ရဲသျှမ်း ၁၀၇

၂။ ဦးမက်ပျော်၏ ကိုယ်ရေးအကျဉ်း – မင်းနွယ်စိုး ၁၁၄

၃။ ကြက်ဈေး – မစန္ဒာ ၁၂၀

၄။ သူဌေးနှင့် သူဌေးစောင့်နတ် တိုင်ပင်ခန်း – ဖေမြင့် ၁၃၀

၅။ အထူအပါး – သန်းမြင့်အောင် ၁၃၅

**အခန်း ၄၊ ရွာ**

၁။ ရွှေမန်ကျည်း ခုနစ်စင် – ညီပုလေး ၁၄၇

၂။ ရေစက် – ဆောင်းဝင်းလတ် ၁၅၅

၃။ ခွန်ဖွားဖရာတိုင်းသား – မောင်သွေးချွန် ၁၆၃

**နောက်ဆက်တွဲ ၁**

၂၀၁၄ ခုနှစ်တွင် ထုတ်ဝေသော
'စံပယ်တွေ ရမယ် ... နှင့် ဂျပန်ဘာသာပြန်
မြန်မာဝတ္ထုတိုများ'အတွက် မပန်းခက် အမှာစာ ၁၈၁

**နောက်ဆက်တွဲ ၂**

ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခြင်းနှင့် ပတ်သက်၍
မပန်းခက်၏ဖြည့်စွက်ချက် ၁၈၃

စာရေးသူများ၏ အတ္ထုပ္ပတ္တိအကျဉ်း ၁၈၉

## ပထမ အမှာစကား

လူထုဒေါ်အမာ

ဆရာမ မပန်းခက်က မြန်မာဝတ္ထုတို အပုဒ် ၂၀ ကျော်လောက်ကို ဂျပန်လို ဘာသာပြန်ပြီး စုစည်းထုတ်ဝေမှာမို့ သူ့ဘာသာပြန်စာအုပ်မှာ အမှာရေးပေးပါလို့ ထူးကဲတဲ့ ဒီအခွင့်အရေး ကျွန်မကို ပေးလာတော့ သူ့ကို ကျေးဇူးတင်ပြီး ဝမ်းမြောက်ဝမ်းသာ ရေးပေးလိုက်ပါတယ်။

ဆရာမ မပန်းခက်က မြန်မာစာပေထဲက ကောင်းနိုးရာရာ သူ့စိတ်ကြိုက်ကလေးများကို ဂျပန်လို ဘာသာပြန်တာ စာအုပ်ပေါင်း ၅ အုပ် ရှိပါပြီ။ သူ ရွေးချယ်ဘာသာပြန်ခဲ့တာတွေကို ကြည့်ခြင်းအားဖြင့် မပန်းခက်က သူ့ ဂျပန်စာဖတ်ပရိသတ်နဲ့ ကျွန်မတို့ ဗမာလူမျိုးတွေ ဘယ်လို ယုံကြည်တယ်၊ ဘယ်လို တွေးခေါ်တယ်၊ ဘယ်လို ပြုမူပြောဆို ရှက်ဆောင်တယ်၊ သူ့ကျွန်ဘဝ ဗမာများ၊ လွတ်လပ်စ ဗမာများ ဘယ်လို ဘဝတွေကို ဖြတ်သန်းရတယ်၊ တောနေဗမာ၊ မြို့နေဗမာ၊ အလုပ်သမား လူတန်းစားဗမာ၊ အထက်လွှာက ဗမာတို့ဘဝ စတာတွေ ဘယ်လိုရှိတယ် ဆိုတာကို ဂျပန်အမျိုးသားတွေက သိနားလည်စေချင်တယ် ထင်ပါရဲ့။ ဒါကြောင့် မပန်းခက်က မြန်မာစာပေ ပြတင်းကတစ်ဆင့် မြင်သင့်မြင်ထိုက်

တာကလေးတွေကို ရှာဖွေတင်ပြဖို့ ကြိုးစားနေပါတယ်။ သူ့ကြိုးစားမှုများဟာ စေတနာအနေနဲ့လည်း ဖြူစင်တယ်၊ လုပ်ရပ်အနေနဲ့လည်း မှန်ကန်တယ်လို့ ကျွန်မက ယုံကြည်လို့ သူ ရည်ရွယ်တဲ့အတိုင်း အောင်မြင်ပါစေလို့ ဆုတောင်းလိုက် ပါတယ်။

လူတစ်မျိုးက လူတစ်မျိုးအပေါ်ကို သိရှိနားလည်တယ်ဆိုတာဟာ လူသားမှာရှိတဲ့ စာနာစိတ်ကို အားပေးအားမြှောက် ပြုနိုင်တာမို့၊ သိနားလည်မှုဟာ ချစ်ကြည်မှုကို ဖြစ်ပေါ်စေပါတယ်။ ချစ်ကြည်မှုဟာ ငြိမ်းချမ်းရေးအတွက် အကောင်းဆုံး လုပ်ဆောင်ချက်လည်း ဖြစ်ပါတယ်။

ကျွန်မတို့ကမ္ဘာမှာ ဟိုအရင်တုန်းကတော့ နိုင်ငံတွေဟာ ကြီးပွားချမ်းသာ တိုးတက်လာအောင် တစ်နိုင်ငံက တစ်နိုင်ငံကို အနိုင်ကျင့်သိမ်းပိုက်တယ်။ ပြီးတော့ ကျွန်လုပ် သွေးစုပ်ပြီး သူ့နိုင်ငံကို တည်ဆောက်တယ်။ အင်အားတောင့်တင်းလာပြီ ထင်တဲ့အခါ စစ်အင်အားကို ထပ်တိုးချဲ့၊ အစွမ်းထက် လက်နက်ကြီးတွေကို ရှာတပ်ဆင်ပြီး အင်အားနဲ့ သူနိုင်နိုင်တဲ့ နိုင်ငံငယ်များကို ခြိမ်းခြောက် အနိုင်ကျင့်မှုများကို ပြုလုပ်ပြန်ပါတယ်။ စစ်ဖက်တယ်၊ သိမ်းပိုက်တယ်၊ ကျွန်ပြုတယ်၊ သွေးစုပ်တယ်။ ဒါဟာ လူသူလက်နက် ပြည့်စုံသူများရဲ့ လုပ်ရိုးလုပ်စဉ်ကြီးတစ်ခုပါ။ ကိုလိုနီဝါဒဆိုတာလည်း အဲဒါပါပဲ။

နောက်တော့ သွေးအစုပ်ခံ၊ ကျွန်အပြုခံ၊ အဖိနှိပ်၊ အခြယ်လှယ်ခံ လူသားတွေဟာ တစ်နိုင်ငံချင်း ရုန်းကန်တော်လှန်မှုရော၊ စုပေါင်းလက်တွဲ တော်လှန်မှုရော ပြုလာကြလို့ ကိုလိုနီတွေ လက်လွှတ်လာကြရတယ်။ လွတ်လပ်ရေး ပေးလာကြရတယ်။

အဲဒီလို သူရောငါပါ လွတ်လပ်ကြပြီဆိုတဲ့အချိန်မှာ 'လွတ်လပ်စွာယှဉ်ပြိုင်ခွင့်'ဆိုတဲ့ အမည်ပေးထားပြီး 'တံခါးဖွင့် စီးပွားရေးဝါဒ'လို့ ခေါ်နေတဲ့ စီးပွားရေးဆိုင်ရာ မူဝါဒတစ်ရပ်ကို ကြွေးကြော်လာသံ တော်တော်ကျယ်ကျယ်ကြီး ကြားလာရပါတယ်။ ဒီဝါဒဟာ လွတ်လွတ်လပ်လပ်ကုန်သွယ်ကြမယ်၊ ရောင်းဝယ်ကြမယ်၊ အပိတ်အဆို့ အတားအဆီးမထားကြစတမ်းလို့ ဆိုလေတော့ သိပ်လွတ်လပ်ကျယ်ပြန့်တဲ့ သဘောထားပါကလားလို့ ထင်စရာပါပဲ။

နို့ပေမဲ့ စီးပွားရှာကြတဲ့အခါမှာ ငွေရမှုအတွက် ရှက်ဆောင်ကြမှာ

ဖြစ်လေတော့ သူ့ထက်ငါသာ အပြိုင်အဆိုင် ဆောင်ရွက်ကြတော့မယ်။ အဲဒီမှာ ခနအင်အားက စကားပြောလာတော့မယ်၊ ငွေများ တရားနိုင် ဖြစ်လာတော့မယ်။ ဟိုတုန်းက လက်နက်သာတဲ့လူက ဗိုလ်ကျတယ်။ ခု ငွေအရင်းအနှီးအင်အား သာတဲ့လူက အနိုင်ရမယ်။ ဒေါသနဲ့ မာနအစား လောဘက ကြီးစိုးလွှမ်းမိုးလာမယ်လို့ မြင်နေပါတယ်။ အခွင့်အရေး တူ တယ်ဆိုပေမဲ့ အင်တူအားတူ ယှဉ်ပြိုင်ရှာဖွေတာမျိုး မဟုတ်ရင် ခနအင် အားရဲ့ ကြီးနိုင်ငယ်ညှဉ်းစနစ်က ရှိကို ရှိလာတော့မှာပါ။

ဒါကြောင့် ငြိမ်းချမ်းရေးနဲ့ တရားမျှတရေးရဲ့ အနာဂတ်ကတော့ ကြည်လင် လန်းဆန်းနေတယ်လို့ ပြောမရသေးပါဘူး။

အဲဒီလို အခြေအနေမျိုးမှာ လူမျိုးအချင်းချင်း သိနားလည်ရေး၊ ချစ်ကြည်ရေးကတော့ ပိုလို့တောင် လိုလာနိုင်ပါသေးတယ်။

ပြီးတော့ ဂျပန်နဲ့ မြန်မာ နှစ်နိုင်ငံရဲ့ သမိုင်းမှာ ဒုတိယကမ္ဘာစစ် ကြီးအတွင်းက ဂျပန်က မြန်မာနိုင်ငံကို တိုက်ခိုက်ပြီး ၃ နှစ် ၃ မိုး အုပ် စိုးသွားခဲ့တယ်။ အဲဒီအုပ်စိုးမှုကို ဗမာတွေက ခုခံတော်လှန်ခဲ့တယ်ဆိုတဲ့ အမာရွတ်ကြီး ရှိခဲ့ပါတယ်။

အဲဒီလိုရှိရာမှာ ဂျပန်စစ်သည် သုံးသိန်းကျော် မြန်မာနိုင်ငံကို စေ လွှတ်ခဲ့တယ်။ စစ်သည်တစ်သိန်းခွဲသာ ပြန်ရောက်လာတယ်။ ပြန်ရောက် လာတဲ့ စစ်သည်တွေထဲမှာ မြန်မာအမျိုးသားတွေက သူတို့ တော်ပြတ်နေတဲ့ ကြားက ဗုဒ္ဓဘာသာတွေ ဖြစ်တဲ့အလျောက် ကရုဏာ၊ မေတ္တာနဲ့ ဒုက္ခသည် ဂျပန်စစ်သားများကို ဝေစား၊ ဖွဲ့ဝတ်ပြီး ရန်သူက ဖမ်းဆီးတာ မခံရအောင် ကွယ်ဝှက်ပေးထားတဲ့ အဖြစ်တွေ အတော်များများ ရှိတယ်။ ဗမာတွေရဲ့ စေတနာ၊ မေတ္တာကို ခံယူရတဲ့ ဂျပန်တွေက သူတို့တစ်သက်မှာ ဒီအဖြစ် ကို ဘယ်တော့မှ မမေ့ကြဘူးလို့ ကြားဖူးပါတယ်။

ဒါကြောင့် မပန်းခက်ကို တစ်ခု အကြံပြုပါရစေ။ မပန်းခက်ဟာ ဂျပန်ပြည်မှာ မြန်မာစာသင်ကြားပေးနေတဲ့ ပါမောက္ခဆရာမကြီးပါ။ သူ့ မှာ မြန်မာစာသင်ယူတဲ့ ဂျပန်တပည့် မြောက်မြားစွာ ရှိပါတယ်။ ဒီတပည့် တပန်းတွေရဲ့ အကူအညီနဲ့ ကမ္ဘာစစ်ကြီးအတွင်းက မြန်မာ့မြေရေပေါ်မှာ ဖူးပွင့်သွားတဲ့ မြန်မာကရုဏာပန်း၊ မေတ္တာပန်းကလေးများကို ဂျပန်ပြည် မှာ လိုက်လံ စုဆောင်းရယူပြီး စစ်ကြီးအတွင်းက မေတ္တာပန်းများဆိုတဲ့

တကယ့်ဖြစ်ရပ်ကလေးတွေကို ဂျပန်လို စာအုပ်ကလေးတစ်အုပ်၊ မြန်မာလို စာအုပ်ကလေးတစ်အုပ် လုပ်စေချင်ပါတယ်။

မပန်းခက် ကြိုးစားနေတဲ့ ဂျပန်–မြန်မာ သိနားလည်ရေး၊ ချစ်ကြည်ရေး ပန်းများ ကားကားစွင့်စွင့် ပွင့်လန်းပါစေ။

**လူထုဒေါ်အမာ**

# အခန်း (၁)

# မြို့

## မြင်းတစ်ကောင်
### မောင်တင်ဆင့်

ဒီအကြောင်းနှင့်ပတ်သက်လို့ ခင်ဗျားကို ပြောပြလျှင် ခင်ဗျား ယုံချင်မှ ယုံမည်။

တစ်ခါက ကျွန်တော် မြင်းတစ်ကောင် ဖြစ်သွားဖူးသည်။

အမှန်တော့ ကျွန်တော်က အလုပ်သမားတစ်ဦး ဖြစ်သည်။ ဉာဏအလုပ်သမားတော့ မဟုတ်ပါ။ စက်မောင်းရတဲ့ အလုပ်သမားတစ်ယောက်သာ။ ကျွန်တော်တို့ အလုပ်ရုံမှာ (လက်ချိုးရေတွက်လို့ ရသော) အလုပ်သမား ရာဂဏန်းလောက်တော့ ရှိသည်။ ကျွန်တော်က ထိုအထဲမှ တစ်ယောက် ဖြစ်သည်။

တကယ်က ကျွန်တော် ပြောချင်သည်မှာ တစ်ခါက ကျွန်တော် မြင်းတစ်ကောင် ဖြစ်သွားသောအကြောင်း ဖြစ်သည်။

ကျွန်တော့်အိမ်နှင့် ကျွန်တော် အလုပ်ဆင်းရသောနေရာမှာ သိပ်မဝေးပါ။ အလွန်ဆုံး ငါးမိနစ်ပဲ လမ်းလျှောက်ရမည်။ ကျွန်တော့်အိမ်မှ အလုပ်ရှိရာသို့အသွားတွင် လမ်းမှာ ဘတ်စ်ကားဂိတ်တစ်ခုနှင့် မြည်းလှည်းဂိတ်တစ်ခုကို ဖြတ်ရသည်။ နေ့စဉ် ဖြတ်ဖြတ်သွားရင်း ကျွန်တော်

မြင်းလှည်းများကို မြင်မြင်နေရသည်။ တစ်ခါတစ်ခါ ရုတ်တရက် နောက်မှပေါ်လာတတ်သော မြင်းလှည်းကို မနည်းရှောင်လိုက်ရတာလည်း ရှိသည်။ တစ်ခါတစ်ခါတော့ မြင်းကတ်ကို မြင်းလှည်းဆရာက တရွှမ်းရွှမ်း ကျာပွတ်နှင့် တင်ပါး၊ ခြေထောက်၊ ဗိုက်၊ တစ်ခါတစ်ရံ လည်ပင်းတို့ ရိုက်လိုက်လျှင် မြင်းကတ်လည်း အလန့်တကြား ပြေးထွက်လာခိုက် လမ်းပေါ်မှာ ကျွန်တော် ရောက်နေခဲ့လျှင် မနည်း ရှောင်ပြေးရဖူးသည်။ တစ်ခါတော့ မြင်းလှည်းတစ်စီးသည် ချောင်းငယ်ကူးတံတားကို အဖြတ် ချောက်ထဲလိမ့်ကျသွားရာ ခရီးသည်တွေရော မြင်းပါ ပက်လက်လန်သွားသည်ကို တွေ့ခဲ့ရဖူးသည်။ လူတွေကို အလွယ်တကူ ဆွဲထုတ်၍ရသော်လည်း မြင်းကိုတော့ မနည်းကြီး ပြန်မတ်ယူရသည်။ ဒီတစ်ခါ မြင်းလှည်းဆရာသည် မြင်းကို ဆဲဆိုရင်း ဘေးအကူအညီများနှင့် လှည်းကို မ,ထုတ်ခဲ့ရတော့၏။

* * *

တစ်နေ့တွင် ကျွန်တော် အလုပ်မှပြန်ခိုက် ဂိတ်မှထွက်လာသော မြင်းလှည်းတစ်စီးကို မြင်ရ၏။ လူတစ်ယောက် မြင်းရဲ့ ရှေ့ခြေနှစ်ချောင်းကို လျှော်ကြိုးနှစ်ပင်ပူးနှင့် ပွတ်ဆွဲနေလေသည်။ မြင်းကတ်နေသောကြောင့် ဒီလိုလုပ်နေတာပဲဟု ကျွန်တော် တွေးမိ၏။ မြင်းမှာ ခြေမလှမ်းချင်တော့။ ရိုက်လို့လည်း မလှမ်း။ ဒီအခါ လျှော်ကြိုးနှစ်ပင်ပူးလျက် ရှေ့ခြေကို ပွတ်ဆွဲသောအခါ မြင်းသည် နာကျင်လွန်းသဖြင့် ခုန်ဆွခုန်ဆွ ဖြစ်သွားပြီး ခြေလှမ်းသလို ဖြစ်သွားရသည်။ တွန့်ဆုတ်လိုက်၊ ခုန်ဆွလိုက်နှင့် နောက်ဆုံး မလွှဲမရှောင်သာ ပြေးရလေတော့သည်။

ကျွန်တော်သည် ထိုအဖြစ်ကို ငေးရပ်ကြည့်ရင်း ကျွန်တော်ကိုယ်တိုင် မြင်းတစ်ကောင် ဖြစ်သွားသည်။

* * *

ကျွန်တော့်ကို ကျွန်တော့်သခင် ဝယ်လာတုန်းက နှစ်နှစ်သားလောက်ပဲ ရှိသေးသည်။ ကျွန်တော့်ကို အထက်ဘက် မြင်းခြံမြို့က ဝယ်လာခြင်း ဖြစ်သည်။ ဒီတုန်းက ခိုင်းလို့မရတတ်သေးသဖြင့် သုံးထောင့်ငါးရာလောက်ပဲ သခင်က ပေးခဲ့ရသည်။

ကျွန်တော်တို့ မြင်းတွေကို နှစ်နှစ်ခွဲ၊ သုံးနှစ်သားလောက်မှ ခိုင်းလို့

ဖြစ်ပါမည်။ ဝယ်ဝယ်ချင်း ခိုင်းလို့ရသောမြင်းဆိုလျှင် အညွှံဆုံး သုံးထောင် ကျပ်မှ အမြင့်ဆုံး ငါးထောင်ကျော်လောက်တော့ ရှိသည်ဟု ကျွန်တော့် သခင်နှင့် မြင်းပွဲစားတစ်ဦးတို့ ပြောတာ ကြားဖူးပါသည်။ တစ်ခုတော့ ရှိသည်။ 'ငိုသံကြား' မြင်းမျိုးနှင့် 'ပုခက်လွှဲ' မြင်းမျိုးက ခိုက်တတ်တယ် လို့ အယူရှိတဲ့အတွက် ဈေးမရှိတတ်။ ဝယ်သူ ရှောင်တတ်သတဲ့။ ငိုသံ ကြားမြင်း ဆိုတာက မြင်းကိုယ်ကို လှည်းမှာတပ်ပြီး အိမ်ကထွက်မယ် အလုပ် အိမ်ဘက်ကို ခေါင်းလှည့်ကြည့်တတ်သော မြင်း။ ပုခက်လွှဲမြင်း ကတော့ ရပ်နေရင်း ကိုယ်ကို လှုပ်လွှဲနေတတ်သော မြင်း။ မြင်းရှင် သတ် သတဲ့။

ကျွန်တော်ကတော့ အရောင်အသွေးရော၊ စရိုက်ရော ကောင်းသည့် မြင်းမျိုးဟု ဆိုပါသည်။ ကျွန်တော့်အရောင်က ချိတ်လေး (နီညိုရင့်ရောင်)၊ နှာရိုးတစ်လျှောက် အဖြူစင်းရှိလို့ ကျွန်တော့်ကို နှာကြားဟု ခေါ်ပါသည်။

ကျွန်တော့်ကို ကျွန်တော့်သခင်က ဝယ်လာပြီး မကြာမီမှာပဲ လှည်း ဆွဲကျင့်သည်။ လှည်းဆွဲကျင့်သည်မှာ လှည်းပေါ်၌ လူမပါ။ လှည်းကို ကျွန်တော့်ခန္ဓာကိုယ်နှင့် တွဲလိုက်ပြီးနောက် သခင်နှင့် သူ့သားက ဘေး တစ်ဖက်တစ်ချက်က ပြေးလိုက်ပြီး ကျွန်တော့်ပါးစပ်ကြိုးကို ဆွဲလျက် လှည်းဆွဲကျင့်ပေးပါသည်။ ပထမတော့ ကျွန်တော်လည်း မပြေးတတ်ပါ။ သားရေနှင့်လုပ်ထားသော လည်ပွေ့(ခွေ့)ကလည်း အစ်တစ်တစ် ဖြစ်နေ ပါသည်။ လူတွေ၊ ကား၊ စက်ဘီးတွေကို မလန့်အောင်လည်း မျက်နှာဖုံး (မျက်လုံးကာ) တပ်ထားရာ ဘေးဘီကိုလည်း ကောင်းကောင်းမမြင်ရ။ လုံးဝပါ။ အမှန်က သူတို့ လုပ်ထားပုံက ရှေ့တည့်တည့် သူတို့ သွားလို ရာက လွဲပြီး ဘာမှမမြင်ရလေ ကောင်းလေပင်။ သူတို့ဆွဲသော ပါးစပ် ကြိုး [အာခေါင် ဟိုဘက်ဒီဘက်ကို သံချောင်း၊ သို့မဟုတ် သံပိုက်လုံးလေး ထည့်ထားပြီး (စက်သွားဟုလည်း ခေါ်ပါသည်) ဘေးတစ်ဖက်တစ်ချက် သံကွင်းမှာ ကြိုးတပ်။ မျက်နှာဖုံးသံကွင်းနှင့်ဆက်၊ ဒီကမှ လှည်းမောင်း သူက ထိုကြိုးစ နှစ်စကို ဆွဲ၍ မောင်းခြင်းဖြစ်သည်] အတိုင်း ကျွန်တော် လှုပ်ရှားရမည်။ ဘယ်ဘက်က ဆွဲလျှင် ခေါင်းက ဘယ်ဘက်စောင်းသွား ပြီး ဘယ်ကွေ့၊ ညာကြိုးတင်းလျှင် ညာကွေ့၊ ကြိုးလျှော့ပြီး ငေါက်သံနှင့် တင်ပါးကို တစ်ချက်လောက် ဖြန်းခနဲ ရိုက်လျှင် ရှေ့စူးစူးကိုပြေး။ ဒီ

သင်္ကေတကို မှတ်မိအောင် ယခု လေ့ကျင့်ပေးခြင်းပဲ ဖြစ်သည်။ ကျွန်တော့်မှာတော့ ဘေးတန်း (လက်တန်း) နှစ်တန်း ပါးကြိုး၊ လည်ခွေ၊ ဗိုက်ကြိုး၊ အမြီးကြိုးတို့ကြောင့် ကျဉ်းကျဉ်းကျပ်ကျပ်နှင့် တုပ်နှောင်ထားသလိုဖြစ်ပြီး သွားရလာရ၊ ပြေးရလွှားရတာ လွတ်လွတ်လပ်လပ် မရှိသလိုကြီးဖြစ်ကာ လန့်လို့လည်း နေပါသည်။ တင်ပါးနှင့် ခြေကာမှာလည်း တိုက်တိုက်နေပြန်ပါသည်။ နောက်တော့လည်း ကျင့်သားရသွားခဲ့လေသည်။

'ဟဲ့ ... နာကြား၊ ပြေးလေ၊ ဖေ့သားကြီး ... ပြေးလေ' တစ်ခါတစ်ရံ ချော့ချော့မော့မော့ ဖေ့သားကြီးဆိုပြီး ခိုင်းပါသည်။ ကျွန်တော် အလွန်ပင်ပန်းမောနေသည့်အခါ မအီမသာဖြစ်ပြီး ခြေလက် မသယ်ချင်၊ မလှုပ်ချင်၊ မရှားချင်သည့်အခါ ကျွန်တော် အလွယ်တကူ ပြေးမထွက်နိုင်ခဲ့။ ဒီအခါ သခင်သည် လူရှေ့သူရှေ့မရှောင် ကျွန်တော့်ကို ဆဲပါသည်။ တင်ပါးကို ရိုက်၊ ရိုက်မရလျှင် ခြေထောက်၊ ဗိုက်များကို ရိုက်ပါသည်။ မတန်တဆ နာကျင်ပေမဲ့ စိတ်ကြီးတတ်သော မြင်းမျိုးဖြစ်၍ မသွားဘဲ ပေကတ်နေလိုက်မိလျှင် သခင်လည်း တစ်စတစ်စ ပိုကြမ်းလာတော့၏။ အကူမြင်းလှည်းသမားတစ်ယောက်ကို ခေါ်၊ ပါးကြိုး (ဇက်သွားကြိုး) ကို ရှေ့ကဆွဲ၊ ကျာပွတ်နှင့် ခြေထောက်များကို ရိုက်နှင့် ပတ်ကြမ်းတိုက်လေတော့သည်။

လှည်းပေါ်က ခရီးသည်တချို့က ကျွန်တော့်ကို သနားကြမည် အမှန်။ ဒါပေမဲ့ သူတို့ မပြောသာ။ တချို့ကတော့ ကတ်ရပါမို့လားဆိုပြီး သူတို့ ခရီးဖင့်မှုအတွက် ကျွန်တော့်ကို အမြင်ကတ်ကတ်နှင့် ကျိန်ဆဲဦးမည်။ တချို့ကတော့ ဥပေက္ခာ။

* * *

ကျွန်တော် နှစ်နှစ်ခွဲပြည့်လုနီး အချိန်မှာပဲ ကျွန်တော့်ကို အလုပ်ခိုင်းပါတော့သည်။ ကျွန်တော့်အရင် ရှိနှင့်သော 'ရွှေမ'ဆိုသည့် မြင်းမအိုကိုတော့ ရောင်းထုတ်လိုက်ကြ၏။ ရွှေမမှာ အိုနာကျစပြုပြီ။ လှည်းတစ်ခေါက် ဆွဲရင်ပဲ မောနေတတ်ပြီ။ လှည်းဆွဲလာတာပဲ ဆယ်နှစ် ကျော်လေပြီ။ အသက်ကလည်း နှစ်ဆယ်နီးပါးရှိပြီး လှည်းတပ် အတင်းအကျပ်ခိုင်းလျှင်တော့ သူ့အင်အားရှိသမျှ ရုန်းပါသေးသည်။ ဒါပေမဲ့ ရုန်းသာ

ရှန်း၊ ပြေးသာ ပြေး မရွှေ့တော့။ သူ့ကို သခင်က ရောင်းထုတ်လိုက်သော နေ့က ရွှေမ မျက်ရည်စတွေ ကြွေကျခဲ့တာ ကျွန်တော် မြင်လိုက်ရသေးသည်။

ပထမ ကျွန်တော့်ဝယ်လာစက ကျွန်တော်သည် ရွှေမနှင့်အတူ သခင့်အိမ်ဘေးအဖီ မြင်းဇောင်းမှာ နေခဲ့ရ၏။ ရွှေမက ကျွန်တော့်ကို ကြင်နာစွာ လက်ခံခဲ့ပါသည်။ အစားစားရာတွင်လည်း ဦးစားပေးခဲ့ပါသည်။ သူသည် ကျွန်တော့်ကို မြင်းသစ်ကလေးဆိုပြီး ဗိုလ်မကျခဲ့။ ဖေးမခဲ့သည်။ ကျွန်တော် လှည်းဆွဲကျင့်သောကာလ လှည်းဆွဲကျင့်ပြီး မောမောနှင့် မြင်းဇောင်းကို ပြန်ရောက်လာလျှင် ရွှေမသည် ကျွန်တော့်ကို ကြင်နာစွာ လျှာဖြင့် လျက်ပြီး နှစ်သိမ့်ပေးခဲ့ဖူးပါသည်။ ယခုတော့ ရွှေမ မရှိတော့။ ရွှေမကို မြင်းပင်စင် ပေးလိုက်ကြလေပြီလား။

သည့်နောက်တော့ ကျွန်တော်သည် ရွှေမနေရာ အစားဝင်ရတော့သည်။

ပထမတော့ ကျွန်တော် တက်ကြွနေခဲ့သေးသည်။ ငယ်လည်းငယ်၊ စိတ်လည်း ထက်နေတော့ ဘယ်လောက်ပြေးရပြေးရ ကျွန်တော် မောတယ်ပန်းတယ် မရှိခဲ့။ တစ်ခါတစ်ခါ ဂိတ်ဆုံးရွာကြီးတွင် ဘုရားပွဲရှိပြီဆို မိုးလင်းက မိုးချုပ် တစ်နေ့လုံး ကျွန်တော် ပြေးနေရတော့သည်။ ဒါလည်း ကျွန်တော် မမှုပါ။ အမှန်က လှည်းဆွဲမြင်းကို နှစ်ကောင် ထားရမှာ ဖြစ်သည်။ မနက်ပိုင်း တစ်ကောင်၊ ညနေပိုင်း တစ်ကောင်။ ဒါပေမဲ့ သခင့်မှာ နှစ်ကောင်ဝယ်နိုင်အား မရှိ။ ဒီတော့ ကျွန်တော်ပဲ တစ်ကောင်တည်း နှစ်ကောင်စာ ရှုန်းရတော့သည်။

* * *

ဒီလိုနှင့် ဆယ်နှစ်ကျော်ကျော်လောက် ပြေးပြီးတော့ ကျွန်တော် နည်းနည်း ကျလာပါသည်။ ကျန်းမာရေးလည်း သိပ်မကောင်းချင်တော့။ လပေါင်း၊ နှစ်ပေါင်းများစွာ ညဘက် မတ်တတ်ရပ် အိပ်စက်လေ့ရှိသော ကျွန်တော်သည် ယခုတော့ ဗုန်းဗုန်းလဲလျောင်း အိပ်စက်ချင်လာပါသည်။ နှစ်ပေါင်းများစွာ စားလာသော ရိုးပြတ်စင်းနှင့် ပဲမှုန့်ဆမ်း အာဟာရသည်လည်း ခံတွင်းမတွေ့ချင်တော့။ စားရတာ တစ်နေ့လာလည်း ဒါပဲ မဟုတ်လား။ ကျွန်တော် တစ်ခါတစ်ရံ စားရသော မြက်ခင်းစိမ်းနုကလေးများကို

မြင်မက်လာတတ်သည်။ အထူးစပါယ်ရှယ် အစာဖြစ်သော ကုလားပဲလုံး ရေစိမ်ကိုလည်း တမ်းတမိသည်။ ညအခါ နှိပ်စက်တတ် သော မှက်၊ ခြင်၊ ဖြုတ်တို့၏ သွေးစုပ်မှုကိုလည်း သည်းမခံနိုင်ချင်တော့။

တစ်ခါတော့ ကျွန်တော့်ဘဝကို စိတ်ချဉ်ပေါက်နေပြီး (ထိုနေ့က အစာကို ဝဝလင်လင်လည်း မပေးခဲ့) သခင်ရဲ့သား အနားကပ်လာသည် တွင် လန့်ကန်လိုက်မိရာ ကျွန်တော် သေလုမြောပါး အရိုက်ခံရလေတော့ ၏။ ကျွန်တော့်ကို သစ်ပင်တွင် ကြိုးချည်ပြီး တုတ်ပေါင်းစုံဖြင့် စုတ်ပြတ် သတ်အောင် ရိုက်ခဲ့ကြသည်။ မျက်ရည်သွယ်သွယ်ကျအောင် နာကျင်ခဲ့ရ ၏။ သခင့်သားလည်း လက်ကျိုးသွားသည်ကိုး။

တစ်ရက်မှာ ကျွန်တော် နည်းနည်းဖျားချင်နေမည် ထင်သည်။ တစ်ကိုယ်လုံး ကိုက်ခဲနာကျင်နေကာ မလှုပ်ချင်၊ မလှမ်းချင်။ ဒါပေမဲ့ နံနက်လင်းသည်နှင့် ထုံးစံအတိုင်း လှည်းမှာတပ်ပြီး ကျွန်တော် အိမ်က ထွက်လာရသည်။ (ယခုအခါ အရွယ်ရောက်လာပြီဖြစ်သော သခင့်သား က မြင်းလှည်းမောင်းပါသည်။ သခင့်သားက မြင်းအကြောင်း သိပ်မသိ သေး။ မြင်း နေမကောင်းဖြစ်ချင်၍ မှိုင်တိုင်တိုင် ဖြစ်လာသည်ကို သတိ မထားမိ) အဲဒီနေ့က မနက်ပိုင်း မြို့သစ်ကို နှစ်ခေါက်ဆွဲလိုက်ရ၏။ နေ့လယ်ပိုင်း သခင့်သား ထမင်းစားချိန်မှာ ကျွန်တော်လည်း အနားရ သည်။ အစာစားပြီးတော့ အိပ်ချင်လိုက်တာဗျာ။ မတ်တတ်ပဲ ငိုက်မျဉ်း ရ၏။

လူတွေ အိမ်ပြန်ချိန် ညနေလေးနာရီလောက်မှာ ကျွန်တော် ပြန် ထွက်ရ၏။ ရာသီဥတုကပူ၊ တစ်ကိုယ်လုံး ကိုက်ခဲနှင့် ကျွန်တော် ဗုန်းဗုန်း လဲပြီး သေသွားတော့မလား ထင်နေခဲ့သည်။ (ကျွန်တော်တို့ မြင်းတွေ မှာ ရပ်လျှင် အကျိုး၊ ခြေသုံးချောင်းထောက် ရပ်တတ်သည်။ လှဲလျှင် အသေဆိုတာ ရှိသည်။ နေမကောင်းလို့ လှဲအိပ်လိုက်လျှင်တော့ သေဖို့ သာပြင်။ ကျွန်တော်တို့က အင်မတန် အသက်နုသည် ဆိုရမည်။ ကျွန် တော်တို့ အသက်က တကယ့် ပါးလှပ်လှပ် ပန်းရောင်လေး)

ဂိတ်မှာ ခေတ္တ အလှည့်စောင့်နေတော့ ကျွန်တော် မောနေပါသည်။ လှည်းထွက်ပြီဆိုသည်နှင့် လှည်းနှင့် ကျွန်တော်မှာ ခွဲခွာခြင်း မရှိတော့။ ဂိတ်မှာ နားနေလည်း လှည်းဖြုတ်ထားသည် မဟုတ်ပါ။ ဒီအချိန်က

ရေငတ်လို့လည်း နေသည်။ ဒီအခိုက် အလှည့်ကျလာခဲ့၏။ သခင့်သားက ကျွန်တော့်ကို ဆွဲပြီး ဂိတ်ထိုးသည်။ ကျွန်တော့်ခြေထောက်များ ခွေညွတ်ချင်နေပြီကို သိ၏။ မြေမှာ ကောင်းကောင်း မရပ်တည်နိုင်ချင်။ ခရီးသည်များ တက်လာကြ၏။ လူပြည့်ပြီ၊ ထွက်တော့။

'ဟဲ့ ... နွားကြား၊ ဖေ့သားကြီး'

သခင့်သားက ကျွန်တော့်ကို စတင်မောင်းနှင်သည်။ ကျွန်တော့်ခြေထောက်တွေက မရွေ့။ သခင့်သားက ချော့မရမှန်းသိသောအခါ ကျာပွတ်ကို သုံးသည်။ တင်ပါးကို ခပ်စပ်စပ်ကလေး ရိုက်လိုက်၏။ ကျွန်တော် ရုန်းသည်။ ခြေထောက်တွေက မရွေ့။ သခင့်သား အော်ငေါက်သည်။ ခြေထောက်၊ ဝမ်းဗိုက်များကို ရိုက်သည်။ ကျွန်တော် မရွေ့။

'ဟေ့ ... မောင်စိုး၊ လုပ်စမ်းပါဦးကွ။ နွားကြား ကတ်နေပြန်ပြီ။ ပညာလာပေးစမ်းပါဦး'

ထိတ်ခနဲ လန့်သွားသည်။ ကျွန်တော်တို့မြင်းတွေ အကြောက်ဆုံးနည်းကို သူတို့ အသုံးပြုတော့မည်။ ဒီနည်းက တီထွင်ထားတာ ဘာမှမကြာသေး။ လျှော်ကြိုးတစ်ချောင်းကို ယူ၍ မောင်စိုးဆိုတဲ့ မြင်းလှည်းသမား ရောက်လာသည်။ လျှော်ကြိုးကို ခေါက်လိုက်တော့ နှစ်ပင်ပူးဖြစ်သွားသည်။ ကျွန်တော့် ရှေ့ခြေနှစ်ချောင်းကို ဗိုက်အောက်မှ ပတ်သွင်းလိုက်သည်။ နောက်တော့ ရှေ့မှ ဘေးမှ ပွတ်ဆွဲပါတော့သည်။ နာလိုက်တာ အသည်းခိုက်။ ဒီလိုလုပ်ခဲ့သည့် အကြိမ်လည်း မနည်းတော့သဖြင့် ကျွန်တော့် ရှေ့ပေါင်ရင်းတွေမှာ အနာဖြစ်၊ အနာရွတ်တွေ ဖြစ်နေခဲ့ဖူးပြီ။

ကျွန်တော် နာလွန်း၍ အော်သည်။ ခုန်ဆွခုန်ဆွ၊ မြောက်ဆွမြောက်ဆွ ဖြစ်သွားသည်။ တော်ပါတော့။ တော်ကြပါတော့။ ကျွန်တော် နာလွန်းလို့ပါ။ အမေ ... မွေးမေရေ ... သားကို မကယ်နိုင်တော့ဘူးလား။ ကျွန်တော် တအား ကျုံးရုန်းသည်။ ရှိသမျှခွန်အား၊ ရှိသမျှစွမ်းအား တစ်လက်မပဲ ရွေ့ရွေ့၊ နှစ်လက်မ၊ သုံးလက်မ၊ တစ်ပေ၊ တစ်ကိုက်။

ပြေးထွက်သွားနေသော မြင်းလှည်းကို ကျွန်တော် ငေးမောကြည့်နေရာမှ သတိပြန်ကပ်လာသည်။

ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်း

အမှတ် ၉၊ ၁၉၈၉။

## သုညဒီဂရီစင်တီဂရိတ်
### ခင်ပန်နှင်း (မြောင်းမြ)

'ဟော့ ... စံပယ်ဖူးစ ဆီးယောက်မ'

'ဘာလဲ'

ခပ်ငေါက်ငေါက် ထူးလိုက်သည်။ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ နာမည် 'ငွေမှုန်'ကို မခေါ်ဘဲ စံပယ်ဖူးစ ဆီးယောက်မ ခေါ်ကတည်းက မျက်စောင်းထိုးပစ်လိုက်သည်။ နှုတ်ခမ်း စူပစ်လိုက်သည်။

ကြည့် ... သူ ... ဖိုးထောင်။

လက်တစ်ဖက်ကို နောက်မှာဝှက်ထားပြီး ရယ်ဖြဲဖြဲနှင့် ကြည့်နေသည်။ ငွေမှုန် ကြောက်တတ်သော အကောင်တစ်ကောင် ဖမ်းလာပြီထင်သည်။

'အေးပါ၊ ငါက စံပယ်ဖူးစ ဆီးယောက်မ ဟုတ်ပါတယ်။ ဒါပေမဲ့ နင့်လိုတော့ မော်ဒန်ကာတွန်းထဲ မပါဘူးဟဲ့'

မော်ဒန်ကာတွန်းတို့၊ ကလေးဂျာနယ်တို့ကို ငွေမှုန်တို့၊ ဖိုးထောင်တို့ ကြိုက်လှသည်။ 'စိတ်ကူးယဉ်သွားလို့ပါ ဖေဖေ'ဟု သူ့အဖြေကို မျက်နှာချိုသွေးတတ်သောဖြူဖြူကို ငွေမှုန် အမြဲဖတ်သည်။ ဖြူဖြူ့အပြင်

အခြား ကာတွန်းအဖော်များဖြစ်သော မြားနတ်မောင်တို့၊ ဖိုးဝတို့၊ မောင်ကမ္ဘာတို့၊ အင်္ဂါဂြိုဟ်တို့ကိုလည်း ဖတ်သည်။

မော်ဒန်ကာတွန်းထဲမှ ဖိုးထောင်ဟူသော ကာတွန်းဇာတ်လိုက်လည်း အမြဲပါသည်။ ထို့ကြောင့် ငွေမှုန်က ဖိုးထောင်ကို မော်ဒန်ကာတွန်းနှင့် စ,သည်။

'နင်ကလည်း ... စိတ်ချည်းပဲ။ ဒီမှာ နင့်ဖို့'

ဖိုးထောင်က နောက်မှာ ဝှက်ထားသော လက်ကို မြှောက်ပြလိုက်သည်။

'ဟာ ... နင် သိပ်သဘောကောင်းတာပဲ ဖိုးထောင်ရယ်'

ပြုံးစစနဲ့ ဘယ့်နှယ်ရှိစ မျက်နှာပေးနှင့် ဖိုးထောင် ငွေမှုန့်ကို ကြည့်နေသည်။ ငွေမှုန်သည် သူ လုပ်နေကျအတိုင်း ဂါဝန်လေးကို လက်နှစ်ဖက်နှင့် စုလုံးကိုင်လိုက်ပြီး ဖိုးထောင်ဆီ ပြေးလာတော့သည်။

ဖိုးထောင်က တမင် နောက်ဆုတ် နောက်ဆုတ် လုပ်၍ ...

'ငါ ဝှက်တဲ့စကားထာ ဖြေမှ ပေးမယ်'

'ဘာလဲ'

ငွေမှုန်က ပြန်ငေါက်သည်။

'အသီးပေါ် အပင်ပေါက်၊ ခြေထောက်တစ်ချောင်းထောက်'

'နာနတ်သီးကြီးပြပြီး ဝှက်တဲ့ စကားထာများ ငါက အပျော့ပေါ့။ ဟင်း ... နာနတ်သီး၊ နာနတ်သီး'

ရွှန်းရွှန်းဝေဝေ အော်ဟစ်ပြီး ဖိုးထောင် လက်ထဲက နာနတ်သီးကို ဆတ်ခနဲ ဆွဲလုယူလိုက်သည်။ ကြက်တောင်စည်းမှ ကိုင်၍ အားပါးတရ ကြည့်ကာ ...

'ဖိုးထောင်ရယ် ... ကောင်းလိုက်တာဟယ်။ လာ ... သွားခွဲမယ်'

'နင်က ခွဲတတ်လို့လား'

'မမကြီးကို ခွဲခိုင်းမှာပေါ့'

ငွေမှုန့်မမကြီးကို သွားခွဲခိုင်းကြသည်။

မမကြီးသည် နာနတ်သီးကို ဘယ်လက်နှင့်ကိုင်၍ ညာဘက်က ဓားပါးလေးနှင့် ခပ်သွက်သွက် မွှန်းနေသည်။

'နာနတ်သီးမှာ မျက်စိမစင်ရင် လျှာယားတတ်တယ်'

ဖိုးထောင်က ဆရာလုပ် ပြောနေသည်ကို ငွေမှုန်က မျက်စောင်းထိုးလိုက်သည်။ မမကြီးက ကလေးနှစ်ဦးအလိုကျ နာနတ်သီးကို ခွဲပေးလိုက်သည်။

စောစောကမူ ကြည်တောင်စည်းနှင့် ကျောက်ပေါက်မျက်နှာနှင့်အလွန်မှ အရုပ်ဆိုးလှသော နာနတ်သီးသည် ယခုမှ အသားလေး ဝါဝါဝင်းဝင်းမှာ ထစ်ထစ် ရစ်ခွေခွေလေးနှင့်။

ဖိုးထောင်ကတော့ လိမ္မော်သီး ကြိုက်သည်။

ငွေမှုန် နာနတ်သီးကြိုက်တာ ဖိုးထောင်မှာ မထိခိုက်လှသော်လည်း ဖိုးထောင် လိမ္မော်သီးကြိုက်တာ ငွေမှုန့်မှာ ထိခိုက်သည်။ လိမ္မော်ခွံကို မျက်စိထဲ လိုက်ညှစ်၍ ငွေမှုန့်ကို စတတ်သောကြောင့် ဖြစ်သည်။

'နင် ကြိုက်ပုံက ကြီးကိုကျယ်တယ်'

'ဘာလဲ'

'အေးလေ ... ရှားရှားပါးပါး သူဌေးစားတဲ့ လိမ္မော်သီးမှ ကြိုက်ရသလားလို့'

'စိတ်က ကြိုက်တာ ငါ ဘယ်တတ်နိုင်မလဲ'

အရွယ်လေးရလာ၍ လူပျိုဘော်၊ အပျိုဘော် ဝင်ခါနီးသည်နှင့် ဖိုးထောင်သည် ငွေမှုန် နားမလည်သော စကားအချို့ကို ပြောတတ်နေသည်။ စိတ်က ကြိုက်တာ ငါ ဘယ်တတ်နိုင်မလဲတဲ့။ စိတ်နဲ့ ငါနဲ့ မတူဘူးလားဟု ငွေမှုန် တွေးနေသည်။

နာနတ်သီးပေါ်ချိန်တွင် ဓားတစ်ချောင်းကိုကိုင်၍ နာနတ်သီးအခွံတွေ၊ မျက်စိတွေ ဖြတ်ချလိုက်တော့ ကြည်တောင်စည်းပင်တွေ ပွလျက်နှင့် ငွေမှုန်တစ်ယောက် အလုပ်ရှုပ်နေတတ်သလို၊ လိမ္မော်သီးပေါ်ချိန်တိုင်း ဖိုးထောင့် လက်ထဲတွင် ဝါဝါဝင်းဝင်း တစ်လုံး၊ တစ်လုံး အမြဲလိုလို တွေ့ရသည်။

'နင် ကြိုက်ပုံကလည်း ကြီးကျယ်တာပါပဲ'

ဖိုးထောင်က အားကျမခံ ပြန်ပက်သည်။

'ဘာလဲ'

ငွေမှုန် ပြန်ငေါက်ပြန်သည်။

'နာနတ်သီးစိတ်များ ဘယ်နား ဝယ်စား၊ ဝယ်စား ရတာကို။ ခု

တော့ အလုံးလိုက် ဆွဲလာရတာနဲ့။ ပြီး သူ့အလုံးကလည်း လိမ္မော်သီးလို လှလှပပ မဟုတ်ဘူး'

'အောင်မာ ... နင်ကရော ဘာထူးလို့လဲ။ လိမ္မော်သီးတော့ အသေကြိုက်ပြီး လိမ္မော်ရည်တော့ မသောက်ဘူး'

'ပိန်ပိန်၊ ရှုံ့ရှုံ့၊ ချိုချို၊ ချဉ်ချဉ် လိမ္မော်သီးက လိမ္မော်သီးပဲ။ လိမ္မော်ရည်က လိမ္မော်သီးမှ မဟုတ်ဘဲ'

ငွေမှုန်သည် ဖိုးထောင် ပြောစကားကို သိပ်စိတ်ဝင်စားပုံမရဘဲ မျက်နှာ ခပ်တည်တည် ဖြစ်နေသည်။ စကားလမ်းကြောင်းလည်း ပြောင်းသွားသည်။

'ငါတို့တွေ တခြားမြို့ကို ပြောင်းမလို့တဲ့။ လူကြီးတွေ ပြောနေသံကြားတယ်'

'ဟုတ်လား'

ငွေမှုန့် မိဘများသည် ငွေအရင်းအနှီးများစွာ စိုက်ထုတ်၍ စီးပွားရေးလုပ်နေသော စီးပွားရေးသမားများဖြစ်သည်။ စီးပွားရေးဉာဉ်၊ စီးပွားရေးမျက်စိ၊ စီးပွားရေးစိတ်ဓာတ်၊ စီးပွားရေးကိုသာ ဦးတည်နေသောလူမှုပေါင်းသင်းဆက်ဆံရေး ... အရာရာသည် စီးပွားရှာဖို့၊ စီးပွားတက်ဖို့၊ ရှိပြီးရင်းရှိဖို့၊ ကြွယ်ဝပြီးရင်း ကြွယ်ဝဖို့သာ အဓိကထားသည်။ ငွေမျက်နှာကြည့်တတ်မှန်း မသိသာရလေအောင်လည်း သကာအပြုံး၊ သကာစကားလုံးများနှင့် အရာရာကို ဖုံးတတ်သည်။ ကုန်ရောင်းကုန်ဝယ်၊ ကုန်လှောင်ကုန်ဖလှယ် လုပ်ငန်းကို မြို့တိုင်း၊ ဆိုင်တိုင်းတွင် လုပ်ငန်းခွဲများ ထားရှိသည်။ ယခုလည်း ဤမြို့ထက် ပို၍ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ကာ အခြားပစ္စည်းများပါ ကိုင်တွယ် ဈေးကစားနိုင်သောမြို့သို့ ပြောင်းရွှေ့ရန် စီစဉ်နေသည်။

'နင် တကယ်ပြောင်းတော့မှာလားဟင် ... ငွေမှုန်။ ငါတော့ ပျင်းကျန်ခဲ့ပါပြီဟာ'

'ဖိုးထောင်ရယ် ငါလည်း နင့်လိုပေါ့ဟယ်။ နင်ရော၊ ငါရော တက္ကသိုလ်ရောက်ရင်တော့ ပြန်တွေ့ကြမှာပေါ့'

ဖိုးထောင်က သဘောကျစွာ ပြုံးရင်း ...

'နင် တော်တော်စိတ်ကူးယဉ်တာပဲ ငွေမှုန်။ ခုမှ နင်က ငါးတန်း၊

ငါက ခြောက်တန်း။ တက္ကသိုလ်ဆိုတာ အဝေးကြီး။ အေးလေ ... ဒါပေမဲ့'

ငွေမှုန်က ဖြတ်၍ ...

'နင်ကလည်း ငါ့အကြောင်း မသိတာကျလို့။ မော်ဒန်ကာတွန်း ထဲက ဖြူဖြူလို စိတ်ကူးယဉ်သွားလို့ပေါ့။ မော်ဒန်ကာတွန်း ဖတ်ရတိုင်း ငါ့ သတိရပေါ့'

'ယဉ်ပြန်ပြီ စိတ်ကူး။ မော်ဒန်ကာတွန်းက နင်နဲ့ ငါနဲ့ ကြီးလာတဲ့ထိ ရှိဦးမှကိုး'

* * *

လိမ္မော်ရည်ကို သိပ်မကြိုက်ပါ ... နေပါစေ ငါ မသောက်ဘူး ... ချိုနေအောင် ပြင်ဆင်ထားလိုက်တာ ... ဒါ သဘာဝမဟုတ်ဘူး ... ငါ လိမ္မော်ရည်ကို မသောက်ဖြစ်တာ ... ကြာပြီဆိုပါတော့ ... ငါ ဘယ်လို လိမ္မော်သီးကြိုက်တာ ... အိုကွယ် ... မင်း အသိဆုံး ...

ကဖီးသည် လက်ဖက်ရည်အရသာရော တေးသံစုံရော နေရာထိုင်ခင်းရော ခေတ်မီရုံသာမက အပေါ်စီးမှ မြင်နေရသဖြင့် မျက်စိပသာဒပါ ရှိလှသည်။

'ဆက်ပါဦး ကိုတင်မောင်ထိုက်။ ဒီတော့ ခင်ဗျားချာတိတ်မ ဘယ်သူ ... အဲ ... ငွေမှုန်။ ခင်ဗျား အတွေးအခေါ်ကတော့ စံပယ်ဖူးစ ဆီးယောက်မပေါ့။ သူ့အတွက် ဖွင့်နေရတဲ့ ခင်ဗျားရဲ့ရာပုံတော်'

ကိုဇော်လက စကားကို ထောက်ပေးလိုက်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ဆောင်းဘောက်(စ်)ထဲမှလည်း လိမ္မော်သီး သီချင်းသံက လျှံထွက်နေသည်။ တင်မောင်ထိုက် ဒီသီချင်းကို စထွက်ကတည်းက ကြိုက်လှ၍ အလွတ်ရနေသည်။ ကိုဇော်လက သူ့စကားကို ဆက်သည်။

'ခင်ဗျားတို့ဇာတ်လမ်းက စိတ်ဝင်စားစရာကြီးဗျ။ သူများ ချစ်သူတွေ ပိတောက်ပန်းတို့၊ နှင်းဆီပန်းတို့၊ စွယ်တော်ရွက်တို့ သင်္ကေတပြုကြတာပဲ ကြားဖူးပါတယ်။ ခင်ဗျားတို့ကျမှ နာနတ်သီးနဲ့ လိမ္မော်သီးဖြစ်နေတယ်။ အဲ ... နိမိတ်တော့ ကောင်းသဗျို့။ ဒီလားရှိုးမှာက နာနတ်သီးချိန် နာနတ်သီးပေါ့။ လိမ္မော်သီးချိန် လိမ္မော်သီးပေါ့။ ဆုံစည်းမယ့်နိမိတ်ပဲ'

နံရံပေါ်မှ 'မိုမိုကို'သည် ပြုံးပြီး နားထောင်သည်။

တင်မောင်ထိုက်က ခွန်းတုံ့မပြန်သေးဘဲ ရေနွေးကြမ်းခတ်ဘူးကို ကောက်ကိုင်၍ ကိုဇော်လရှေ့ရှိ ပန်းကန်ထဲ ငှဲ့ထည့်လိုက်သည်။ သည်မှာက ရေနွေးကြမ်းခတ်ဘူးကို ဖော့ဆို့မသုံး။ သပွတ်အူဖတ်နှင့် ဆို့ထားသည်။ လက်ဖက်ခြောက်ဖတ်များ သပွတ်အူတွင် စစ်ကျန်ရစ်သည်။ အနေတော် လှော်ထားသော လက်ဖက်ခြောက်လှော်နံ့ သင်းနေသည့် အကြမ်းရည်သည် ကမ္ဘောဇ၏ သင်္ကေတတစ်ခု ဖြစ်သည်။

'ချစ်သူလို့ ပြောလို့မရဘူးဗျ။ သူနဲ့ ကျွန်တော်နဲ့ ကွဲသွားတော့ ကျွန်တော်က ၆ တန်း၊ သူက ၅ တန်း'

'ဒါပေမဲ့ ခင်ဗျား သူ့ကို ဒီလောက် ပြန်ရှာနေတာ ချစ်လို့ပေါ့'

'အေးဗျာ'

သိန္နီလမ်းသည် ကွေ့ကောက်စွာ လဲလျောင်းနေသည်။ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်းသွား ကားများကိုလည်း ကားထဲ လူအပြည့်၊ ကားအမိုး ကုန်အပြည့်နှင့် တွေ့နေရသည်။ ဟိုဝေးဝေးတွင် မန်ဆူစေတီကို လွမ်းမောဖွယ် လှမ်း၍ ဖူးရသည်။

ကိုဇော်လက မေးလိုက်ပြန်သည်။

'ဒါနဲ့ ခင်ဗျားအကြားအရ သူ ဒီလားရှိုးရောက်နေတယ်ပေါ့'

'အဲ ... ဟုတ်တယ်။ သေသေချာချာကို ကြားခဲ့ရတာဗျ။ သူ့မိဘတွေလည်း ဆုံးပြီတဲ့။ သူ့မမကြီးနဲ့ သူနဲ့ ညီအစ်မနှစ်ယောက် ဒီလားရှိုးရောက်နေတယ်တဲ့။ ခက်တာက ဒီ့ပြင် ဘာမှစုံစမ်းလို့ သေသေချာချာ ရေရေရာရာ မရတာဘဲဗျ'

ကိုဇော်လက ကျောက်မဲ မခမ်းမှတ် ဆေးလိပ်ကို မီးညှိနေသည်။ တစ်ချက် နှစ်ချက် ဖွာပြီးမှ ...

'လားရှိုးမြို့ကတော့ ခင်ဗျားအမြင်ပဲ။ စည်းကားတယ် ပြောမလား၊ ရှုပ်ထွေးတယ် ခေါ်မလား၊ မပြောတတ်ပါဘူးဗျာ။ ခင်ဗျား ရောက်လာတာ သုံးလလောက်ရှိပြီ။ ငွေမှုန်ဆိုတဲ့ နာမည်တစ်လုံးပဲ ခင်ဗျားမှာ ရှာစရာ ပါလာတယ်။ လူမြင်ရင်ကော မှတ်မိမလား'

ကိုတင်မောင်ထိုက်ကမူ မြင်းခြံဆေးလိပ်ပဲ သောက်သည်။ နေရာပြောင်းသည်နှင့် ဆေးလိပ်ပါ လိုက်ပြောင်း၍ မရ။ မလွှဲသာလျှင်တော့ မပြောတတ်။ တစ်ချက်တည်း ရှိုက်ဖွာလိုက်ကာ ...

'ဟာ ... ကိုဇော်လ ဘယ်လိုများ မေးလိုက်ပါလိမ့်ဗျာ။ သိပ်မှတ်မိတာပေါ့'

'ဒီလိုလုပ်။ အကြံရပြီ'

'အောင်သီရိရုပ်ရှင်ရုံမှာ စာတန်းထိုး။ နာနတ်သီးကြိုက်တတ်သော စံပယ်ဖူးစ ဆီးယောက်မကို အမြန်တွေ့ချင်သည်။ ပုံ – ဖိုးထောင်လို့။ ဒါဆို ခင်ဗျား ငွေမှုန် ရုံမန်နေဂျာကို မေးပြီး ခင်ဗျားဆီ ရောက်လာမှာပဲ'

တင်မောင်ထိုက် လိုက်ရယ်ရန် အတော်ကြိုးစားရသည်။

* * *

ဒီနေ့က အိပ်ရာကနိုးကတည်းက ထူးထူးခြားခြား ခံစားနေရသည်။ ဘယ်လိုကြီးမှန်း မသိ။ အမျိုးအမည် မဖော်ပြတတ်။ ကိုဇော်လကလည်း အလုပ်ကိစ္စနှင့် သီပေါ ဆင်းသွားသည်။ တစ်ယောက်တည်းပဲ မြို့ထဲထွက်ခဲ့သည်။ လူစည်ကားရာ သုခလမ်းကိုပဲ ခြေဦးလှည့်လာမိသည်။ အောင်သီရိရုံလမ်းအတိုင်း ဆင်းလာခဲ့သည်။

နာနတ်သီးပုံတွေ တွေ့ရတော့ တစ်ယောက်သောသူကို ပြန်တွေ့ချင်စိတ်က ပြင်းပြလာပြန်သည်။

သည်မှာက မိုင်းရော်မှလာသော မိုင်းရော်နာနတ်တွေ များသည်။ တာပုံနာနတ်လည်း အနည်းအကျဉ်း ရှိသည်။ မိုင်းရော်နာနတ်သည် ရွှေလီကိုပင် ကူးသည်ဆို၏။ အလုံး ကြီးသည်။ အသား ပြည့်သည်။ ဝါရဲရဲကြီး မဟုတ်။ ဖြူဝါရောင် ဖြစ်သည်။ စားရသည်မှာ ပျစ်နှစ် သိပ်သည်းလှသည်။ အစိတ်လိုက် ရောင်းသော နာနတ်သီးစိတ်တွေမှာ တုတ်တစ်ချောင်းကို ရေခဲပေါက်စီလို ထိုးထားသည်ဖြစ်၍ အမြင်ထူးနေသည်။ ဝယ်စားသူအဖို့ ကိုင်ရလွယ်ရန် ဖြစ်သည်။ ထို့ပြင် ရေခဲစိမ်နာနတ်သီးဟူ၍လည်း နာနတ်သီးစိတ်ကို ရေခဲဘူးတွင် ထည့်ရောင်းတာလည်း ရှိသည်။

'ဆန်ချို' ကဖီးသို့ ဝင်ခဲ့သည်။ လက်ဖက်ရည်ကျကျတစ်ခွက် သောက်ပြီးသည်အထိ ရင်ထဲ ဘာလိုနေမှန်းမသိသေး။

တဖြည်းဖြည်းနှင့် ဆန်ချိုမှာ လူများလာသည်။ တောတွင်းသားလေးကို ချစ်မိသော သီချင်းသည်မလေးသည် ဆိုင်ထဲမှာ နေရာယူလာသည်။ လက်ဖက်ရည်ဖိုးရှင်းပြီး တာဓမလေးကို ချန်ရစ်၍ ထွက်လာခဲ့သည်။

အပြင်မှာ မိုးရွာလုလု အုံ့ပြာနေသော ကောင်းကင်ကို တွေ့ရသည်။

'ရှမ်းတောင်တန်း' ကားဂိတ်သည် စည်ကားလှသည်။ ဘာရယ် မဟုတ်၊ ရပ်ကြည့်နေမိပြန်သည်။ မန္တလေးသို့ဆင်းမည့် ဟိုင်းလပ်ကား တွေ၊ ခရီးသည်တွေ စုရုံးစုရုံး၊ ရှုရှုလှုပ်လှုပ် အလုပ်ရှုပ်နေကြသည်။ အမိုး ပေါ်သို့ ပစ္စည်းတွေ လှမ်းပေးသူတွေက ပေးနေသည်။ အမိုးပေါ်မှ အလုပ် သမားတွေကလည်း ပစ္စည်းတွေကို လှမ်းယူပြီး နေရာချနေသည်။ ကား တိုင်း ကားတိုင်း အမိုးပေါ်မှ တာပေါ်လင်ထုသည် ကားဘော်ဒီလောက် ရှိနေသည်။

လားရှိုးလေသည် တဖြည်းဖြည်း ချမ်းစိမ့်စိမ့် ဖြစ်လာသည်။ ကား ဂိတ် အဆောက်အဦအမိုးအောက်သို့ ဝင်မိသည်။ ထိုစဉ် ...

'လာမယ့် တနင်္ဂနွေ၊ ရှေ့ခန်းလုပ်ပေးပါ မန္တလေးကို။ မနက် ၆ နာရီနော်'

သည်အသံ၊ ခပ်ဝေါက်ဝေါက် အသံကလေး ...

'စိတ်ချ ဖိုးထောင်။ ငါ နာနတ်သီးကို အမြဲကြိုက်သလို နင့်ကို လည်း ဘယ်တော့မှ မမေ့ဘူး'ဆိုသော အသံ။

အသံလာရာ ကောင်တာနား သွားလိုက်သည်။ ကြည့်မိသည်။ ဟုတ်ပါ့မလား ထင်ရသည်။

ကောင်တာ လက်မှတ်ရောင်းတာဝန်ခံက ကားထိုင်ခုံဇယားပါသော စာရွက်ကို လှန်လှောနေသည်။

'ရပါတယ် အစ်မ။ နာမည် ...'

'ဖြူငွေနှင်း ... ဒေါ်ဖြူငွေနှင်းပါ'

'မှတ်ပုံတင်အမှတ်'

'အမ်ဂျီအီး ...'

ဟုတ်ပြီ။ အို ... ငွေမှုန်ရယ်။ ရှာလိုက်ရတာ။ တွေ့မယ့်တွေ့တော့ ... ကြည့်နေမိသည်။

မြောက်ပိုင်း ကမ္ဘောဇနှင့် အရှေ့မြောက် အငွေ့အသက်သည် ငွေမှုန့်ကိုယ်ပေါ်မှာ ဝေနေသည်။ တရုတ်မင်းသမီးဖက်ရှင် ကောက်ထား သော ဆံပင်တိုတိုမှအစ ဝတ်ထားသော ဖဲပြားပြောင်ပြောင် ဘရိုကိတ် ပြောင်ပြောင်အဆုံး။ စိတ်ကူးထဲမှာမူ ငွေမှုန်သည် ဆံပင်ရှည်ကလေးနှင့်

ဖြစ်သည်။ ခေတ်နှင့်အညီ အကြောကောက် ကောက်ချင်လည်း ကောက်မည်။ အဖွာကောက် ကောက်ချင်လည်း ကောက်မည်။ ဆံပင်ရှည်တော့ ဆံပင်ရှည် ဖြစ်သည်။

ဒေါ်ဖြူငွေနှင်း ... တဲ့။

ရဲရဲတင်းတင်းပဲ အနားတိုး ရပ်မိသည်။ လူရိပ်ကြောင့် သူ မော့ကြည့်သည်။ ကြည့်ရင်း ကြည့်ရင်း ...

'ဟယ် ... ဖိုးထောင်'

ဟင် ... သူ မှတ်မိတာပဲ။ ကိုယ်က ဘာစကားမျှ မစပ်လိုက်ရ။ အကောက်အလိပ်၊ အပြောင်အလက်တွေသည် ဘာမျှမဟုတ်တော့။ ငွေမှုန်ပဲ ဟုတ်နေသည်။

'ကဲ ... လာ၊ ကားပေါ်တက်။ အိမ်လိုက်ခဲ့'

'စပရင်တာ'သည် ညက်လှသည်။ တစ်လမ်းဝင်၊ တစ်လမ်းထွက်နှင့် ထုထည်ကြီး၍ ပိတ်ဆည်းလှသော အုတ်တံတိုင်းတစ်ခု၏ ဝင်ပေါက်တွင် ကားရပ်သည်။ တစ်လမ်းလုံးလည်း တွေ့ရတာ ဝမ်းသာကြောင်း၊ မိဘတွေ ဆုံးပါးပုံ ဆုံးပါးနည်း၊ နှစ်မြို့ သုံးမြို့ ပြောင်းပြီးမှ ဒီလားရှိုး ရောက်လာကြောင်း။

အိမ်ထဲ ဝင်ခဲ့သည်။

တိုင်းရင်းသားမဆန်သော အိမ်ပုံစံကို သတိပြုမိသည်။ ခြံစည်းရိုး အုတ်တံတိုင်းထုသည် ကြီးမားလွန်းနေသည်။ ခြံပေါက်မှ အိမ်ထဲထိ အင်္ဂတေ တောက်လျှောက်ကိုင်ထားသည်။ ညာဘက်ဘေးမှ အခန်းကို ညွှန်၍ ...

'အဲဒီမှာ ညည ဗီဒီယိုပြတယ်လေ'

ပြောမှပင် ကြည့်မိသည်။ ကြည့်မိမှပင် ဘာတစ်လုံးမှ နားမလည်သော အက္ခရာစာလုံးတွေ ပြည့်နှက်နေအောင် ရေးထားသော ကြော်ငြာသင်ပုန်းကို မြင်ရသည်။ စိတ်ထဲမှာ မနက်ကတည်းက ခံစားနေရသော ဝေဒနာသည် ပျောက်သွားသလိုလိုနေရာမှ ယခု ပြန်၍ နှစ်ခုခု၊ သုံးခုခု လိုနေသည်။

ရင်ညွှန့်အရပ်မှာ နင့်နင့်နဲနဲ ဖြစ်လာသည်။

မချိတင်ကဲ ဖြစ်လာသည်။

ဝမ်းနည်းတကြီး ရှိက်ကြီးတငင် ခံစားရသည်။ ညွှဲ့ခန်းထဲ ရောက်လာသည်။ အနီရောင်ကဲသော ညွှဲ့ခန်းအပြင်အဆင်၊ အနီရောင်ကဲ၍ ဘာတစ်လုံးမျှ မဖတ်တတ်သော စာများပါသည့် ပန်းချီကားများ ...

အခြေအနေကို မသုံးသပ်ရဲ။ အဖြေ မထုတ်ရဲ။ မှတ်ချက် မချရဲ။ ထိုစဉ် အိမ်ထဲမှ အဝတ်လဲပြီး ပြန်ထွက်လာသော သူ့ကို တွေ့ရသည်။ သူ့ အိမ်နေရင်း အဆင်အပြင်သည် အထွက်များသော ဘာသာပြန် သိုင်းစာအုပ် မျက်နှာဖုံးနှင့် တူနေသည်။

'ကဲ ... ညွှဲ့သည်လာတော့မှပဲ ကိုယ့်အိမ်ဦးနတ်က ခရီးထွက်နေတယ်လေ။ မူဆယ်ကို။ ကိုယ် လက်ထပ်တာ ၆ လရှိပြီ။ မှတ်ထားဦး ကိုယ့်အမျိုးသား နာမည် ... ... ... တဲ့'

မဝံ့မရဲ စိုးရိမ်စိတ်သည် သေချာသွားသည်။ အိပ်မက်ထဲက စံပယ်ပင်သည် အရှေ့မြောက်လေဒဏ်ကို ကြံ့ကြံ့မခံနိုင်ပါလား။

'ကိုယ့်နာမည်က အခု ဖြူငွေနှင်းတဲ့'

'ကောင်းပါတယ်'

အေးစက်စက်ပဲ ဖြေမိသည်။ သူက ဆက်ပြောပြန်သည်။

'စံပယ်ဖူးစ ဆီးယောက်မ မဟုတ်တော့ဘူးနော်'

မဟုတ်တာဘဲ ကောင်းပါတယ်ဟု ပြန်ပြောလိုက်ချင်သည်။ သတိရသေးတာ ကျေးဇူးပဲဟုလည်း ငေါ့ချင်သည်။

သူ ရုတ်ခြည်း ထိုင်ရာမှ ထလိုက်သည်။ ရေခဲသေတ္တာကို သွားဖွင့်သည်။ အေးစက်၍ ရေငွေကလေးများ သီးနေသော တင်း(န်)သံဘူးလေး တစ်ဘူးကို ထုတ်ယူလာသည်။ တင်း(န်)ဘီယာ မဟုတ်၊ ဆဲဗင်းအပ် မဟုတ်။ ဂန္ဓာလရာဇ် စာလုံးများကြားမှ 'လိမ္မော်ရည်'ဟူသော အင်္ဂလိပ်စာလုံးပေါင်း ပါသည်။ ညွှဲ့သည်ရှေ့မှာ လာချသည်။

ရေခဲသေတ္တာထဲမှ နောက်ထပ် ထုတ်ယူနေပြန်သည်။ ပန်းကန် အပက်တစ်ချပ်။ အစိတ်လိုက် မဟုတ်သော နာနတ်သီးတုံးကလေးများ ဖြစ်သည်။ တူနှစ်စုံကို ပန်းကန်ပေါ်တွင် ကန့်လန့်ဖြတ်လျက် တွေ့ရသည်။

ဒေါ်ဖြူငွေနှင်းသည် ရေခဲစိမ် နာနတ်သီးလေးတစ်တုံးကို တူနှစ်ချောင်းဖြင့် ကျင်ကျင်လည်လည် ညှပ်ယူလိုက်သည်။

ချယ်ရီမဂ္ဂဇင်း၊ ဇွန်၊ ၁၉၈၈။

## မီးသင့်အသိုက်

ဆူးငှက်

မီးကျွမ်းနေသော တံခါးကျည်းပေါင်မည်းမည်းမှာ တွန့်လိမ်နေသည့် ပတ္တာများ တွယ်ကပ်နေသည်။ အရင်က မြောက်ဘက်ပြတင်းပေါက်များမှ ကြည့်လျှင် မြင်ရသည့် ဝင်းထရံများ၊ နိမ့်မြင့် အိမ်ခေါင်မိုးများ နေရာတွင် မီးလောင်တိုင်ငုတ်တို၊ မီးကျွမ်းအသား တိုးလိုးတွဲလွဲ၊ မီးသင့်အုတ်နံရံတို့သာ အချိုးမကျ၊ မလှမပ မြင်နေရသည်။

တံခါးမဲ့ မီးသင့်ပြတင်းပေါက် သံတိုင်များမှာတော့ မြက်ခြောက်ပင်လေးတွေ တင်ကျန်ရစ်သည်။

တကျိုကျို အသံပေးရင်း စာကလေးတစ်ကောင်သည် လျှာထိုးကြမ်းအောက် ထုပ်ကြားမှ ဆင်းလာ၏။ သံတိုင်ပေါ်က မြက်ပင်ကို နှုတ်သီးနှင့် ကောက်သည်။ ဖလပ် ... ဖလပ် အသံပေးကာ အားစိုက်ပျံပြီး ထုပ်နှင့်ကြမ်းကြား နေရာလွတ်မှာ နားသည်။ ချီလာသော မြက်ခြောက်ပင်ကို ချသည်။ ခေါင်းလေး ငဲ့ကာ ဟိုသည် ကြည့်သည်။ နှုတ်သီးကြားမှာ မြက်ပင်တထွေးကြီးနှင့် နောက်ထပ် စာကလေးတစ်ကောင်က ဗိုးခနဲ ရောက်လာပြန်၏။ မြက်ပင်တွေကို ထုပ်နှင့် ကြမ်းကြား နေရာလွတ်လေး

မှာ ချသည်။ ပြီးတော့ နှစ်ကောင်သား ပြတင်းဝက အပြင်ဘက် ပြန်ထွက်သွားကြသည်။ အတားအဆီးမဲ့ မီးလောင်ပြင်အား ဖြတ်သန်းလာသော လေရိုင်းတစ်ချက် အဝေ့မှာ ထုပ်ကြားက မြက်ပင်တစ်ထွေး အောက်သို့ ကျလာသည်။ သမံတလင်းပေါ်မှာတော့ မြက်ခြောက်ပင်တွေ၊ အဝတ်စလေးတွေ၊ အမှိုက်ဖတ်လေးတွေ ပွစာတက်နေ၏။

* * *

နွေနေသည် ပြင်းပြင်းပူ၏။ လေပြင်းဝှေ့လေတိုင်း မီးလောင်ငုတ်တိုများမှ ပြာများ ဖွေးဖွေးလွင့်သည်။ မီးလောင်ဒဏ်သင့်နံ့များကား အခုတော့ အားလုံး၏နှာခေါင်းမှာ အသားကျနေလောက်ပြီ။

တုန်လှုပ်ချောက်ချားဖွယ် မီးအန္တရာယ်ကြီးကို ပွတ်ကာသီကာ လွတ်မြောက်ပြီးသော်လည်း စိုးရွံ့ထိတ်လန့်မှုအရှိန်မှာ မသေသေးသောကြောင့် အိမ်မှာခွာပြီး ဟိုဟိုသည်သည်တောင် မသွားဝံ့။

မီးလောင်သောနေ့က မိမိမှာ ဧည့်သည်နှစ်ယောက်နှင့် အိမ်မှ နှစ်ပြခန့်ကွာသော လက်ဖက်ရည်ဆိုင်မှာ ရောက်နေသည်။ ရုတ်တရက် ဆူညံသံ၊ မီးလှန့်သံချောင်းသံနှင့်အတူ မိုးယံသို့ ထိုးတက်လာနေသော မီးခိုးလုံးကြီးများကို မြင်ရတော့ အိမ်ပြန်ပြေးကြသည်။ အိမ်ကို လှမ်းမြင်နေရချိန်တွင် မီးက အိမ်နောက်ဖေး ရောက်နေပြီ။ အသက်ရှစ်ဆယ်အရွယ် အမေသည် အလည်ရောက်နေသော မြေးများ၊ မြစ်များကို လက်ဆွဲကာ ပြေးကြပြီ။ အိမ်နား မူကြိုကျောင်းက သားငယ်မှာ မျက်လုံးလေး ကလယ်ကလယ်နှင့် လွယ်အိတ်လေး ကောက်လွယ်ပြီး မအေ့ထဘီဆွဲကာ ဆုတောင်းရ ဘုရားတန်ဆောင်းထဲ တရွတ်တိုက်ပါသွားပြီ။

နောက်ဖေးပေါက်မှ မီးခိုးလုံးတွေ လိမ့်ဝင်လာတော့ ယောက်ယက်ခတ်နေသော မိမိကိုကြည့်ကာ မိတ်ဆွေက 'ဘာသယ်မှာလဲ၊ ဘာသယ်မှာလဲ'ဟု အော်သည်။ မိမိက အပေါ်ထပ် ပြေးတက်သည်။ မီးညွန့်များက နောက်ဖေးအိမ်ကို ဝါးမျိုနေပြီ။ အပေါ်ထပ် အိပ်ခန်းရှိ ကင်မရာကို ထုတ်သည်။ မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားပါသော စာရွက်စာတမ်းအိတ်ကို ထုတ်သည်။ မိမိမှာ တစ်စုံတစ်ရာ ငွေကြေးအပို မရှိ။ ရှိသမျှ ပိုက်ဆံလည်း မနက်ကတည်းက ဝတ်လက်စ အင်္ကျီအိတ်မှာ ထည့်ထားသည်။ အိမ်အောက် အပြေးအလွှားဆင်းလာတော့ သူငယ်ချင်းတွေ၊ ဆွေမျိုး

သားချင်းတွေ၊ မိတ်ဆွေတွေ တစ်စုကြီး အပြေးအလွှား ရောက်နေသည်။

'သယ် ... သယ်၊ မြင်သမျှ သယ်'ဟု အော်ပြီး ရှိရှိသမျှ ပစ္စည်းတွေ ဆွဲထုတ်ကြသည်။ အိမ်မှာ ကြီးကြီးမားမား၊ များများစားစား ပစ္စည်းဆို၍ စာအုပ်သေတ္တာ၊ စာအုပ်ဗီရိုများသာ ရှိသည်။ အားလုံးမှာ မတိုင်ပင်ရဘဲ စာအုပ်ဗီရိုကြီးများကို မ,ထုတ်ကြသည်။ အတွေ့အကြုံရှိသူတစ်ဦး သတိပေးမှ လျှပ်စစ်မီတာကို ဖြုတ်သူက ဖြုတ်သည်။

'ဝုန်း'ခနဲ ပေါက်ကွဲသံကြီးများ ဆက်တိုက် ... ဆက်တိုက် ကြားရချိန်မှာ အိမ်ထဲက လူအားလုံး အပြင်ထွက်ပြေးကြရသည်။ တော်တော်နှင့် ပြန်မဝင်ရဲကြ။ မိမိမှာ လမ်းတစ်ဖက် ပလက်ဖောင်းပေါ်မှာ ပုံထားသော စာအုပ်ပုံကြီးနားရပ်ပြီး စိတ်တည်ငြိမ်မှုရအောင် ထိန်းနေရသည်။

'အပေါ်ထပ်မှာ ဘာကျန်သေးလဲ၊ ဘာကျန်သေးလဲ'ဟု မိတ်ဆွေများ အမေးကို 'ဘာမှ မကျန်ဘူး၊ တော်ပြီ၊ တော်ပြီ'ဟု အော်နေမိ၏။

မျက်နှာစိမ်းလူတချို့ ရောက်လာပြန်ပြီး ...

'ဒီအိမ်က အဖိုးတန်းပစ္စည်းတွေတော့ မသယ်ဘဲ ဘာမှအသုံးမကျတဲ့ စာအုပ်တွေပဲ သယ်ထားရသလား။ ဖယ်ကြ ... ဖယ်ကြ။ ဘာကျန်လဲ။ ဝင်သယ်မယ်၊ ဝင်သယ်မယ်'ဟု အော်ဟစ်သည်။ မိမိနှင့် အပေါင်းအသင်းများက 'အားလုံး သယ်ပြီးပြီ။ မကျန်ဘူး၊ မကျန်ဘူး'ဟု ပြန်အော်ကာ အိမ်ထဲ ပြန်ဝင်ကြရသည်။

မီးသည် မြောက်ဘက်အိမ်၏ခေါင်မိုးကို တဝုန်းဝုန်း စွဲနေ၏။ နောက်ဖေးအိမ်က ပြာကျသွားပြီ။ ရေ ... ရေ ...။

ရေ ဘယ်မှာလဲ။ သုံးမတ်ပိုက်လုံးလေးက ထွက်လာသော ရေလေးက မီးညွန့်များကြားဝယ် ဆံခြည်မျှင်တစ်စလို အငွေ့ပျံ ပျောက်ကွယ်သွားသည်။ မီးရှိန်က ဟပ်သည်။ မြောက်ဘက် လျှပ်စစ်ရုံးဝင်းဆီက မီးသတ်ကားဥသြသံတွေ ဆူညံနေသည်။

တဝုန်းဝုန်း ဝါးမျိုလောင်ကျွမ်းလာသော မီးတောက်များကြောင့် လူတွေ နောက်ဆုတ်ကြရသည်။ ဆုတ် ... ဆုတ် ... ဆုတ်။

မြောက်ဘက်ဝင်းထရံ လောင်၏။ အိမ်၏ မြောက်ဘက်တံခါးတွေ မီးစွဲပြီ။ အနောက်မြောက်ထောင့် ခေါင်မိုးက မီးညွန့်တစ်ခု တလူလူ တက်လာသည်။ ရေ ... ရေ ... ရေ ...။ ဘယ်မှာလဲ။

ရှိသမျှလူအားနှင့် ရသမျှအိုးခွက်များကို ကိုင်ကာ ပက်သမျှရေမှာ သည်မီးရှိန်ကြီးတွင် လေထဲမှာပင် အငွေ့ဖြစ်ကုန်ကြပြီ။ အား ... ပူလိုက်တာ။ ဆုတ် ... ဆုတ် ...။

မီးသည် မြောက်ဘက်တံခါးများကို စိမ်ပြေနပြေ ဝါးမျိုသွားလေပြီတကား။

* * *

မီးသင့်ပြတင်းပေါက်များမှ လှမ်းကြည့်လိုက်တော့ အရင်က စာကလေးတွေ အသိုက်ဖွဲ့နေခဲ့ကြသည့် အိမ်ခေါင်မိုးများလည်း မရှိတော့။ လမ်းမဘေးက ဗာဒံပင်များလည်း မရှိတော့။ စာကလေးတွေ ခိုကိုးရာမဲ့ ဖြစ်နေကြပြီ။ သည်တော့ မိမိအိမ်အောက်ထပ် ကြမ်းခင်းနှင့် ထုပ်ကြားက လက်သုံးလုံးသာသာ နေရာလွတ်ကလေးမှာ အသိုက်လုပ်ဖို့ ကြိုးစားနေတာ သုံးလေးရက်မက ရှိပြီ။ အခုထိတော့ အသိုက်လုပ်လို့ မအောင်မြင်သေး။ သည် လက်သုံးလုံးလောက် နေရာလွတ်ကလေးမှာ မြက်ခြောက်ပင်လေးတွေ၊ အဝတ်စတွေ၊ အမှိုက်စလေးတွေက နေရာမကျသေး။ လေအတိုက်မှာ မကြာမကြာ ပြုတ်ကျသည်။

သို့သော် စာကလေးတွေက စိတ်မပျက် အားမလျှော့ဘဲ တစ်နေ့ကုန် အသိုက်ပြန်ဆောက်ကြ၏။ မိမိမှာတော့ အိမ်က မချာဖြစ်သေးတာမို့ ပက်လက်ကုလားထိုင်မှာ တစ်နေ့ကုန် ထိုင်ရင်း စာကလေးတွေ၏ ဇွဲကို ကသိုဏ်းရှုနေမိသည်။

အောက်က သမံတလင်းမှာ သူတို့အသိုက်က ပြုတ်ကျသော အမှိုက်တွေ လူမြင်မကောင်းအောင် ရှုပ်ပွနေပြီ။ သို့သော် မိမိမှာ စာကလေးတွေကို မခြောက်လှန့်ရက်။ ရှုပ်လွန်းမက ရှုပ်မှသာ တံမြက်စည်းနှင့် ထရှင်းသည်။ ပြီးတော့ စာကလေးတွေ၏ အသိုက်ဆောက်ဖို့ ပစ္စည်းသယ်လူးလာခေါက်တုံ့ခရီးကို ရင်တမမ ငေးရတော့သည်။ တစ်နေ့ကုန် ဆိုပါတော့။ သည်လိုနဲ့ နောက်တစ်နေ့၊ နောက်တစ်နေ့ ...။

* * *

နောက်တစ်နေ့ ...

ဘုရား ... ဘုရား၊ နောက်တစ်နေ့မှာ သူတို့ လာကြတော့မှာပါကလား။ တကယ်တော့ သည်အိမ်ကို သူတို့ ရောင်းချင်နေတာ ကြာပြီ။

ဦးလေးနှင့် အဒေါ် မျက်နှာကြောင့် ယခုလောက်ထိ မိမိတို့ကိုထားခဲ့ခြင်း ဖြစ်သည်။ စပေါ်ငွေ တစ်ပြားတစ်ချပ်မှမရဘဲ ဘာမဟုတ်သည့် လခငွေလေး မဖြစ်စလောက်နှင့် နှစ်ရှည်လများ မိမိတို့ကို အငှားနေစေခဲ့သည် မဟုတ်ပါလား။ လွန်ခဲ့သည့် နှစ်နှစ်လောက်က ပွဲစားတစ်ယောက်၏ လာရောက် ဈေးဖြတ်မှုအပေါ် အံ့အားတသင့် ဝမ်းပါးခဲ့ကြသည်။ ပွဲစား၏ များပြားလှသည့် သိန်းဆယ်ဂဏန်း အရေအတွက်မှာလည်း ဝမ်းပါးချင်စရာ ကောင်းလှသည်။

'ဘာပဲပြောပြော၊ ငါတို့တစ်သက် ရှာတောင် ဒီလောက်ငွေ ပိုလျှံဖို့ဆိုတာ မလွယ်ဘူး မဟုတ်လား။ ဒါပေမဲ့ ငါ မရိုင်းပါဘူးကွာ။ ငါ အလုပ်လုပ်ဖြစ်တောင် မင်းတို့ နေရေးထိုင်ရေး ထည့်တွက်ပါ့မယ်'ဟု မိမိကို နှစ်သိမ့်ခဲ့သည်။ ဟုတ်လည်း ဟုတ်သည်။ မြင်းခြံလို မြို့တစ်မြို့က ဆေးရိုးကုန်သည်တစ်ဦးအဖို့၊ သမ္မာအာဇီဝ ရှာဖွေခဲ့ကြရသည့် မနေအင်အားသည် မန္တလေး၏အပြောင်းအလဲမှ ထွက်ပေါ်လာသည့် မြေနှင့် အဆောက်အဦတန်ဖိုး ကိန်းဂဏန်းများကို အံ့အားသင့်စရာ ဖြစ်သင့်သည်။

ဒါပေမဲ့ ရိုးသားသော၊ အေးဆေးသော မိရိုးဖလာ ကုန်သည်များပီပီ၊ လက်ဝယ်ပစ္စည်းကို အလွယ်တကူ ထုခွဲဖို့ တွန့်ဆုတ်ခဲ့ကြသောကြောင့် မိမိတို့လည်း တည်တည်ငြိမ်ငြိမ် ဖြစ်ခဲ့ကြရသည် မဟုတ်ပါလား။

အခုတော့ မီးဘေးလွတ်ပေမင့်၊ မြောက်ဘက်တစ်ခြမ်းနီးပါး ပြန်လည် ပြင်ဆင်ရမည်။ ဝင်းထရံတွေ ကာရမည်။ လက်ရှိပေါက်ဈေးနှင့် တွက်ချက်ကြည့်လျှင်ပင် ကုန်ကျစရိတ်က ကနဦးဝယ်ခဲ့သည့် မြေနှင့် အိမ် တန်ဖိုးလောက် ရှိနေပြီ။ သည်တော့ စဉ်းစားကြရမှာပေါ့။ ဆုံးဖြတ်ကြရမှာပေါ့။

တလောက သည်နေရာကို ဈေးဖြတ်ဖူးသည့် ပွဲစားလည်း မြင်းခြံလိုက်သွားသည်ဆိုတော့ တစ်စုံတစ်ရာ အဖြေရတော့မှာပေါ့။ ထိုအဖြေသည် မည်သို့ပင်ဖြစ်စေ မိမိတို့ ကံမကောင်းတော့မှာ သေချာသည်။

မီးလန့်ခဲ့ဖူးသော အရှိန်ကြောင့်လည်းကောင်း၊ လူပ်ရှားရင်ခုန်နေသော သောကကြောင့်လည်းကောင်း ထိုညက ကောင်းကောင်း အိပ်

မပျော်ဘဲ နောက်တစ်နေ့ မိုးလင်းခဲ့ရတော့သည်။

* * *

နေသားမကျသေးသော စာအုပ်ဗီရိုများ၊ စားပွဲများ၊ ခုတင်များက အစ … အိုးခွက်ပန်းကန်များပါ နေရာတကျ ပြန်လည်စီစဉ်ထားဖို့ စိတ်တောင်မကူးဝံ့သေး။ လွတ်သည့်နေရာမှာ ထိုင်၊ လွတ်သည့်နေရာမှာ အိပ်၊ လွတ်သည့်နေရာမှာ စားနှင့် အားလုံးမှာ လေးကန်ဖင့်နွဲ့နေသည်။ ဇနီးသည်က …

'ကဲ … ဧည့်သည်တွေလာရင် လူမြင်ကောင်းအောင် နည်းနည်းရှေ့ဦးမှ'ဟု ဆိုကာ တချို့ပစ္စည်းတွေ အိပ်ခန်းထဲသွင်းသည်။ သေတ္တာတွေ ဆင့်သည်။ ခုတင်တွေ ကပ်သည်။ ခုံတွေ စီသည်။ စာအုပ်တွေ ရှင်းသည်။ အခုတော့ ကြည့်ပျော်ရှုပျော်ဖြစ်သွားသည်။ ဒါပေမဲ့ ဧည့်သည်တွေ ထိုင်မည့် ဆက်တီနားက သမံတလင်းပေါ်မှာ မြက်ခြောက်တွေ၊ အမှိုက်စတွေ၊ အဝတ်စလေးတွေ မြင်မကောင်းဖြစ်နေတာ မမြင်ချင်ယောင်ဆောင်ပြီး ဘယ်သူမှ မရှင်းလင်းကြ။ စာကလေးတွေ တကျိကျိ အသံပေး၊ တဝိုးဝိုး ပျံသန်းကာ မြက်ပင်တွေ တစ်ထွေးပြီးတစ်ထွေး သယ်ပြီး ကြမ်းနှင့် ထုပ်တန်းကြား သွင်းသည်။ တစ်ထွေးပြီးတစ်ထွေး အောက်ပြုတ်ကျသည်။ ထပ်သယ်ကြသည်။ ထပ်ဆောက်ကြသည်။

မိမိက နာရီလှမ်းကြည့်သည်။ မြင်းခြံက မနက်အစောထွက်လာရင် ဒီအချိန် ရောက်နိုင်ပြီဟူသော အသိကြောင့် ဒိန်းခနဲ ရင်ခုန်လာသည်။ နာရီလှမ်းကြည့်လိုက်သော မိမိမျက်နှာကို ဇနီးသည်က သဘောပေါက်ဟန် တူ၏။ တံမြက်စည်းရှည်ကို လှမ်းယူသည်။ ထုပ်ကြားက အသိုက်ဆီ ရွှေ့သည်။ မိမိက သူ့လက် လှမ်းဆွဲလိုက်သည်။ စာကလေးတွေ အသိုက်ထဲက လန့်ပျံပြေးသည်။

အိမ်ရှေ့မှာ ကားတစ်စီးရပ်သံ ကြားရသည်။ မိမိက အိမ်ရှေ့လှမ်းကြည့်ပြီးတော့ 'ဟော …'ဟု အလန့်တကြား အသံထွက်သွားသည်။

ဇနီးသည်က ကြမ်းနှင့် ထုပ်ကြားက အသိုက်များကို တံမြက်စည်းနှင့် ထိုးချလိုက်သည်။ မြက်ပင်တွေ ချီလာသော စာကလေးတွေ လန့်ပျံပြေးသည်။ အသိုက်တွေ တစ်ထွေးကြီး ကျလာ၏။

ကားတံခါးတွေ ပိတ်သံ ကြားရသည်။

ပြုတ်ကျလာသော အသိုက်ထဲက စာဥကလေးတစ်လုံး သမံတလင်းမှာ ကွဲသွားသည်။

မြားနတ်မောင်မဂ္ဂဇင်း

မေ၊ ၁၉၉၄။

## မြို့သစ်ကလေး ၂
## ကျော်စွာထက်

၁။

သစ်ပင် မရှိ၊ အိမ်ကြီးရခိုင် မရှိ၊ နေ့လယ်နေ့ခင်းဆိုလျှင် လူအသွားအလာ နည်းပါး၍ ခြောက်ကပ်ကပ်နိုင်လှသော မြို့သစ်ကလေးမှာ အမေရိကန် ရုပ်ရှင်ကားတွေထဲက ကောင်းဘွိုင်မြို့ကလေးနှင့်ပင် တူလှတော့သည်။ မြို့သစ်သား လူငယ်တော်တော်များများကလည်း ကောင်းဘွိုင်တွေလို စရိုက်မျိုး၊ ထစ်ခနဲဆိုလျှင် တုတ်တစ်ပြက် ဓားတစ်ပြက်နှင့် ခဏအတွင်းမှာပင် ထိပ်ပေါက်ခေါင်းကွဲ ဖြစ်သည်ထိ ခြေမြန်လက်မြန်ရှိလှသူများ ဖြစ်ကြ၏။ မိန်းမများမှာ အာကြမ်းလျှာကြမ်းများ ဖြစ်ကြလျက် ရန်ဖြစ်ဖို့ ဝန်မလေးဘဲ မိန်းမချင်း စကားများကြလျှင်ပင် ကက်ကက်လန်အောင် ရန်ထောင်ကြ၊ အယုတ္တ အနတ္တတွေ ဆဲကြ၊ ဆံပင်ဆွဲ နားပန်းလုံးကြဖြင့် စိတ်ဆတ်ကြသူများ၊ ဆတ်ဆတ်ကြဲများ ဖြစ်ကြ၏။ သို့ရာတွင် အားလုံးတော့လည်း ထိုသို့မဟုတ်ပေ။ လူတန်းစားပေါင်းစုံ၊ အလွှာပေါင်းစုံ၊ အသက်မွေးဝမ်းကျောင်းမျိုးစုံ၊ စရိုက်မျိုးစုံရှိသော မြို့သစ်ကလေးမှာ ဆန့်ကျင်ဘက် အရောင်မျိုးစုံဖြင့် ပရမ်းပတာ ရေးဆွဲထား

သော ခေတ်ပေါ်ပန်းချီကား တစ်ချပ်လိုပဲ လှပ်ရှား အသက်ဝင်နေသည်။

မြို့သက်တမ်း ငါးနှစ်ကျော်မျှသာ ရှိသေးသော မြို့သစ်ကလေးမှာ ဘာတစ်ခုမှ အထာမကျသေး။ တောထဲက ဖမ်းလာခါစ ဝက်ဝံတစ်ကောင် လိုပင် ရိုင်းစိုင်း ခက်ထန်နေသေးသည်။ မြို့သစ်ကလေးမှ လမ်းများမှာ 'လှတောသား'စကားနှင့် ပြောရလျှင် ကျောက်ခဲကို စားသွားဦးတော့ အစာကြေနိုင်သောလမ်းမျိုး ဖြစ်၏။ ရာသီဥတုမှာ အလွန်ပင် ကြမ်းတမ်း လှသည်။ နွေဆိုလျှင် မြေပြင်မှ အပူငွေ့တွေ တရိပ်ရိပ် ပျံတက်နေအောင် ပင် သေမတတ် ပူသည်။

ကွင်းခေါင်ခေါင်မှာ မြို့တည်ထားသဖြင့် လေကလည်း အဆက် မပြတ် တဝှီးဝှီး တိုက်နေတတ်၏။ တစ်ခါတစ်ရံ လေနီကြမ်းများ ကျလာ တတ်သေးသည်။ လေနီကြမ်းကျပြီဆိုလျှင် မြေစိုက်အိမ်ကလေးများမှာ ယိုင်သည့်အိမ်က ယိုင်၊ ဝါးထရံတွေ ကွာသည့်အိမ်က ကွာ။ တချို့ အမိုး တစ်ခုလုံး ပြုတ်ပြီး လေထဲလွင့်ပါသွားသော အိမ်များပင် ရှိ၏။ ထို့ထက် ပိုဆိုးသည်က အိမ်တစ်အိမ်လုံး ရစရာမရှိအောင် ပြိုကျပျက်စီးသွားသော အိမ်များပင် ဖြစ်သည်။

မိုးရာသီဆိုလျှင်ကား အဆိုးဆုံးပင် ဖြစ်တော့သည်။ မိုးတစ်ကြိမ် လောက် သဲသဲမဲမဲ ရွာလိုက်ပြီဆိုလျှင်ပဲ ဗွက်တွေထကာ မြို့သစ်လမ်း ကလေးတွေမှာ သွားလို့လာလို့ မရတော့။ မြို့သစ်ကလေး၌ ကတ္တရာ လမ်းဆို ဝေးလို့ ကျောက်ချောလမ်းပင် မရှိချေ။ အဖုအထစ် အချွန်အငေါ များနှင့် ကျောက်ကြမ်းလမ်းမကြီး တစ်လမ်းသာရှိပြီး ကျန်လမ်းများမှာ မိုးရွာလျှင် သွားလို့လာလို့မရအောင် ရွှံ့ဗွက် အလွန်ထူသော မြေလမ်းများ သာ ဖြစ်ကြသည်။ ထိုအခါမျိုး၌ ကားတွေဆိုလျှင် ရွှံ့ဗွက်တွေထဲ နစ်ကာ ငယ်သံပါအောင် တဂီဂီအော်ရင်း ရုန်းလို့မရတော့။ ဆိုင်ကယ်တွေ၊ စက် ဘီးတွေဆိုလျှင် ဘီးနှင့် ရွှံ့ကာအကြား ရွှံ့စိုင်ရွှံ့ခဲတွေကပ်ကာ ဘီးမလည် တော့သဖြင့် တဘိုင်းဘိုင်း လဲကြသည်။ ခြေကျင်လျှောက်သွားသူများ ပင် ဖိနပ်များကိုချွတ်၍ကိုင်ကာ ရွှံ့ဗွက်တွေထဲ တစီစီ နင်းသွားရ၏။ ဖိနပ်စီးသွားလျှင် ဖိနပ်မှာ ရွှံ့တွေကပ်ကာ ခြေထောက်ကြွ၍ မရတော့ချေ။

ထိုအခါမျိုးတွင် မြို့သစ်သူ မြို့သစ်သားများ ညည်းကြ၏။ မြို့ သစ်မှာ နေရတာ မလွယ်လိုက်တာဗျာ။ မိုးရွာရင် နေစရာကို မရှိတော့ဘူး။

သို့ရာတွင် မိုးတိတ်၍ နေလေး ပြိုးပြိုးပြက်ပြက် ပွင့်လာပြီဆိုလျှင် ထို ဒုက္ခများကို မေ့သွားကြကာ ရယ်ကာမောကာနှင့် လက်ဖက်ရည်ဆိုင် ထိုင်ကြ။ ကာလသားများကလည်း လမ်းမပေါ် ခေါက်တုံ့ခေါက်ပြန် လျှောက်ကာ မိန်းမပျိုလေးများကို စကြနောက်ကြ။ မိန်းမပျိုလေးများ ကလည်း ကြော့ကြော့မော့မော့ ဝတ်စားပြင်ဆင်ကာ လမ်းလျှောက်ရင်း လူလုံးပြကြနှင့် မြို့သစ်ကလေး၌ သူတို့တစ်တွေ ခုံမင်စွာ နေထိုင်ကြပြန် သည်။

တကယ်တော့ မြို့သစ်သူ မြို့သစ်သားတွေမှာ ခံနိုင်ရည် အတော် ရှိကြသူများ ဖြစ်၏။ သူတို့တစ်သက်တွင် အလွန်ဆိုးရွားသော မီးဘေး ဒုက္ခလည်း ကြုံခဲ့ရဖူးပြီ။ ကယ်ဆယ်ရေးစခန်းတွေမှာလည်း နေခဲ့ရဖူးပြီ။ မြို့တည်ခါစ ရိုင်းစိုင်းကြမ်းကြုတ်သော မြို့သစ်ကလေး၏ နည်းမျိုးစုံ ဖြင့် နှိပ်စက်ညှဉ်းပန်း ကလူကျီစယ်မှုကိုလည်း အမျိုးမျိုး ခံခဲ့ရပြီးပြီ။ သူတို့တစ်တွေမှာ အံ့ဩစရာကောင်းလောက်အောင် စိတ်မပျက်တတ်ကြ သူများ ဖြစ်ကြ၏။ ချွေးသံတရွှဲရွှဲဖြင့် မြို့ထဲတွင် ပင်ပန်းဆင်းရဲစွာ တစ် နေကုန် အလုပ်လုပ်ကာ ပြန်လာကြပြီး ခက်ခက်ခဲခဲ ရှာလာရသော သူ တို့၏လုပ်ခငွေ တချို့တစ်ဝက်ကို သားသမီးများနှင့် လက်ဖက်ရည်ဆိုင် ထိုင်ကာ အလွယ်တကူပင် သုံးဖြုန်းပစ်လိုက်ကြသည်။ တစ်ယောက် နှစ်ကျပ်ဖြင့် ဗီဒီယိုပြသော အိမ်များတွင် တစ်မိသားစုလုံး ဗီဒီယို ဝင်ကြည့် ကြ၊ ရပ်ကွက် ဘုရားပွဲရှိလျှင် ပွဲကြည့်စင်တစ်စင်ကို ငွေလေးငါးဆယ် ပေးကာ မိုးလင်းပေါက် ပွဲကြည့်ကြ၊ ယောကျ်ားတွေက ရှာသမျှပိုက်ဆံကို မိန်းမ မအပ်ဘဲ အမူးအရူး အရက်သောက်ပစ်ကြဖြင့် ပျော်လိုက်ကြသည်။ ဖျားလျှင်နာလျှင် မြို့သစ်ကလေးမှာ လာရောက်ဖွင့်ထားသော ပုဂ္ဂလိက ဆေးခန်းများသို့သွားကာ ဆေးကုသကြ၊ အကြွေးတင်ကြ။ ထို့နောက် ထိုအကြွေးကို ပြန်ဆပ်နိုင်ရန်အတွက် ယခင်ထက် ပင်ပန်းဆင်းရဲစွာ အလုပ်လုပ်ကြဖြင့် လုံးလည်လိုက်ရပြန်သည်။

မြို့သစ်ကလေး၌ နေထိုင်ကြသူများမှာ လူတန်းစား အမျိုးမျိုး၊ အလုပ်အကိုင် အမျိုးမျိုး၊ အသက်မွေးဝမ်းကျောင်းမှု အမျိုးမျိုးဖြင့် လူမျိုး စုံ၊ အဆင့်အတန်းမျိုးစုံ၊ စရိုက်မျိုးစုံ တွေ့ရတတ်သည်။ အများစုမှာ မီးဘေးဒုက္ခကြောင့် အိမ်မဲ့မြေမဲ့ဖြစ်ရာမှ အစိုးရက နေရာချပေးထား

သဖြင့် ရောက်လာကြသူများ ဖြစ်ကြသော်လည်း နယ်က တက်လာပြီး မိမိတို့ဘာသာ တစ်ဆင့်ခံ မြေဝယ်၍ နေထိုင်ကြသူများလည်း ရှိကြသည်။ စာရေးစာချီလို အစိုးရဝန်ထမ်း အနည်းငယ်ရှိသော်လည်း အများစုမှာ လက်လုပ်လက်စားများသာ ဖြစ်ကြ၏။ ဆိုက်ကားနင်းသူများ၊ မြင်းလှည်းမောင်းသူများ၊ လက်သမားလုပ်သူများ၊ ပန်းရန်နောက်လိုက်များ၊ ပုလင်းခွံ၊ အိတ်ခွံ ဝယ်သူများ၊ ဗလာစာအုပ်အဟောင်း၊ သတင်းစာအဟောင်း လိုက်လံဝယ်၍ ဒိုင်သွင်းသူများ၊ ဖိနပ်ချုပ်သမားများ၊ ခါဂျာမုန့်ရောင်းသမားများ၊ စက်ဘီးပြင်သူများ၊ ပွဲရုံကုန်တင်ကုန်ချ အလုပ်သမားများ၊ သော့ခလောက်၊ ထီးပြင်သူများ စသည်တို့ ဖြစ်ကြသည်။

စီးပွားရေးချောင်လည်သူများရှိလျှင် ထိုသူများမှာ သူတို့ကိုယ်သူတို့ အရောင်းအဝယ်လုပ်သူဟု ပြောတတ်ကြသောသူများပင် ဖြစ်သည်။ ဈေးချိုထဲတွင် ဆိုင်ခန်းရှိ၍ ဆိုင်ကယ်ဖြင့် မန္တလေးမြို့ထဲသို့ သွားလာနိုင်သူ၊ မြို့သစ်ကလေးထဲမှာ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင် ဖွင့်လှစ်ထားသူ၊ ကြက်မွေးမြူရေး အကြီးအကျယ်လုပ်သူ၊ အိမ်မှာ အဝီစိတွင်းတူးပြီး ချိုးရေ၊ သုံးရေများကို ရောင်းချသူ၊ မေထုန်မဲ့ နို့စားနွားမတွေမွေးသူ၊ နို့ဆီချက်သူ စသည်ဖြင့် စီးပွားရေးအဆင်ပြေသူများ ရှိသော်လည်း ထိုသူများမှာ မြို့သစ်နေ လက်လုပ်လက်စား လူအများစုကြီးနှင့် နှိုင်းစာကြည့်လိုက်လျှင် မပြောပလောက်ချေ။

လူငယ်လူရွယ်များမှာ အလုပ်အကိုင်တစ်ခုခုကို အတည်တကျ စွဲစွဲမြဲမြဲ ကြိုးစားပမ်းစား လုပ်သူများကဲ့သို့ ဘာအလုပ်မှ မည်မည်ရရ မလုပ်ဘဲ လတ်လျားလတ်လျားနှင့် လျှောက်သွားနေကာ လမ်းထိပ် ကွမ်းယာဆိုင်မှာ တမေ့တမော ထိုင်လိုက်၊ တစ်ခါတစ်ရံ တစ်နေကုန် လက်တောက်ခုံ ထိုင်တောက်လိုက်၊ လက်တောက်ခုံနိုင်သော ပိုက်ဆံကလေးဖြင့် ညကျလျှင် လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး အပေါင်းအသင်းများနှင့် ဟေးလားဝါးလားလုပ်ကာ ပေပေတေတေ နေကြသူများလည်း ရှိကြသည်။ လမ်းပေါ်ဖြတ်သွားသော ကောင်မလေးများကို အော်စသူက အော်စကြ၊ ချစ်စကား ကြိုက်စကား လိုက်ပြောကြ၊ ရည်းစားစာပေးကြ၊ တစ်ခါတစ်ရံ အရက်မူးပြီး လူငယ်အုပ်စုချင်း ရန်ဖြစ်လျှင်တော့ တုတ်တစ်ပြက်၊ ဓားတစ်ပြက်ဖြစ်ကာ ထိပ်ပေါက် ခေါင်းကွဲသည်အထိ ဖြစ်

သွားရတာမျိုးလည်း ကြုံရတတ်သည်။

မိန်းမပျိုများမှာ ရွှေခြည်ထိုးလုပ်ငန်း အငှားလိုက်ထိုးသူများ၊ ဆေးလိပ်သမများ၊ နေကြာစေ့၊ ဆီးပေါင်း၊ မရမ်းပြား စသည်တို့ အငှားထုပ်သူများအပြင် လမ်းဆုံလမ်းခွ၌ အသုပ်စုံရောင်းသူ၊ မြေပဲလှော်၊ မုန့်ပျားသလက်၊ ပြောင်းဖူးဖုတ်၊ ထန်းမြစ်ဖုတ် ရောင်းသူများလည်း ရှိကြသည်။

တက္ကသိုလ်ကျောင်းသူ၊ အထက်တန်းကျောင်းသူတို့ ရှိသော်လည်း အရေအတွက်အားဖြင့် အလွန်နည်းပါးလှ၏။ အများစုမှာ ခြောက်တန်း၊ ခုနစ်တန်းလောက်ရောက်လျှင် အိမ်က ကျောင်းဆက်မထားနိုင်တော့၍လည်းကောင်း၊ သို့တည်းမဟုတ် စာမေးပွဲ တဖုန်းဖုန်းကျပြီး ကျောင်းစာကို စိတ်မဝင်စားတော့၍လည်းကောင်း၊ သို့မဟုတ်လျှင် မိန်းကလေးဖြစ်၍ ဉာဏ်မျှ စာတတ်ပါက လုံလောက်ပြီဟု ထင်မြင်ယူဆသောကြောင့်လည်းကောင်း ကျောင်းမှ အပြီးအပိုင် ထွက်လိုက်ကြသည်သာ များသည်။

ထို့နောက် မိဘများက မြို့ထဲထွက်၍ အလုပ်လုပ်လျှင် အိမ်မှာ ထမင်းဟင်းချက်၊ ကလေးထိန်း၊ အဝတ်လျှော် စသည့် အိမ်ထောင်ထိန်းသိမ်းမှု အလုပ်များကိုလုပ်ကာ အချိန်တန် အရွယ်ရောက်လျှင် ယောကျ်ားယူလိုက်ကြသည်။ အိမ်စီးပွားရေး အတန်အသင့် အဆင်ပြေသူ မိန်းမပျိုများမှာ ကျောင်းမှထွက်ပြီးနောက် စက်ချုပ်သင်ခြင်း၊ ဆံပင် မိတ်ကပ်အလှပြင်သင်ခြင်း စသည့် အသက်မွေးဝမ်းကျောင်းအတွက် ရည်ရွယ်ကာ သင်တန်းတစ်ခုခု တက်ကြ၏။ သို့ရာတွင် ဆယ်ယောက်လျှင် သုံးယောက်လောက်သာ ထိုပညာများကို လိုလိုလားလား သင်ယူကြပြီး ကျန် ခုနစ်ယောက်ခန့်မှာ သူများ သင်၍ လိုက်သင်ကြသူများနှင့် ယောကျ်ားယူချိန် မရောက်သေးမီ ပိုလျှံသော အချိန်များကို ဘာလုပ်ရမှန်း မသိသဖြင့် ပင်ပန်းစွာ မသင်ယူရသော ဉာဏ်ပညာများကို သင်ရင်း အချိန်ဖြုန်းကြခြင်းသာ ဖြစ်သည်။

သူတို့တစ်တွေမှာ အိမ်ထောင်ရေးအတွက် သိပ်ရှည်ရှည်ဝေးဝေး တွေးမနေကြ။ ခုမြင် ခုကြိုက်ကာ ခုလိုက်ပြေးကြသည်။ မနေ့တစ်နေ့ကမှ အရပ်ထဲ အလှူအတန်းများ၌ အပျိုအဖြစ် နွဲ့နွဲ့နှောင်းနှောင်း မြင်ရသေးသော်လည်း နောက် ခြောက်လလောက်တွင် ဗိုက်ကြီးတကားကား

နှင့် ဈေးခြင်းတောင်းကို လက်မှာချိတ်ကာ တကယ့်အိမ်ထောင်ရှင်မိန်းမ ကြီးပုံ ပေါက်နေသော မြင်ကွင်းမျိုးမှာ မြို့သစ်ကလေး၌ အဆန်းမဟုတ် ချေ။ အမူမဲ့ အမှတ်မဲ့ နေတတ်သူဆိုလျှင် သူတို့တစ်တွေ ယောကျ်ား ယူ၊ မိန်းမယူမိတာကိုပင် မသိလိုက်ကြ။ ဗိုက်ကြီးတကားကားနှင့် မြင်မှ 'ဟယ် … ဒီကောင်မလေး ဘယ်တုန်းက အိမ်ထောင်ကျသွားပါလိမ့်'ဟု တအံ့တသြ ရေရွတ်ကြရသည်။

နောက် လေးငါးနှစ်ကြာလျှင် သားသမီးတွေ တစ်ပြုံကြီး ရကာ သူတို့ မိဘများလိုပင် ဆင်းရဲပင်ပန်းစွာ သားသမီးတွေကို ရှာဖွေကျွေး ကြ၊ ယောကျ်ား အရက်မူးလာလျှင် ယောကျ်ားနှင့် ရန်ဖြစ်ကြ၊ ယောကျ်ား ထရိုက်၍ ထိပ်ပေါက်ခေါင်းကွဲဖြစ်လျှင် ဆေးခန်းလာချုပ်ကြနှင့် မရိုး နိုင်စွာပင် သံသရာလည်ကြရပြန်သည်။

## ၂။

'ခေတ်ဆန်ခြင်း'နှင့် 'ရှေးရိုးကျခြင်း' ဆန့်ကျင်ဘက် နှစ်မျိုးမှာ လည်း အခြားမြို့များထက် ဤမြို့သစ်ကလေးတွင်မှ ထူးထူးခြားခြား ရောမွှေပေါင်းစပ်ကာ ရှင်သန်ဖွံ့ဖြိုးနေသလားဟုပင် ထင်ရသည်။ မြို့သစ် လေး မတည်ခင်က ဤနေရာ၌ 'ပဲဖြူကုန်း'ရွာရှိပြီး ထိုရွာကို စနစ်ကျ အောင် အကွက်ရိုက် ပြန်လည်နေရာချထားပေးကာ နောက်ထပ် မြို့သစ် တွေကို တိုးချဲ့ရှင်းလင်း ချဲ့ထွင်၍ မန္တလေးမြို့ထဲမှ မီးဘေးဒုက္ခသည် များအား နေရာပေးထားခြင်းဖြစ်သဖြင့် မြို့သစ်ကလေးမှာ ယခင်လက် ဟောင်း တောကျေးလက်နေ လူတန်းစားနှင့် မန္တလေးမြို့လယ်မှ ပြောင်း ရွှေ့လာသော မြို့နေလူတန်းစားတို့ ရောထွေးယှက်တင်လျက် ရှိကြ၏။

ထို့ကြောင့်လည်း တဘက်ထူထူကို ခေါင်းပေါင်းကာ ဖျင်လုံချည် နှစ်နံစပ်နှင့် မြို့သစ်ကလေး၏လမ်းမပေါ်၌ နွားလှည်းမောင်းသွားသူက မောင်းသွားကြ၊ ကောက်စိုက်သမများက သနပ်ခါး ဘဲကြားရိုက်ကာ ဝါးခမောက်ဆောင်းလျက် အုပ်စုလိုက် လမ်းလျှောက်ကြ၊ ဆတ်ကော့ လတ်ကော့ ကောင်မလေးများက နှုတ်ခမ်းနီကို ရဲမှည့်နေအောင် ဆိုး၊ ဟင်နရီအကျီအပွကြီးကို ဝတ်၍ ခေတ်ဆန်ဆန် ထဘီတိုတိုပုံစံမျိုးနှင့် ရောင်စုံဖန်နားဆွဲ၊ ဖန်လက်ကောက်များ ဆင်ယင်ကာ လမ်းသလားနေ

ကြ၊ စီးပွားရေးသမား ယောကျ်ားငယ်များက စာတန်းတွေပါသော တီရှပ် အကောင်းစားကိုဝတ်ပြီး ကာဝါဆကီဆိုင်ကယ်ကို ခပ်သွက်သွက် မောင်း သွားကြသဖြင့် အလွန်အဆင်မပြေသော မြင်ကွင်းမျိုးကို တွေ့ရတတ် သည်။ လူငယ်တွေကလည်း ဂျင်းဘောင်းဘီဝတ်ကြ၊ ချာလီပင်ဝတ်ကြ သကဲ့သို့ အရောင်မပေါ်တော့သော လုံချည်ကို အထပ်ထပ် ဖာထေးကာ အင်္ကျီကိုပင် မကပ်နိုင်ကြသောသူများလည်း ရှိကြ၏။

မြို့ထဲမှ ပြောင်းရွှေ့လာသူများမှာ မြို့ပေါ်တွင်နေစဉ်က အကျင့် ပါလာသောကြောင့်လည်းကောင်း၊ သို့တည်းမဟုတ် သူတို့ကိုယ်သူတို့ မြို့ကြီးသားစစ်စစ်ဖြစ်ကြောင်း ပြသလို၍လည်းကောင်း တမင် မြို့ဆန် ဆန်ပင် နေကြသည်။ အိမ်ကို သွားကြည့်လျှင် မြေစိုက်အိမ်ငယ်ကလေး များကို တွေ့ရမည်ဖြစ်သော်လည်း အပြင်ထွက်ပြီဆိုလျှင် သားသားနား နား ကြော့ကြော့မော့မော့ ဝတ်စားကာ ဝါဝါကြွားကြွား သွားကြလာကြ သည်။ 'အတုမြင် အတတ်သင်' ဆိုသလို သူတို့ကို အတုခိုး၍ ယခင် လက်ဟောင်း ရွာခံ လူငယ်လူရွယ်များက လိုက်လံဝတ်ကြ စားကြတာ မျိုး ရှိသော်လည်း အချိုးအစားမပြေပြစ်ဘဲ ပုံမကျ ပန်းမကျဖြစ်နေခြင်း၊ ထိုသူများ၏ မည်းနက်သော အသားအရေနှင့် မလိုက်ဖက်စွာ အင်္ကျီ လုံချည်တို့၏ အရောင်အသွေးများ တောက်ပ ဖိတ်လက်နေလွန်းခြင်းတို့ ကြောင့် ကြည့်ရတာ အဆင်မပြေဘဲ ကြောင်တက်တက် နိုင်နေတတ်၏။

'ခေတ်ဆန်ခြင်း'နှင့် 'ရှေးရိုးကျခြင်း'ကွာဟမှုမှာ မြို့သစ်ကလေး၌ ဖွင့်လှစ်နားဆင်သော တေးသီချင်းများ၊ စတိုးဆိုင်၊ အပ်ချုပ်ဆိုင်၊ ကြော်ငြာ ဆိုင်းဘုတ်များအထိ ပေါ်လွင်ထင်ဟပ်လျက် ရှိသည်။

'နည်းနည်းလေး ချစ်တာ မလောက်လို့ ... အများကြီး ချစ်ပါဦးလို့' ဟု တစ်နေရာမှ မြူးကြွသစ်လွင်သော ခေတ်သီချင်း ဖွင့်နေတာကို ကြား နေရစဉ်မှာပင် 'ရွာလယ်ကအလှူပွဲ ခြိမ့်ခြိမ့်သဲလို့ စည်ကားလှတာ'ဟု အခြားတစ်နေရာမှ အသံချဲ့စက်ကြီးဖြင့် အော်ကြီးဟစ်ကျယ် ဖွင့်နေသံ ကို အဆင်မပြေစွာ ကြားရတတ်သည်။ အပ်ချုပ်ဆိုင်အမည်ကို 'Two Brother Tailor'ဟု ဘိုလို ဆိုင်းဘုတ်တင်ထားသော ဆိုင်များရှိသလို မယဉ်မြ ဦးစီးသော 'မြ' အမျိုးသမီးစက်ချုပ်ဆိုင်ကြီးဟု စစ်ကြိုခေတ် လောကက လေသံမျိုးဖြင့် ရေးထားသော ဆိုင်းဘုတ်မျိုးကိုလည်း မပြုး

ဘဲ မနေနိုင်အောင် တွေ့ရတတ်၏။ ‘ဝတ်မှုန်’စတိုးဟု ကဗျာဆန်ဆန် နာမည်လှလှပေးထားသော စတိုးဆိုင်များ ရှိသလို ‘ဝေရက်တောင် မောင် ညွန့်ဝင်း ဦးစီးသော ဝါး၊ မိုးကပ်ထရံ အရောင်းဆိုင်’ ဆိုတာမျိုးလည်း တွေ့ရတတ်သေးသည်။

ဤကဲ့သို့ အဆင်မပြေမှုများ၊ အချိုးအစားမကျနမှုများ၊ ဆန့်ကျင် ဘက်များဖြင့် ဖွဲ့စည်းဖြစ်ပေါ်လျက်ရှိသော မြို့သစ်ကလေးမှာပင် မြို့ သစ်သူ မြို့သစ်သားတွေကတော့ ပျော်ပျော်ရွှင်ရွှင်ပဲ နေထိုင်ကြရင်း ညအခါဆိုလျှင်လည်း အမိုးမရှိ ဝါးထရံတွေကာပြီး ဖျာခင်းကြည့်ရသော မြို့သစ်ကလေး၏ တစ်ခုတည်းသော ‘မြတ်မင်းသူ’ ရုပ်ရှင်ရုံ၌ ကလေး ငါးမူး၊ လူကြီးတစ်ကျပ် ပေးကာ ရုပ်ရှင်ကြည့်ကြ၊ ထန်းမြစ်ဖုတ် ဝါးရင်း ရုပ်ရှင်ရုံပွဲဈေး လမ်းသလားကြ၊ ကာလသားတွေက လှလှပပ ဝတ်စား ပြင်ဆင်လာသော ကောင်မလေးတွေကို ငေးကြမောကြနှင့် ဒီလိုပဲ ပျော် ရွှင်အောင် နေသွားကြသည်။

မြို့ထဲက ပြောင်းလာစက လျှပ်စစ်မီးမရှိသော မြို့သစ်ကလေး၌ မနေတတ် မထိုင်တတ် ညည်းကြညူကြသော်လည်း ခုတော့ဖြင့် မဆန်း တော့သလို ညရောက်၍ မှောင်လာပြီဆိုလျှင် ရေနံဆီမှန်အိမ် ထွန်းသည့် သူက ထွန်းကြ၊ မှိုင်းတလူလူဖြင့် မီးခွက်ကလေးတွေ ထွန်းသည့်သူက ထွန်းကြ၊ နည်းနည်းပါးပါး တတ်နိုင်သူများက တစ်လလျှင် လေးဆယ် ပေး ငှားရသော ဘက်ထရီမီးကို ထွန်းကြ၊ လသာသည့်ညများ ဆိုလျှင် လည်း ဘာမီးမှ ထွန်းမနေတော့ဘဲ ဒီလိုပဲ နေလိုက်ကြ စသဖြင့် အခြေ အနေပေးသလို နေတတ်လာကြသည်။

မြို့သစ်ကလေးနှင့် မန္တလေးမြို့ထဲကို ပြေးဆွဲနေသော အမှတ် ၁၀ လိုင်းကားများဆိုလျှင်လည်း အမြဲတစေ လူပြည့်ကျပ်လျက် မဆံ့မပြဲ တွဲလွဲခိုစီး၍ စီးသွားစေမြဲ။ မနက်အစောကြီး သုံးလေးနာရီဆိုလျှင်ပင် မြို့ ထဲသို့ ဈေးရောင်းသွားမည့်သူများ၊ မြို့သစ်ဈေးတွင် ပြန်ရောင်းရန် ကုန် စိမ်း သွားဝယ်သူများဖြင့် ဘတ်စ်ကားများမှာ လူချောင်သည်ဟူ၍ မရှိ ချေ။ ဈေးသည်အချင်းချင်း တစ်ယောက်ကိုတစ်ယောက် စကြနောက်ကြ၊ အိမ်မှ မထွက်နိုင်သေးဘဲ ကြာနေသော ဈေးရောင်းဖော်များကို ‘ကောင်မ ရေ၊ မြန်မြန်လာဟဲ့။ ညည်းလင် ဘတ်စ်ကားက ထွက်တော့မှာ။ စောင့်

မှာ မဟုတ်ဘူး'ဟု ကားပေါ်မှ အော်ကြီးဟစ်ကျယ် လှမ်းအော်ခေါ်ကြ၊ တဝါးဝါး တဟားဟား ရယ်မောကြဖြင့် စည်စည်လှုင်လှုင် စိုပြည်နေတော့သည်။

၃။

ခြောက်လက်မ ကျောက်တုံးကျောက်ခဲကြီးများဖြင့် ထိုးထိုးထောင်ထောင် ဖြစ်သည့်နေရာက ဖြစ်၊ ခုံးသည့်နေရာက ခုံး၊ ချိုင့်သည့်နေရာက ချိုင့်။ မညီမညာနိုင်လွန်းလှသော မြို့သစ်ကလေး၏ အကောင်းဆုံးလမ်းမပေါ်၌ တစ်နာရီ ဆယ်မိုင်နှုန်းလောက်ဖြင့် တအိအိ လှုပ်လီလှုပ်လဲ့ မောင်းနေရသော ဘတ်စ်ကားများပေါ်တွင် မြို့သစ်သူ မြို့သစ်သားတွေကတော့ စိတ်ရှည်စွာပင် သည်းခံခွင့်လွှတ်လျက် စီးကြသည်။ အလုပ်က ပြန်လာချိန် ညနေ ငါးနာရီ၊ ခြောက်နာရီလောက်တွင်ကား ဘတ်စ်ကားများမှာ ငါးပိသိပ်၊ ငါးချဉ်သိပ် မဆံ့မပြဲနှင့် ကျပ်ညပ်နေတော့သည်။ ထိုအခါမျိုး၌ ဘတ်စ်ကားထဲတွင်ရော၊ ကားနောက်ဘက် သစ်သားတန်းပေါ်မှာ မတ်တတ်ရပ်ရင်း ခိုတွယ်စီးသူများရော ပြည့်သိပ်နေရုံမက ကားခေါင်မိုးပေါ်မှာပါ လူတွေအပြည့် ပါလာတတ်သည်။ ထိုအချိန်မှာ မန္တလေးမြို့ထဲသို့ အလုပ်သွားလုပ်ကြသော မြို့သစ်သူ မြို့သစ်သားအားလုံး မြို့သစ်ကလေးသို့ တစ်ပြုံတစ်ခဲကြီး ပြန်လာကြသောအချိန်ဖြစ်ရာ ကားတွေမှာ ဘယ်သို့မှ မတင်လျှင်လည်း မန္တလေးမြို့ထဲသို့ ရောက်နေသော မြို့သစ်သူ မြို့သစ်သား အားလုံး ကုန်စင်အောင် ပြန်လာနိုင်စရာ အကြောင်းမမြင်။ မြို့သစ်သားများမှာ ကားခေါင်မိုးပေါ်က လိုက်ရလို့လည်း စိတ်ညစ်သည်ဟူ၍ မရှိကြ။ ရယ်လိုက်မောလိုက်၊ နောက်လိုက်ပြောင်လိုက်၊ လမ်းပေါ်၌ စက်ဘီးနင်းသွားသော ကောင်မလေးတွေကို တွေ့လျှင် 'ဟေ့ ... ချစ်ချစ်' ဟု ကားအမိုးပေါ်က အော်စ,လိုက်ဖြင့် ဒုက္ခကို လျစ်လျူရှုနိုင်လွန်းသူများ ဖြစ်ကြသည်။

မြို့သစ်သူ မြို့သစ်သားတွေကတော့ စည်းကမ်းရယ်လို့လည်း အတိအကျ လိုက်နာမနေ။ (သူတို့အခြေအနေနှင့် အတိအကျ လိုက်နာနေလို့လည်း မရ) ဖြစ်သလို ကြုံသလို၊ အဆင်ပြေသလို၊ အလိုက်သင့်သလိုသာ ပြုမူလုပ်ကိုင် ဆောင်ရွက်ကြရသည်။

ကျောက်တုံးကြီးတွေ ငေါထွက် ထောင်ထကာ အဖုအထစ်များဖြင့် ပြည့်နှက်နေသော လမ်းမကြီးပေါ်၌ ခရီးသည်တင်နှင်းရင်း ရုပ်ပျက်ဆင်းပျက် ဘီးခွေသွားသော ဆိုက်ကားများကိုလည်း မကြာခဏ တွေ့ရတတ်သေးသည်။ ကျောက်တုံးဖုထစ်ကြီးတွေပေါ်က တဂျိမ်းဂျိမ်း တဂျွမ်းဂျွမ်း မောင်းရင်း မျက်စိရှေ့မှာပင် သစ်သားဘီးတစ်ဖက် ဖြောင်းခနဲကျိုးပြီး ဝင်ရိုးနှင့် ကျောက်တုံးတွေ တဒုန်းဒုန်း ထိရိုက်ကာ တရွတ်တိုက်ပါသွားသော မြင်းလှည်းတွေလည်း မရှား။

အဲဒီထဲက ဒီနှစ် မိုးရာသီမှာ မြို့သစ်သူ မြို့သစ်သားတွေအတွက် အလွန်ဒုက္ခရောက်လိုက်ရသော အဖြစ်အပျက်တစ်ခုနှင့် တိုးလိုက်ရသေးသည်။ တစ်ညနှင့် တစ်ရက်လုံး မိုးမစဲဘဲ မိုးတွေ အဆက်မပြတ် ရွာချလိုက်ပြီးနောက် မြို့သစ်ကလေး၏ 'စလုံး'(စ)ရပ်ကွက်နှင့် 'ဆလိမ်'(ဆ) ရပ်ကွက်တို့ ရေမြုပ်သွားကြခြင်းပင် ဖြစ်သည်။ ရေတွေက အိမ်များအတွင်းသို့ လိမ့်ဝင်လာကာ တအိအိဖြင့် တက်လာပြီး ပထမ ဒူးဆစ်၊ နောက် တဖြည်းဖြည်းနှင့် ပေါင်လယ်၊ ခါး၊ ရင်ခေါင်းအထိ တက်လာသည်။ လူတွေမှာ ခုတင်တွေဆင့်၊ စားပွဲ ကုလားထိုင်တွေကို ဆင့်ပြီး ထိုအပေါ်တက်ကာ နေကြရသည်။ ချက်ပြုတ်စားလို့ကလည်း မဖြစ်။ ကလေးတွေက ငိုကြနှင့် အလွန်ပင် ဒုက္ခရောက်ကြရသည်။ အနိမ့်ပိုင်းကျ၍ နေမဖြစ်အောင် ရေဝင်သော အိမ်များမှာ ရေလွတ်သော ရပ်ကွက်များရှိ ဆွေမျိုးသားချင်း အသိမိတ်ဆွေတို့၏ အိမ်များသို့ ယာယီပြောင်းရွှေ့နေကြရသည်။ ကြည့်လေရာတွင် ရေတွေက တဖွေးဖွေး၊ တချို့အိမ်တွေမှာ အိမ်ခေါင်မိုးသာ ရေပေါ်၌ ပေါ်တော့သည်။

ယောကျ်ားတွေက သေတ္တာတွေကိုထမ်း၊ မိန်းမတွေက အထုပ်အပိုးတွေ ခေါင်းမှာရွက်၊ ကလေး ခါးထစ်ခွင်ချီ၊ ဒူးဆစ်ထိရောက်နေသော ရေနှင့် လွတ်အောင် လက်တစ်ဖက်က ပေါင်လယ်ထိ မ,၍ ရေလွတ်ရာကို ပြေးကြရသည်။ ခွေးတွေက ပြောင်းရွှေ့သွားသော သူတို့သခင်တွေနောက် သနားစရာ ရေကူးရင်း လိုက်သွားကြသည်။ ဘယ်အိမ်ကမှန်းမသိသော ရေအိုးအပေါင်းတွေ၊ သစ်သားတို သစ်သားစတွေက ရေပေါ်မှာ ပတ်ချာလည်ရင်း တရွေ့ရွေ့မျောလျက်။

ရေတိုက်စားသဖြင့် မြို့သစ်၏ လမ်းမကြီးမှာလည်း ကျိုးသည့်

နေရာက ကျိုး၊ ပဲ့သည့်နေရာက ပဲ့ကာ ဗုံးဆန်မှန်ထားသော လူတစ်ယောက်၏ ခြေထောက်လိုပင် မြင်မကောင်းအောင် ဖြစ်နေတော့သည်။ တာရိုးသဖွယ် လမ်းမကြီး၏တစ်ဖက်ရှိ ရေဝင်နေသော ရပ်ကွက်များမှ ရေများကို အမြန်ဆုံး ပြန်ကျသွားအောင် လမ်းမကြီးကို ကန့်လန့်ဖြတ်လျက် လူတစ်ရပ်မက နက်သော မြောင်းကျယ်ကြီးနှစ်ခု တူးကာ ရေတွေကို လမ်းမကြီး၏ အခြားတစ်ဖက်သို့ ဖောက်ထုတ်ပစ်ရသည်။ ဤသို့ဖြင့် လမ်းပန်းဆက်သွယ်ရေးတွေ ပြတ်တောက်သွားသည်။ မြောင်းကြီးနှစ်ခု ခံနေသောကြောင့် ကားတွေ သွားမရတော့။ ဘတ်စ်ကားတွေ မြို့သစ်ထဲ မဝင်နိုင်တော့။ ဘတ်စ်ကားဂိတ်ကို မြို့အဝင်ဝသို့ ယာယီပြောင်းရွှေ့လိုက်ရသည်။

ရေလုံးကြီးတွေကတော့ မြောင်းကျယ်ကြီးနှစ်ခုမှနေ၍ လမ်း၏ အခြားတစ်ဖက်သို့ ရေတံခွန်ပမာ အလုံးအရင်းဖြင့် လိမ့်၍လိမ့်၍ အလုအယက် တဝေါဝေါ စီးဆင်းနေလျက်၊ မြောင်းကျယ်ကြီးပေါ်မှာ လူတစ်ယောက် သွားသာရုံ အကျယ်တစ်ပေသာသာ ယာယီသစ်သားတံတားကလေး ဆောက်ပေးထားသည်။ တံတားကလေးက ခပ်ကျဉ်းကျဉ်း၊ သွားသည့်လာသည့်သူတွေက များသဖြင့် တစ်ဖက်က လူတွေ ကူးနေစဉ်တွင် သည်ဘက်က လူအုပ်က မတ်တတ်ရပ်ပြီး စောင့်ဆိုင်းနေရ၊ သည်ဘက်က လူတွေ ကူးလျှင်လည်း ဟိုဘက်က လူတွေက စောင့်ပေးရသဖြင့် အလှည့်ကျ ကူးကြရသည်။ စက်ဘီးစီးလာသူဖြစ်လျှင် စက်ဘီးတွေကို ထမ်းကာ တံတားကို ဖြတ်ကူးရသည်။ စက်ဘီးကို လူနှင့်ယှဉ်၍ တွန်းသွားနိုင်လောက်အောင် တံတားက မကျယ်။

မြို့ထဲမှပြန်လာသော ဘတ်စ်ကားတစ်စီး ထိုးဆိုက်လာပြီဆိုလျှင် လူတွေ စုပြုံတိုးဝှေ့ ဆင်းလာကြကာ တံတားလေးကို အလုအယက် ကူးကြ။ တံတားလေး ဒီဘက်ရောက်ပြီဆိုလျှင် ဘတ်စ်ကား မရှိတော့သဖြင့် ခြေကျင်လျှောက်သူက လျှောက်၊ မြင်းလှည်းစီးသည့်သူက စီး၊ တစ်ယောက်ကိုတစ်ယောက် အော်ခေါ်သူက ခေါ်၊ စကားပြောသူက ပြောနှင့် ဆူညံပွက်နေတော့သည်။

ယခင်က ဘာဈေးဆိုင်မှမရှိသော နေရာမှာ ယာယီကားဂိတ်ကြောင့် ကွမ်းယာဆိုင်ကလေးများ၊ လက်ဖက်သုပ်ဆိုင်၊ ချင်းသုပ်ဆိုင်ကလေး၊

မုန့်ပဲသရေစာဆိုင်ကလေးများ အစီအရီ ပေါ်ပေါက်လာကြသည်။

## ၄။

ရေပြန်ကျသွားသော်လည်း လမ်းမကြီးကို ကန့်လန့်ဖြတ်၍ တူးထားသော မြောင်းကျယ်ကြီးနှစ်ခုကို ပြန်ဖို့မပစ်တော့။ နောက်တစ်ကြိမ် မိုးကြီးလျှင် ခုလို ရေမဝပ်အောင် ရေစီးဆင်းနိုင်ရန် မြောင်းကျယ်ကြီးတွေကို ဒီအတိုင်းထားပြီး အုတ်တံတိုင်းဆောက်ရန် စီစဉ်သည်။ သို့ရာတွင် မိုးမှာ နေ့စဉ်ရက်ဆက်ဆိုသလို ရွာနေသဖြင့် အစီအစဉ်ကို အကောင်အထည် မဖော်နိုင်ခင်မှာဘဲ ညကြီးမင်းကြီး မိုးတွေ တဖွဲဖွဲ ရွာနေသည့် တစ်ညတွင် မြို့ထဲမှ မြို့သစ်ကလေးသို့ မောင်းနှင်လာသော မြင်းလှည်းတစ်စီးမှာ မြို့သစ်လမ်းမကြီးတစ်လျှောက် မြောင်းကျယ်ကြီးရှိရာကို မသိဘဲ ဒုန်းစိုင်းမောင်းလာသဖြင့် မြောင်းထဲသို့ မြင်းလှည်းတစ်စီးလုံး တလိမ့်ခေါက်ကွေး အရှိန်ပြင်းစွာ ထိုးကျသွားရင်း မြင်းရော လူပါ သေဆုံးသွားရသည်။ မြင်းလှည်းမှာလည်း ရစရာမရှိအောင် ပျက်စီးသွားရ၏။ ထိုသတင်းကို ကြားရသောအခါ မြို့သစ်သူ မြို့သစ်သားများ တုန်လှုပ် ချောက်ချားရပြန်သည်။

သွားရေးလာရေးမှာလည်း မလွယ်၊ ဘတ်စ်ကားဂိတ်မှာ မြို့အဝင်ဝ၌ ယာယီပြောင်းရွှေ့သွားရသဖြင့် ထိုနေရာသို့ရောက်အောင် လမ်းလျှောက်ရသည်မှာပင် တမေ့တမောကြီး၊ မြင်းလှည်းစီးပြန်လျှင်လည်း ဘတ်စ်ကားဂိတ်ရောက်အောင် တစ်ယောက်ကို နှစ်ကျပ်၊ မြို့ထဲသို့ ဘတ်စ်ကားခက တစ်ကျပ်ခွဲ၊ နှစ်ကျပ်။ ငွေလေးကျပ်လောက်ကုန်မှ မန္တလေးသို့ ရောက်ရသည်။

'မြို့သစ်များ နေကို မနေချင်ပါဘူးဗျာ။ ဖုန်ကထူ၊ ရေကရှား၊ ခုလို မိုးရာသီဆိုရင်လည်း ဒုက္ခရောက်လိုက်တာ မြင်တဲ့အတိုင်းပဲ။ လျှပ်စစ်မီး မရှိ၊ ဘာမရှိနဲ့ ကျုပ်တော့လား ပိုက်ဆံရှိရင် ဝေးပါသေးရဲ့။ မြို့သစ်များ နေကိုမနေဘူး။ ဘယ်လိုပဲ နေရနေရ၊ မြို့ထဲပဲ သွားနေလိုက်တော့မယ်'

'အရေးရယ် အကြောင်းရယ်ရှိလို့မှ မြို့ထဲကို သွားလို့လာလို့ မလွယ်တဲ့ အရပ်ပဲရှင်။ ကျွန်မဖြင့် စိတ်ပျက်ပါရဲ့။ အဟုတ်ပဲ'

တစ်ခါတလေတော့ မြို့သစ်သူ မြို့သစ်သားတွေမှာ စိတ်ဓာတ်ကျသလို အထက်ပါအတိုင်း ညည်းကြညူကြပါသည်။ သို့ရာတွင် ပါးစပ်က စိတ်ပျက်သည့်လေသံဖြင့် ဘယ်လောက်ပဲညည်းညည်း၊ သူတို့တစ်တွေ ငါးနှစ်ကျော်၊ ခြောက်နှစ်လောက် နေထိုင်ခဲ့သော၊ သူတို့တစ်တွေကို မကြာခဏ နည်းမျိုးစုံဖြင့် နှိပ်စက်ကလူ ကျီစယ်တတ်သော မြို့သစ်ကလေးကို တကယ်တော့ သူတို့ စွဲနေကြပြီ၊ ချစ်ခင်နေကြပြီ၊ သံယောဇဉ်ဖြစ်နေကြပြီ ဆိုတာကို တဖိတ်ဖိတ်တောက်ကာ အရည်လဲ့နေသော သူတို့၏ မျက်လုံးများက မငြင်းဆန် မဖုံးကွယ်နိုင်ဘဲ ဝန်ခံနေကြသည်။

တကယ်တော့ စိတ်ပျက်ရင်းကပင် မြို့သစ်ကလေးကို သူတို့ ချစ်ခဲ့မိကြပြီ။

## ၅။

မိုးရာသီကုန်ဆုံး၍ ခုလို သာသာယာယာရှိသော ဆောင်းရာသီရောက်လာပြီဆိုလျှင်တော့ ယခင်က ခါးသီးစွာ ရင်ဆိုင်ခဲ့ရသော အခက်အခဲများနှင့် ဒုက္ခများကို အလွယ်တကူပင် မေ့ဖျောက်ပစ်လိုက်ကြကာ မြို့သစ်သူ မြို့သစ်သားတွေမှာ ဘုရားထီးတင်ပွဲတွေ ကျင်းပကြ၊ မိန်းမပျိုများက လှလှပပ ဝတ်စားပြင်ဆင်ပြီး ငွေဖလားကြီးတွကို တချွင်ချွင်လှုပ်လျက် ရပ်ကွက်ဘုရားပွဲအတွက် အလှူခံကြ၊ ကထိန်ပွဲတွေ ကျင်းပကြဖြင့် စည်စည်ညံညံ လှုပ်လှုပ်ရှားရှား ဖြစ်လာကြပြန်သည်။

စတေ့ချ်ရှိုးပွဲတွေမှာ မြို့သစ်က လူငယ်လူရွယ်တွေကိုယ်တိုင် သီချင်းတွေ တက်ဟစ်ကြ၊ ရပ်ကွက်ဘုရားပွဲမှာ မွန်မင်းသားလေး မိုးကျော် ဇာတ်ပွဲ၊ ပန်တျာမြင့်လွင်ဇာတ်ပွဲ၊ စွယ်စုံ ပန်းချီလေးဝင်းအဖွဲ့၊ မနက်ဖြန် ဘုရားပွဲကို မုန့်စားလာလှည့်ကြနော်၊ ပွဲဈေးတန်းလျှောက်လိုက်ဦးမလား၊ ပွဲကြိုက်လို့တော့ မဟုတ်ဘူးပေါ့လေ။ ဒါပေမဲ့ ကိုယ့်အရပ်က ဘုရားပွဲဆိုတော့ ကလေးတွေက ကြည့်ချင်တယ်ဆိုတာနဲ့ ငါးဆယ်တန်းက ပွဲကြည့်စင်တစ်စင် ဝယ်ထားလိုက်တယ်။ ကလေးတွေလည်း ဒီလိုကိုယ့်အရပ် ဘုရားပွဲလေးရှိမှ ကြည့်ရရှာတာ မဟုတ်လား။

ပွဲခင်းဆီမှာ ဆိုင်းသံဗုံသံ တခြိမ့်ခြိမ့်၊ ပွဲဈေးတန်းက မုန့်ဆိုင်၊ စားသောက်ဆိုင် အမျိုးမျိုးဆီတွင် အင်ဂျင်မီးစက်ဖြင့် လင်းထိန်နေကာ

လူတွေ တလှုပ်လှုပ် တရှုရှု စည်ကားလျက်၊ သားသမီးတွေကို လက်က ဆွဲကာ တစ်အိမ်လုံး ကြော့ကြော့မော့မော့ ဝတ်စားပြင်ဆင်ပြီး မြို့သစ်သူ မြို့သစ်သားတွေ ပွဲခင်းဆီ သွားကြပြီ။

ခါးသီးစွာ ရင်ဆိုင်ခဲ့ရသော မြို့သစ်ကလေး၏ ဒုက္ခပေါင်းစုံကို ခုတော့လည်း သူတို့တစ်တွေပဲ လွယ်ကူလွန်းစွာ မေ့ပစ်ထားလိုက်ကြ ပြန်ပေါ့။

မိုးဝေမဂ္ဂဇင်း

မတ်၊ ၁၉၈၈။

အခန်း (၂)

# ကလေးသူငယ်များ၊ မိန်းမများ

## အေးချမ်းငယ်၏ ဖွင့်ဟဝန်ခံချက်
**ခင်ဆွေဦး**

၁။

အေးချမ်း ညီမလေး မွေးတဲ့နေ့ဟာ အေးချမ်း ဆိုးလာတဲ့နေ့ပေါ့။

ဩော် ... ပြောရဦးမယ်။

အေးချမ်းမှာ ညီအစ်မ သုံးယောက် ရှိသွားပြီလေ။ အကြီးဆုံးက မမ'ချိုစိမ်းလွဲ့'တဲ့။ သူ့ကို အိမ်မှာ 'ချိုချို'လို့ပဲ ခေါ်တယ်။ သမီးကိုတော့ 'အေးချမ်း'လို့ မှည့်တယ်။ အဲဒီတုန်းက မမ အဆိုတော် အေးချမ်းမေ မပေါ်သေးဘူး။ ရန်အောင်ပဲ ပေါ်သေးတယ်။ ရန်အောင်က တယ်လီဗေး ရှင်းမှာ အေးချမ်းကို ကြည့်ပြီး 'ကလေးရေ ...' လို့ ဆိုတယ်။ ပြီးတော့ အေးချမ်းကိုကြည့်ပြီး ရယ်ပြသေးတယ်။ 'ချစ်တယ် မီးရယ်'လို့လည်း ဆိုသေးတယ်။ အဲဒီတော့ အေးချမ်းက ကိုယ့်ကိုယ်ကိုယ် 'မီးကလေ ... မီးကလေ'နဲ့ ပြောတော့ ဘွားဘွားနဲ့ မေမေက ဆူတယ်။ 'မီးရေ'လို့ ထည့် ပြောတာ မကြိုက်ဘူးတဲ့။

'ဘာဖြစ်လို့လဲဟင် ...'လို့ အေးချမ်းက မေးတော့ 'ညုတုတု'နဲ့မို့ တဲ့။ 'ညုတုတုဆိုတာ ဘာလဲ'လို့ အေးချမ်းက မေးတော့ 'မရှည်နဲ့'တဲ့။

'နားမလည်ရင် အသာနေ'တဲ့။

အသာ မနေပါဘူး။ ညုတုတုဆိုတာကို အေးချမ်း လိုက်လိုက်မေးကြည့်တော့ 'နွဲ့'တာတဲ့။ နွဲ့တာဆိုတာ ဘာလဲ။ ချွဲတာတဲ့။ အေးချမ်းတစ်ခုမှ နားမလည်ဘူး။ မမချိုချိုကတော့ သီချင်းဆိုရင် အင်္ကျီပါးပါး၊ လုံချည်ပျော့ပျော့ ဝတ်ပြီး ဖင်တအားယမ်း သီချင်းဆိုတဲ့ မိန်းမတွေကပြောတာမို့ မပြောရတာတဲ့။ ဒါလည်း နားမလည်သေးပါဘူး။

ခု ချိုချိုက ၉ နှစ်၊ အေးချမ်းက ၅ နှစ်၊ ညီမလေးက ၃ လရှိပြီ။ ၃ လကျော်ပြီး ရက် ၁၀၀ ပြည့်တဲ့နေ့မှာ နာမည်ပေးတော့မှာတဲ့။ သူကဗုဒ္ဓဟူးနေ့မှာ မွေးတာမို့ 'ဆင်'တဲ့။ နာမည်ကို 'စိန်ယင်းမာ'လို့ မှည့်ကြမှာတဲ့။ 'စိန်'လို မာပြီး 'စိန်'လို ဈေးအောင်လို့တဲ့။

ဈေးအောင် ... ဟုတ်လား။

အေးချမ်းတို့က အရမ်းကြီး မဆင်းရဲပေမဲ့ ချမ်းတော့ မချမ်းသာဘူး။ ဒါကြောင့်မို့ အေးချမ်းတို့အိမ်နားက ကျောင်းမှာပဲ နေရတာလေ။ ချမ်းသာတဲ့လူတွေ နေတဲ့ ကျောင်းမှာဆိုရင် မော်တော်ကား ရှိရမယ်။ မေမေက စိန်နားကပ် ပန်ရမယ်။ ကီမိုနိုလုံချည်၊ အင်္ကျီ ဝမ်းဆက် ဝတ်ရမယ်။ မိကျောင်းရေ လက်ကိုင်အိတ် ကိုင်ရမယ်။ ခုံမြင့်ဖိနပ်နဲ့ ငါးရာကျော်တန် ဖိနပ်စီးရမယ်။ ပြီးတော့ ငါးရာကျော်တန် စတီး(လ်)ထမင်းဘူးထဲ ကြက်သားဟင်း၊ ပုစွန်ထုပ်ဟင်း ထည့်ရမယ်။ ပန်းသီးစိတ်တွေ၊ လိမ္မော်သီးစိတ်တွေလည်း ယူသွားရမယ်။ တစ်ခါ အိမ်က ရေအိုးထဲကရေ မယူရဘူး။ သန့်စင်ရေ ယူသွားရမယ်။ အဲသလို ယူသွားနိုင်မှ ကျောင်းပြောင်းပေးမယ်တဲ့။ မမချိုချိုက စိတ်ညစ်သွားတယ်။ ကျောင်းပြောင်းချင်လှပြီတဲ့။ ၄ တန်းစာမေးပွဲ ဖြေပြီးရင် ပြောင်းချင်တာတဲ့။ ဟိုမှာကတန်းမြင့်ကျောင်းသား အကောင်းစား။ ဒီမှာက အလကကျောင်းသားသူတောင်းစားတဲ့။ အဲသလို အိမ်နားက 'အောင်မျိုးသီဟဇော်'က အေးချမ်းတို့ကို စ,တယ်။ စ,မှာပေါ့။ သူက အဲဒီကျောင်းကြီးကို တောင်းအေ့ကားနဲ့ တစ်လှည့်၊ ပဂျာရိုကားနဲ့တစ်လှည့် သွားတာ။

မေမေကတော့ မေမေ့မှာ စိန်နားကပ် မရှိဘူး။ ကီမိုနိုဝမ်းဆက်လည်း မရှိဘူး။ ဖိနပ်ကလည်း ပါးချပ်ချပ်နဲ့ ၆၀ ကျပ်ပဲ ပေးရတာ။ ပိုက်ဆံအိတ်ကလည်း မြန်မာပြည်ဖြစ် ၁၀၀ ကျပ်ပဲ ပေးရတာ။ အောက်

လိုက်တာ မေမေရာ။ အေးချမ်းက ပြောလည်း မေမေက ဘာမှ ပြန်မပြော ဘူး။ အကြာကြီးနေမှ ကျောင်းမနေဘဲ အကြော်လည်ရောင်းနေတဲ့ ကလေး တွေကို ပြပြီး သမီးတို့ သိပ်ကံကောင်းတာပေါ့တဲ့။ သမီးတို့ ကံကောင်း တယ်။ ဟင် ... ဟုတ်လို့လား။ သမီး ပုစွန်ထုပ်စားချင်တာ ကြာလှပြီ။ ဘယ်မှာ စားရလို့လဲ။ တစ်ခါတုန်းက မေမေက ပုစွန်ထုပ် နောက်မှ ဝယ်ပေးမယ်နော်ဆိုပြီး ပုစွန်သေးသေးလေးတွေ ဝယ်လာချက်လို့ သမီး အရိုးစူးတယ်လေ။ အေးချမ်း ငိုလိုက်ရတာ။ အကြာကြီးနေမှ ပျောက်သွား တာ။

အောင်မျိုးသီဟဇော်က အေးချမ်းကို အောက်တန်းကျလိုက်တာ တဲ့။ သူက ပုစွန်ဆိုရင် ထမင်းနဲ့တောင် မစားဘူး။ ဒီအတိုင်း မီးဖုတ် စားတာတဲ့။ အသားတွေလည်း မီးရဲရဲမှာ 'ကင်'စားတာတဲ့။ ဟိုတယ်မှာ တစ်ယောက် နှစ်ထောင်ဖိုး စားကြတာ ပုစွန်ချိုချဉ်တွေမှ အများကြီး စားတာတဲ့။ သိပ်ကြွားတာပဲ။ သမီးတို့ စားတဲ့ ဝက်သားနဲ့ အာလူးဟင်း ကို သူ့အိမ်က 'နှစ်ကီ'တောင် မစားဘူးတဲ့။ နှစ်ကီက တစ်နေ့ တစ်နေ့ အမဲသား အများကြီးစားတယ်။ နွားနို့တွေလည်း တစ်ပန်းကန်ပြီး တစ် ပန်းကန် သောက်တာ။ လေဘောထည်ထဲက နင့်ဂါဝန်ဖိုးထက် တန်သေး တယ်တဲ့။

၂။

အေးချမ်း သိပ်ကို စိတ်ဆိုးသွားတာပဲ။ အဲသလို စိတ်ဆိုးလာရင် တအား ကုန်းအော်ပစ်တယ်။ လမ်းပေါ်က ဖုန်တွေပေါ် ထိုင်ပစ်လိုက် တယ်။ အလကားနေရင်း မြက်တွေ ဆွဲနုတ်ပစ်ပြီး လွှင့်ပစ်တယ်။

ညီမလေး စိန်ယင်းမာ မွေးတဲ့နေ့ကဆိုရင် အဆိုးဆုံးပဲ။ သိပ်ကို စိတ်ဆိုးတာ။ ခဲလုံးတွေ ကောက်ကောက်ပြီး ခတ်တိုင်တွေကို ပေါက် တယ်။ ခွေးညိုတို့ကို ပစ်တယ်။ လမ်းပေါ်က ကလေးလေး မွေးထားတဲ့ ခွေးမကြီးကိုလည်း ပစ်တယ်။ အေးချမ်းရဲ့ မေမေရဲ့ မေမေ ဘွားဘွားက ပေတံနဲ့ရိုက်လည်း လုပ်တာပဲ။ နာပေမဲ့ နာပစေပေါ့။ အေးချမ်း လုပ်ချင် တာ လုပ်မှာပဲ။ အေးချမ်း သီချင်းကို ကုန်းကုန်းအော်ပြီး ဆိုတယ်။ အား ... အား ... အား ... နဲ့။ ဘယ်သူလဲ၊ ဂလေသံနဲ့လို့ မေမေက ဆေးရုံ

မသွားခင် ဆူဖူးတယ်။ ဖေဖေကတော့ မဆူဘူး။ ရိုက်လည်း မရိုက်ဘူး။ ဒါပေမဲ့ ခေါ်ရင် မကြားချင်ယောင်ဆောင်နေတယ်။ ဘာမှလည်း အေးချမ်းတို့ကို လုပ်မပေးဖူးဘူး။ အလကားပဲ။ ဦးရန်အောင်နဲ့ ဦးလွင်မိုးနဲ့ ဦးနေဆန်းတို့ကိုပဲ အဖေ တော်တော့မယ်။ ဒီတော့ ဖေဖေက ရယ်တယ်။ မေမေတော်ချင်တဲ့လူ မရှိဘူးလားဆိုတော့ ဟင့်အင်း မေမေကတော့ ဒီမေမေပဲ။

ခု မေမေ ကလေးလေးမွေးဖို့ သွားပြီ။

'မိန်းကလေးဟယ်၊ အံ့ရော။ အပြင်မှာ နှစ်ယောက်၊ ခုပါနဲ့ဆိုရင် သုံးယောက်'

ဘွားဘွားက ပြောတော့ ...

'ကောင်းတာပေါ့ အန်တီရယ်။ ဗီရိုသုံးလုံး ရတာပေါ့'

ညွှံ့သည်က ပြောသေးတယ်။

အဲဒါ ဘာပြောတာလဲ။ သမီးတွေအတွက် ဗီရိုတွေ ဝယ်ပေးမယ်လို့ ပြောတာတဲ့။ ယောကျ်ားလေး ရမယ်လို့ ပြောကြတာ မိန်းကလေးရလို့ ဖေဖေက စိတ်ရှုပ်တယ်တဲ့။ ရှင်တစ်ပါးမှ မပါဘူး။ အဲဒါ ကိုရင်ကိုပြောတာနော်။ အေးချမ်းက သီလရှင်ဝတ်ပြီး ရှင်ပြုမှာပေါ့။

'ဒေဝါလီနေ့ မွေးတာ ထူးခြားတယ်'

'ဒါပေမဲ့ ရုပ်က တရုတ်လေးလို မျက်စိမှေးမှေးနဲ့'

'ဟုတ်ပ့ါတော်။ မျောက်တန်ခိုးရှင်ထဲက ဂူကောင်းရဲ့ဆရာ ဘုန်းကြီးနဲ့ တူလိုက်တာ'

'မတူပါဘူး။ သူက ညိုသေးတယ်'

ဘွားဘွားက မျက်နှာရှုံ့ပြီး ပြောတယ်။ ဘွားဘွားရဲ့မေမေ ရန်ကင်းဘွားဘွားကတော့ ...

'ညိုတာလေးတစ်ယောက်တော့ ပါဦးမှ။ သူ့ကို ညိုနွဲ့လို့ ခေါ်မယ်'

'ညိုပလုံးပါ'လို့ ဘွားဘွားလေးက ပြောတယ်။ သူတို့ ပြောနေကြတာ ညီမလေးအကြောင်းချည်းပဲ။ အေးချမ်းတို့အကြောင်းလည်း မပါဘူး။

ဖေဖေက ပြောသေးတယ်။

'မွေးခန်းထဲက ဖေဖေ့အသိ ဆရာဝန်မ ပြောတာကတော့ အချင်းစလွယ်နဲ့ မွေးတာတဲ့'

'အချင်းစလွယ်နဲ့မွေးရင် ဘာဖြစ်တတ်လဲဟင်'

အေးချမ်းက မေးတော့ 'ကောင်းစားတာပေါ့'တဲ့။

'ဘယ်လို ကောင်းစားမှာလဲ'

'ချမ်းသာမှာ'

'မော်တော်ကား စီးရမလား၊ ပုစွန်ထုပ် စားရမလား၊ ဆရာမကို သစ်ခွပန်း တစ်ရာတန် ပေးနိုင်မလား၊ ဂျင်းဘောင်းဘီ ဝတ်နိုင်မလား၊ ပြိုင်စက်ဘီး စီးရမလား၊ ရေကူးကန် သွားနိုင်မလား၊ လေယာဉ်ပျံကော စီးရမလား၊ ဝက်ဝံရုပ်အကြီးကြီး ဖက်အိပ်ရမလား၊ ဒိန်ခဲတွေကို အများကြီး စားရမလား'

မေမေက အေးချမ်းကိုပွေ့ပြီး 'ဒါတွေ မစားရ၊ မဝတ်ရလည်း ဘာဖြစ်လဲ သမီးရယ်။ သမီးလေး အေးချမ်းကို ဖေဖေရယ်၊ မေမေရယ်၊ ဘွားဘွားရယ်၊ မမရယ် အားလုံးက ချစ်ကြတာပဲဟာ'

'ဟင် ... ဟုတ်ဘဲနဲ့'

'ဘယ့်နှယ် မဟုတ်ရမှာလဲ။ အေးချမ်းကို အားလုံးက တကယ်ချစ်တာပါ'

'ညီမလေး စိန်ယင်းမာကိုပဲ ချစ်တာပါ။ ခုဆိုရင် မေမေက သမီးကို မချစ်တော့ဘူး'

'ချစ်ပါတယ် သမီးရဲ့'

'မချစ်ပါဘူး'

'ဒီမှာ ကြည့်စမ်း။ သမီး အေးချမ်း ငယ်ငယ်တုန်းက မေမေတို့က ချစ်လွန်းလို့ ထားစရာတောင် မရှိဘူး။ ဘယ်သွားသွား၊ ဘယ်လာလာ သမီးကိုပဲ ပွေ့ချီသွားတာ။ ခု စိန်ယင်းမာလို ကြမ်းပြင်ပေါ်မှာ ဒီအတိုင်း မထားဘူး။ ခုတင်နဲ့ သိပ်တာ'

အေးချမ်းက 'ဒါဖြင့် ခု မချစ်တော့ဘူးပေါ့'လို့ မေးတယ်။ မေမေက 'သိပ်ချစ်တာပေါ့'လို့ ဖြေတယ်။

အလကား ညာတာပါ။ ညီမလေး မွေးကတည်းက မေမေ ညီမလေးကိုပဲ ပွေ့ချီထားတာ၊ နို့တိုက်နေတာ၊ ညီမလေးနဲ့ပဲ အချိန်ကုန်နေတာ။ အေးချမ်း ညီမလေးကို မ,ချီနိုင်တဲ့အခါ ကားလမ်းပေါ်မှာ ပစ်ထားလိုက်မယ်။ သူတို့ မသိအောင်လို့ပေါ့။ ဒါပေမဲ့ ညီမလေးကို ဘယ်တော့မှ တစ်ယောက်တည်း မတွေ့ရပါဘူး။ မေမေ၊ နို့မဟုတ်ရင် ဘွားဘွား၊

ဒါမှမဟုတ်ရင် ရန်ကင်းဘွားဘွား။ သမီး ညီမလေးကို ဘာမှလုပ်လို့ မရပါဘူး။

## ၃။

ညီမလေးနဲ့ပတ်သက်ရင် 'စိတ်ပုပ်တယ်'လို့ ဘွားဘွားက ဆူတယ်။ မေမေက ပြောတယ်။

'စိတ်ထားမကောင်းရင် ကံဆိုးမယ်။ စိတ်ထားကောင်းရင် ကံကောင်းမယ်'တဲ့။

'ကံဆိုတာ ဘာလဲ'

'ခု သမီးတို့အားလုံး ဖြစ်နေတာတွေပေါ့။ ဥပမာ ဟိုတလောတုန်းက ညီမလေး ဖျားရင် ကောင်းမယ်လို့ သမီး ပြောတော့ သမီး ဘာဖြစ်သွားလဲ'

'သွေးလွန်တုပ်ကွေး'

'အဲဒါ ဖေဖေ ကုလိုက်လို့ မသေတာ။ နို့မဟုတ် သေနေပြီ'

'အေးချမ်းက မသေပါဘူး။ အသက်ရှည်မှာ'

'ဘယ်သူ ပြောလဲ'လို့ မမချိုချိုက မေးတယ်။

'ဆရာတော်က ပြောတာ။ သမီး အသက် ၁၀၀ ကျော်အောင် ကြာဆံဟင်း ကျွေးတာတဲ့'

'ဘာပဲဖြစ်ဖြစ် စိတ်ကောင်းကောင်းထားရင် အေးချမ်း လှလာမယ်၊ စာတော်လာမယ်၊ ချမ်းသာလာမယ်။ ခုတောင် 'အလတ်မလေးက အလှဆုံး၊ ဘိုမလေးလိုပဲ' ပြောကြတာ မဟုတ်လား။ မျက်နှာလေးလည်း ချိုတယ်၊ စူပုပ်ပြီး မနေဘူး။ မမချိုချိုလိုလည်း ပါးစပ်မစွာတော့ သွားလေးတွေက သိပ်လှတာပဲ။ ပြိုင်ပွဲအလှပိုင်ရှင်တောင် ဖြစ်လာနိုင်တယ်'

'ဘာလဲ ... ပြိုင်ပွဲအလှပိုင်ရှင်'

'ပြိုင်ပွဲရင် သွားလေးပေါ်ပြီး လှတာပေါ့'

အေးချမ်းက လှတယ်တဲ့။ ညီမလေးက ရုပ်ဆိုးတယ်တဲ့။ အားလုံးက ညီမလေးကို အကြီးမလေး နှစ်ယောက်လို မလှဘူးလို့ချည်း ပြောကြတာ။ ငိုရင် အသံအကျယ်ကြီး။ မမချိုချိုက သူ့ကို 'စိန်အာပြဲ'လို့ မှည့်တယ်။ သူ့ငိုသံ နားထောင်တဲ့လူတွေက သူ ကြီးလာရင် အဆိုတော်ဖြစ်

မှာတဲ့။ သူ အဆိုတော် ဖြစ်ရင် အားလုံးက ထွက်ပြေးမှာ သေချာတယ်။ မေမေကတော့ 'အာပြဲပါးစပ်လေး လာစမ်း'လို့ ခဏခဏ နမ်းတယ်။ အေးချမ်း ငယ်ငယ်တုန်းက မေမေ ဒီလိုပဲ နမ်းသလား မေးရင် မေမေက 'နမ်းတာပေါ့။ သိပ်နမ်းတာပေါ့'လို့ ညာပြောမယ်။

ညီမလေးကို အေးချမ်း သိပ်အမြင်ကတ်တာပဲ။ ဒါကြောင့် လူကြီးတွေ အလစ်ပဲ အေးချမ်း ချောင်းနေတာ။ ငရုတ်သီးစိမ်းကို ချိုးပြီး သူ့ပါးစပ်ထဲ ခွံ့ထည့်မလို့။ ဒီအကြောင်း မမချိုချိုကိုတောင် မပြောဘူး။ တိုင်မှာစိုးလို့။ အေးချမ်း ငယ်ငယ်တုန်းကလည်း သူ ဒီလိုလုပ်ချင် လုပ်မှာ။ အသာနေ။

ဒါပေမဲ့ မရပါဘူး။ အေးချမ်းလက်ထဲက ငရုတ်သီးကို မေမေ တွေ့သွားတယ်။

'ငရုတ်သီး ဘာလုပ်မလို့လဲ သမီး'

'သမီး ဘာမှမလုပ်ပါဘူး'

'မှန်မှန်ပြောနော်။ လိမ်မပြောမှ မေမေ ချစ်မှာ'

'ဒီငရုတ်သီးကို ညီမလေးပါးစပ်ထဲ ထည့်မလို့ မဟုတ်ပါဘူး'

မေမေ စိတ်ဆိုးသွားမလားလို့ အေးချမ်းက ကြောက်နေတုန်း မေမေက ဘွားဘွားကို လှမ်းကြည့်ပြီး ရယ်နေတယ်။ ငရုတ်သီးကိုလည်း မေမေ ယူလိုက်ပြီ။ ဘွားဘွားက ...

'ကြည့် ... ကလေးတွေဟာ မလိမ်တတ်ဘူး'

'သူ လိမ်နေတာပဲ မေမေရဲ့'

'ဒါပေမဲ့ ဖြူစင်ရိုးဖြောင့်တဲ့ အကျင့်ရှိတော့ လိမ်ချင်သော်လည်း အလိမ်မတတ်ဘူး'

'ဖြူစင်မှတော့ လိမ်ချင်ပါ့မလား မေမေရယ်'

'ဒါ ကလေးရဲ့ ခံစားချက်တစ်ခုပဲ။ လိမ်တယ်ဆိုတာထက် သူ လုပ်ချင်တာကို လုပ်ခွင့်မရတဲ့အတွက် အပြစ်ပေါ်အောင် ပြောတာလေ။ ဒါ ကလေးတွေရဲ့ သနားစရာကောင်းတဲ့ အချက်တစ်ခုပဲ။ သူဟာ လူကြီးတွေလို အပြစ်ကို မဖုံးကွယ်တတ်ဘူး'

အေးချမ်း သူတို့ ပြောတာတွေ နားမလည်ပါဘူး။ ငိုပဲ ငိုချင်နေတယ်။ မေမေက အဲဒါသိပြီး အေးချမ်းကို လှမ်းဖက်လိုက်တယ်။ အေးချမ်း

က မေမေ့ရင်ခွင်ထဲ မျက်နှာအပ်ပြီး ငိုလိုက်ရော။ ပြီးတော့ အေးချမ်းရဲ့ ရင်ဘတ်အထဲထဲက တိုးတိုးလေး ပြောလိုက်တယ်။

'မေမေ ... သမီးကို ညီမလေးထက် ပိုချစ်ပါနော်'လို့။

## ၄။

အေးချမ်းရဲ့ မေမေက သူ့သမီးလတ် အေးချမ်း ကြီးပြင်းလာတဲ့ တစ်နေ့ ဖတ်ဖို့ဆိုပြီး ကဗျာလေးတစ်ပုဒ် လက်တည့်စမ်း ရေးထားခဲ့သေးတယ်။

လောကလူသစ်
တစ်ဖြစ်ဆန်းလာ
အရဏ်မှာ
ချိုသာလှ မိခင်အပြုံးနွေး
သမီးအေးချမ်း မျက်လုံးတွေကို
ရွှန်းလက်စေတယ်
နှလုံးနီးကပ် ရင်ချင်းထပ်လို့
အေးချမ်းငယ်ရဲ့
ဖြူစင်မှုကို
ဘယ်သူ တုနိုင်သလဲ။

ဒီကဗျာကို အေးချမ်း ဖတ်ခွင့်ရလာတဲ့ တစ်နေ့မှာ အေးချမ်းဟာ ခုလောက်ထိ ဆိုးသွမ်းလာမယ် မဟုတ်ပါဘူး။

မဟေသီမဂ္ဂဇင်း

ဧပြီ၊ ၁၉၉၅။

## မှာချင်တယ် မောင်မလွမ်းနဲ့
### မေမောင်

ယောက်ျားတွေကို ကြည့်တဲ့ ကိုယ့်ရဲ့အကြည့်တွေ ဝါးတားတား ဖြစ်ဖြစ်နေတော့လည်း အပြစ်မပြောနဲ့ ကောင်လေး။ တွေ့ကြုံ ကြားရ သမျှဟာ အထင်ကြီး လေးစားစရာ တစ်ကွက်မှမှ မရှိတာလေ။ အလျင် တုန်းက လူတော်ရယ်လို့ ကိုယ့်ကိုယ်ကိုယ် သတ်မှတ်ခဲ့တဲ့ ယောက်ျား တစ်ယောက်ဟာ ကိုယ့်မျက်စိအောက်မှာပဲ လူညံ့ဖြစ်ချင် ဖြစ်သွားတတ် တာ။ အဲဒီတော့ အမြင်မကြည်လင်သူရဲ့ အပြစ်လား၊ မင်းတို့ကောင်တွေ ရဲ့ အပြစ်လား၊ ပျော့ညံ့လျော့ရဲတဲ့ ကိုယ်တို့ မိန်းကလေးတွေရဲ့ အပြစ် လား။ မင်း ဖြေ။

ဘာပဲဖြစ်ဖြစ်လေ၊ အသာစီးရနေတဲ့ ယောက်ျားတွေကို အမြင် ရှင်းရှင်းနဲ့ ကြည့်လို့မရတာတော့ ကိုယ်လည်း ဘာမှ မတတ်နိုင်ဘူး။ ယောက်ျားတစ်ယောက်ကြောင့် ဘဝစတေးသွားတဲ့ (ကိုယ့်ရဲ့ သေချာ ပေါက် ယိုးစွပ်မှု) ကိုယ့်အချစ်ဆုံး သူငယ်ချင်းတစ်ဦးကိုလည်း ကိုယ် တစ်သက်လုံး မေ့မှာမဟုတ်တော့။

မင်းကိုလည်း ကိုယ် တစ်ခုတော့ ပြောစရာရှိသေးတယ် ကောင်

လေးရေ။

မေမိုးတို့ရဲ့ ရုံးကားပြာကြီး ရင်ခွဲရုံနောက်ကျောဘက်ရှိ လမ်းမပေါ် ရောက်တော့ ဆယ့်တစ်နာရီထိုးပြီးလို့ မိနစ်နှစ်ဆယ်ခန့်သာ ရှိသေးသည်။ အဲဒီမှာ ကားလေး လေးစီးသာ ရောက်နှင့်သေး၏။ တင်တင်နီရဲ့ မိဘဆွေမျိုး အသိုင်းအဝိုင်းလည်း ရောက်နှင့်ဦးမှာပေါ့လေ။ ရပ်ကွက်ထဲက လူတွေနဲ့ မိတ်ဆွေတွေကတော့ ထုံးစံအတိုင်း ဆယ့်တစ်နာရီခွဲပြီးလောက်မှပဲ မကင်းရာ မကင်းကြောင်း ကိုယ်ပိုင်ကားတွေနဲ့ တစ်သွယ်၊ နာရေးရှင် စီစဉ်ပေးတဲ့ ကားတွေနဲ့ တစ်ဖုံ၊ စုပြုံရောက်လာကြမှာပေါ့။ သုသာန်ကို ပို့မှာက ဆယ့်နှစ်နာရီတိတိမှဆိုတော့ နည်းနည်းစောနေသေးတယ်။

အရိပ်ကောင်းတဲ့ သစ်ပင်ကြီးတစ်ပင်အောက်မှာ ကားရပ်လိုက်တော့ ရုံးသူရုံးသားတချို့ကတော့ ကားပေါ်မှာပဲ ဆက်ထိုင်နေကြသည်။ တချို့လည်း အောက်ဆင်းကာ မိုးတိုးမတ်တတ်။

မနုရယ်၊ ချိုရယ်၊ မေမိုးရယ်ကတော့ တစ်ရုံးလုံးမှာ တင်တင်နီ၏ အချစ်ဆုံး သူငယ်ချင်းများမို့ ရင်ခွဲရုံဆီသို့ လျှောက်လာခဲ့ကြသည်။ ရင်ခွဲရုံဝင်းထဲ ဝင်မိကာမှ မနုက ...

'ငါကတော့ တင်တင်နီရဲ့ မျက်နှာလေးကို မကြည့်ရက်တော့ဘူးဟာ။ သွားမနေနဲ့တော့' ကြောက်တတ်သော ချိုကလည်း အင်တင်တင်မျက်နှာလေးနှင့်။

ဘယ်ရမလဲ၊ အချစ်ဆုံးသူငယ်ချင်းရဲ့ နောက်ဆုံးခရီးမှာ သူ့မျက်နှာလေး ဘယ်လိုနေလဲ ဆိုတာတော့ မေမိုး ကြည့်ချင်သေးသည်။ လောကရေစီးကြောင်းမှာ အဆန်လိုက် ပင်ပန်းတကြီး ကူးခတ်ရင်း ခြေကုန်လက်ပန်းကျပြီး စုံးစုံးမြုပ်သွားရှာတဲ့ တင်တင်နီဟာ သူ့ရဲ့ နောက်ဆုံးအချိန်မှာ သူ အမြဲပဲ ပြုံးတတ်တဲ့ မဲ့ပြုံးလေးပဲ ပြုံးနေမလား။ မဲ့ပြုံးဆိုတာ တကယ်တော့ အပြုံးတစ်မျိုးပဲဟာ။ အေးပေါ့လေ။ ဘဝရဲ့ သောကဖိစီးမှု ဝေဒနာတွေနဲ့ မိန်းကလေးတစ်ဦးဟာ ဘယ်ကလာပြီး သူ့မျက်နှာပေါ်မှာ ရွှန်းလက်တဲ့ အမှန်အကန် အပြုံးစစ်စစ်တစ်ခုကို ဖန်တီးနိုင်မှာလဲ။

လောကရဲ့ နိယာမအရပဲ။ လူဆိုတာ မပြုံးချင်လည်း ပြုံး၊ ပြုံးချင်လည်း ပြုံး။ ခဏခဏ ပြုံးနေရတယ်ဆိုတော့လည်း မပြုံးချင်တဲ့အချိန်

မှာ ပြုံးလို့သာ ပြုံးလိုက်ရ။ ရင်ထဲက အမဲ့နဲ့ ရောနေတာမို့ မဲ့ပြုံးပဲ ဖြစ်တော့မှာပေါ့။ အဲဒီမဲ့ပြုံးမျိုး တင်တင်နီ ပြုံးနေတတ်တာ ကြာပြီဆိုတာ သိခဲ့ပေမဲ့လည်း မေမိုးတို့ ဘာတစ်ခုမျှ သူ့အတွက် လုပ်ပေးနိုင်ခဲ့လို့လဲ။ ခံစားချက် ပြင်းထန်ပြီး မြဲစိစိ တင်တင်နီကို မေမိုးတို့ဟာ ဝေဒနာ ပြေရာပြေကြောင်း နှစ်သိမ့်စကားလေး တစ်ခွန်းလောက်တောင် ပြောနိုင်ခဲ့လို့လား။

အခု တို့လာခဲ့ပြီ တင်တင်နီ။ လောကကြီးက လွတ်ပြီ ကျွတ်ပြီ ဆိုတဲ့ အချိုးနဲ့ နင် ကျေနပ်စွာပဲ ပြုံးနေမလား။ ကျန်းမာရေး ဂရုစိုက်ဖို့ မေမိုးက ပြောတိုင်း 'ကံပါသလောက်ပဲပေါ့ မေမိုးရယ်'လို့ အမြဲ ပြန်ပြောရင်း ပြုံးတတ်တဲ့ နွမ်းဖတ်လျော့ရဲ အပြုံးလေးပဲ ပြုံးနေမလား။

'ဘာပဲဖြစ်ဖြစ် နင့်နားကို မရောက်ရောက်အောင် လာခဲ့မယ် တင်တင်နီ။ ရုံးက ဘယ်သူတွေ နင့်နားကို လာလာ၊ မလာလာ ငါတို့ သုံးယောက်သာ နင့်အနားကို မရောက်လာဘူးဆိုရင်တော့ နင် စိတ်မကောင်း ဖြစ်နေမှာပဲ မဟုတ်လား။ နင် ခရီးရှည်တစ်ခုကို ဆက်လက် ထွက်ခွာခါနီးမှာ စိတ်အနှောင့်အယှက်ဖြစ်အောင် ငါတို့ မလုပ်ဘူးနော်'

'မကြောင်စမ်းပါနဲ့ မေမိုးရာ။ ငါတို့မသွားလည်း အရေးမကြီးပါဘူး။ ခုချိန်မှာ တင်တင်နီက သူ့သားလေးရယ်၊ သမီးလေးရယ်၊ သူ့ယောကျ်ားရယ်ကိုတောင် နှုတ်ဆက်လို့ ဝမှာ မဟုတ်ဘူး'

ချိုက မျက်နှာ အင်ဖက်လောက်ကြီး (ချို့မျက်နှာက ပြည့်ပြည့် ဝိုင်းဝိုင်းကြီးလေ) ဖြင့် အကြောက်အကန် ငြင်းနေတော့ မေမိုး ချဉ်သွားရသည်။ အဲဒီ ချိုဆိုတာ လူကောင်ကြီး ထွားသလောက် သိပ်ကြောက်တတ်တဲ့ မိန်းမ။ အသည်းငယ်ပုံကလည်း ခန္ဓာကိုယ်နဲ့ လုံးဝ မအပ်မရာ။ သူ့အိမ်ရှေ့က နာရေးတစ်ခု ဖြတ်သွားတာ တွေ့ရရင်တောင် သူက ညကျ အိပ်လို့ရတော့တာ မဟုတ်ဘူးတဲ့လေ။ အဲဒီညမျိုးမှာဆိုရင် သူ့ယောကျ်ားကြီးပါ အချောင် အိပ်ရေးပျက်ပြီသာမှတ်။

'ဟုတ်တယ်။ ငါလည်း မလိုက်ချင်တော့ဘူး။ ငါ မျက်ရည်လွယ်တတ်တာလည်း နင် သိသားနဲ့။ လာပါ မေမိုးရာ။ ငါတို့ ကားပေါ်ကပဲ စောင့်ရအောင်'

'ဘယ်ဖြစ်ပါ့မလဲ မနုနဲ့ ချိုရယ်'

ဒါပေမဲ့ မလိုက်လိုသော လူများကိုလည်း မေမိုး ဖွတ်အတင်း ခေါ်မနေတော့ပါ။ လူတစ်ဦးတစ်ယောက်ဟာ သူ့ဆန္ဒအတိုင်း စိတ်လက်ချမ်းသာစွာ နေပါစေ။ လူတစ်ယောက်ရဲ့ဆန္ဒကို ဖွတ်အတင်း ချိုးနှိမ်လွှမ်းမိုးဖို့ ကြိုးစားရင်လည်း ကြိုးစားသူရဲ့အမှားပဲ။ သူတစ်ပါးကို စိတ်ဆင်းရဲစေရင် အဲဒါနဲ့ ညီမျှတဲ့ စိတ်ဆင်းရဲမှုမျိုး ကိုယ့်ဆီ ပြန်ရစေတယ် ဆိုတာလည်း ငယ်ငယ်ကတည်းက စွဲလာခဲ့တဲ့ အစွဲတစ်ခုပဲ။

မေမိုး တစ်ယောက်တည်းပဲ ရင်ခွဲရုံထဲ ဝင်လာခဲ့တော့သည်။ ညှီစို့စို့ အနံ့တစ်မျိုး ရလိုက်ချိန်မှာ ကျောထဲ စိမ့်သွားသလိုလို။ 'ဟော့အေး၊ မေမိုး မကြောက်ပါဘူး။ အခုဟာက အနွေးထည် ဝတ်မလာခဲ့လို့။ ဘာကြောက်စရာရှိလဲ။ တင်တင်နီ့ ဘေးပတ်လည်မှာ မျက်ရည်စက်ကိုယ်စီနဲ့ ဆွေမျိုးသားချင်းတွေမှ ပြည့်လို့။ အားလုံးဟာ ကိုယ့်အပူနဲ့ ကိုယ်မို့ မေမိုးကို သတိမထားမိကြပါ။ မေမိုးလည်း သူတို့နောက်မှ တင်တင်နီ့ မျက်နှာလေးကို မြင်သာသော နေရာလေးမှာပဲ အသာ ဝင်ရပ်လိုက်မိသည်။ ရှိုက်သံများကြားမှ မေမိုး တစ်ဆို့ဆို့ကြီး ဖြစ်လာသည်။ မနုသာ ပါလာခဲ့ရင်တော့ မျက်ရည်များ ဒလဟော ကျနေမှာဖြစ်ပေမဲ့ မေမိုးကတော့ နဂိုကမှ မျက်ရည်ခိုင်သူပီပီ ဝေ့ရုံသာ ဝေ့လာသော မျက်ရည်များကို ချက်ချင်းပဲ ပြန်သွင်းလိုက်နိုင်ပါသည်။

မျက်ဝန်းမှာ ဟိုအရင်က ပုံရိပ်များ ပြည့်နှက်လာ၏။

တကယ်ဆို မနုရယ်၊ ချိုရယ်၊ တင်တင်နီရယ်၊ မေမိုးရယ်က ငယ်ပေါင်း သူငယ်ချင်းများ မဟုတ်ကြပါ။ လုပ်ငန်းခွင်မှာ ဆုံစည်းခဲ့ကြသော သူငယ်ချင်းများသာ ဖြစ်ခဲ့သည်။ မေမိုး ဓာတုဗေဒ အဓိကနှင့် ကျောင်းပြီးတော့ ရန်ကုန်ရုံးချုပ် ဘူမိဗေဒနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန (ဘဓရ) ဓာတ်ခွဲခန်းမှာ အလုပ်ဝင်ခဲ့ရသည်။ ရုံးချုပ်မှာ အမြဲနေခွင့်မရသော မေမိုးတို့သည် နယ်အနှံ့ရှိ သတ္တုတွင်းများသို့ အလှည့်ကျ သွားရောက် တာဝန်ထမ်းဆောင်ခဲ့ကြရသည်။ အဲဒီမှာ မနုရယ်၊ ချိုရယ်၊ တင်တင်နီရယ်၊ မေမိုးရယ်က မုံရွာတစ်ဖက်ကမ်းမှာရှိသော ကြေးစင်တောင်၊ လက်ပံတောင်းတောင်မှာတုန်းကလည်း အတူတူ၊ ကောလင်းမြို့အနီး ဗန့်ဗွေးကုန်းစခန်းမှာလည်း အတူတူ တွဲဖက် တာဝန်ကျဖူးတာမို့ ရင်းနှီးချစ်ခင်မှုများက တစ်ရစ်ပြီးတစ်ရစ် တိုးခဲ့ရသည်။

အဲဒီတုန်းက တင်တင်နီဟာ ကိုတိုးဝင်းနဲ့တောင် မယူရသေးပါဘူး။ ကိုတိုးဝင်းက ဘူမိဗေဒသမား၊ မန္တလေးသား။ ဒါပေမဲ့ မေမိုးတို့ မန္တလေးမှာတုန်းက မတွေ့ဖူးကြပါ။ မန္တလေးသူပင် ဖြစ်သော မနုနှင့်တောင် အရင်က သိမှမသိကြတာ။ မေမိုးတို့အဖွဲ့ထဲမှာ ချို တစ်ယောက်ပဲ ရန်ကုန်သူ။ တင်တင်နီကတော့ မြစ်ဝကျွန်းပေါ်သူ၊ မြောင်းမြသူ။

တင်တင်နီ့ကို ကိုတိုးဝင်းက ဗန့်ဗွေးကုန်းမှာ အတူတာဝန်ကျစဉ်သဘောကျတယ် ဆိုတော့တောင် မေမိုးက ကဖျက်ယဖျက် လုပ်ခဲ့သေးတာပဲလေ။ တကယ်ဆို တင်တင်နီဟာ ဘယ်ယောကျ်ား တစ်စုံတစ်ဦးရဲ့ အချစ်ကိုမှ လက်ခံသင့်တာ မဟုတ်ဘူး။ သူ့မှာ မွေးရာပါ နှလုံးရောဂါ ရှိနေတာ တစ်ရုံးလုံး အသိ။ သိပ်ပြီးစိုးရိမ်ရတာ မဟုတ်ပေမဲ့ အိမ်ထောင်မပြုဘဲ နေမယ်ဆိုရင်တော့ အကောင်းဆုံးပဲဆိုတာ တင်တင်နီ အသိဆုံး။ အဲဒီအခြေအနေကတည်းက တင်တင်နီ ယောကျ်ားတစ်ယောက်ရဲ့ သွေးဆောင်ဖြားယောင်းမှုနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားတော့ မေမိုး ဘာတတ်နိုင်မှာလဲ။ စိတ်တိုရုံပဲ ရှိတော့တာပေါ့။ ဆရာဝန်က ခွင့်ပြုတယ်ဆိုမှတော့လည်း ဘေးလူက အနေသာကြီးလေ။ မနုနဲ့ မေမိုး ဘဝင်မကျပေမဲ့လည်း ကိုတိုးဝင်းရဲ့အကြောင်းကိုတောင် ပိုင်းကူ စုံစမ်းပေးရသေးတယ်။ ယောကျ်ားတစ်ယောက်အကြောင်း စိတ်ပါဝင်စားစွာလေ့လာစူးစမ်းဖူးတာ တစ်သက်မှာ မှတ်မှတ်ရရ ဒီတစ်ခါပဲလို့ မေမိုးကပြောတော့ မနုကလည်း ...

'အေးလေ၊ ဟုတ်ပါရဲ့။ ကိုယ်ယူမယ့် ယောကျ်ားကိုတောင် ဒီလိုစုံစမ်းဖြစ်မှာ မဟုတ်ဘူး။ ဒီလိုစုံစမ်းပြီးမှသာ ယောကျ်ားတစ်ယောက်ကို ယူရမယ်ဆိုရင်တော့လည်း တော်ပါပြီဟယ်၊ နေပါစေတော့'တဲ့။

မနုက ထစ်ခနဲရှိ မျက်ရည်လွယ်တာ၊ အေးအေးနေတတ်တာကလွဲလျှင် မေမိုးနှင့် စရိုက်တူသည်။ ယောကျ်ား မကောင်းမြင်တတ်တာချင်း တူသည်။ တင်တင်နီ့ကိစ္စမှာ မနုနှင့် မေမိုးက တစ်ဖက်။ အလုပ်မဝင်ခင်ကတည်းက အိမ်ထောင်ကျတဲ့ ချိုက တစ်ဖက်။ တစ်ခါတစ်ခါ စကားနိုင်လုရင်း ရန်ဖြစ်ရတာ ပျော်ဖို့ကောင်းသည်။

ဒီခေတ်ထဲမှာတော့ အသောက်အစား၊ ကစား၊ အပျော်အပါး မလုပ်တတ်တဲ့ ယောကျ်ားဆိုရင် ယောကျ်ားကောင်းလို့ ယေဘုယျ သတ်

မှတ်ရတာပဲ မဟုတ်လား။ တကယ်လည်း ကိုတိုးဝင်းဟာ အဲဒါတွေ မလုပ်တတ်တဲ့ လူအေးတစ်ယောက်။ မိဘအသိုက်အဝန်းကလည်း လူလတ်တန်းစားထဲကမို့ တင်တင်နီ ကံကောင်းခဲ့ပါသည်။ မင်္ဂလာဆောင်ခံပွဲကို မြောင်းမြမှာ တစ်ခါ၊ မန္တလေးမှာ တစ်ခါ ကျင်းပခဲ့သည်။ ရန်ကုန်ရုံးချုပ်မှာပဲ ရှိနေကြတဲ့ မေမိုးတို့ မြောင်းမြကို လိုက်ချသွားကြသလို၊ နှစ်ပတ်သာကွာသော မန္တလေး မင်္ဂလာဆောင်ခံပွဲမှာလည်း တင်တင်နီက လိုက်ခဲ့ရမယ်ဆိုတာနှင့် လိုက်ခဲ့ကြရပြန်သည်။

ဒီလူကြောင့် အခုလို အ,မင်္ဂလာ အခမ်းအနားလည်း စောစီးစွာ ဖြစ်ရလိမ့်မယ်ဆိုတာသာ အဲဒီတုန်းက အသေအချာ သိကြည့်စမ်းပါ။ အဲဒီမင်္ဂလာအခမ်းအနား နှစ်ခုစလုံးဟာ ဖြစ်လာစရာ အကြောင်းမရှိပါဘူး။

အဲဒီတုန်းက မြူးနေ၊ ကြွနေ၊ လှနေတဲ့ တင်တင်နီ။ အခု ဝင်းစက်သော အသားအရေသည် ပြာလဲ့လဲ့တောင် ဖြစ်ချင်နေပြီ။ အေးပေါ့လေ။ နင်မှ ငါ့စကားကို နားမထောင်ခဲ့တာဘဲလို့ အခုအချိန်မှာ ငါ အပြစ်တင်မနေတော့ပါဘူး။ နင် ပြောသလို နင့်ကံကိုက ဒီအတိုင်း ပါလာတာပဲလို့ တွေးရတော့မှာပေါ့။

ဆရာဝန်က ကလေးနှစ်ဦးသာ ယူခိုင်းသော တင်တင်နီမှာ သားလေး တစ်ယောက်၊ သမီးလေး တစ်ယောက် ရလာသည်အထိ အဆင်ပြေနေသေးသည်။ ကလေးတစ်ခါမွေးတိုင်း သေလုမြောပါး ခံစားရသော ဝေဒနာတွေကို မေမိုးတို့ကို ပြောပြတော့ မနုက စုတ်သပ်ပေမဲ့ မေမိုးကတော့ နှာခေါင်းကို ပြားကပ်နေအောင် ရှုံ့ပစ်ခဲ့သည်။

'ခံပေါ့ နင့်အပြစ်နဲ့နင်။ ယောကျ်ားတစ်ယောက်ကို ကြိုက်လွန်း၊ နှစ်သက်လွန်းလို့ ဖြစ်လာတဲ့ကိစ္စပဲ။ ဒါ သနားစရာကောင်းတဲ့ ကိစ္စ မဟုတ်ဘူး'

အဲလို မေမိုးကလည်း ပြော၊ ချိုက ဆဲပေမဲ့ တင်တင်နီကတော့ ရှက်ရယ်ရယ်လို့သာ နေခဲ့သည်။

အဲဒီတုန်းကတောင် ဝေဒနာကို သားသမီးဖောနဲ့ လက်မြှောက်အရှုံးမပေးဘဲ ရှင်သန် လွတ်မြောက်ခဲ့ပြီးခါမှ ...

'တောက် ... ကိုတိုးဝင်းဆိုတဲ့ အစုတ်ပလုတ်ကောင်ကြီး။ ဒီလူဘယ်ရောက်နေပြီလဲ။ တင်တင်နီ ဆေးရုံတက်တုန်းကလည်း မေမိုး

ရောက်တဲ့ သုံးခေါက်စလုံးမှာ ဒင်းကြီးကို မတွေ့ခဲ့ဘူး။ အခု သူ့မိန်းမကို မကြည့်ရက်ဘူး ဆိုပြီးတော့များ အပြင်မှာ ထွက်နေတာလား။ အဲဒီလူက ယောကျ်ားတန်မယ့် အင်မတန် မူရာမာယာများတဲ့လူ။ အေးလေ၊ အဲဒါကြောင့်ပဲ၊ ဒေါ်မာမာအေး ဆိုတဲ့ 'ယုံတမ်းစကား'သီချင်းဟာ ပေါ်လာခဲ့တာပဲ။ သီချင်းရေးဆရာ တကယ်တော်တယ်။ တင်တင်နီဟာ ပထမတော့ ဖျာလိပ်လေးလို ထိပ်ပေါ်တင်ထားခံခဲ့ရပြီး နောက်တော့မှ ဖျာလေးတစ်ချပ်လို တကယ်ပဲ နင်းခြေခံခဲ့ရတာ။ လူအများရှေ့မှာ ကိုတိုးဝင်း ဆိုတဲ့လူဟာ တင်တင်နီ့ကို သိပ်ချစ်ပုံ၊ သိပ်ယုယပုံနဲ့'

လူရိုးလူအေးဟု အများလက်ခံထားသော ကိုတိုးဝင်း။ ဘယ်အချိန်က ပြောင်းလဲသွားမှန်း မေမိုးတို့လည်း မသိလိုက်ပါ။ ကံကြမ္မာ မျက်လှည့်ဆရာရဲ့ လျင်မြန်ဖျတ်လတ်ပုံဟာ အံ့သြစရာကောင်းလိုက်ပါရဲ့။ ပြောမကောင်းတဲ့ကိစ္စ မဟုတ်ဘူးလို့များ တင်တင်နီက ယူဆခဲ့လို့လား။ တကယ်လည်း ပြောလို့ကောင်းတဲ့ ကိစ္စတွေမှ မဟုတ်ခဲ့တာလေ။ သူငယ်ချင်းရယ်လို့ ဖွင့်ဟညည်းမိရင်လည်း 'နင့်အပြစ်နဲ့ နင် ခံလို့'လို့ မေမိုးက စာနာမှုကင်းမဲ့စွာ ပြောမှာကို မခံချင်လို့လား။ ကိုတိုးဝင်းရဲ့ ပြောင်းလဲမှုများကို မေမိုးတို့ အပေါင်းအသင်း သူငယ်ချင်းများအား တင်တင်နီ ဘာတစ်ခွန်းမှ မဟခဲ့ပါ။ ကိုတိုးဝင်းတစ်ယောက် သောက်တတ်စားတတ်လာတာ၊ ကစားတတ်လာတာ၊ ပွေတတ်ရှုပ်တတ်လာတာ မျက်မြင်သမားများက သေချာပေါက် ပြောပြမှပဲ မေမိုးတို့ သိခဲ့ရသည်။ ကိုတိုးဝင်းနှင့် မေမိုးတို့ကလည်း အတွေ့ရ ကျဲသွားတာကိုး။ တင်တင်နီနဲ့တောင် လင်မယား အတူနေရချိန်က သိပ်ရှိတာမှ မဟုတ်တာ။

နယ်အနှံ့ သတ္တုတွင်းများသို့ လှည့်ပတ် တာဝန်ထမ်းနေရတဲ့ ကိုတိုးဝင်းအကြောင်း တင်တင်နီတောင် တော်တော်ကြီးလွန်မှ သိပုံရသည်။ မန္တလေးသူတစ်ပိုင်းဖြစ်နေသော တင်တင်နီနှင့် မေမိုးတို့ကလည်း ခုနောက်ပိုင်း မန္တလေးရုံးခွဲမှာပဲ အနေများတော့ တော်ရုံတန်ရုံ ကိစ္စဆို ဘယ်သိနိုင်တော့မှာလဲ။ ကလေးနှစ်ဦး ဝေယျာဝစ္စတစ်ဖက်နှင့် မြို့စွန်ရှိ ရုံးကို ကားနှစ်ဆင့် ပြောင်းစီးပြီးမှ ဖတ်သီဖတ်သီ ရောက်လာရတဲ့ တင်တင်နီ။ သူ့ယောကျ်ား လူရိုးလူအေးကြီး အလွန်အကျွံဖြစ်မှာ မဟုတ်ဘူးဟု အပိုင်တွက်ကာ စိတ်ချလက်ချပဲ နေခဲ့မှာပေါ့လေ။ သံဖြူဇရပ်ဘက်

မှာ ကိုတိုးဝင်း တာဝန်ကျစဉ် မိန်းကလေးငယ်ငယ်လေးတစ်ဦးနှင့် ယှူ တော့မည်ဟု သတင်းအခိုင်အမာရမှ တင်တင်နီ မျက်ကလဲဆန်ပျာ ဖြစ်ကာ လိုက်ချသွားရသည်။

စဉ်းစားကြည့်စမ်းပါ။ နဂိုကမှ ရောဂါအခံရှိရသည့်အထဲ ဒီလိုယောကျ်ားတစ်ယောက်ကို လင်တော်ထားရတဲ့ မိန်းမတစ်ယောက်ရဲ့ နှလုံးသားဟာ အလကား ပြန်ကောင်းလာနိုင်ဦးတော့မလား။

ရုံးကိုရောက်တာနှင့် ခြင်းတောင်းကို ပစ်ချကာ စားပွဲခုံပေါ်မှာ မှောက်ခုံကြီး ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေတဲ့ တင်တင်နီကို မြင်ရတာ မသက်သာလိုက်တာ။ မွေးရာပါ နှလုံးရောဂါထက် ကိုတိုးဝင်းကြောင့်ဖြစ်တဲ့ 'နှလုံးကွဲ'ရောဂါကို ကြိတ်မှိတ်ခံစားရင်း မေမိုးတို့နဲ့အောင် ဟိုတုန်းကလို ဟက်ဟက်ပက်ပက် မနေနိုင်တော့ဘဲ တင်တင်နီကို မေမိုးကတော့ စာနာမှုကင်းခဲ့ပါသည်။

'ရောက်တဲ့အရပ်မှာ အိမ်ထောင်ပြုချင်တဲ့ ယောကျ်ားတစ်ယောက်အတွက်နဲ့များ စိတ်ဆင်းရဲခံလို့။ မေမိုးနဲ့များ နေရာချင်း လဲချင်တယ်'

အဲလိုပြောတော့ ချိုက 'နင်က ကာယကံရှင်မှ မဟုတ်တာ။ နင်သာ တင်တင်နီ့နေရာမှာသာဆို နင် အဲဒီလို မပြောနိုင်ဘူး'တဲ့။

'လောင်းမလား။ ယောကျ်ားတစ်ယောက်ကို ကောက်ယူပြမယ်။ မကောင်းဘူးဆိုတဲ့နေ့ မေမိုးတို့က အဲဒီယောကျ်ားကို လွင့်နေအောင် ကန်ထုတ်လိုက်မယ်။ ဘာကြေး လောင်းမလဲ။ ဘဝကို စတေးပစ်ရမှာဆိုတော့ လောင်းကြေးနည်းလို့တော့ မဖြစ်ဘူးနော်'

ချိုကလည်း နည်းနည်းလေးမှ မလျှော့။

'အဲဒီကတည်းက နင့်မှာ အချစ်မှ မပါဘဲ။ အချစ်နဲ့ စတည်ဆောက်ပြီးမှ အဆင်မပြေဖြစ်ရတဲ့ အိမ်ထောင်ရှင်မတိုင်း နှလုံးကွဲ၊ အသည်းအက်ကြတာချည်းပဲ'

အပြန်အလှန် ငြင်းရင်းခုံရင်း နောက်ဆုံးတော့လည်း 'ဒါတွေ နင်နားမလည်ပါဘူး မေမိုးရာ'ဆိုပြီး စကားကို အနိုင်ပိုင်းကာ ဖြတ်ချသွားတတ်သည်။

တင်တင်နီ့အပေါ်မှာ မေမိုး တကယ်ပဲ မစာနာတတ်ခဲ့တာလား။ မဟုတ်သေးပါဘူး။ ညီမရင်းချာတစ်ယောက်လို ချစ်ခင်ပြီး စာနာခဲ့လို့

ပဲ။ 'လစာမဲ့ ခွင့်ယူပြီး မြောင်းမြပြန် အနားယူချည်'လို့ ခဏခဏ ပြောခဲ့ဖူးတာပဲ။ တင်တင်နီကတောင် ပြန်အော်ခဲ့ဖူးသည်လေ။

'ဘေးကပြောတော့ လွယ်လွယ်လေး။ ငါ့ကိစ္စ ငါ သိတယ်။ လိုအပ်ရင် ပြန်မယ်'တဲ့။ မေမိုး စိတ်မဆိုးရက်ပါ။ အဲဒါ စာနာတတ်လို့ပေါ့။

တစ်ခါတစ်ခါတော့လည်း မျက်ဝန်းမှာ မျက်ရည်စတွေအပြည့်နဲ့။

'မေမိုးရယ် နင့်စကားအတိုင်း အိမ်ထောင်မပြုဘဲ နေခဲ့ရင် အခုလောက်ဆို ငါ့ရောဂါ ပျောက်ချင် ပျောက်နေလောက်ပြီနော်'တဲ့။ အဲလိုပြောချင် ပြောနေပြန်ရော။ မေမိုးကလည်း 'ကိုတိုးဝင်းသာ ယုတ်မာရိုင်းစိုင်းမသွားဘူးဆိုရင် နင့်ရောဂါ တိုးလာစရာ အကြောင်းမရှိပါဘူး' လို့ ပြန်ပြောမနေခဲ့တော့ပါဘူး။

တဖြည်းဖြည်းဖြင့် တင်တင်နီကို ကြည့်ရတာ လုံးဝ အခြေအနေမဟန်တော့ပါ။ နောက်ဆုံး ဆေးရုံတင်လိုက်ရသည်။ ခွဲစိတ်ကုသဖို့ မလိုတော့လောက်အောင်ပင် ရောဂါက ကျွမ်းခဲ့လေပြီ။ တင်တင်နီက သူ့နှလုံးကွဲရောဂါအကြောင်း သူ့ဆွေမျိုးသားချင်းများအား လုံးဝ မသိစေခဲ့ရ။ အိမ်ထောင်ပြုတာကို သဘောမကျသော မိဘများအား စိတ်မဆင်းရဲစေရ။

ယောကျ်ားတစ်ယောက်ကို ရင်ကွဲပက်လက် ရေငုံနှုတ်ပိတ် ချစ်ပြသွားတဲ့ တင်တင်နီလို မိန်းကလေးမျိုး လောကကြီးမှာ ဘယ်နှဦးတောင်ရှိနေပြီလဲ။ ဒါ ချီးကျူးစရာကိစ္စ မဟုတ်ဘူးလေ။ မေမိုးသာဆိုရင် ...

'ဘေးက ပြောတော့ လွယ်လွယ်လေးရယ်လို့ ငါ့ကို ပြန်ပြောပါဦး တင်တင်နီရယ်။ ငါ့ကိစ္စ ငါ သိတယ်'လို့လေ။

စက်သံခပ်ကြမ်းကြမ်း ကားတစ်စီး ထိုးဆိုက်သံနှင့်အတူ အော်ဟစ်ငိုသံများ ဆူညံသွားသည်။ ဒါ တင်တင်နီကို တင်ဆောင်သွားမယ့် ကားပဲ။ ကိုတိုးဝင်းကို အခုထိ အရိပ်အယောင် မမြင်ရသေး။ လက်မှ နာရီလေးကို ကြည့်လိုက်တော့ သတ်မှတ်ချိန်ရောက်ရန် ဆယ်မိနစ်ခန့်သာလိုတော့သည်။

'တိုးဝင်းရော မလာသေးဘူးလား'

မေးသံနှင့် ဝင်လာတဲ့ ကိုတိုးဝင်းရဲ့အဖေကြောင့်ပဲ ငိုသံများ ရပ်သွား၏။ ကိုတိုးဝင်း၏ ညီအစ်ကို မောင်နှမ ဆွေမျိုးသားချင်းများ ပွစိပွစိ ဖြစ်ကုန်ကြသည်။ တင်တင်နီ့ဘက်က ဆွေမျိုးတွေကတော့ တစ်ပူ

ပေါ် နှစ်ပူဆင့် မျက်နှာငယ်ငယ်ကလေးများနှင့်။

'ယပ်တောင်တွေ သွားယူမယ်ဆိုပြီး ထွက်သွားတာ။ အခု ယပ်တောင်တွေကို ငါ ယူခဲ့ရတယ်။ ဒီကောင် ... တောက်'

တင်တင်နီနဲ့ ပတ်သက်သူအားလုံး မငိုနိုင်ကြပါ။ ကလေး နှစ်ယောက်တောင် မျက်လုံးကလေးတွေ ကလယ်ကလယ်နှင့် သူ့အမေကို လှမ်းကြည့်လိုက်၊ လူကြီးတွေကို ကြည့်လိုက်။ တစ်စတစ်စ ချဉ်းကပ်လာတဲ့ အချိန်ကြောင့် ကိုတိုးဝင်းကို စောင့်ချင်သူတွေ၊ မစောင့်ချင်သူတွေ ကွဲပြားကုန်သည်။ တင်တင်နီ့ဘက်ကတော့ ဧည့်သည်တွေမို့ ဘာမှ အလွန်အကျွံ ဝင်မပြောကြပေမဲ့ သူတို့ ကိုတိုးဝင်းကို မကျေနပ်ကြပါ။ တမလွန်က တင်တင်နီရဲ့ သဘောထားကရော ဘယ်လိုရှိနေမှာပါလိမ့်။ နောက်ဆုံးအချိန်မှာ သူ့အနားမှာ ရှိမနေတဲ့ သူ့ရဲ့ ချစ်လှစွာသော ယောကျ်ားကြီးကို စောင့်ချင်ရှာမှာပဲ။ စောင့်ပါဦးလို့ ပြောနေသလိုလို။

လုပ်မနေနဲ့ တင်တင်နီ။ နင် ဖြောင့်ဖြောင့်ကြီးနဲ့ ပျော်ပျော်ကြီး သွားပြလိုက်စမ်း။ ဇနီးသည်ရဲ့ နောက်ဆုံးခရီးမှာ၊ နောက်ဆုံးအချိန်လေး မှာတောင် အနီးအနားမှာ မနေနိုင်ရလောက်အောင် အဲဒီယောကျ်ားမှာ အခြား အရေးတကြီးကိစ္စ ဘာရှိနိုင်သေးလို့လဲ။

ရုတ်တရက် မီးပျက်သွားတဲ့ မှောင်ကြီးမည်းကြီးထဲ အဆံမပါတဲ့ မီးခြစ်ဘူးကို စမ်းမိလိုက်သလိုမျိုး မေမိုး ရင်ထဲမှာ ဒေါသတွေ ထွက်လာသလို၊ အခုချက်ချင်း ကိုတိုးဝင်းကို ရောက်လာစေချင်သော ဆန္ဒများက လည်း တဖွားဖွား။ အသက်အောင့်ကာ ဖနောင့်နှင့် ခုနစ်ချက် ပေါက်ရင်း သာ ကိုတိုးဝင်းကို အော်ခေါ်လိုက်ချင်တော့သည်။ စိတ်တွေ အိုက်ကာ ချွေးတွေတောင် စို့လာသည်။ တင်တင်နီရဲ့ ဘေးနားမှာရှိနေတဲ့ လူတွေ အားလုံးရဲ့ ရင်ထဲမှာလည်း မေမိုးလိုပဲ ဖြစ်နေကြမယ်ဆိုတာ မေမိုး သေချာပေါက် ပြောရဲပါသည်။

'လုပ်စရာရှိတာ လုပ်မယ်ဟေ့။ ဟိုကောင့်ကို စောင့်မနေနဲ့တော့'

ကိုတိုးဝင်း အဖေ၏ ခပ်ပြတ်ပြတ် အသံနှင့်အတူ ခုနက ကားပေါ် မှာ ပါလာတဲ့ သေတ္တာရှည်လေးထဲ တင်တင်နီ့ကိုထည့်ရန် ပြင်ဆင်ကြ ချိန်မှာတော့ ငိုသံများက တစ်ဖန် ပွက်ခနဲ ညံသွားပြန်သည်။

ငါးမိနစ်တောင် လိုသေးတာဥစ္စာ။ အဲဒီ ငါးမိနစ်ဆိုတဲ့ အချိန်

အတွင်းမှာ ကိုတိုးဝင်း ပြန်ရောက်လာနိုင်တာပဲ။ ဒါပေမဲ့ အဲဒီအချိန်လေးဟာ တင်တင်နီ့ကို သေတ္တာရှည်လေးထဲ ထည့်မှာနဲ့၊ ကားပေါ်တင်မှာနဲ့၊ ဒီကထွက်ခွာဖို့ ပြင်ဆင်ရမှာနဲ့ဆိုရင် သိပ်တောင် လုံလောက်တဲ့အချိန် မဟုတ်တော့ဘူးလေ။

တင်တင်နီ့ မျက်နှာလေးအား နောက်ဆုံး ကြည့်မိတော့ မျက်ဝန်းထဲမှာ ဝါးသွားရသည်။ လူ့သက်တမ်းကို ခြောက်ဆယ်ပဲထား။ နောက်ထပ် အနှစ်သုံးဆယ်လောက် နေနိုင်သေးတဲ့ ကောင်မလေးတစ်ဦးရဲ့ နောက်ဆုံးခရီးပါလား။ ကျန်နေသေးတဲ့ ဘဝတွေမှာ ဒါမျိုး ဘယ်တော့မှ မကြုံပါစေနဲ့တော့ တင်တင်နီ။

အရေးထဲမှာ နှစ်ပူပေါ် သုံးပူဆင့်၊ တင်တင်နီ့ကို သယ်ဆောင်မယ့်ကားကြီးက တော်တော်နဲ့ စက်နှိုးလို့မရပြန်။ အားလုံး မျက်စိ မျက်နှာပျက်ကုန်ကြပြန်သည်။ တိုက်ဆိုင်မှုပဲလား။ သူတို့တွေ အယူသည်းစွာပြောကြသလို တင်တင်နီက ကိုတိုးဝင်းကို စောင့်နေတာလား။ သိပ်မကြာခင် ဂူးခနဲ ကားစက်နိုးသွားတော့မှ အားလုံး ရင်ထဲမှာ ဟင်းခနဲ သက်ပြင်းချနိုင်ကြတော့သည်။

ကြည့်ဦး။ ကားတွေတောင် အသင့်စီပြီးလို့ စက်တောင် နှိုးထားကြပြီ။ ဟိုကားကြီး ထွက်လာတာနဲ့ နောက်က တန်းပြီး ထွက်ကြရုံပဲ။ ကိုတိုးဝင်းကတော့ ရောက်မလာသေး။

စိတ်ဆိုးမာန်ဆိုး ကားပေါ်ပြန်ရောက်လာတဲ့ မေမိုးကို နုနှင့် ချိုတို့က အံ့ဩနေကြသည်။ ထင်မှာပဲလေ။ တင်တင်နီ့ဆီ မေမိုး တစ်ယောက်တည်း သွားရလို့ဆိုပြီး။ ဘယ်လိုပဲ ထင်ကြထင်ကြ၊ မေမိုး ရှင်းမပြအားသေးပါဘူး။ လောလောဆယ်တော့ ယောကျ်ားတွေကို ဒေါသတွေ မတရားသဖြင့် ထွက်နေတာပဲ မေမိုး သိသည်။

အိမ်ပြန်ရောက်လို့ ညီမလေးတွေကို ပြောပြရင်တော့ ထုံးစံအတိုင်း 'အစာမကြေခြင်းအတွက် အဝေရာရှိတယ်၊ အဝေရာရှိတယ်'ဆိုပြီး တီဗီထဲကလို သံနေသံထားနှင့် အော်ကြလိမ့်ဦးမည်။

* * *

အဲဒါပဲ ကောင်လေးရေ။ အဲဒီနေ့က တင်တင်နီ့နားကို တကယ်ကိုတိုးဝင်း ရောက်မလာခဲ့ဘူး။ တင်တင်နီ့ကို သယ်ဆောင်သွားတဲ့ ကား

ကြီးကလည်း ဆီပိတ်တာလိုလို၊ ဆီမလိုက်တာလိုလို တုံ့နှေး တုံ့နှေးနဲ့။ နှစ်ပြခရီးလောက် ရောက်မှ ဆိုင်ကယ်တစ်စီးက ကိုယ်တို့ ကားတွေကို ဝေါခနဲ ကျော်တက်သွားတယ်။ နောက်မှာတော့ ခေါင်းငိုက်စိုက်နဲ့ မှုးနေတဲ့ ကိုတိုးဝင်း။ သူ့ကို တင်တင်နီ့နောက်က ကပ်လျက် ကားပေါ် ပြောင်းတင်ပေးရသေးတယ်လေ။ မင်း စဉ်းစားကြည့်စမ်း။ အရက်ကို ကြိုက်လို့ သောက်တဲ့ အဆင့်မှာ ရောက်နေတဲ့ ယောကျ်ားတစ်ဦးရဲ့ ရင်ထဲက ပူလောင်မှုဟာ သေဆုံးသွားတဲ့ ဇနီးမယားကြောင့်တော့ လုံးဝ မဟုတ်နိုင်ဘူးဆိုတာ ကိုယ် ပြောရဲတယ်။ လောင်းမလား ကောင်လေး။ ဒါပေမဲ့ ယောကျ်ားတစ်ယောက်ဟာ သိက္ခာကို ဆယ်ဖို့အတွက် အမှန်တရားကို ဘယ်တော့မှ ပြောရဲမှာ မဟုတ်ဘူး။ သိက္ခာမရှိတဲ့ ယောကျ်ားတွေဟာ မဟုတ်တမ်းတရမ်းတွေ ပြောပြီး သိက္ခာဆည်နေကြတာ။ လောကကြီး တစ်ခုလုံးနဲ့တောင် အဲဒီလို မဟုတ်တမ်းတရမ်းတွေ မဆုံချင်တော့ဘူး။ ခပ်ပျော့ပျော့ ခပ်ထုံထုံ မိန်းမတွေကတော့ အဲဒီ မဟုတ်တမ်းတရမ်းတွေကြားမှာ မြုပ်ချည်ပေါ်ချည်နဲ့ပေါ့။

မင်းကို ကိုယ် တစ်ခုပြောစရာရှိတယ် ဆိုတာလေ။ အရေးကြီးတဲ့ ကိစ္စတော့ မဟုတ်ပါဘူး။ ကိုယ်တို့နှစ်ယောက် တကယ်လို့ ချစ်သူတွေ ဖြစ်သွားကြပြီဆိုပါတော့။ ပြီးတော့ အိမ်ထောင်ပြုကြပြီ ဆိုပါတော့။ ကိုယ့်မှာ နှလုံးရောဂါတော့ ရှိမနေပါဘူး။ ဒါပေမဲ့ မပြောကောင်း ပြောကောင်း ကိုယ်များ မင်းထက်အလျင် လောကကြီးထဲက ထွက်ခွာခဲ့ရရင်လေ။ ကိုယ် အသက်မဲ့တဲ့ အချိန်ကစပြီး တစ်သက်လုံး ကိုယ့်ကို မင်း မလွမ်းချင်နေ။ ကိုယ့်ရဲ့ နောက်ဆုံးအချိန်လေးမှာတော့ မင်းဟာ ယပ်တောင်လေး တစ်ထုပ်ရယ်၊ ပန်းခွေလေး တစ်ခွေရယ်၊ ဝမ်းနည်းကြေကွဲနေတဲ့ မျက်နှာလေးရယ်နဲ့ အနည်းဆုံး နာရီဝက်လောက်တော့ ကိုယ့်နားမှာ နေပေးရမှာနော်။

ဘယ့်နှယ်လဲ မောင်။ နေပေးမယ် မဟုတ်လား။ ကိုယ်တို့ နှစ်ယောက် ချစ်သူတွေဖြစ်ပြီး၊ အိမ်ထောင်ကျပြီး၊ ကိုယ်က အလျင် ဘဝတစ်ပါးကို ပြောင်းသွားခဲ့နှင့်ရင်လေ။

ရုပ်ရှင်အမြုတေ မဂ္ဂဇင်း

ဇန်နဝါရီ၊ ၁၉၉၂။

## မစိန်ရီသရက်

### မောင်ညိုပြာ

'ခုနက ပြောသလိုပေါ့ သရက်ပင်ဟာ သဘောထား သိပ်ကြီးတာ။ စိတ်ကောင်းလည်း သိပ်ရှိတာ။ သိပ်လည်း ရိုးသားတယ်။ ကျွန်တော်ကတော့ ဒီသရက်ပင်ကို ခင်နေမိတာ လူတစ်ယောက်ကို ထင်မြင်ချက်ပေးသလို ပေးလိုက်တာပဲ'

လက်ထောက်ဓာတ်ခွဲမှူး၊ ဓာတ်ခွဲမှူးများနှင့် ရောဂါဗေဒ ဆရာဝန်များသည် သရက်ပင်ဝိုင်းဝိုင်းလေးကို မော့ကြည့်လိုက်ကြသည်။ သရက်ပင်၏ သီးမှည့်ကို မစားဖူးကြသဖြင့် ဘာအမျိုးအစား သရက်ပင်မှန်း မသိကြ။ မန္တလေးပန်းဆွဲလား၊ ရင်ကွဲလား၊ စိုင်လား။ ထိုသုံးမျိုးထဲက တစ်မျိုးမျိုး ဖြစ်နိုင်သည်။ မချစ်စု၊ တံစုမြိတ်၊ ဘင်္ဂလား၊ ပျားရည်ဆမ်းတို့တော့ မဟုတ်နိုင်။ မြကျောက်တော့ လုံး၀ မဟုတ်နိုင်။ ပုံပြင်နိပါတ်ထဲက ဇမ္ဗူရာရလည်း မဖြစ်နိုင်။

၀တ္ထုတစ်ပုဒ်၏ အဓိကဇာတ်ကောင် ဖြစ်လာမည့် ထိုသရက်ပင်သည် ရန်ကုန်ဆေးရုံကြီး၀င်းထဲရှိ အရှေ့ ဆေးဘက်ပညာသည်ကျောင်းနှင့် လူနာအဆောင် ၁၉–၂၀ အကြားတွင် တည်ရှိသည်။ သရက်ပင်သည်

သိပ်ပြီး အသက်မကြီးသေး။ သရက်ပင်အိုကြီး မဖြစ်သေး။ လူတစ်ယောက်အနေဖြင့် ပြောရလျှင် အသက် ၄၀ လောက် ရှိမည်။ လူသားတစ်ယောက်အနေနှင့် ၄၀ မှာ ဘဝစသည် ဆိုရိုးစကားကို လက်ခံလျှင် သရက်ပင်သည် ယခုမှ ဘဝစသည်ဟု ဆိုရမည်။ အသီးသီးသည့် အပင်တွေကို အမ၊ အသီးမသီးသည့် အပင်တွေကို အဖိုလို့ အကြမ်းဖျင်း ယူဆလျှင် ထိုသရက်ပင်သည် အမ ဖြစ်သည်။

အရန် ဆေးဘက်ပညာသည်ကျောင်း၏ ဒုတိယထပ်တွင် ရှိသော ရောဂါရှာဖွေ လေ့လာရေးဌာနမှ ကြည့်လျှင် သရက်ပင်ကို အနီးကပ်တွေ့ရသည်။ သရက်ပင်၏အမြင့်သည် တိုက်တစ်တိုက်၏ သုံးထပ်မျှ ရှိသည်။ ဓာတ်ခွဲဘက်ဆိုင်ရာ ပညာရှင်များသည် အလုပ်အကိုင် ပြီးစီးချိန်တွင် ခဏတစ်ဖြုတ်ဖြစ်ဖြစ် သရက်ပင်ကို မော့ကြည့်မိတတ်၏။ သရက်ရွက်တွေ သိပ်သိပ်သည်းသည်းရှိလှပြီး ထိုသိပ်သည် စိမ်းပျစ်တဲ့ သရက်ရွက် လတ်လတ်လန်းလန်းတွေကြားထဲမှာ အသီးကလေး တစ်လုံးတလေများ ရှိဦးမလား ရှာဖွေမိတတ်သည်။ သူ့အနေနှင့် အသီးကလေးတွေ ဝေနေရမည့်အချိန်မှာ တစ်လုံးမှ မတွေ့ရမှုအတွက် အနည်းအကျဉ်း စိတ်မသက်မသာ ဖြစ်မိရုံကလွဲ၍ တာရှည်မခံစားရ။ မည်သူ့ကိုမျှလည်း ဖွင့်မပြောမိ။ အမှန်စင်စစ် ဒီသရက်ပင်ကို အသီးများနှင့်တွဲလျက် မတွေ့မမြင်ရသည်မှာ ကိုယ် ခံနေရပြီ ဖြစ်သည်။ မိုးရေစက်များကြားထဲ ရောက်သည်အထိ သရက်ပင်ပေါ်က သရက်သီးများ သက်ဆိုးမရှည်တတ်။ ဆောင်းရာသီ၏ နှင်းပွင့်နှင်းခဲများနှင့်အတူ ကွယ်ပျောက်သွားတတ်ပြီး တစ်နှစ်ပြည့်လျှင် ဆောင်းရာသီ၏ နှင်းပွင့်နှင်းစက်များနှင့်အတူ လာရောက် နှုတ်ဆက်တတ်ကြသည်။

အပေါ့အပါးသွားသည့် လူတွေက ဖူးတံဦးများကို ရေအိမ်ထဲမှ စတင် မြင်တွေ့တတ်သည်။

'သရက်ဖူးလေးတွေ ဖူးနေပြီဟေ့'

ပြောသည့်လူသည် သူ့စကားဆုံးသွားပြီးနောက် မိုးကောင်းကင်သို့ မော့ကြည့်လိုက်သည်။ ဒီလို မော့ကြည့်ခြင်းမှာ သူသည် အတွေးဆက်တွင် ငေးငိုင်သွားသောကြောင့် ဖြစ်သည်။ 'သီးလာတော့လည်း လူတွေရဲ့ အနိုင်ကျင့်တာကို ခံရမြဲပဲ မဟုတ်လား'လို့ ဆက်လက် တွေးတော

မိသောကြောင့် ဖြစ်သည်။ လူတွေက လွန်လွန်းသည်။ သရက်သီးကင်းတွေ လက်သန်းခေါင်းလောက် ရောက်ပြီဆိုသည်နှင့် ခဲနှင့် ပစ်သူပစ်၊ တံချူနှင့် ချူသူချူ၊ အပင်ပေါ် တက်ချိုးသူချိုးဖြင့် နောက်တစ်နေ့ကျ ဘာသီးကင်းတစ်လုံးမျှ မရှိတော့။ သဘောထားပြည့်သော သရက်ပင်မှာ သရက်သီးကင်း ဈေးကောင်းချိန်နှင့် အချိန်ကိုက် သီးတတ်သည်။

ဒီလိုဖြစ်တာကို ဓာတ်ခွဲပညာရှင်တွေ အောက်ပါအတိုင်း မှတ်ချက်ချကြသည်။

'သရက်ပင် ခုလိုခံစားနေရတဲ့ ဝေဒနာတွေဟာ လူတွေရဲ့ ဆင်းရဲမွဲတေမှု၊ စည်းကမ်းမဲ့မှုတွေကြောင့်ပဲပေါ့'

အသီးကိုတောင် စုံလင်အောင် မသီးရသေးမီ ဓာတ်သိမ်းသွားတတ်သော သီးကင်းကလေးတွေကို ကြည့်လျက်၊ လူတွေ အမျိုးမျိုး မှတ်ချက်ချတတ်သည့်ကြားထဲက ထင်ရှားသည့် မှတ်ချက်တစ်ခု။

'ဟော့ ... ဟောဒီ သရက်ပင်ပေါ်က သရက်သီးမှည့်တစ်လုံး ရရင် ငွေငါးရာ ပေးမယ်ဟေ့'

ဓာတ်ခွဲမှူးများသည် သရက်ပင်ပေါ် မော့ကြည့်လိုက်ပြီး မကျေနပ်သလို၊ စာနာသလို အရိပ်အရောင်များ သူတို့၏မျက်လုံးနှင့် နှုတ်ခမ်းစပ်မှာ ဖြတ်ပြေးသွားသည်။ ဘာပဲဖြစ်ဖြစ် သူတို့သည် ထိုသရက်ပင်ကို ဒုက္ခရောက်နေသော အသိအကျွမ်း မိန်းမသားတစ်ဦးလို သဘောထားစဉ်းစားမိရာတွင် အသားကျသလောက် ဖြစ်နေပြီ။ လင်ယောကျ်ား အရက်သမား၏ နှိပ်စက်ခြင်းခံရသော မိန်းမသားတစ်ဦးပမာ စာနာမိခဲ့ကြသည်။

သို့သော် အနေအထားသည် လူတွေ၏ စာနာထောက်ထားမှုများနှင့် ထိုက်တန်လိုက်ဖက်အောင် နေထိုင်ခြင်းမျိုး မရှိ။ တမြန်နှစ်ထက်မနှစ်က ပိုဆိုးလာသည်။ ဓာတ်ခွဲမှူးတွေ ရုံးပြန်ချိန် ညနေ ၄ နာရီအထိ လက်သန်းခေါင်းလောက်ရှိသည့် သရက်ကင်းလေးများ တိုးလိုးတွဲလောင်း ပွတ်ခဲနေသေးသည်။ အကြီးဆုံးမှာ လက်မလောက်ရှိမည့် သရက်သီးများက အနည်းစု၊ ဆယ်ဘက်ရာဘက်။ တချို့အပွင့်များသည်ပင် ဘဝ မပြောင်းသေး။ နောက်တစ်နေ့ နံနက်တွင် သီးကင်းများ ဘာမှမရှိတော့။

'ဟယ် ... သရက်သီးကင်းတွေ တစ်လုံးမှ မရှိတော့ဘူး။ ရက်စက်လိုက်တာ'

အမျိုးသမီး ခေတ်ခွဲမှုူးတစ်ဦးက အထိတ်တလန့် ပြောသောအခါ ကျန်ခေတ်ခွဲမှုူး ယောက်ျား၊ မိန်းမ အားလုံး မော့ကြည့်လိုက်ပြီး ခဏ အကြာတွင် အောက်သို့ ငုံ့ကြည့်လိုက်ကြသည်။ သရက်ပင်အောက်တွင် သစ်စိမ်းအကျိုးအပဲ့များ၊ ရွက်စိမ်းအကြွေများ၊ ဖူးတံအပိုင်းအစများ၊ သရက်ပွင့် အစအနများ ပြန့်ကျဲနေခြင်းနှင့် သရက်ပင်ပေါ်တွင် သရက်သီးတွေ အခိုးခံလိုက်ရခြင်းတို့မှာ အကျိုးနှင့် အကြောင်းများ ဖြစ်လျက်၊ သက်သေခံ ပစ္စည်းများလိုပင် ယူဆ တွေးတောစရာပင်။ သို့မဟုတ် လက်ပူးလက်ကြပ် ဖြစ်နေပြီပေါ့လို့လည်း ပြောနိုင်သည်။

'တောက် ... သရက်သီးမှည့်ဖို့ကို မပြောနဲ့၊ အစေ့ရှက်ဖို့၊ အရင့်မှန်ဖို့အထိတောင် မလွယ်ပါဘူး။ လူတွေလည်း စည်းကမ်းမဲ့လိုက်ကြတာ။ ဒီအနားအပါးက တာဝန်ရှိ၊ သြဇာရှိတဲ့ လူတွေကလည်း အစီအမံညံ့ဖျင်းလိုက်တာ'

သွေးအဖြေလာတောင်းသည့် လူနာတစ်ယောက်၊ တက်ခေါက်လျက်မှတ်ချက်ချဖူးသည်။ စာရေးခန်းမှ စာရေးကြီးကတော့ ဒီရောဂါရှာဖွေလေ့လာရေးဌာနတွင် လုပ်သက်အရင့်ဆုံး ဖြစ်သည်။ သူက သူ့အတွေ့အကြုံတွေကို ပြောပြသည်။

'လွန်ခဲ့တဲ့ ၁၀ နှစ်တုန်းက ရွက်ပုန်းသီးတစ်လုံး တိတ်တိတ်ပုန်းမှည့်ပြီး ကြွေကျဖူးတယ်လို့ ငါတပည့်တစ်ယောက်က ပြောတယ်'

စာရေးကြီးကို ကျန်သည့်လူတွေက သူတို့နားထင် အထက်ကို လက်ညှိုးဖြင့်ထောက်လျက် လက်ခါပြနေသည်။ စိတ်မမှန်သူကို လုပ်ပြသော သင်္ကေတ။

ဒီသရက်ပင် အနိုင်ကျင့်ခံရပြီး တစ်ပတ်၊ ရစ်ရက်လောက် ကြာလျှင် ထူးထူးဆန်းဆန်းပင် ရွက်နုများ အထောင်အသောင်းချီကာ ဖူးသစ်ဝေလာပြန်သည်။ သို့သော် ဒီတစ်ခါ ပွင့်ဖူးမဟုတ်။ ရွက်ဖူးများ၊ ဖက်ရွက်နုများ၊ ပုရစ်ဖူးများ။ မကြာမီ ထိုပုရစ်ဖူးလေးများသည် အစိမ်းရောင်ကျကျနှင့် ပြွတ်သိပ်ခဲကာ ရှည်မျောမျော မြသွေးသရက်ရွက်များသည် မိုးယံဝနှင့် နေမင်းဆီ အလုအယက် တက်နေကြသည့် ပုံသဏ္ဌာန်။ အရွက်များသည် တက်ကြွစွာပင် အပေါ်ကို ထောင်နေကြသည်။ နောက်တစ်နှစ်အတွက် အားမလျှော့ဘဲ ထပ်မံမွေးဖွားရန် ပြင်ဆင်နေသော

သရက်ပင်။ စိတ်ကောင်းရှိသော သရက်မ ... လို့ပင် တင်စားခေါ်ဖို့ ကောင်းသည်။ သို့မဟုတ် သူတော်စင် သရက်မ။

တစ်နေ့တော့ ဒီသရက်ပင်ကို ရုပ်လုံးပေါ်လာသည်အထိ တစ်ယောက် တစ်မျိုး ဝင်ဝင်ပြောနေချိန်တွင် ညှိုသည်မိန်းမတစ်ယောက်လည်း ရှိနေသည်။ သူမ၏ရှေ့မှောက်၌ ဖြစ်နေသည်။ စောစောက ကျွန်တော်တို့ဌာနမှ ထိုမိန်းမ၏မိတ်ဆွေ ဒေါ်မိမိခင် (လက်ထောက်ဓာတ်ခွဲမှူး) က မိတ်ဆက်ပေးသဖြင့် သူမနာမည် ဒေါ်စိန်ရီဖြစ်ကြောင်း သိရသည်။

ဒေါ်စိန်ရီသည် သရက်ပင်အတ္ထုပ္ပတ္တိကို သရက်ပင် ယပ်လှဲတရားပမာ သဘောထားသလား မသိ။ သံဝေဂမျက်နှာ အသွင်အမြင် အနေအထားဖြင့် သရက်ပင်ကို စာစာနာနာ ငေးကြည့်နေရာမှ မျက်ရည်တစ်ပေါက်သည် သူမ၏ သွယ်လျလျ ပါးပြင်ပေါ်မှ စီးဆင်း လိမ့်ကျသွားသည်ကို ကျွန်တော် တွေ့လိုက်ရသည်။ ကျွန်တော် တွေ့မြင် သိရှိသွားသည်ကို အမျိုးသမီး ရိပ်မိသွားသောအခါ စိတ်ထဲ ကျဉ်းကျပ်သွားသည့် လက္ခဏာရေးများ ရိုးတိုးရိပ်တိပ် တွေ့ရသည်။

'ကိုယ် ပြန်မယ် မိမိခင်'

ဒေါ်စိန်ရီသည် ပလတ်စတစ်ခြင်းတောင်းကို ဆွဲယူပြီး ထွက်သွားတော့ ဒေါ်မိမိခင်က ကားဂိတ်သို့ လိုက်ပို့သည်။

'နေဦး၊ ငါ လိုက်ပို့မယ်'

'မိနစ်နှစ်ဆယ်၊ နာရီဝက်မျှအကြာတွင် ဒေါ်မိမိခင် ပြန်ရောက်လာသည်။

'အဲဒီအမျိုးသမီးနဲ့ ခင်ဗျားနဲ့ တော်တော်ခင်လား'

'ကျောင်းနေဖက်သူငယ်ချင်းပဲ။ ဘာဖြစ်လို့လဲ'

'တော်တော့်ကို စိတ်ထိခိုက်လွယ်တာပဲ။ သရက်ပင်ရဲ့ အတ္ထုပ္ပတ္တိကို ကြားတာနဲ့ မျက်ရည်ကျတယ်လေ'

သူ့ဘဝနဲ့ သရက်ပင်ဘဝတို့ တူလွန်းလို့ဆိုပြီး သူ စိတ်ထိခိုက်သွားတယ်။ သူ့မှာ သမီးနှစ်ယောက်၊ သားနှစ်ယောက် ရှိတယ်။ သူ့ကလေးတွေရဲ့ အနာဂတ်ကို သူတို့လင်မယား အတော့်ကို မျှော်လင့်ထားခဲ့ကြတာ။ သူ့ယောကျ်ားက ကားအပိုပစ္စည်းတွေ ရောင်းတယ်။ တခြား

ကြုံတဲ့ စီးပွားရေးလည်း လုပ်တာပဲ။ ပွဲစားလိုဟာမျိုးပေါ့။ ဒီလိုနဲ့ သူတို့ ချောင်ချောင်လည်လည် ဖြစ်လာတယ်။ သူတို့ကလေးတွေကို သူတို့ ပညာတတ်တွေ ဖြစ်စေချင်တာ လွန်ရော။ တစ်နေ့ တစ်နေ့ သူတို့အတွေး ထဲမှာ သားသမီးတွေကို အရာရှိကြီးတွေ ဖြစ်လာအောင်၊ ဆရာဝန်ကြီး တွေ ဖြစ်လာအောင်၊ တက္ကသိုလ် ပညာတတ်ကြီးတွေ ဖြစ်လာအောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ အတွေးတွေက လွှမ်းမိုးနေတာပဲ။ သိတယ် မဟုတ်လား။ ကျူရှင်ဆိုလည်း အကောင်းဆုံးကျူရှင်တွေ ပေးတယ်။ မုန့်ဖိုးဆိုလည်း တောင်းသလောက် ပေးတာပဲ။ ဒီကြားထဲ တစ်နေ့တော့ ဘယ်လိုမှ မျှော်မှန်းမထားတဲ့ အဖြစ်ဆိုးနဲ့ ကြုံရတယ်'

'ဘာလဲ သားတစ်ယောက်ယောက် နံပါတ်ဖိုး ချတာလား'

'မဟုတ်ဘူး။ အားအထားရဆုံး၊ အားလုံးက ဆရာဝန်ဖြစ်မယ်လို့ တွက်ထားတဲ့၊ ရယ်သံသွဲ့သွဲ့တောင် မကြားရတဲ့ သမီးအကြီးမ ခိုးရာလိုက် သွားတယ်။ ဒီတုန်းက အဲဒီကလေးမဟာ အသက် ၁၆ နှစ်တောင် မပြည့် သေးဘူး။ မစိန်ရီဟာ သူ့ကလေးကို နမြောတာက တစ်ဖက်၊ ရပ်ကွက် ထဲမှာ အရှက်ရတာ တစ်ဖက်နဲ့ အတော့်ကို ယူကျုံးမရ ဖြစ်ခဲ့ရတယ်ပေါ့။ သူတို့ လင်မယားနှစ်ယောက်ဟာ သုံးလေးည မအိပ်ဘဲ ခြံတံခါးဝကိုပဲ စိုက်ကြည့်နေမိတယ်ပေါ့။ ဒီခြံတံခါးဝကနေ သူ့သမီးအကြီးမ၊ အလိမ္မာ ဆုံးလေး ဝင်လာမလားဆိုတဲ့ ခံစားချက်နဲ့ မျက်ခြည်မပြတ် ကြည့်နေမိ တာ ရှူးမတတ်ပါပဲတဲ့။ ပထမဆုံးညမှာ ည ၁၂ နာရီကျော်အထိ ခြံတံခါးဝ ကို စိုက်ကြည့်ရတာ စိတ္တဇ သိပ်ဆန်တာပဲတဲ့။ ခြံတံခါးဟာ ကိုယ့်အိမ်ရဲ့ ခြံတံခါး မဟုတ်ဘူး။ အိမ်ရှေ့အိမ်ရဲ့ ခြံတံခါးတဲ့။ ဒါပေမဲ့ အဲဒီခြံတံခါး ဟာ တစ်ခုတည်းသော အဝင်အထွက်လုပ်ရာ ခြံတံခါး။ လရောင်မှိန်မှိန် အောက်က အိမ်ထဲကနေ အတော်ကလေးလှမ်းတဲ့ ဒီတံခါးကိုပဲ စောင့်ကြည့် နေရတာ သိပ်ဝမ်းနည်းစရာ ကောင်းတာပဲတဲ့။ သိပ်လွမ်းစရာ ကောင်း တာပဲတဲ့။ တစ်ခါတလေ ခွေးတစ်ကောင် တံခါးကိုတိုးလို့ ပွင့်တဲ့အခါ အံ့ဩလွန်းလို့ 'ဟာ'ခနဲ ရင်ဖိုသွားတတ်တယ်တဲ့။ တစ်ခါတလေ အမှန် တကယ် ဘာမှမရှိဘဲနဲ့ တံခါးနားမှာ လူတစ်ယောက်ယောက် လာရပ် နေသလို ခံစားရပြီး အသံတွေကိုလည်း မပြည်ဘဲနဲ့ကို ကြားနေရသလို လိုပေါ့။ ဒီလိုနဲ့ ည ၁၂ နာရီကျော်တော့ 'ငါ့သမီး ဘဝပျက်ပြီ'ဆိုပြီး

ချုံးပွဲချငိုပြီး ရှိုက်လိုက်မှ ရင်ထဲ ပေါ့သွားသလိုလိုရှိပေမဲ့ ခဏပဲတဲ့'

'ကျွန်တော် ရိပ်မိပြီ ဒေါ်မိမိခင်။ ဒီမိန်းမရဲ့ ဘဝဟာ သရက်ပင်ရဲ့ ဘဝလိုပဲ၊ ကိုယ့်သားသမီးတွေကို ဝအောင်တောင် မချစ်လိုက်ရဘဲ ဆုံးရှုံး လက်လွှတ်လိုက်ရတာချင်း တူလို့ စောစောက မျက်ရည်ကျသွားတာ ဖြစ်မယ်'

'အဲဒီတစ်ယောက်တည်း မဟုတ်ဘူး။ ကျန်တဲ့ကလေးတွေ နှစ် ယောက် ဒီလိုပဲ စောစောစီးစီး ဘဝပျက်သွားကြလို့ မစိန်ရီဟာ နောက်ဆုံး ကျန်တဲ့ သူ့သားငယ်ကို 'သား ... မမိုက်နဲ့နော်။ သားဟာ တစ်သက်လုံး အရှက်ကွဲခဲ့တဲ့ မေမေတို့ဘဝကို ကယ်တင်မယ့် တစ်ဦးတည်းသော လူ ကလေးလို့ မေမေ ထင်တယ်။ မေမေတို့ မျိုးရိုးဟာ ပရမ်းပတာ မဟုတ် ဘူးဆိုတာ ဒီကမ္ဘာပေါ်မှာ သားကလွဲလို့ ဘယ်သူမှ သက်သေမပြနိုင် တော့ဘူး။ တကယ်လို့ သားကပါ မမတွေ လုပ်တဲ့အတိုင်း လုပ်သွားမယ် ဆိုရင် မေမေ ဒီရပ်ကွက်ထဲမှာ မနေရဲတော့ဘူး။ ဒါကြောင့်မို့ ကိုယ် မွေးတဲ့သားဆိုပေမဲ့ မေမေ တောင်းပန်စကား ပြောနေတာပေါ့'သားလေးကို မစိန်ရီက ချော့မော့ တောင်းပန်ထားရတယ်'

'အဲဒီကောင်လေးကကော လိမ္မာတယ် မဟုတ်လား'

'နံပါတ်ဖိုးချလို့ ထောင်ကျသွားပြီ'

'ဗျာ ...'

ကျွန်တော်သည် ဒေါ်စိန်ရီ မျက်ရည်ကျခြင်း မြင်ကွင်းကို ယခုမှ ဆက်စပ်ခံစား၍ ပီပြင်လာသည်။ မိဘချင်း စာနာစွာ ပူဆွေးမိသည်။

'သူ့ကလေးတွေကို ချစ်လို့ မဝသေးခင်မှာပဲ ကလေးအားလုံးက သူ့နားမှာ တစ်ယောက်မှ မရှိတော့ဘူး။ ဒီသရက်ပင်လိုပေါ့'

သရက်ပင်ပေါ် ပြိုင်တူ မော့ကြည့်လိုက်မိသည်။ ယခုတလောမှာ ကျွန်တော်သည် ဒေါ်စိန်ရီဇာတ်လမ်းကို စွဲနေမိသည်။ အထူးသဖြင့် သရက်ပင်ကို တွေ့သောအခါများ၌ သတိမရဘဲ မနေနိုင်ပေ။ စိတ္တဇဆန် ဆန်ပင် တစ်ခါတစ်ရံ သရက်ပင်ကို ဒေါ်စိန်ရီလို့ပင် ထင်နေမိသည်။ ဒီလိုနှင့် ရုံးပိတ်ပြီး ပြန်တက်ရသော တနင်္လာနေ့ တစ်နေ့မှာ ဆေးရုံဝင်း ထဲ ကျွန်တော် လျှောက်လှမ်းလာစဉ် အဖြစ်အပျက်တစ်ခုကို အသေအချာ တွေ့လိုက်ရာတွင် အံ့ဩလွန်းသောကြောင့် ခြေလှမ်းများပင် ရပ်တန့်သွား

သည်။

သရက်ပင် မရှိတော့။

ရင်ထဲ မွန်းကျပ်သွားသည်။ မှောင်ရိပ်ထိုးပြီး အမြင်ရှုပ်နေသော ကြောင့် ခုတ်လိုက်သည် ဆို၏။ ခုနေအခါ လူနာအဆောင် ၁၉–၂၀ နှင့် အရန် ဘေးဘက်ပညာသင်ကျောင်း ကြားမှ အထင်ကရ သရက်ပင် မရှိတော့။ နောင်နှစ်တွင် စည်းကမ်းမဲ့ခြင်း၊ ဆင်းရဲခြင်းတို့၏ဒဏ်ကို ခံရတော့မည် မဟုတ်။ ကျွန်တော်တို့သည် ပျင်းလျှင် သရက်ပင်ကို ကြည့်ရသည်။ သရက်ပင်ပေါ်မှာ ခိုနားနေသည့် ဆက်ရက်ငှက်၊ သပိတ်လွယ်ငှက်များနှင့် လိပ်ပြာလေးများကို ငေးမောကြည့်ရှုရသည်။ နွေဦးရောက်လျှင် ဥသြငှက်များ နားခိုတွန်ကျူး တေးဆိုတတ်သည်။ ယခုတော့ ဘာမှ မရှိတော့ပြီ။ ပြောင်စပ်စပ်နှင့် အလင်းရောင်တွေ များနေပြီး ကဗျာမဆန်တော့သလို ဖြစ်သွားသည်။ ဒီလိုနှင့် တစ်နေ့ကျတော့ ကျွန်တော်တို့ အခန်းထဲမှ လက်ထောက်ခွဲစိတ်ခွဲခန်းမှူး မိမိခင်သည် ကျွန်တော် အလုပ်လုပ်သည့် ခုံတန်းဘက် လျှောက်လာသည်။ သူမသည် ကျွန်တော့်အနားမှာ ရပ်နေသည်။ သူ့မျက်နှာက ကျွန်တော့်ကို ကိစ္စတစ်ခုခုအတွက် မှာစရာ၊ သတိပေးစရာ ရှိနေသည့်ပုံစံမျိုး။ ကျွန်တော်သည် သူမစကားကြောင့် တုန်လှုပ်သွားမိသည်။

'တနင်္ဂနွေနေ့က ဒေါ်စိန်ရီဆိုတဲ့ အမျိုးသမီး ဆုံးသွားပြီ'

ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်း

စက်တင်ဘာ၊ ၁၉၉၃။

## တိမ်ရိပ်နှင်းဆီ
**မဝင့် (မြစ်ငယ်)**

သမုဒ္ဒရာတစ်စင်းရဲ့ ကျယ်ပြောနက်ရှိုင်းမှုကို ကျောက်တောင်တန်းထိပ်ဖျားမှာ စိမ့်ထွက်စီးဆင်းနေတဲ့ စမ်းချောင်းငယ်က အားကျလိမ့်မည် မဟုတ်ချေ။

တစ်ခါတစ်ရံ၌ လောကကြီးထက် လူတစ်ယောက်ရဲ့ နှလုံးသားတစ်ခုက သာလွန်တတ်ပါသည်။

* * *

ဘဝသည် သုညဟုဆိုလျှင် ဤလောကကြီးတွင် ရှင်သန်ခဲ့သော ရှုံ့ပိန်ပိန် ရွဲ့စောင်းစောင်း သုညတစ်လုံးသည် မထင်မရှား ကွယ်ပျောက်ခဲ့လေပြီ။

သူမ သေဆုံးကြောင်း ကြေးနန်းစာကို ကျွန်တော် ကိုင်ထားပါသည်။

သူမသည် ကျန်းမာရေးသာမက စီးပွားရေး၊ လူမှုရေး အရာအားလုံး အမြဲတမ်း ချည့်နဲ့နေတတ်သူမို့ သူမရဲ့ နာရေးသတင်းသည် ထူး၍ အံ့သြစရာ မဟုတ်ပါ။

တစ်ခုတော့ ရှိပါသည်။ သူမရဲ့ ရုပ်ပိုင်းဆိုင်ရာ ချည့်နဲ့ခြင်းများနှင့် ဆန့်ကျင်ဘက်ဖြစ်စွာ စူးရှခိုင်မာခဲ့သော စိတ်ဓာတ်အင်အားများ ရှိနေသောကြောင့် ဤလောကကြီးထဲမှ သူမ ထွက်ခွာသွားချိန်သည် စောလွန်းနေသလို ခံစားမိသည်။

သူမသည် ပုံပြင်တစ်ပုဒ်နှင့် မတူပါ။ သူမ၏ ခြောက်ကပ်ကပ် လှုပ်ရှားမှုများသည် သီချင်းသံစဉ်မဲ့ စည်းချက်ရိုက်သံလို ငြီးငွေ့ဖွယ်ကောင်းလှ၏။

သူမသည် စီးပွားရေးအရ အတော်အတန် အရေးပါသော အထက်မြန်မာပြည် ခရိုင်မြို့တစ်မြို့တွင် နေထိုင်ပါသည်။ အဲသည်မြို့ရဲ့ ဘာသာရေး အသင်းအဖွဲ့တစ်ခုက ထူထောင်ထားတဲ့ ရှေးဟောင်းပိဋကတ် စာကြည့်တိုက်တွင် သူမက စာကြည့်တိုက်မှူးအဖြစ် လုပ်ကိုင်ပါသည်။

စာကြည့်တိုက်မှူးဆိုတဲ့ ခံ့ညားလှသော အခေါ်ပညတ်ကို ပိုင်ဆိုင်သော်လည်း သူမရဲ့ဝင်ငွေက သာမန်စာရေးဝန်ထမ်းတစ်ယောက်ရဲ့ လစာထက် မပိုကြောင်း ကျွန်တော် သိထားပါသည်။

သို့ပေမဲ့ သူမရဲ့အလုပ်ကိုတော့ အတော်လေး မြတ်နိုးပုံရပါသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက ဆောက်လုပ်ထားခဲ့တဲ့ စာကြည့်တိုက်ကြီးပေါ်က ဟောင်းမြင်းလှပြီဖြစ်သော ပေထုပ်တွေ၊ စာအုပ်ထူတွေ၊ ဓာတ်ပုံဖလင်ဟောင်းတွေနှင့် အိုးခြမ်းပဲ့ ကျောက်ပစ္စည်း အစအနများကြားတွင် တကုပ်ကုပ် လှုပ်ရှားနေတဲ့ သူမကို နေ့စဉ် မြင်တွေ့နိုင်၏။ သူမရဲ့အလုပ်သည် ပျင်းရိဖွယ်ကောင်းကြောင်း ကျွန်တော် ပြောပြတော့ ...

'အဟောင်းတွေကြားမှာ နေရတဲ့ ကျွန်မရဲ့ ရင်ခုန်သံနဲ့ အတွေးတွေက သူများတွေထက် ပိုသစ်နေတာ သေချာတယ်ရှင့်။ ဘာလို့လဲ ဆိုတော့ အဲသည်အဟောင်းတွေက ကျွန်မကို လူငယ်တစ်ယောက်လို တုံ့ပြန်တတ်လို့ပဲ။ ကျွန်မတော့ ပျော်တယ်'

လို့ ရယ်မောပြောဆိုဖူးပါသည်။ သူမရဲ့စကားက သဘာဝကျပါသည်။

ကျွန်တော်သည် ပန်းချီဆရာတစ်ယောက် ဖြစ်သော်လည်း မိန်းကလေးများနှင့် အနေမစိမ်းလှသော ဓာတ်ပုံဆရာအလုပ်ကိုပါ လုပ်ကိုင်

သူ ဖြစ်သည်။

သူမ၏မျက်နှာသည် အခြားမိန်းကလေးတွေ ပြင်ဆင်တတ်ကြတဲ့ ရောင်စုံခြယ်သခြင်းမျိုး မဟုတ်သော်လည်း ခေတ်မီသော ရသတစ်ခုကို နှစ်လိုစွာ ခံစားရရှိနိုင်ပါသည်။

ပြီးတော့ သူမရဲ့ ဝတ်စားဆင်ယင်ပုံက ခေတ်ကိုလိုက်၍ ဖက်ရှင် ထွင်ခြင်း ကင်းပေစွ။ ဤသို့ စည်းရိုးတန်းမထားတဲ့ လွတ်လပ်ပုံစံကပင် တစ်မျိုး ထူးခြားစွာ ဆန်းသစ်နေပါသည်။ သူမရဲ့ အဝတ်အစားများသည် တန်ဖိုးနည်းသော်လည်း သူမကို လှပစေဖို့တော့ လုံလောက်ပါသည်။

တကယ်ဆိုလျှင် ကျန်းမာရေးမကောင်းသဖြင့် ကိုင်းနွဲ့နွဲ့ ခန္ဓာကိုယ် ကို ပိုင်ဆိုင်တဲ့ အသက်သုံးဆယ်ကျော် မိန်းမတစ်ယောက်ရဲ့ အလှသည် ဤမျှ လတ်ဆတ်နေဖို့ မကောင်းပေ။ သို့သော် သူမ လှပါသည်။

သူမရဲ့အပေါ်ယံ အရည်အသွေးများကို ချီးမွမ်းပြောဆိုခြင်းက သူမရဲ့သိက္ခာကို ပေါ့သွားစေမည်လား မသိပါ။ စင်စစ် ကျွန်တော့်ရင်ထဲ တွင် နွေးထွေးစွာ ခံစားပြောဆိုချင်သည်က သူမရဲ့ အတွေးအခေါ်နှင့် စွမ်းရည်ကို ဖြစ်ပါသည်။

ကျွန်တော်သည် သူမရဲ့ ပိဋကတ်စာကြည့်တိုက်နှင့် ရှေးဟောင်း သုတေသန အလုပ်တွေကို နားမလည်သော်လည်း လေးစားပါသည်။ ပြီးတော့ သူမသည် ကဗျာအရေး ကောင်း၏။ 'စမ်းသူရီ' အမည်ဖြင့် ရေးသားခဲ့သော မဂ္ဂဇင်းစာမျက်နှာပေါ်က သူမရဲ့ ကဗျာများသည် ကျဲပါး သော်လည်း စာပေဩဇာကြီးမားကြောင်း ကျွန်တော်တို့ လက်ခံထားကြ ပါသည်။ ပြီးတော့ သူမသည် ပန်းချီကားများကိုလည်း ခံစားတတ်၏။ ဟော်လိုဂစ်တာတစ်လက်နှင့် 'အောင်မြေသာဇံ' ပတ်ပျိုးကို ကျွမ်းကျင်စွာ တီးခတ်ပြနိုင်၏။

သူမတွင် ဆွေမျိုးရင်းချာ မရှိ။ ရင်းနှီးကျွမ်းဝင်တဲ့ မိတ်ဆွေ များစွာ မရှိ။ လူစည်ကားသော ပွဲလမ်းသဘင်သို့ သွားလာခြင်း မရှိ။ အနုပညာ နှင့် မစပ်သော စကားအပိုများ ပြောဆိုခြင်း မရှိ။

ဤသို့ သူမရဲ့ ရှိခြင်း၊ မရှိခြင်း ကိုယ်ရည်ကိုယ်သွေးများကို ပေါင်း စပ် ပုံဖော်လိုက်သောအခါ သူမတွင် ဆန့်ကျင်ဘက် (ယောကျ်ား) တစ် ယောက်ရဲ့ အရည်အချင်းများစွာ ထွက်ပေါ်လာပါသည်။

ထို့ကြောင့် ထင်ပါရဲ့။ ထိုမြို့တွင် သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ဖြင့် တစ်ယောက်တည်း နေထိုင်ပါသည်။ သူမသည် ရိုးသားစွာ ရဲဝံ့ပါသည်။ ပွင့်လင်းစွာ ယဉ်ကျေးပါသည်။

သူမကဲ့သို့ မိန်းမတစ်ယောက်က ဘဝဆက်တိုင်း မိန်းမဖြစ်ချင်ကြောင်း ပြောတော့ ကျွန်တော် အံ့သြဖူးသည်။ 'ယောကျ်ားကောင်းတစ်ယောက် ဖြစ်ဖို့ထက် မိန်းမကောင်းတစ်ယောက် ဖြစ်ဖို့ ပိုခက်တယ်ရှင့်' တဲ့။ မြန်မာပြည်မှာ မိန်းမကောင်းတွေ ပေါတာ သိပ်ကျက်သရေရှိသတဲ့။

သူမနှင့် ဆန့်ကျင်ဘက် အရည်အချင်းများနှင့် ပြည့်နှက်နေသော အာဂ မိန်းမဝါဒီတစ်ဦးပင်တည်း။

* * *

အကယ်၍သာ သူမ သေဆုံးသွားခဲ့လျှင် ဆိုတဲ့ အတွေးမျိုး ကြိုတင်ပြီး မစဉ်းစားမိခဲ့ခြင်းမှာ မှားလေစွ။

စဉ်းစားထားဖြစ်ခဲ့ပါလျှင် သူမ သေဆုံးသွားပြီးသောအခါ ဖြစ်ပေါ်လာမည့် ရှေ့ရေးကို ကြိုတင်စီစဉ်နိုင်ပေလိမ့်မည်။ အနည်းဆုံး သူမနှင့်သွေးမရင်းသော်လည်း ဆွေနီးမျိုးစပ်တော်သူများ နာမည်ကိုဖြစ်ဖြစ်ပေါ့။ မေးမြန်း စုံစမ်းထားမိပေလိမ့်မည်။

ယခုတော့ ကျွန်တော့်ထံသို့ လှမ်းပြီး အကြောင်းကြားတဲ့ ကြေးနန်းစာကို ဖတ်ပြီး များစွာ ဝမ်းနည်းဖွယ်ခံစားရပါသည်။

'ဒေါ်စမ်းစမ်းနိုင် သေဆုံး။

အမြန်လာပါ'

ဆိုပြီး ကြေးနန်းပေးပို့သူများမှာ ရပ်ကွက်လူကြီးများတဲ့။ သူမရဲ့ ဘဝသည် မည်မျှ အထီးကျန်ဆန်လိုက်ပါသနည်း။ သူမရဲ့ အရေးကြီးဆုံး အချိန်တွင် မိသားစု မရှိ၊ အဖော် မရှိ၊ ရင်းနှီးမိတ်ဆွေ မရှိ။

ရပ်ကွက်လူကြီးများသည် ကျွန်တော်၏လိပ်စာကိုပင် ဘယ်သို့ ရှာဖွေသိရှိခဲ့ကြသည် မသိပေ။ သူမသည် ဘယ်နေ့က သေဆုံးကြောင်းကိုလည်း တိတိကျကျ ရေးမထားပေ။ သူမ၏ နောက်ဆုံးခရီးကို အချိန်မီ ရောက်လိုလှပါသည်။ သို့ရာတွင် လုံးဝမဖြစ်နိုင်သော အခြေအနေတွင် ရှိပါသည်။

သူမတို့မြို့သို့ သွားမည်ဆိုလျှင် မော်တော်ကားဖြင့် တစ်နေ့ကုန်

စီးပြီးမှ ရောက်နိုင်ပါသည်။ ခက်သည်က ညဘက်တွင် ပြေးဆွဲသည့် ကားကလည်း မရှိ။ သူမထံသို့ အစောဆုံး မနက်ဖြန် ညနေစောင်းမှ ရောက်နိုင်ပေတော့မည်။

ကြေးနန်းစာ ပေးပို့လိုက်သော ရက်စွဲကို ကြည့်လိုက်တော့ လွန်ခဲ့တဲ့ နှစ်ရက်က ဖြစ်နေပေပြီ။ သွားပေဦးတော့ မစမ်းစမ်းနိုင်ရေ ...။

ကျွန်တော်သည် ဆွေးဆွေးနှင့် အော်ဟစ် ပေါက်ခွဲပစ်လိုက်မိပါသည်။

သူမနှင့် ကျွန်တော်သည် ငယ်ပေါင်းကြီးဖော်များ မဟုတ်ကြသော်လည်း ရင်းနှီးကြ၏။ တစ်ဦးနှင့်တစ်ဦး သံယောဇဉ် ကြီးတတ်ကြ၏။ အံ့ဩဖွယ်ကောင်းသည်က ကျွန်တော်တို့နှစ်ယောက်သည် ချစ်သူ ဖြစ်မလာကြခြင်းပင်။

သူမနှင့် ကျွန်တော် ဆုံစည်းခဲ့ရပုံကို ပြောပြချင်ပါသေးသည်။ ကျွန်တော်သည် မန္တလေးသို့ရောက်လျှင် စာအုပ်ဆိုင်တွေမှာ ထိုင်ပြီး အချိန်ဖြုန်းရခြင်းကို နှစ်သက်တတ်သူ ဖြစ်၏။ သူမသည်လည်း စာအုပ်ဟောင်းတွေ စုဆောင်းဝယ်ယူခြင်းကို အလုပ်တစ်ခုအဖြစ် လုပ်ကိုင်နေသူ တစ်ယောက်ပါ။ သည်တော့ သူမနှင့် ကျွန်တော်တို့သည် 'ဥတ္တရ လွင်ပြင်' နှင့် 'ဒေါင်းအိုးဝေ' စာအုပ်ဆိုင်များတွင် မကြာခဏ ဆုံမိကြပါသည်။

အဲသည် စာအုပ်ဆိုင်ရှင်များကလည်း ကျွန်တော်တို့ နှစ်ဦးစလုံးနှင့် ရင်းနှီးရင်းစွဲရှိသော စာပေစိတ်ရှိသူများ ဖြစ်ကြလေရာ တွေ့တိုင်း စကားဝိုင်းဖွဲ့ဖြစ်သွားကြတော့သည်။

ထိုစဉ်က သူမ နေထိုင်ရာ မြို့နှင့် သူမရဲ့ အလုပ်အကိုင်ကိုသာ အပေါ်ယံမျှ သိရှိထားခဲ့ခြင်း ဖြစ်ပါသည်။

လွန်ခဲ့သော သုံးနှစ်ခန့်ကတော့ ကျွန်တော်သည် ပန်းချီပြပွဲကိစ္စ တစ်ခုကြောင့် သူငယ်ချင်းပန်းချီဆရာကို ရှာဖွေရန် သူမ နေထိုင်ရာမြို့သို့ ရောက်ရှိခဲ့ပါသည်။ ကံဆိုးချင်တော့ သူငယ်ချင်း ပန်းချီဆရာကို ရှာမတွေ့။ ကျွန်တော့်တွင် ဖြစ်လေ့ရှိတဲ့ အားနည်းချက်အတိုင်း အိတ်ကပ်ထဲတွင် တည်းခိုခန်းတည်းနိုင်တဲ့ ငွေကြေးအင်အားမျိုး လုံလောက်စွာ ပါမလာခဲ့ပါ။ ကျွန်တော့်အတွက် အကောင်းဆုံး ဖြေရှင်းနည်းကတော့

ဘုန်းကြီးကျောင်းတစ်ကျောင်းကို အမြန်ဆုံးရှာဖွေဖို့ ဖြစ်ပါသည်။

အချိန်ကလည်း နေဝင်ပြီဖြစ်သဖြင့် အရာအားလုံးသည် သဲသဲကွဲကွဲ မရှိတော့။ စုတ်ချာချာ အဆင်အပြင်နှင့် မသပ်မရပ် ကျွန်တော့်လို ကောင်မျိုးကို ဘုန်းကြီးကျောင်းကလည်း လူကောင်းတစ်ယောက်အဖြစ် လက်ခံချင်ပါမည်လားဆိုတာ မသေချာလှပေ။

ကံကောင်းချင်တော့ မြို့ထဲလမ်းပေါ်တွင် တစ်ယောက်တည်း ယောင်လည်လည် ဖြစ်နေခိုက် စာကြည့်တိုက်တံခါးပိတ်ပြီး ပြန်လာတဲ့ သူမနှင့် ပက်ပင်းတွေ့ပါတော့သည်။

'ဟာ ... မစမ်းစမ်းနိုင်၊ ဝမ်းသာလိုက်တာဗျာ။ ဒီမှာ ဒုက္ခဖြစ်နေတာဗျ'

ကျွန်တော်၏ အခက်အခဲကို အားကိုးတကြီး ဖွင့်ဟမိပါသည်။ သူမကတော့ ကျွန်တော်၏ အူကြောင်ကြောင်အမူအရာကို ကြည့်ပြီး ဟက်ပက်စွာ ရယ်မောပါသည်။ ပြီးတော့ ကျွန်တော့်အား စားသောက်ဆိုင်တစ်ဆိုင်သို့ ခေါ်သွားပြီး ထမင်းကျွေးပါသည်။ သူမကတော့ မစားပါ။ ဘေးမှာ ထိုင်လျှက်။

အိမ်သို့ရောက်တော့ မိသားစုကင်းမဲ့သော သူမရဲ့ နေထိုင်ခြင်းကို သိခွင့်ရလိုက်ပါသည်။

'မစမ်းစမ်းနိုင်ကို အားနာလိုက်တာဗျာ။ ကျွန်တော် ဘာလုပ်ရင်ကောင်းမလဲ'

မိန်းမသားတစ်ယောက်တည်းနေတဲ့အိမ် ဖြစ်ခြင်းအတွက် ကျွန်တော့်အနေဖြင့် အလိုက်သိစွာ ပြောသင့်သည်မို့ ပြောလိုက်ရသော်လည်း သည်စကားက သူမရဲ့သိက္ခာကို ထိပါးမှာလည်း စိုးရိမ်မိသည်။

'ကျွန်မလည်း တွေးနေတာပဲ။ ကျွန်မအိမ်က ကျယ်ဝန်းပါတယ်။ ဒါပေမဲ့ လောကကြီးက ကျဉ်းနေတာလည်း ကျွန်မ သတိထားရမယ်။ ကျွန်မ ဘာလုပ်ပေးရရင် ကောင်းမလဲ'

ကျွန်တော်သည် သူမရဲ့ အတွေးစကားနှင့် ဆုံးဖြတ်ချက်ကို ငံ့လင့်ရင်း ရှာမတွေ့တဲ့ သူငယ်ချင်းပန်းချီဆရာကိုသာ စိတ်ထဲက ကျိန်ဆဲမိနေပါတော့သည်။

'မိုးလည်း ချုပ်နေပြီ။ ဒီညတော့ ကျွန်မအိမ်မှာပဲ အိပ်လိုက်ပါတော့။

ကျွန်မတို့ စကားတွေ ပြောနေတာနဲ့ မိုးလင်းသွားမှာပါ'

သူမ ပြောသည်မှာ မှန်လေစွ။ သူမနှင့် စကားပြောရသည်မှာ ကျွန်တော့်အတွက် အလွန်အကျိုးရှိပါသည်။ သူမနှင့် စကားကြာကြာ ပြောကြည့်တော့မှ အနုပညာသမား သန့်သန့်ဖြစ်နေတဲ့ သူမရဲ့ အရည်အသွေးများကို သိခွင့်ရခဲ့ပါသည်။

သူမ ပြောပြတဲ့ ဟန်လင်းမြို့ဟောင်း တူးဖော်စဉ်က ရရှိခဲ့တဲ့ လက်ချင်းတွဲဆက်ထားသော ရုပ်ကြွင်းလူရိုးစု နှစ်ခုအကြောင်း ကြားရသဖြင့် 'ရုပ်ကြွင်းရဲ့ နှလုံးသားအစို'လို့ အမည်ရသော ပန်းချီကားတစ်ချပ် ရေးသားဖို့ ပန်းချီအတွေး ရခဲ့ပါသည်။

နောက်တစ်လခန့် ကြာသောအခါ ကျွန်တော့်သူငယ်ချင်း ပန်းချီဆရာနှင့်အတူ သူမတို့မြို့သို့ ရောက်ပြန်ပါသည်။ ကျွန်တော်တို့ လာခဲ့ရသော ခရီးရဲ့ အခြေအနေမှာ ညနေစောင်းမှရောက်သောကြောင့် ထိုမြို့တွင် ညအိပ်ဖို့ လိုအပ်လေ့ ရှိပါသည်။ သို့ပေမဲ့ သည်တစ်ကြိမ်မှာတော့ ကျွန်တော့်တွင် အဖော်သူငယ်ချင်းလည်း ပါနေသည်မို့ သူမအိမ်သို့ တည်းခိုရန် လိပ်ပြာသန့်စွာ ရောက်ခဲ့ပါသည်။

သူမအိမ်တွင် တည်းခိုမိခြင်းရဲ့ အဓိကအကြောင်းရင်းမှာ သူမနှင့် စကားပြောဆိုရသည်ကို နှစ်သက်သောကြောင့် ဖြစ်ပါသည်။ ရန်ခုန်သံချင်း တူသော အနုပညာသမားချင်း စကားပြောဆိုလို့ ကောင်းသည်ဆိုတဲ့ ခံစားမှုမျိုးကို အနုပညာသမားတွေသာ နားလည်နိုင်သောအရာ ဖြစ်ပါသည်။

အဲသည်ညက စကားပြောခွင့်ရခဲ့သဖြင့် သူမရဲ့ လေးစားဖွယ်ကောင်းသော အတွေးအခေါ်နှင့် ရုပ်တည်ချက်ကို ကျွန်တော့်သူငယ်ချင်း ပန်းချီဆရာက တဖွဖွ ချီးကျူးပြောဆိုနေပါတော့သည်။

ဘာပဲဖြစ်ဖြစ် ... သူမသည် ကျွန်တော့်အတွက် မိန်းမ ယောကျ်ား ကွဲပြားခြင်းဆိုသည်က ပျောက်ကွယ်သွားသလိုပါပဲ။ သူမကိုယ်တိုင်ကလည်း ကျွန်တော်နှင့် ယခုကဲ့သို့ စကားပြောဆိုရခြင်းကို နှစ်သက်ကြောင်း ဝန်ခံပြောဆိုပါသည်။

'ကျွန်မက ပင်ကိုကလည်း စကားအလွန်နည်းတာရှင့်။ ပြီးတော့ ကျွန်မ ပြောချင်တဲ့ စကားကလည်း စိတ်ဝင်စားမယ့်လူ ရှားပါးလှတဲ့

စကားလေ။ အနုပညာသမားရဲ့ စကားဆိုတာ သင်းကွဲစကား ဖြစ်နေသလိုပဲ။ ဒီတော့ ရှင်တို့လာမှ ကျွန်မလည်း စကားကောင်းကောင်း ပြောဖြစ်တော့တာရှင့်'

အကြောင်းတိုက်ဆိုင်စွာပါပဲ။ နောက်တစ်လ ကြာသောအခါ မိတ်ဆွေ ဓာတ်ပုံဆရာတစ်ယောက်နှင့်အတူ သူမထံသို့ ထပ်မံရောက်ရှိပြန်ပါသည်။ ယခင်အတိုင်း တစ်ညလုံးနီးပါး စကားပြောဆိုပြီး နောက်တစ်နေ့တွင် ကျွန်တော်တို့ အလုပ်ကိစ္စ လုပ်ကိုင်ပြီးသည်နှင့် ပြန်သွားကြပါသည်။

သည်လိုနှင့် တစ်ယောက်တည်းနေတဲ့ သူမထံသို့ လည်ပတ်ရသည်ကို တွေ့စကကဲ့သို့ လေးပင်သော ခံစားမှုမျိုး မရှိတော့ဘဲ စိတ်ဆန့်ပေါ့ပါးစွာ ရောက်သွားတတ်ပါသည်။

တစ်ခါတစ်ရံ ပန်းချီအတွေးကလည်း ခန်းခြောက်နေပြီး စိတ်လေလွင့်သလို ဖြစ်နေလျှင် သူမထံသို့ ကျွန်တော် တစ်ယောက်တည်းလည်း သွားပစ်လိုက်ပါတော့သည်။ ထိုအခါ သူမသည် ကျွန်တော့်အား ငြိုငြင်ခြင်း ကင်းသော်လည်း အကဲခတ်သော မျက်လုံးများဖြင့် လက်ခံစကားပြောခဲ့ကြောင်း သိထားမိ၏။

ကျွန်တော်သည် သူမထံသို့ အကြိမ်ပေါင်းများစွာ သွားရောက်ဖူးသော်လည်း သူမကိုယ်တိုင် ချက်ပြုတ်ကျွေးမေးတဲ့ အစားအစာမျိုး တစ်ကြိမ်မျှ မစားခဲ့ရဖူးပေ။ နံနက်လင်း၍ မျက်နှာသစ်တဲ့ ကိစ္စလေးများကအစ ဧည့်ဝတ်ကျေခြင်း ကင်းစွာ လျစ်လျူရှုထားတတ်သည်။ သူမထံသို့ ကျွန်တော် ယူဆောင်လာတဲ့ လက်ဆောင်များကို ငြင်းပယ်တတ်သလို သူမထံမှလည်း ဘာမျှ လက်ဆောင်မရခဲ့ဖူးပါ။

ကျွန်တော်နှင့် စကားပြောရာတွင် အကြည်လင်ဆုံးမှာ သူမရဲ့ မျက်လုံးများပင် ဖြစ်ပါသည်။ သူမ၏မျက်လုံးများသည် ကျွန်တော့်ထံသို့ တစ်စက္ကန့်စာမျှ စူးစိုက်မကြည့်ဖူးခြင်းက လေးစားလောက်ပါပေသည်။

နောက်တစ်ချက် ထူးခြားသည်မှာ သူမနှင့် ဒဿနပေါင်းများစွာ၊ အနုပညာစကားပေါင်းများစွာ ဆွေးနွေးပြောဆိုဖူးသော်လည်း 'အချစ်' နှင့်ပတ်သက်၍ ဘယ်သောအခါကမျှ ဆွေးနွေးခွင့် မရခဲ့ခြင်းပင်။ 'ကျွန်မက အဲသည်ကိစ္စတွေ သိပ်မပျော်ဝင်ဘူးရှင့်'၊ 'ကျွန်မ မသိဘူး'ဆိုတဲ့

စကားနှင့် ပိတ်ဆို့ပစ်၏။

ကျွန်တော်နှင့် သည်မျှ ရင်းနှီးနေလျက်ပင် သူမရဲ့ ပုဂ္ဂလိကခံစားမှုတို့ကို တစ်ချက်မျှ လှစ်ပြခြင်း မရှိပေ။ ခြွင်းချက်တစ်ခုတော့ ရှိသည်ပေါ့။

သူမသည် မြန်မာနှင်းဆီခေါ်တဲ့ နှင်းဆီကြမ်းကိုတော့ အလွန်နှစ်သက်ကြောင်း မကြာခဏ ပြောတတ်ပါသည်။ ဤသို့ ပြောပြဖြစ်ခြင်းမှာလည်း သူမ အိမ်ရှိ အလှစိုက်ပန်းအိုးတွင် မပြတ်တွေ့ရသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် သူမအတွက် 'နှင်းဆီကြမ်းများ'ဆိုတဲ့ ပန်းချီကားတစ်ချပ်ကို မဝံ့မရဲ လက်ဆောင်ပေးကြည့်တော့ မြတ်နိုးစွာ လက်ခံယူပါသည်။ ကျွန်တော့်တစ်သက် သူမအတွက် ပေးဖြစ်ခဲ့ဖူးတဲ့ လက်ဆောင်မှာ သည်ပန်းချီကားတစ်ချပ်ပါပဲ။

ယခုတော့ သူမ သေဆုံးခဲ့လေပြီ။ သူမသည် နှင်းဆီပွင့်ကဲ့သို့ အလှဆုံး ပွင့်ခဲ့၏။ အချိုမြဆုံး မွှေးပျံ့ခဲ့၏။ ပြီးတော့ သူမရဲ့ လွတ်လပ်တဲ့ နေထိုင်မှုတွင် ဆူးနှင့်တူသော ကိုယ်ကျင့်တရားတွေဖြင့် ချွန်မြစေခဲ့လေပြီ။

အမှန်ကို ဝန်ခံရလျှင် ကျွန်တော်သည် သူမအား သူစိမ်းယောကျ်ားတစ်ယောက်ဆိုတဲ့ စိတ်ဖြင့် ရင်ခုန်ခဲ့ဖူး၏။ သူမက ကျန်းမာရေးချည့်နဲ့သော်လည်း လှသည်လေ။

သို့ရာတွင် သူမရဲ့ သန့်စင်ခိုင်ခံ့သော မျက်လုံးများကိုလည်းကောင်း၊ ပြတ်သားရဲရင့်သော အတွေးအခေါ်များကိုလည်းကောင်း ချက်ချင်းဆိုသလို သတိရမိလိုက်သည်နှင့် ဝင်ရိုးစွန်းတန်းက ရေခဲတောင်တန်းတွေ မီးလောင်ပြာကျသွားသလို ကျွန်တော့်ရင်ထဲတွင် အေးစက်ခြင်း၊ လောင်မြိုက်ခြင်းတို့ဖြင့် လှုပ်ခတ်တုန်ခါသွားပါသည်။

တကယ်ဆို တစ်ယောက်တည်း သိက္ခာရှိရှိနေထိုင်တဲ့ မိန်းမတစ်ယောက်ကို ကျွန်တော်တို့အားလုံး ဝိုင်းဝန်း၍ လေးစားစွာ စောင့်ရှောက်ပေးရမည် မဟုတ်ပါလား။ သူမအတွက်တော့ သိပ်မထူးဆန်းသလိုပါပဲ။

'သိက္ခာတို့၊ သီလတို့ဆိုတာ ပုဂ္ဂိုလ်ရေးနဲ့ အဓိက ပတ်သက်တယ်။ တကယ်တမ်းကျတော့ လူတွေရဲ့ ကိုယ်ကျင့်တရားနဲ့ ဦးစီးနေတာ ခလေ့

ထုံးစံပဲ။ လူတွေဟာ ဓလေ့ထုံးစံရဲ့ သတ်မှတ်ချက်တရားအောက်မှာ လက်မခံချင်လည်း လက်ခံရလိမ့်မယ်'

'ဓလေ့ထုံးစံတိုင်းက အမှန်တရားမှ မဟုတ်တာဗျ'

'ဒါပေမဲ့ အမှန်တရားအတွက် ဓလေ့ထုံးစံတွေ ပေါ်ပေါက်ခဲ့ရတာ ရှင့်။ ကိုယ်ကျင့်တရား ဘယ်လောက်ကောင်းကောင်း ဓလေ့ထုံးစံက ခွင့်မပြုရင် ရှောင်ရမယ်။ အဲ ... မရှောင်ဘဲ ထိုးဖောက်ထွက်မယ်ဆိုရင်လည်း ဂုဏ်သိက္ခာကို စတေးရလိမ့်မယ်'

အဲသည်တုန်းက သူမ စကားရဲ့ ဆိုလိုရင်းကို နားမလည်ခဲ့ပေ။ ပိုင်ရှင်ကင်းမဲ့နေပြီဖြစ်သော သူမရဲ့အိမ်သို့ ရောက်တော့မှ သူမအတွက် ဝမ်းနည်းခံခက်စွာ သိခွင့်ရလိုက်ပါတော့သည်။

* * *

သူမရဲ့အိမ်သို့ ရောက်သောအခါ ကျွန်တော့်ကို စောင့်ကြိုနေတဲ့ ရပ်ကွက်လူကြီးတစ်ယောက်ရဲ့ စကားက ရင်ဝကို ဆောင့်ကန်ချလိုက်သလို ခံစားရ၏။

'ခင်ဗျား တော်တော် တာဝန်မဲ့တဲ့လူဗျာ'

ဖြစ်ကြောင်းကုန်စင် မသိရသေးသည်မို့ ငေးကြောင် နားစွင့်မိသည်။

'ဒေါ်စမ်းစမ်းနိုင်ရဲ့ အိမ်တံခါးတွေ ပိတ်ထားတာ ကြာပြီဗျ။ ကျွန်တော်တို့လည်း သူ တစ်နေရာရာ ခရီးထွက်တယ် ထင်ကြတာလေ။ အိမ်ထဲက ပုပ်စော်နံလာတော့မှ အိမ်နီးချင်းတွေက မသင်္ကာတာနဲ့ တံခါးဖျက်ပြီး ဝင်ကြည့်ကြတော့ အိပ်ရာထဲမှာ တစ်ယောက်တည်း သေနေတာ တွေ့ရတယ်ဗျာ။ သူ ခုတလော နေမကောင်းလို့ ဆေးခန်းမှာ ဆေးထိုးနေတာတော့ အိမ်နီးချင်းတွေ သတိထားမိကြပါရဲ့။ သူကလည်း စကားနည်းတဲ့လူဆိုတော့ သည်အတိုင်း ဘာသိဘာသာ နေလိုက်ကြတာပေါ့။ မှူခင်းဆရာဝန်ကတော့ အဆုတ်ရောဂါကြောင့် သေဆုံးသွားတာလို့ မှတ်ချက်ပေးပါတယ်။ ဒါပေမဲ့ ခင်ဗျား နေနိုင်ရက်ပါတယ်ဗျာ'

'ကျွန်တော်လည်း ခုတလော ဓာတ်ပုံလုပ်ငန်းက ရှုပ်နေတော့ သူ့ဆီ မရောက်ဖြစ်တာ နှစ်လလောက် ကြာသွားတယ်'

'ဒါကြောင့် တာဝန်မဲ့တယ် ပြောတာပေါ့။ တကယ်ဆို ခင်ဗျားက

သူ့ယောကျ်ား မဟုတ်လား'

'ခင်ဗျာ ...'

ကျွန်တော့်မျက်နှာ ထူပူသွား၏။ သေဆုံးသွားပြီဖြစ်သော်လည်း အနားမှာ သူမ ရှိနေသကဲ့သို့ အားနာလိုက်သည့်ဖြစ်ခြင်း။ ပေါ့ဆစွာ စွပ်စွဲပြောဆိုရဲသည့် ထိုလူကြောင့် ထောင်းခနဲ ထကြွလာတဲ့ ဒေါသစိတ်တွေကို ချိုးနှိမ်ပြီး ပြောရလေသည်။

'မစမ်းစမ်းနိုင်နဲ့ ကျွန်တော်နဲ့က မိတ်ဆွေတွေပါ ခင်ဗျာ။ သူ့ရဲ့ မိသားစု ဆွေမျိုးတွေအကြောင်းလည်း ကျွန်တော် မသိပါဘူး။ မိသားစု အပေါ် တစ်ခုခု စိတ်နာခဲ့တဲ့အတွက် ကျွန်တော့်ကို ပြောမပြတာလည်း ဖြစ်ချင်ဖြစ်မှာပါ။ ကျွန်တော့်အနေနဲ့ သူနဲ့ တစ်ခါတစ်ရံ စကားပြောဖို့ ရောက်လာတတ်တဲ့ မိတ်ဆွေတစ်ယောက်အဆင့်မှာပဲ ရှိပါတယ်'

'ခင်ဗျားတို့လင်မယား တော်တော်ကြောင်တာပဲ။ ဒေါ်စမ်းစမ်းနိုင်ကလည်း ခင်ဗျားကို သူ့မိတ်ဆွေပါလို့ ဖွတ်ငြင်းတယ်။ မိန်းမတစ်ယောက်တည်း နေတဲ့အိမ်မှာ သွေးသားမစပ်တဲ့ ယောကျ်ားတစ်ယောက် မကြာခဏ လာတည်းရမလားဗျ။ သူကလည်း လက်မခံရဘူး။ ဒါဆိုရင် ကျုပ်တို့အနေနဲ့ ခင်ဗျား လာတဲ့အခါတိုင်း စောင့်ကြည့်ပြီး ဝိုင်းဖမ်းမှာ ပြောတော့မှ ဒီမိန်းမ ဘာပြောတယ် မှတ်သလဲ။ 'ကျွန်မရဲ့ယောကျ်ားပါဆိုရင် ဘာဖြစ်မှာလဲ'တဲ့။ အဲဒါဆိုရင်တော့ ကျုပ်တို့က ဘာမှနှောင့်ယှက်စရာ မလိုတော့ပါဘူး ပြောမှ စိတ်ပျက်လက်ပျက် ခေါင်းညိတ် ဝန်ခံသွားတယ်ဗျာ။ ကျုပ်တို့လည်း ခင်ဗျားရဲ့ နာမည်၊ အလုပ်အကိုင်နဲ့ လိပ်စာကို တစ်ခါတည်း မှတ်ထားရတယ်လေ'

'ဟာ ... အဲဒါ လုံးဝ မဟုတ်ဘူး။ ခင်ဗျားတို့ ဝိုင်းဖမ်းမယ်ဆိုတဲ့ အစီအစဉ်ကြီးက ကျွန်တော်တို့ရဲ့ ရိုးသားမှုကို တိတိလင်းလင်း စော်ကားဖျက်ဆီးပစ်တာမို့ သူ ခေါင်းညိတ်ပစ်တာပဲ ဖြစ်မယ်။ ကျွန်တော်တို့ လုံးဝ ရိုးသားတယ်'

'ရပ်နဲ့ရွာနဲ့ နေတာဗျ။ အရပ်ထုံးစံကို ပယ်လို့ ဘယ်ရမလဲ။ ပြီးတော့ ခုကိစ္စ ခင်ဗျားအတွက် ဟောသည်အိမ်ကို အမွေဆက်ခံပိုင်ခွင့်အရ လွှဲပေးမှာဖြစ်လို့ ပြောနေတယ် ဆိုတာလည်း သတိထားပါဦး'

'မလိုချင်ဘူး။ ဟုတ်လည်း မဟုတ်ဘူးဗျာ။ ကဲ ...'

ပြောပြီး ဆွေးနင့်ဖို့ရှိက်စွာ တံတွေးမျိုချမိပါသည်။

ဖြစ်ရလေ ... မစမ်းစမ်းနိုင်ရယ်။ သူမရဲ့ညှော့ခန်းတွင် ချိတ်ဆွဲထားလျက်ရှိသော ပန်းချီကားထဲက နှင်းဆီကြမ်းများသည် ရဲဝံ့နီထွေးစွာ လန်းဆန်းနေကြဆဲ။ ကျွန်တော် လွမ်းမောစွာ ငေးကြည့်ဖြစ်၏။

မစမ်းစမ်းနိုင် ... ခင်ဗျား နောက်ဘဝမှာလည်း နှင်းဆီကြမ်း ပြန်ဖြစ်ရင် ဟောသည်လောကကြီးထဲမှာတော့ မဖြစ်နဲ့တော့ဗျာ။ လွတ်လပ်တဲ့ တွေးခေါ်မှုတွေကို မြတ်နိုးလှတဲ့ ခင်ဗျားအတွက် အဆုံးအစမရှိ လွတ်လပ်တဲ့ မိုးကောင်းကင်ကြီးက ကြိုဆိုနေမှာပါ။

ဟော ...

ဟိုမှာလေ၊ တိမ်ရိပ်တွေကြားက နှင်းဆီတစ်ပွင့်။

မဟောသီမဂ္ဂဇင်း

ဇန်နဝါရီ၊ ၁၉၉၆။

# စံပယ်တွေ ရမယ်

မြသန်းတင့်

(သူ့ကို လမ်းမတစ်ခုပေါ်ရှိ လူစည်ကားသည့် လက်ဖက်ရည်ဆိုင် တစ်ဆိုင်ရှေ့ မော်တော်ကားများ အနီးတစ်ဝိုက်တွင် မနက်တိုင်း ကျွန်တော် တွေ့ရတတ်သည်။ အသားညိုညို၊ မျက်လုံးဝိုင်းဝိုင်း၊ မျက်ခုံးကောင်းကောင်း၊ နှာတံစင်းစင်း၊ မျက်ခမ်းထူထူနှင့်ဖြစ်ပြီး သွားသွားများသည် ညိုလွဲ့သော သူ့မျက်နှာပေါ်တွင် ဝင်းလက်နေကြသည်။ သူ့ဆံပင်များက ကုပ်ပေါ်နှင့် ပခုံးပေါ်တွင် ဝဲကျလျက် ...

ယောက်ျားဝတ် တက်ထရွန်လက်ရှည် အဖြူကို အပြင်ထုတ်၍ ဝတ်ထားပြီး ခါးတွင် ကျောင်းစိမ်းတက်ထရွန်လုံချည် ခပ်နွမ်းနွမ်း တစ်ထည်ကို ခပ်တိုတို ဝတ်ထားသည်။ ခြေထောက်တွင်မူ ဂျပန်ဖိနပ်ကလေးကို အမြဲ စီးထားတတ်၏။

အသက်မှာ ၁၅ နှစ်၊ ၁၆ နှစ်လောက်သာ ရှိလိမ့်ဦးမည်။ လက်ထဲတွင် စံပယ်ပန်းကုံးတွေကို ကိုင်ထားပြီး အနားသို့ဖြတ်သွားလျှင် 'ကဲ ... စံပယ်တွေ ရမယ်နော်၊ စံပယ်တွေ ရမယ်'ဟု အော်တတ်သည်။ ကျွန်တော်က သူ့နာမည်ကို မစံပယ်ဟု ခေါ်သည့်အခါတွင် သူသည် သဘော

ကျွစွာ ပြုံးနေတတ်သည်။

တစ်ခါတစ်ခါတွင် မစံပယ်ကို မြေနီကုန်းမီးပွိုင့်အနီးတွင်လည်းကောင်း၊ တစ်ခါတစ်ရံတွင် လှည်းတန်းမီးပွိုင့်အနီးတွင်လည်းကောင်း တွေ့ရတတ်သေးသည်။ ကားဖြင့် ဖြတ်သွားသည့် ကျွန်တော့်ကိုမြင်လျှင် မစံပယ်သည် 'ဦးလေး ... ပန်းတွေ မယူတော့ဘူးလား'ဟု အမြဲပြောတတ်သည်။ မီးပွိုင့်တွင် မီးနီပြသည့်အခါမျိုးနှင့် ကြုံလျှင် ကျွန်တော်ကလည်း စံပယ်လေးငါးကုံးကိုတော့ ယူမြဲ။ အောက်တွင် ဖော်ပြလိုက်သည့် အကြောင်းများမှာ မစံပယ်က ကျွန်တော့်ကို ပြောပြလိုက်သည့် အကြောင်းများ ဖြစ်ပါသည်။)

ဦးလေးက သမီးနာမည်ကို မစံပယ်လို့ခေါ်တော့ လက်ဖက်ရည်ဆိုင်နားက ကားဆရာတွေကလည်း သမီးကို မစံပယ်လို့ပဲ ခေါ်ကြပါတယ်။ ဒီနာမည်ကို သမီးကလည်း သဘောကျပါတယ်။ နာမည်ကလေးက လှလည်း လှတယ်။ ပြီးတော့ စံပယ်ပန်းရောင်းနေရတဲ့ သမီးရဲ့အလုပ်နဲ့လည်း လိုက်တယ်လေ။ သမီးနာမည်က အမှန်ကတော့ တင်တင်အေးပါ။ သမီး ငယ်ငယ်တုန်းက ရုပ်ရှင်မင်းသမီး တင်တင်အေးနဲ့တူလို့ အဖေက သမီးကို တင်တင်အေးလို့ မှည့်ထားတာတဲ့။

မျက်လုံးဝိုင်းတာရော၊ မျက်နှာသွယ်ပုံရော တင်တင်အေးနဲ့ တူတယ်တဲ့။ သမီးကတော့ တင်တင်အေးကို ငယ်ငယ်က မကြည့်လိုက်ဖူးပါဘူး။ ဒါပေမဲ့ အရပ်ထဲမှာ တင်တင်အေးပါတဲ့ ရုပ်ရှင်ကား နှစ်ကား၊ သုံးကားကို ကြည့်ဖူးပါတယ်။ 'နှင်းပျောက်တဲ့နွေ'တို့၊ 'မုန်းတစ်လှည့် ပြုံးတစ်လှည့်'တို့ ထင်ပါတယ်။ ရုပ်ချင်းသာ ဆင်တာပါ။ ဘဝချင်းကတော့ မတူပါဘူး။ သူက ရုပ်ရှင်မင်းသမီး၊ သမီးက စံပယ်ပန်းရောင်းတဲ့သူ။ ဘာဆိုင်တာ မှတ်လို့။ တခြားစီပဲ။ ဘဝချင်း မတူသလို ပညာချင်လည်း မတူဘူး။ ဝတ်ပုံစားပုံချင်းလည်း မတူဘူး။ နာမည်ကျော်ပုံချင်းလည်း မတူဘူး။ သူက တစ်နိုင်ငံလုံးမှာ နာမည်ကျော်တာ။ သမီးက ဒီနားတစ်ဝိုက်က ကားသမားတွေ၊ ကားဆရာတွေ ကြားထဲမှာတွင် နာမည်ကျော်တာ။

ရုပ်ရှင်မင်းသမီး တင်တင်အေးကတော့ ဖျာပုံသူ၊ ဖျာပုံမယ်လို့ ပြောသံကြားဖူးတာပဲ။ သမီးကတော့ ရန်ကုန်သူ၊ ရန်ကုန်မှာ မွေးတာ။ ဒါပေမဲ့ ရန်ကုန်သူဆိုလို့ သိပ်တော့ အထင်မကြီးလိုက်နဲ့ဦးနော် ဦးလေး။

သမီး မွေးတာက ဟို ... မြောက်ဥက္ကလာပမြို့စွန်က ငမိုးရိပ်ချောင်းဘေးမှာ မွေးလာတာ။ ခုတော့ သမီးမွေးခဲ့တဲ့ တဲကလေးတောင် မရှိတော့ဘူး။ သမီးတို့က မြောက်ဥက္ကလာပမှာ တစ်နေရာပြီး တစ်နေရာ ပြောင်းနေတာဆိုတော့ ကိုယ် ချက်မြှုပ်တဲ့နေရာကိုတောင် မသိတော့ဘူး။

သမီးအဖေက အစတုန်းက ဆိုက်ကားသမားပါ။ ကိုစိန်လင်းလို့ ခေါ်ပါတယ်။ အဖေလည်း ရန်ကုန်မှာ မွေးတာပါပဲ။ အဖေတို့ ငယ်ငယ်တုန်းကတော့ မြောက်ဥက္ကလာတို့၊ ဘာတို့ မရှိသေးဘူးလို့ ပြောပါတယ်။ အဲဒီတုန်းက အဖေက ဦးဝိစာရကွက်သစ်မှာ နေတယ်လို့ ပြောပါတယ်။ ဦးဝိစာရကွက်သစ်ဆိုတာ ဦးလေးတော့ သိမှာပေါ့။ အဲဒီနေရာဟာ အခုတော်လှန်ရေးပန်းခြံ လုပ်ထားတဲ့နေရာဆိုတာ အဖေ ပြောမှ သိတာပါ။

အဖေက ငယ်ငယ်လေးကတည်းက ကျောင်းက ထွက်ပြီး ဆိုက်ကား အငှားနင်းပါတယ်။ အဖေတို့ ခေတ်တုန်းကတော့ ဆိုက်ကားငှားခက အုံနာကို တစ်နေ့ နှစ်ကျပ်ပေးရတယ်လို့ ပြောပါတယ်။ ဆိုက်ကားခကလည်း အနည်းဆုံး ပြားငါးဆယ်လို့ ပြောပါတယ်။ ဆိုက်ကားတစ်စီးလုံး ခေါ်ငှားမှ ဘယ်လောက်မှ မကျဘူးတဲ့။ တစ်ကျပ်၊ နှစ်ကျပ်လောက်ပေးရင် မြို့ထဲအထိတောင် ငှားလို့ရတယ်တဲ့။

ဒါပေမဲ့ အဖေကတော့ မြို့ထဲမှာ ဆိုက်ကားမနင်းပါဘူး။ မြေနီကုန်းတစ်ဝိုက်မှာပဲ နင်းပါတယ်။ အဲဒီတုန်းက ဗားကရာလမ်းမှာ မြင်းလှည်းတွေနဲ့ ဆိုက်ကားတွေပဲ ရှိပါတယ်။ မြင်းလှည်းကတော့ စမ်းချောင်းကနေ ဘုရားအထိတို့၊ စမ်းချောင်းကနေ ရွှေဂုံတိုင်၊ ဗဟန်းတို့၊ မြို့ထဲတို့ကို သွားပါတယ်။ ဆိုက်ကားကတော့ ဒီနားတစ်ဝိုက်တွင်ပေါ့လေ။

အဲဒီတုန်းက အဖေက မြေနီကုန်းအဝိုင်းနားမှာ ဆိုက်ကားဂိတ်ထိုးပြီး အဲဒီဆိုက်ကားဂိတ်မှာပဲ အမြဲ နင်းပါတယ်။ တခြား ဘယ်ကိုမှ မသွားဘူးတဲ့။ အဲဒီတုန်းက အဲဒီနားမှာ အရက်ဆိုင်တွေလည်း ရှိတယ်။ ဟို ... ဘယ်လိုပြောရမလဲ၊ မကောင်းတဲ့အိမ်တွေလည်း ရှိတယ်လို့ အဖေက ပြောတယ်။

ဒီတော့ ဆိုက်ကားနင်းရတာ အဆင်ပြေတယ်တဲ့။ ကောလိပ်ကျောင်းသားတို့၊ ဘာတို့ အရက်လာသောက်ရင်လည်း မြေနီကုန်းတစ်ဝိုက်က အကြိုရဲ့ဆိုင်မှာပဲ လာသောက်ကြတယ်တဲ့။ အကြိုဆိုတာ အဲဒီ

တုန်းက မြေနီကုန်းမှာရှိတဲ့ ဘောဂဗလ အရက်ဆိုင်ရဲ့ ပိုင်ရှင်ပါ။ အမေပြောဖူးလို့ ဒီဆိုင်နာမည်ကို ကောင်းကောင်း မှတ်မိနေတာပါ။

နောက်တော့ အဖေတို့နေခဲ့တဲ့ ဦးဝိစာရကွက်သစ် ပြောင်းရပါတယ်။ အဖေတို့နေတဲ့ မြေနီကုန်းနားက တဲကလေးတွေလည်း ပြောင်းရပြီး မြို့သစ်တည်လို့ တောင်ဥက္ကလာတို့၊ မြောက်ဥက္ကလာတို့ကို ပြောင်းရပါတယ်။ အဲဒီတော့ အဖေနဲ့ အမေ ကြိုက်နေကြပြီတဲ့။ သူတို့နှစ်ယောက်တွေ့သွားပုံကလည်း သိပ်တော့ မဆန်းဘူးပေါ့ ဦးလေးရယ်။

အဖေကလည်း အဲဒီနားက မြေနီကုန်းအဝိုင်းမှာ ဆိုက်ကားဂိတ်ထိုး၊ အမေကလည်း ဘောဂဗလ အရက်ဆိုင်ရှေ့မှာ ကြက်ခြေရိုးတို့၊ အမဲကြော်တို့ ရောင်းဆိုတော့ သူတို့နှစ်ယောက်ဟာ တွေ့ပြီး ချစ်ကြိုက်သွားကြတာ ဖြစ်မှာပေါ့။ အဲဒီတုန်းက အဖေက အသက် ၂၀ လောက်၊ အမေက အသက် ၁၈ နှစ်လောက်ပဲ ရှိဦးမှာပေါ့။ အဖေတို့၊ အမေတို့ အိမ်ပြောင်းရတော့ တစ်ယောက်တခြားစီ ဖြစ်သွားပါတယ်။ အဖေတို့က တောင်ဥက္ကလာပကို ပြောင်းသွားရပါတယ်။ အမေတို့က မြောက်ဥက္ကလာပကို ရောက်သွားပါတယ်။ နေရေးထိုင်ရေးတို့၊ အလုပ်အကိုင်တို့လည်း နည်းနည်းပါးပါးတော့ ကသီသွားတာပေါ့။

နောက်တော့ အဖေက တောင်ဥက္ကလာမှာပဲ ဆိုက်ကားနင်းပါတယ်။ အမေကတော့ မြောက်ဥက္ကလာဈေးနားက စက်ဆိုင်တစ်ဆိုင်မှာ အင်္ကျီတွေကိုယူပြီး ကြယ်သီးတံတပ်ပါတယ်။ အဲဒီတုန်းကတော့ အမျိုးသမီးတွေ ဝတ်တဲ့ အင်္ကျီတွေမှာ ကြယ်သီးကွင်းတို့၊ ဘာတို့ ပါတော့ ကြယ်သီးတပ်တဲ့ အလုပ်ဟာလည်း မဆိုးပါဘူး။ အိမ်စရိတ်ကလေး ဘာလေးကိုတော့ နည်းနည်းပါးပါး အထောက်အကူဖြစ်ပါတယ်။

အမေရဲ့အဖေက အလျင်တုန်းက လက်သမားဆရာကြီးပါ။ နောက်တော့ အိမ်ဆောက်ရင်း အိမ်ခေါင်ပေါ်က လိမ့်ကျတာနဲ့ ခါးရိုးကျိုးသွားပြီး အလုပ်မလုပ်နိုင်တော့ပါဘူး။ ဒီတော့ အမေတို့ သားအမိကပဲ ရှာဖွေကျွေးရပါတယ်။

အဖေဟာ တောင်ဥက္ကလာမှာသာ ဆိုက်ကားနင်းပေမဲ့ အလုပ်ကိုကောင်းကောင်း မလုပ်နိုင်ဘူး။ မြောက်ဥက္ကလာချည်းပဲ လာလာနေတယ်။ ဦးလေး စဉ်းစားကြည့်လေ။ တောင်ဥက္ကလာကနေပြီး မြောက်ဥက္ကလာကို

ဆိုက်ကားနဲ့ နေ့တိုင်းလာရတာဟာ နည်းတဲ့ခရီးလား။ တိုက်ရိုက်လမ်း မရှိတော့ ကမ္ဘာအေးဘုရားလမ်းမကြီးကနေပြီး တစ်ကွေ့ကြီး လာရတာ။ ဒါပေမဲ့ အဖေကတော့ နေ့တိုင်း လာတာပဲတဲ့။ ဒီလိုနဲ့ မြောက်ဥက္ကလာ ကိုချည်းပဲ လာလာနေတော့ အမေ့အလုပ်မှာ ထိခိုက်တယ်။ ဒါနဲ့ နောက် ကျတော့ မြောက်ဥက္ကလာဈေးနားက ဂိတ်မှာပဲ ဆိုက်ကားလာထိုးပြီး မြောက်ဥက္ကလာမှာပဲ နင်းသတဲ့။

မနက်လင်းတာနဲ့ အဖေဟာ ဆိုက်ကားတစ်စီးနဲ့ မြောက်ဥက္ကလာ ကို ရောက်လာပြီး မြောက်ဥက္ကလာဈေးနားက ဂိတ်မှာထိုး၊ တစ်နေကုန် မြောက်ဥက္ကလာမှာပဲ ဆိုက်ကားနင်း၊ ညနေမိုးချုပ်တော့မှ ဆိုက်ကား သိမ်းတော့တာပဲ။ အပြန်ကျတော့လည်း တောင်ဥက္ကလာအထိ ဆိုက်ကား နင်း ပြန်ရတာပဲ။

အဖေနဲ့ အမေ ကြိုက်နေတဲ့သတင်းဟာ ဘယ်လိုကနေ ဘယ်လို ပေါက်သွားသလဲ မသိဘူး။ အမေ့ရဲ့အဖေ နားကို ရောက်သွားတယ်။ ဒီသတင်းကိုကြားတော့ အမေ့ရဲ့အဖေက သဘောမတူဘူးတဲ့။ သူ့သမီး ကို ဆိုက်ကားသမားမယား အဖြစ်မခံနိုင်ဘူးပေါ့ ဦးလေးရယ်။ တကယ် တော့ လက်သမားဆရာရဲ့သမီးဟာ လက်သမားတို့၊ ဘာတို့နဲ့ပဲ ညား ပေါ့။ ခုလည်း အဖေ့ရဲ့ ဆိုက်ကားဆရာအလုပ်ဟာ ဒီလောက် ဂုဏ်ငယ် တဲ့အလုပ် မဟုတ်ပါဘူး။ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားရင် ပြီးတာပဲ မဟုတ်လား။ အဘိုးကြီးကတော့ ရှေးလူကြီးဆိုတော့ သူ့သမီးကို ဆိုက်ကားဆရာနဲ့ မပေးစားနိုင်ဘူးဆိုပြီး တဆူဆူ တပူပူ လုပ်နေတယ်။

နောက်တော့ အမေလည်း စိတ်ညစ်ညစ်ရှိတာနဲ့ အဖေနဲ့ ခိုးရာ လိုက်ပြေးပါတယ်။ အဘိုးက စိတ်ဆိုးလို့ အမေ့ကို တော်တော်နဲ့ ပြန် မခေါ်ပါဘူး။ ဒါနဲ့ အဖေနဲ့ အမေတို့ဟာ မြောက်ဥက္ကလာအစွန်က သူ ငယ်ချင်းတစ်ယောက်အိမ်မှာ နေကြရပါတယ်။ အဖေကတော့ ဆိုက်ကား နင်းမြဲ နင်းရတာပေါ့လေ။ အဘိုးက စိတ်ကြီးသူဖြစ်လေတော့ အမေ့ကို သေသည်အထိ ခေါ်မသွားတော့ပါဘူး။ အမေတို့ အိမ်ထောင်ကျပြီး တစ် နှစ်လောက်အကြာမှာပဲ အဘိုး ဆုံးသွားတယ် ထင်ပါတယ်။ အဘိုး ဆုံး တော့မှ အဘွားကလည်း သမီးကို ပြန်လက်ခံပြီး အမေတို့နဲ့ အတူတူ နေပါတယ်။

အမေတို့မှာ အဖေ့လုပ်စာနဲ့ မစားလောက်တဲ့အခါကျတော့ အဘွားနဲ့ အမေက ကျပန်း လုပ်ကိုင်စားသောက်ကြရပါတယ်။ ကျပန်းဆိုတာက ပဲပြုတ်ရောင်းတဲ့အခါ ရောင်း၊ ကုန်စိမ်းရောင်းတဲ့အခါ ရောင်း၊ မြောက်ဥက္ကလာထဲမှာရှိတဲ့ ပလတ်စတစ်စက်ရုံကလေးတွေမှာ ပလတ်စတစ်အဟောင်းတွေ ဆေး။ အလုပ်ကတော့ စုံလို့ပါပဲ။ သမီးတို့မှာလည်း လူဦးရေက များလာပြီလေ။ အဖေတို့၊ အမေတို့က သားသမီးခြောက်ယောက် မွေးပါတယ်။ အကြီးဆုံးကတော့ ယောကျ်ားလေးပါ။ သူက ခုနစ်တန်းလောက်ပဲ ကျောင်းနေလိုက်ပါတယ်။ ခုနစ်တန်းတောင် မအောင်ပါဘူး။ ဒါနဲ့ သူ့ကို အဖေ့ရဲ့သူငယ်ချင်းက မော်တော်ကားဝပ်ရှော့မှာ အလုပ်သွင်းပေးထားပါတယ်။ နောက်တော့ သူလည်း စောစောစီးစီး အိမ်ထောင်ကျပြီး အိမ်ခွဲသွားပါတယ်။ နောက်တစ်ယောက်ကတော့ မိန်းကလေးပါ။ သူလည်း ကျောင်းကောင်းကောင်း မနေလိုက်ရပါဘူး။ အိမ်အလုပ်ကို ကူလုပ်ပေးရင်းနဲ့ပဲ မော်တော်ကားဒရိုင်ဘာတစ်ယောက်နဲ့ ရသွားပါတယ်။ ကီလီဒိုင်ကို မနက်အစောကြီး သွားသွားပြီး ကုန်စိမ်းတို့၊ ငါးတို့ ဝယ်ရာကနေပြီး ဒရိုင်ဘာနဲ့ ညားသွားတာပါ။ သူကလည်း နောက်တော့ သာကေတကို ပြောင်းပြီး အိမ်ခွဲသွားပါတယ်။

နောက်တစ်ယောက်ကတော့ ယောကျ်ားလေးပါ။ သူကတော့ အိမ်ထောင်တို့၊ ဘာတို့ မကျသေးပါဘူး။ ဒါပေမဲ့ ဆိုးလွန်းလို့ အဖေက သူ့ကို အိမ်က နှင်ချထားပါတယ်။ ဆိုးသလားတော့ မမေးနဲ့ ဦးလေး။ ရန်ဖြစ်ပြီး ရဲစခန်းကိုရောက်ရတဲ့ အကြိမ်ပေါင်းကလည်း မနည်းတော့ဘူး။ ဆိုးတာကတော့ အရက်သောက်တာပဲ။ အရက်မူးပြီး ပြန်လာရင် အမေ့ကို ဂျီတိုက်တယ်။ အဖေရှိရင်တော့ အိမ်ကို သိပ်မလာရဲဘူး။ ကြို ရာမှာ နေတာပါပဲ။ ဘယ်လို လုပ်ကိုင်စားသောက်နေသလဲ ဆိုတာတော့ သမီးလည်း မသိဘူး။ တစ်ခါတလေမှာ တောင်ဥက္ကလာမှာ သွားနေတယ်။ တစ်ခါတလေမှာလည်း သာကေတမှာ သွားနေတယ်။ တစ်ခါတလေမှာလည်း ဘယ်ပျောက်နေမှန်း မသိဘူး။ လေးငါးလလောက်ရှိမှ မြောက်ဥက္ကလာဘက်ကို ရောက်လာတတ်တယ်။ အဲဒီတော့မှ သူ့ကို တွေ့ရတာပဲ။ အဖေ မရှိတုန်း အိမ်ကိုရောက်လာရင် အမေ့ကို ပိုက်ဆံတောင်းတယ်။ အမေကလည်း အဲဒီသားကျတော့ တော်တော်ချစ်ပုံရတယ်။

သူ ပိုက်ဆံတောင်းရင် ရှိသမျှ ပိုက်ဆံကလေးကို အဖေ မသိအောင် ကြိတ်ပေးလိုက်တာပဲ။ တစ်ခါတလေမှာ ပိုက်ဆံမရှိရင်လည်း ရှိတဲ့အဝတ်အစားကလေး၊ ဆံစုကလေးကို ပေါင်ပေးလိုက်တယ်။ တစ်ခါတလေကျတော့ သမီး စဉ်းစားမိတယ် ဦးလေး။ အမေတွေဟာ မတရားဘူးလို့။ ဆိုးတဲ့ကလေးတွေကိုကျတော့ သိပ်ချစ်၊ သိပ်အလိုက်လိုက်ပြီး လိမ္မာရေးခြားရှိတဲ့ သားသမီးကျတွေကျတော ဝတ်ကျေတန်းကျေပဲ ချစ်ကြတယ် မဟုတ်ဘူးလား ဦးလေး။

သမီးက စတုတ္ထသမီး။ သမီးအောက်မှာ မောင်လေးတစ်ယောက်နဲ့ ညီမလေးတစ်ယောက် ရှိသေးတယ်။ အဖေကလည်း အသက်ကြီးလာတော့ အလျှင်ကလို ဆိုက်ကားမနင်းနိုင်တော့ဘူးလေ။ အသက်ကြီးတဲ့လူ ဆိုက်ကားသမားဆိုရင် စီးတဲ့လူကလည်း သိပ်မစီးချင်ကြတော့ဘူး။ အားနာလို့လား၊ ဒါမှမဟုတ် အဘိုးကြီး ကောင်းကောင်း မရုန်းနိုင်တော့ဘူးလို့ ထင်လို့လားတော့ မပြောတတ်ဘူး။ ဒီအထဲမှာ အဖေက မျက်စိမှုန်တယ်။ မျက်စိမှုန်တော့ ညတို့၊ ဘာတို့ဆိုရင် ဆိုက်ကားနင်းလို့ မရတော့ဘူး။ တစ်နေ့ကို အုံနာခပေးပြီး ကျန်ရုံလောက်ပဲ နင်းတော့တယ်။ နေပူတဲ့အချိန် နင်းပြန်ရင်လည်း အဖေက အသက်ကြီးတော့ သိပ်မနင်းနိုင်ဘူး။ မိုးတွင်းကျတော့လည်း မကြာခဏ အအေးမိလို့ မနင်းနိုင်ပြန်ဘူး။ ပန်းနာရင်ကျပ်လည်း ရှိတော့ ဆေးဝါးခတို့၊ ဘာတို့ကလည်း ကုန်တယ်။

ဒီတော့ သမီးကလည်း ထွက်အလုပ်လုပ်ရတာပေါ့။ ဟုတ်ပါတယ်။ သမီးအသက် ၁၅ နှစ်ပဲ ရှိပါသေးတယ်။ မောင်လေးက ၁၂ နှစ်၊ ညီမလေးက ၁၀ နှစ်ပါ။ သူတို့အတွက် ကျောင်းစရိတ်တို့၊ ဘာတို့လည်း ကုန်တယ် မဟုတ်လား။ ဒီတော့ သမီး ကျောင်းဆက်မနေနိုင်တော့ဘူးလေ။ ခြောက်တန်းအောင်အပြီး ခုနစ်တန်းအရောက်မှာ ကျောင်းက ထွက်လိုက်တယ်။ ကျောင်းမထွက်ခင်ကတည်းက အလုပ်လုပ်ခဲ့တာ ခု ကျောင်းထွက်တော့လည်း အလုပ်လုပ်နေတုန်းပါပဲ။

သမီး အလုပ်လား။ သမီးက ဒီအရွယ်မှာ ဘာအလုပ် လုပ်တတ်ဦးမှာလဲ ဦးလေးရယ်။ သမီး ဆယ်နှစ်သမီးလောက်ကတည်းက အလုပ်လုပ်ခဲ့ရတာ။ ဆယ်နှစ်သမီးအရွယ်ဆိုတာ ဘာအလုပ် လုပ်တတ်မှာလဲ။

အိမ်ဖော်လုပ်ရင် လုပ်၊ ဒါမှမဟုတ်ရင် အကြော်တို့၊ ဘာတို့ လည်ရောင်းချင် ရောင်းပေါ့။ ဒါပဲ ရှိတာပေါ့။ အိမ်ဖော်တော့ မလုပ်ချင်ဘူး ဦးလေးရယ်။

ဒီတော့ သမီး ဆယ်နှစ်သမီး အရွယ်လောက်တုန်းက အကြော် လျှောက်ပြီးရောင်းတယ်။ ဒါပေမဲ့ သိပ်မကိုက်ဘူး ဦးလေးရဲ့။ အကြော်က ရာရေနဲ့ ရောင်းရတာ။ ကုန်ရင်တော့ မဆိုးပါဘူး။ မကုန်ရင် ရှုံးတယ်။ နောက်တော့ ရာရေနဲ့ မယူတော့ဘူး။ ကိုယ် နိုင်သလောက်ပဲ ယူရောင်းတယ်။ တစ်ခုမှာ ဆယ်ပြားလောက်တော့ ကျန်ပါတယ်။

မနက်ပိုင်းနဲ့ ညနေပိုင်း လှည့်ရောင်းလိုက်ရင် ကိုယ့်ဖို့ တစ်ဆယ်လောက်တော့ ကျန်ပါတယ်။ ဒါပေမဲ့ အကြော်ရောင်းရတာ ပင်ပန်းတယ် ဦးလေးရဲ့။ တစ်လမ်းဝင်၊ တစ်လမ်းထွက် လျှောက်ရောင်းရတာဆိုတော့ ပင်ပန်းတယ်။ ပင်ပန်းတယ်ဆိုတာ ခြေထောက်ညောင်းတာတို့၊ ဘာတို့က ဒီလောက် အကြောင်းမဟုတ်ပါဘူး။ သမီး ဒီလောက်တော့ အပင်ပန်းခံနိုင်ပါတယ်။ အဆိုးဆုံးကတော့ ဆာတာပဲ။ လမ်းချည်းပဲ လျှောက်နေရတော့ သိပ်ဆာတာပဲ။

ဒီတော့ ကိုယ် ရောင်းတဲ့ အကြော်ထဲကချည်း နှိုက်နှိုက်စားနေတော့ နေ့တွက် သိပ်မကိုက်ဘူးပေါ့။ အိမ်မှာလည်း ကောင်းကောင်း မစားရတော့ လမ်းမှာ ဈေးလျှောက်ရောင်းရင်း ဆာလာရင် အကြော်ပဲ နှိုက်စားလိုက်တာပဲ။ မှတ်မိသေးတယ် ဦးလေးရယ်။ တစ်ခါတော့ အိမ်က အကြော်ရောင်း ထွက်လာတယ်။ အိမ်မှာလည်း ထမင်းကြမ်းတို့၊ ဘာတို့ မကျန်ဘူး။ ဘာမှ မစားခဲ့ရဘူး။ အကြော်ဖိုရောက်မှ အကြော်ကလေး တစ်ခုလောက်စားပြီး အကြော်ရောင်း ထွက်လာတယ်။

တစ်လမ်းဝင်၊ တစ်လမ်းထွက် တတောက်တောက် လျှောက်နေရတော့ ဆာတာပေါ့ ဦးလေးရယ်။ ဒီတင် ဆာတိုင်း အကြော်တွေ နှိုက်နှိုက်စားလာတာ အဲဒီနေ့က အရင်းတောင် ပြန်မရပါဘူး။ အိမ်ရောက်တော့ အမေက ရိုက်လိုက်တာလေ၊ ဘာပြောကောင်းမလဲ။

နောက်တော့ အကြော်မရောင်းဘဲ သမီး ပန်းရောင်းပါတယ်။ စံပယ်ပန်းပေါ့လေ။ သမီးတို့ မြောက်ဥက္ကလာမှာ စံပယ်ပန်းခြံတွေ အများကြီး ရှိတယ်။ အဲဒီခြံတွေက စံပယ်ကို ဆယ့်နှစ်ရာသီလုံးလုံး ပွင့်အောင်

စိုက်ကြတယ်။ ညနေပိုင်းဆိုင်ရင် စံပယ်ဖူးတွေကို သွားခူးရတယ်။ ခြံတွေက ပန်းဒိုင်ကိုသွင်းတာလည်း ရှိတယ်။ ပန်းဒိုင်ဆိုတာက ရန်ကုန်တစ်မြို့လုံးမှာရှိတဲ့ စံပယ်ခြံတွေက စံပယ်ပန်းတွေကို လိုက်သိမ်းဝယ်ပြီး သူတို့ကမှတစ်ဆင့် ဈေးတွေကို လက်လီလက်ကား ဖြန့်တာပေါ့လေ။

သမီးတို့ကတော့ ပန်းဒိုင်ကြီးတွေကတစ်ဆင့် ယူတာမဟုတ်ပါဘူး။ ခြံက တိုက်ရိုက်ယူတာပါ။ ဈေးက အပွင့်တစ်သောင်းကို ခုနစ်ကျပ်ပါ။ အပွင့်ဆိုပေမဲ့ ညဦးပိုင်းမှာတော့ သိပ်မပွင့်သေးဘူးပေါ့လေ။ အဖူးကလေးတွေကို ခူးလာပြီး အိမ်ကျရင် ပိတ်စိမ်းပါးကလေးနဲ့အုပ်၊ ရေဖျန်းထားရပါတယ်။ အပွင့်ကလေးတွေ ပွင့်လာတော့မှ အပ်ချည်ကြိုးနဲ့ သီပါတယ်။

ရောင်းတမ်း ဆိုရင်တော့ အပွင့်တစ်သောင်းဆိုရင် စံပယ်ကုံး တစ်ရာလောက် ရတာပေါ့။ ကုံးရေနဲ့ရောင်းရင် နှစ်ဆယ်ဖိုး၊ အစိတ်ဖိုးလောက် ရှိမှာပေါ့။ ဒီတော့ ဒီထဲမှာ အပ်ချည်ကြိုးဖိုး၊ လုပ်အားခတို့ နုတ်လိုက်ရင် ကိုယ့်အတွက် တစ်ဆယ်လောက် ကျန်တာပေါ့။ လုပ်အားခဆိုတာကတော့ ထားပါတော့လေ။ တကယ်တော့ စံပယ်ကုံးသီတဲ့ လုပ်အားခဆိုတာ ဘာမှ ဖြစ်ဖြစ်မြောက်မြောက်ရတာ မဟုတ်ပါဘူး။

စံပယ်ကုံးတွေကို ညက သီထားပြီး မနက်အစောကြီးကျတော့ သမီး ရန်ကုန်ထဲကို သွားရောင်းပါတယ်။ ခရီးစရိတ်ကတော့ ကုန်တာပေါ့လေ။ အများအားဖြင့်တော့ ခရီးစရိတ်သက်သာအောင် မြို့ပတ်ရထားနဲ့ လိုက်ပါတယ်။ မြို့ပတ်နဲ့လိုက်ပြီး ဟံသာဝတီဘူတာမှာ ဆင်းပါတယ်။ ဆင်းပြီး လှည်းတန်းဈေးကို လာရောင်းပါတယ်။

ရှင် ... ဈေးထဲမှာ ချရောင်းတာ မဟုတ်ပါဘူး။ လှည်းတန်းဈေးကို ဈေးလာဝယ်တဲ့ ကားတွေမှာ လိုက်ရောင်းပါတယ်။ တချို့ကလည်း အိမ်မှာ ဘုရားတင်ဖို့ ဝယ်ပါတယ်။ တချို့ကလည်း မော်တော်ကား ရှေ့မှန်ခန်းမှာ ချိတ်ဖို့ ဝယ်ကြပါတယ်။ သမီးက တစ်နေ့ကို အကုံးသုံးရာလောက် ရောင်းရပါတယ်။ သိပ်တော့ မကျန်ပါဘူး ဦးလေးရယ်။ တစ်နေကုန် ရောင်းရတာ မဟုတ်လား။ မနက်စာ ထမင်းဖိုးက ရှိသေးတယ်။

ပြီးတော့ ဟိုပေးဒီပေး ပေးရတာက ရှိသေးတယ်။ မနက်စာကတော့ အိမ်က ပဲပြုတ်နဲ့ ထမင်းကြော်တော့ စားခဲ့ပြီးပါပြီ။ ဒါပေမဲ့ သိပ်ဆာတယ် ဦးလေးရဲ့။ တလျှောက်လျှောက် လုပ်နေရတော့ ၁၀ နာရီ

လောက်ဆိုရင် ဆာလာပြီ။ ဒီတော့ ထမင်းကြော် ဝယ်စားရတယ်။ ထမင်းကြော် ဆိုတာကလည်း တစ်ပန်းကန်ကို ရှစ်ကျပ်လောက် ပေးရတာ။

တစ်ခါတလေလည်း လှည်းတန်းဈေးမှာတင် ကုန်ချင်ကုန်သွားတယ်။ မနက်စောစော ဈေးဝယ်လာတဲ့ မော်တော်ကားတွေ စည်ချိန်မှာဆိုရင် လှည်းတန်းဈေးမှာ ရောင်းပါတယ်။ နေမြင့်လို့ ကားတွေ တော်တော် ရှင်းသွားပြီဆိုတော့ လှည်းတန်းမီးပွိုင့်မှာ သွားပြီး ရောင်းပါတယ်။ မီးပွိုင့်မှာ မော်တော်ကားတွေ ရပ်တယ် မဟုတ်လား။ ဒီတုန်းမှာ ရောင်းရတာပါ။ အဲဒီမှာ မကုန်ရင် ခတ်ဆီဆိုင်တို့၊ မြေနီကုန်း လက်ဖက်ရည်ဆိုင်တွေနဲ့ မြေနီကုန်းမီးပွိုင့်ကို သွားရောင်းရပါတယ်။

အမှန်ကတော့ မီးပွိုင့်မှာ မရောင်းရဘူး ဦးလေးရဲ့။ ရောင်းရင် ယာဉ်ထိန်းရဲက ဖမ်းတယ်။ တချို့ ယာဉ်ထိန်းရဲကြီးတွေကျတော့လည်း သဘောကောင်းရှာပါတယ်။ သမီးတို့ကို ဘာမှမလုပ်ပါဘူး။ အသာပဲ ကြည့်နေလိုက်တာပါပဲ။ တချို့ယာဉ်ထိန်းရဲကျတော့လည်း ... အမျိုးမျိုးပေါ့ ဦးလေးရယ်။

နေရာတကာမှာ လူကောင်းရှိသလို လူဆိုးလည်း ရှိတာပေါ့။ တချို့ လက်ဖက်ရည်ဆိုင်တွေရှေ့ကျတော့လည်း မိုက်ကြေးခွဲတဲ့လူတွေ ရှိသေးတယ် ဦးလေးရဲ့။ သူတို့ကို နည်းနည်းပါးပါး ပေးရတယ်။ နို့မို့ရင် ဆိုင်နားမှာ လာမရောင်းရဘူး။ ဒါက ဆိုင်တိုင်းမှာတော့ မဟုတ်ပါဘူး။ တချို့ဆိုင်တွေကျမှပါ။ သူတို့က လက်ဖက်ရည်ဆိုင်နဲ့လည်း ဘာမှမဆိုင်ဘူး။ ယာဉ်ထိန်းရဲတို့၊ ဘာတို့လည်း မဟုတ်ဘူး။ သက်သက်မဲ့ အနားတစ်ဝိုက်မှာ မိုက်ကြေးခွဲနေတာ။

မီးပွိုင့်မှာ စံပယ်ပန်းရောင်းရတာ အန္တရာယ်တော့ များတယ် ဦးလေး။ တစ်ခါတလေမှာ ကားကို မနည်းလွတ်အောင် ရှောင်ရတာတို့၊ ဘာတို့ ရှိတယ်။ တချို့ကားတွေကျတော့လည်း မီးဝါပြနေပေမဲ့ ဖွတ်မောင်းချင် မောင်းသွားတာ။ တချို့ကားကလည်း တခြားကားဘေးမှာ လူတစ်ယောက် ရပ်နေတာမှန်းသိလျက်နဲ့ အတင်းကပ်ပြီး ထိုးဝင်ချင် ဝင်လာတာ။

တစ်ခါတုန်းက သမီးနဲ့အတူ စံပယ်ကုံးရောင်းတဲ့ မသန်းဋ္ဌေးဆိုတဲ့ ကောင်မလေးတစ်ယောက် မီးပွိုင့်မှာ စံပယ်ပန်းတွေကို ကားဘေးမှာ ကပ်ပြီး ရောင်းနေတယ်။ ဒီတုန်းမှာ ကားကြီးတစ်စီးက အတင်း ဘေးနား

မှာ လာရပ်လို့ ကောင်မလေး ကားညပ်မိပြီး အဲဒီနေရာမှာပဲ ပွဲချင်းပြီး သေသွားတယ် ဦးလေးရယ်။ အဲဒီတုန်းက သမီးက တစ်ဖက်ယာဉ်ကြော မှာ ရောင်းနေတာ။ စိတ်မကောင်းလိုက်တာ ဦးလေးရယ်။ သွေးအိုင်ထဲ မှာ စံပယ်ကုံးကလေးတွေ ပြန့်ကျဲလို့။ သမီး စိတ်ထိခိုက်တာနဲ့ အဲဒီ မီးပွိုင့်ကို တစ်လ နှစ်လလောက် မသွားဘူး။ မျက်စိထဲမှာ သွေးစွန်းနေတဲ့ စံပယ်ပန်းကုံး နီနီကလေးတွေကိုပဲ မြင်နေတယ်။ အိပ်မက်ထဲမှာတောင် သွေးစွန်းတဲ့ စံပယ်ပန်းကုံး နီနီကလေးတွေကိုပဲ မြင်မြင်ပြီး ကယောင် ကတမ်း အော်နေမိတယ်။

ဒါပေမဲ့ သမီး အဲဒီမီးပွိုင့်ကို ကြာကြာမသွားဘဲ မနေနိုင်ဘူးလေ။ အဲဒီနေရာက ကားလမ်းတွေ အများကြီးဆုံနေတော့ စံပယ်ကုံးရောင်းလို့ သိပ်ကောင်းတာကိုး။ အဲဒီမီးပွိုင့်ကိုသာ ဦးဦးဖျားဖျား ရောက်သွားရင် တခြား ဘယ်နေရာကိုမှ သွားစရာမလိုတော့ဘူး။ တစ်နေရာတည်းမှာ တင် ကုန်သွားတယ်။ ဒါကြောင့် အဲဒီမီးပွိုင့်ကို ကိုယ်က ဦးအောင်သွား ရတယ်။

လက်ဖက်ရည်ဆိုင်နားမှာ ရောင်းတာကတော့ မော်တော်ကား အန္တရာယ်တို့၊ ဘာတို့ကို သိပ်မစိုးရိမ်ရပါဘူး။ ဒါပေမဲ့ တချို့ကားဆရာ တွေက မကောင်းဘူး ဦးလေးရဲ့။ ပန်းဝယ်တော့ တစ်ကျပ်ဖိုးလောက် ဝယ်ပြီး ရိသဲ့သဲ့ပြောတာတို့၊ ထိပ်ပုတ်ခေါင်းပုတ် လုပ်တာတို့ ရှိတယ်။ ခက်တာက သူတို့နဲ့ လိုက်လိုက်လျောလျော မနေပြန်ရင်လည်း တစ်မျိုး။

တစ်ခါတလေကျတော့လည်း စိတ်ညစ်ရတယ် ဦးလေးရေ။ စံပယ် ပန်းက တော်တော်နဲ့ မကုန်နိုင်ဘူး။ ဒီတော့ အရပ်ထဲကို လှည့်ရောင်းရ ပြန်ရော။ အဲ ... အရပ်ထဲ လှည့်ရောင်းရပြီဆိုရင်တော့ ဖတ်ဖတ်မောပြီ လို့သာ အောက်မေ့ပေတော့။ စံပယ်တွေ ရမယ်၊ စံပယ်တွေ ရမယ်လို့ ပါးစပ်က အော်လိုက်ရတာလည်း အမော။ လမ်းချည်းပဲ လျှောက်နေရ တော့ ဆာလည်း ဆာတယ်။ အဲဒီတော့ ဟိုဟာ ဝယ်စား၊ သည်ဟာ ဝယ် စားနဲ့ ပိုက်ဆံက အပိုကုန်ပြန်ရော။

သမီးလား၊ ကျောင်းတော့ မနေတော့ပါဘူး ဦးလေးရယ်။ စားရေး သောက်ရေးက ရှိနေတော့ ကျောင်းနေဖို့ စိတ်မကူးနိုင်တော့ပါဘူး။ အဖေကလည်း ကောင်းကောင်း မမာဘူး။ အမေကလည်း အဖေ့ကို ပြုစု

နေတာနဲ့ပဲ အချိန်ကုန်တာ မဟုတ်လား။ ပြီးတော့ မောင်လေးနဲ့ ညီမလေး တို့လည်း ကျောင်းထားရဦးမယ်။

သမီးမှာ မျှော်မှန်းချက် ကြီးကြီးမားမား မရှိပါဘူး။ မောင်လေးနဲ့ ညီမလေးကို ကောင်းကောင်း ပညာသင်ပေးနိုင်ရင် တော်ပါပြီ။ အဲ ... တစ်ခုတော့ ရှိတာပေါ့ ဦးလေးရယ်။ မြောက်ဥက္ကလာမှာဖြစ်ဖြစ် စံပယ်ခြံ ကလေး တစ်ခြံလောက်တော့ ပိုင်ချင်တယ်။ သမီးသာ စံပယ်ခြံကလေး တစ်ခြံလောက် ပိုင်ရင် စံပယ်တွေကို ဆယ့်နှစ်ရာသီ ပွင့်အောင် စိုက် မယ်။ စံပယ်ခြံအောင်ရင် ပန်းဒိုင်ကြီးတစ်ခု ဖွင့်မယ်။ ပန်းဒိုင်က ကြည့် တော့သာ ဘာမှမဟုတ်တာ၊ ဝင်ငွေ တော်တော်ကောင်းတာ ဦးလေးရဲ့။ ပြီးတော့ သမီးတို့လို ကျောင်းမနေနိုင်တဲ့ ကလေးတွေကို စံပယ်ပန်း ရောင်းတဲ့အလုပ် ပေးမယ်။ အဲ ... တစ်ခုတော့ ရှိတယ်။ မသန်းငွေး လက်ထဲမှာ မြင်လိုက်ရတဲ့ သွေးစွန်းနေတဲ့ စံပယ်ပွင့် နီနီကလေးမျိုးတွေ ကိုတော့ သမီး မမြင်ချင်ဘူး။ ဖြူဖွေးပြီး မွှေးနေတဲ့ စံပယ်ပွင့်ကလေး တွေကိုပဲ မြင်ချင်တယ်။

ကလျာ မဂ္ဂဇင်း

မေ၊ ၁၉၈၉။

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက
လှူဒါန်းပါသည်။

# အခန်း (၃)

# ဘဝ

## ငှဲဝမ်းပူဆာ မနေသာ
## ရဲ့ညှမ်း

ကြက်ကလေးရဲ့ခေါင်းကို ကလိုရီဖောင်း ဆွတ်ထားတဲ့ ဂွမ်းနဲ့ အုပ်လိုက်တော့ ခေါင်းကလေး ဆတ်ခနဲဖြစ်ပြီး၊ တစ်ကိုယ်လုံးလည်း ထွန့်ထွန့်နဲ့ အကြောဆွဲပြီး ငြိမ်ကျသွားတယ်။

ကြက်ကလေးမှာ ၃၅ ကျပ်သားကောင်လောက်လေး။ အမွေး ဆွတ်ဆွတ်ဖြူနဲ့ အမောက်နီနီလေးထွက်စ ရှိသေးတယ်။ သနားစရာလေး ပေမဲ့ သနားဖို့ ကိုဒေါင်း မစဉ်းစားနိုင်သေးဘူး။ နောက်ထပ် အနီကြား တွေရော၊ ပြာတွေရော အကုန်လုံးကို ကလိုရီဖောင်းပေး၊ မေ့အောင်လုပ်ရ ဦးမယ်။ သူ ဒီတက္ကသိုလ်ကြီးကို ရောက်လာစကတော့ ဒီလို ကြက်ကလေး တွေကို ကိုင်ရပြီဆို သိပ်သနားတာပဲ။ ခုတော့ နိစ္စဓူဝ လုပ်နေရတာဆို တော့ ရိုးသွားပြီ။ တက္ကသိုလ်ကြီးရဲ့ ရင်ပြင်မှာ ဖြတ်သန်းသွားကြတဲ့ ကျောင်းသားကျောင်းသူတွေရဲ့ အရေအတွက် များလာတာနဲ့အမျှ သူ လုပ်ပေးခဲ့ရတဲ့ ကြက်ကလေးတွေ၊ ငါးကလေးတွေ (တစ်ခါတစ်ရံ ပုတ် သင်ညိုတောင် ပါသေးရဲ့) ရဲ့ အရေအတွက် များလှပြီလေ။

သားသတ်သမား မဟုတ်ပေမဲ့လည်း သူ မေ့ဆေးပေးလိုက်တဲ့

ကြက်ကလေးတွေ၊ ဘဲကလေးတွေ၊ ဖားကလေးတွေခများ ခွဲစိတ်တဲ့ စား၊ ကတ်ကြေးတွေရဲ့အောက်မှာ အသက်ပျောက်ဆုံးသွားရတာပဲလေ။ ပညာရှာမှီးဖို့ သူတို့ခများ အသက်စွန့်ပေးရတာမို့ မွန်မွန်မြတ်မြတ်နဲ့ သေသွားရှာတာပါပဲလေဆိုပြီး ဖြေတွေး တွေးမိပေမဲ့ သူ့အသက်သတ်ခြင်းကို ကျူးလွန်မိနေပြီဆိုပြီး စိတ်မကောင်းဖြစ်ရတာလည်း ခဏခဏ။

ဒီလို ကြက်တွေ၊ ဘဲတွေ၊ ငါးတွေ၊ ဖားတွေ၊ တီကောင်တွေ၊ ပိုးဟပ်တွေ၊ သံကောင်တွေ ခွဲစိတ်ခံနေရလို့လည်း ကိုဒေါင်းတို့ မိသားစုလေး အူစိုရတာလေ။ ဒါကို သူများ ပြောပြရင်တော့။

'ဟယ် ... မင်းတို့က ပိုးဟပ်တွေ၊ တီကောင်တွေ၊ သံကောင်တွေပါ စားသလား'လို့ ကိုဒေါင်းတို့ မေးခံရဦးမယ်။

အဲဒီကောင်တွေကိုတော့ ကိုဒေါင်းတို့ ဘယ်စားလိမ့်မတုံး။ အဲ ... ခွဲစိတ်ပြီး ကျန်ခဲ့တဲ့ ကြက်၊ ဘဲ၊ ငါးတွေတော့ စားတာပေါ့။ ကံကောင်းရင် ပုစွန်တောင် စားရသေးတယ်။

ကျောင်းသားတကာ ကိုင်တွယ်ထားလို့ ပျော့ဖတ်ညိုမြည်းနေပေမဲ့ ကြော်လိုက်၊ ချက်လိုက်တော့လည်း ဈေးထဲက ဝယ်သလိုပါပဲ မထူးပါဘူး။ ဒီအကောင်လေးတွေကို ဦးစိန်၊ ဦးတင့်၊ ညီထွန်းတို့လို ကိုဒေါင်းနဲ့ အဆင့်တူ ဓာတ်ခွဲခန်းအကူတွေ ခွဲယူရတာလေ။ နောက်တော့ စားဝတ်နေရေးကို အဆင်မပြေလာကြလို့လား မသိဘူး။ ရုံးကရော၊ သန့်ရှင်းရေးအဖွဲ့ကရော တောင်းလာကြတယ်။ ဟိုတုန်းကဆို အိမ်ပြန်ယူပြီး ပိုလို့တောင် ရောင်းစားရတယ်။ ကိုဒေါင်းတို့ အလုပ်သမားရပ်ကွက်ကတော့ ဝယ်ကြတာပဲ။ ဈေးထဲက ဈေးနဲ့ ထက်ဝက်တောင်ကွာနေတာ မဟုတ်လား။

ငါးတွေ ခွဲရင်လည်း ပိုလွန်းလို့ ခွဲခြမ်း၊ အခြောက်လှန်း၊ ဆားသိပ်နဲ့ ငါးခြောက်၊ ငါးပိကောင်လုပ်ပြီး အခါကြီး ရက်ကြီးကျရင် ဆွေမျိုးသားချင်းထဲက လူကြီးသူမတွေ 'ကန်တော့' ဖြစ်သေးတယ်။

ခုတော့ အိမ်စားဖို့လေးကိုပဲ မနည်း လုပ်နေရတာ။ ဘာပဲဖြစ်ဖြစ် လေရှသလောက် အမြတ်ပဲပေါ့။

ကိုဒေါင်းတို့အဖို့ ဟင်းစားရတာအပြင် ဖားအတွက် ဖားရှာပေးရရင် ငွေစလေး၊ ဘာလေး အိတ်ထဲ ကပ်မိတယ်။ ဖားတစ်ကောင် တစ်ကျပ်ခွဲ ရတာ။ တက္ကသိုလ်နောက်က လယ်ကွင်းပြင်ကြီးကတော့ ကိုဒေါင်း

ဖားရှာတဲ့နယ်မြေပဲ။ ဝက်သတ်ရုံကတော့ သံကောင်ရတဲ့နေရာပေါ့။

အဲ ... ပိုးဟပ်ကျတော့ တစ်ကောင် ငါးမူးရပေမဲ့ ကိုဒေါင်း မဖမ်းချင်ဘူး။ ပိုးဟပ်ကိုတော ရွံကြောက်ကြီး။ နံကလည်း နံသေး။ ဒါကြောင့် တစ်ကောင် ၅ ကျပ်ပေးလည်း ကိုဒေါင်း မဖမ်းချင်ဘူး။ ညီထွန်းတို့ပဲ ဖမ်းကြတယ်လေ။

အားလုံး ခြုံကြည့်ရင်တော့ ဒီဌာနမှာ လုပ်ရတာ ကိုဒေါင်း ပျော်ပါတယ်။ နေစရာ အိမ်သေးသေးလေးတစ်လုံးလည်း ရတယ်။ အဲဒီမှာ ရေ၊ မီး အစုံရှိတယ်။ သားသမီးတွေနဲ့အတူ တီကောင်၊ ပုတ်သင်ညို၊ ဖားကလေးတွေ ရှာရင် ဆန်အိုးလေးတော့ အမြဲ ပြည့်စေတယ်လေ။

တစ်ခါတလေ တောင်ကြီးကောလိပ်တို့၊ မြစ်ကြီးနားကောလိပ်တို့ စတဲ့ နယ်ကောလိပ်တွေကနေ ဖားတွေရှာရှင် ကိုဒေါင်းတို့ ဆန်အိုးလေး ဖြည့်ပြီးတဲ့အပြင် သားတွေ၊ သမီးတွေအတွက် စာအုပ်ဖိုး၊ ခဲတံဖိုးလေးတွေ ပေးနိုင်တယ်လေ။

ဒီလို အဆင်ပြေနေတဲ့ကြားကကိုပဲ ကိုဒေါင်း နည်းနည်း စိတ်ကသိကအောက်ဖြစ်နေတာ ရှိတယ်။ ခွဲစိတ်ထားတဲ့ ကြက်တွေ၊ ငါးတွေ၊ ပုစွန်တွေ ပျောက်ပျောက်သွားတဲ့ ကိစ္စပဲ။ ကြာရင် သူတို့ ဓာတ်ခွဲခန်း အကူချင်း အထင်လွဲစရာ ဖြစ်လာနိုင်တယ်။ အတူတူ ခွဲယူရမှာကို တစ်ယောက်ယောက်က လူလည်ကျနေပြီလို့ မြင်မှာပေါ့။ ဒီလိုတော့ ကိုဒေါင်း အထင်မခံနိုင်ဘူးလေ။

ခက်တာက ဘယ်သူ့မှလည်း တပ်အပ်စွပ်စွဲလို့ မရဘူး။ ဆရာ၊ ဆရာမတွေနဲ့ ကျောင်းသားကျောင်းသူတွေထဲက မယူမှာတော့ သေချာတယ်။ စဉ်းစားကြည့်လေ။ တီကောင်၊ သံကောင်၊ ခရု၊ ပုတ်သင်ညိုလို လူတွေ မစားတဲ့၊ လူတွေ ရွံတဲ့ အကောင်တွေကို ခွဲစိတ်တဲ့ ဓားတွေ၊ ကတ်ကြေးတွေနဲ့ ကြက်တွေ၊ ငါးတွေကို ခွဲတာပဲ မဟုတ်လား။ ဆရာတွေနဲ့ တက္ကသိုလ်ကျောင်းသားတွေ လက်တွေ့ခန်းက ကြက်တွေ၊ ငါးတွေ ဘယ်စားမှာတဲ့လဲ။ ဖော်မလင်ဆေးနံ့က နံ၊ လူတကာ ကိုင်တွယ်လို့ ပျော့ဖတ် အိပြဲနေတာလေးတွေ ရွံကြမှာပဲ။

သေချာပါတယ်။ ကိုယ့်အချင်းချင်းထဲကတော့ လုပ်နေပါပြီ။ ကိုဒေါင်း အမိဖမ်းဖို့ စဉ်းစားလိုက်တယ်။

သစ်သားထရေးထဲမှာ ကြက်ကလေးက ပက်လက်ကလေး။ မလှုပ်မရှားအောင် လည်ချောင်းနဲ့ ခြေချောင်းတွေကို သံချောင်းလေးတွေနဲ့ မြဲအောင် ရိုက်ထားလိုက်တယ်။ ဇင်မောင်နဲ့ သက်နိုင် နှစ်ယောက် ခွဲရမယ့် အကောင်လေးတွေက မွေးမြူရေး ကြက်ဖလေးမို့ ဝဖီးဖီးရယ်။ သူတို့နှစ်ယောက်သား တစ်ချက်ကြည့်ပြီး ပြုံးလိုက်ကြတယ်။

သူတို့ လက်တွေ့ခွဲစိတ်ပြမယ့် ဆရာမက ဂလပ်စ်ရဲ့ အိတ်စတာနယ်ဖီးချားကို ရှင်းပြမယ်ဆိုတော့ သူတို့ လွယ်အိတ်ထဲက စာအုပ်လေးတွေ ထုတ်လိုက်ကြတယ်။

ကြက်ကို သတ္တအခေါ်မှာ ဂလပ်စ်လို့ ခေါ်တယ်။ ကျောရိုးရှိ ဇာတိဘရိတ်ဆိုတာကတော့ သိပါတယ်နော်၊ စသဖြင့် ဆရာမက ရှင်းပြတာကို သူတို့ လိုက်မှတ်ကြတယ်။ ဆရာမက အင်တာနယ်ဖီးချားကို ရှင်းပြမယ်ဆိုတော့ ဇင်မော်နဲ့ သက်နိုင်တို့ ခေါင်းလေးတွေ ရှေ့တိုးလာကြတယ်။ ဆရာမက ကြက်ရင်အုပ်လေးကို ဓားနဲ့ ခွဲလိုက်တော့ ဇင်မော့်ရင်ထဲလှုပ်ခနဲ ဖြစ်သွားသလို သက်နိုင်လည်း ရင်ကလေးချီပြီး အသာ သက်မချလိုက်တယ်။ ဆရာမကတော့ ကျွမ်းကျွမ်းကျင်ကျင်ပဲ၊ ခွဲစိတ်ဖြတ်တောက်ရှင်းပြနေတယ်။

ဆရာမ ရှင်းပြနေတဲ့ ကြက်ကလေးရဲ့ သွေးကြောတွေထက် အတုံးတုံး အတစ်တစ် ဖြစ်သွားတဲ့ ကြက်ကလေးကိုပဲ နှမြောစိတ်ဝင်နေကြတယ်။ နောက်ပြီး ဟာနေတဲ့ ဗိုက်ကိုလည်း ဒေါသဖြစ်နေတယ်။

လက်တွေ့အချိန်ကလည်း တကယ့်အချိန်၊ နေ့ခင်း ၁ နာရီကြီး။ မနက်ခင်း ၈ နာရီက အဆောင်မှာ စားခဲ့တဲ့ မန်ကျည်းစေ့လောက်ရှိတဲ့ ဝက်သားတုံးနှစ်တုံးပါတဲ့ ဟင်းနဲ့ ထမင်းကလည်း ဗိုက်ထဲမှာ ကျေညက်အစပျောက်နေကြပြီ။

မိဘတွေ ချို့ချို့တဲ့တဲ့နဲ့ ပို့လိုက်တဲ့ ပိုက်ဆံကလည်း အဆောင်ကြေး၊ ကျောင်းလခ၊ ဘာကြေး ညာကြေးနဲ့ တစ်လ တစ်လ ၁၅ ကျပ်တောင် မပိုတာမို့ ခုလို လကုန်ခါနီးမှာ အိတ်ကပ်ထဲ အကြွေစေ့တောင် မရှိတော့ဘူးလေ။ သူများတွေဆို လက်ဖက်ရည်ဆိုင် ငါးဆိုင်လောက်ထိုင်ပြီးပေမဲ့ သူတို့နှစ်ယေက်ကတော့ ၄ နာရီမှာ ကျွေးမယ့် ညနေစာကိုမျှော်ရင်း လက်တွေ့ လာလုပ်ရတာဆိုတော့ တကယ်ဆာတယ်။

စာမေးပွဲနီးလာတော့ ညဥ့်နက်ခံ စာကြည့်တော့လည်း အားနည်းနည်း ယုတ်တယ် ထင်ပါရဲ့။ ထမင်းက စားမကောင်းချင်ဘူး။ အဆောင်ထမင်းဟင်း မုန်းချင်နေပြီ။ အပြောင်းအလဲလေး စားချင်တယ်။ အရင်တုန်းက တစ်ခါတစ်ခါ လာတတ်တဲ့ စပါယ်ရှယ်ဒင်နာကလည်း မလာတာ ကြာပြီ။ တချို့ အဆောင်ကျောင်းသားတွေလို အိမ်က ကြော်လှော်ပေးလိုက်တဲ့ ဟင်းဘူးလေးတွေရှိရင်တော့ အဆောင်ဟင်း ဘာမှုစရာလိုလဲ။ ဇင်မော်နဲ့ သက်နိုင်တို့ကျတော့ အဆောင်က ကျွေးတာပဲ ကြိတ်မှိတ် စားနေရတာဆိုတော့ အဆောင်ထမင်းဟင်း မုန်းတော့တာပေါ့။ ဒါကြောင့်လည်း စောစောကတည်းက သူတို့နှစ်ယောက် တိုင်ပင်ထားကြတာလေး ရှိတယ်။

ဆရာမက 'မင်းတို့ မရှင်းတာ မေး'ဆိုတော့ နှစ်ယောက်သား ပြိုင်တူ ခေါင်းခါလိုက်ကြတယ်။ ပြီးမှ ဇင်မော်က ...

'ကျွန်တော်တို့ ထပ်ကြည့်ဦးမယ် ဆရာမ။ မသိမှဘဲ ဆရာမ လာမေးတော့မယ်'ဆိုပြီး ကတ်ကြေးတွေ၊ ဓားတွေ ဟိုကိုင်ဒီကိုင် လုပ်နေလိုက်တယ်။

ဆရာမလည်း 'အေးအေး'ဆိုပြီး ထွက်သွားတော့ သူတို့နှစ်ယောက် ပျော်ပြီး ပြုံးလိုက်ကြတယ်လေ။

ကိုဒေါင်း လက်တွေ့ခန်းထဲမှာ အလုပ်များနေတယ်။ ရေဇလုံတွေထဲ ရေလိုက်ထည့်ရတယ်။ ခွဲစိတ်ခုံပေါ် သစ်သားထရေးတွေ တင်၊ ခွဲစိတ်ကိရိယာတွေ လိုက်ချပေး။ တချို့ ကျောင်းသားအုပ်စုတွေကျ ကြက်ကိုသံရိုက်တာ မဖြောင့်လို့ လိုက်လုပ်ပေးရသေးတယ်။

ကျောင်းသားတွေ ကြက်တွေ ခွဲကြပြီဆိုတော့ ကိုဒေါင်း ခွဲစိတ်ခန်းထဲ လှည့်ပတ်ကြည့်နေလိုက်တယ်။ ဦးတင့်တို့၊ ညီထွန်းတို့ အခန်းတွေက ရတာနဲ့ သူ့အခန်းက ရတာ ပေါင်းလိုက်ရင် အကောင် ၃-၄ ဆယ်တော့ ရမှာပဲ။ ဒီအထဲမှ စားဖြစ်တာက ၂၀ ပိုပိုလောက်။ အားလုံးစု ခွဲရမှာ။ ရုံးအဖွဲ့က ရုံးလုလင် အေးသန်းတို့၊ လက်နှိပ်စက်စာရေး မောင်မျိုးတို့၊ သန့်ရှင်းရေးက ကိုဝတို့လည်း ခွဲပေးရမယ်။

ကိုဒေါင်း သူ့ကိုယ်တာအတွက် ၄-၅ ကောင်တော့ ရလိမ့်မယ်လို့ တွက်နေမိတယ်။ ဒါမှလည်း ဆန်အိုးထဲ ဆန်ဖြည့်နိုင်မှာ။ လကုန်တော့

မှာမို့ မိန်းမခါးကြားထဲ လိပ်ထားတာလေးတွေလည်း ပျောက်ကုန်ပြီ။ ဒါလေးတော့ ရောင်းတန်ရောင်း၊ ချက်တန်ချက် လုပ်ရမှာပဲ။ ဒါကြောင့် သူ့ကိုယ်တာလေး မလျော့အောင် ခွဲစိတ်နေတာကို ဂရုတစိုက် လိုက်ကြည့်တယ်။ အခန်းထဲ အဝင်အထွက်ကို သတိထားနေရတယ်။

ဒါကိုပဲ ကြက်တစ်ကောင် ပျောက်သွားတယ်။ ကိုဒေါင်း သေသေချာချာ မှတ်ထားတဲ့ ဝဖီးဖီး ကြက်ဖလေး။

ကိုဒေါင်း သတိထားရာက ဖြစ်သွားတာကို မကျေမနပ် ဖြစ်နေမိတယ်။

ကိုဒေါင်း လက်တွေ့ခန်းကနေ အပြင်ကော်ရစ်ဒါ ထွက်လာတော့ စာသင်ပြီးပြန်လာဟန်ရှိတဲ့ လက်ထောက်ကထိက ဆရာမကြီး ဒေါ်ခင်ဦးနဲ့တွေ့လို့ ပြုံးပြလိုက်တယ်။ ဆရာမကြီးက ခဏဆိုတဲ့သဘောနဲ့ လက်ကလေး ထောင်ပြတာမို့ ကိုဒေါင်း ရပ်နေလိုက်တယ်။ ဆရာမကြီးက သူ့နား ရောက်တော့ ...

'ဒီနေ့ ပရက်တီကယ် ဂဲလပ်စ် မဟုတ်လား'

'ဟုတ်ပါတယ် ဆရာမကြီး'

ကိုဒေါင်း ပျာပျာသလဲ ပြန်ဖြေတာကို ဆရာမကြီး ကျေနပ်သွားပုံရတယ်။ ပြုံးစစလေးတောင် ဖြစ်သွားလေရဲ့။ နောက်ပြီး ဆရာမကြီးက ကိုဒေါင်းနား ကပ်ပြီး စကားတိုးတိုး ပြောပြန်တယ်။ ကိုဒေါင်းက နားမပါးဘူး။ 'ခင်ဗျာ ... ခင်ဗျာ' နဲ့ လုပ်နေတာနဲ့ ဆရာမကြီး စိတ်ညစ်သွားတယ်။ စိတ်မရှည်တော့တာနဲ့ သူ့ပိုက်ဆံအိတ်ကြီးကို ဖွင့်ပြီး ပိုက်ဆံအိတ်ထဲက စာရွက်ပိုင်းလေးနဲ့ ဘောလ်ပင်အနီလေးကို ထုတ်လိုက်တယ်။

ဆရာမကြီး ပိုက်ဆံအိတ်ဖွင့်တော့ ကိုဒေါင်း လှမ်းကြည့်မိသေးတယ်။ ပိုက်ဆံအိတ်ထဲမှာ ကျပ်တန်တစ်ရွက်နဲ့ ငါးကျပ်တန်လေး တစ်ရွက်ပဲ တွေ့လိုက်ရတယ်။

ဆရာမကြီးက ဘေးဘီကိုကြည့်ရင်း စိတ်မချဟန်နဲ့ ကော်ရစ်ဒါ လက်ရန်းပေါ် စာရွက်လေးတင်ပြီး စာတစ်ကြောင်း၊ နှစ်ကြောင်း ရေးလိုက်တယ်။

'ဆရာမ အိမ်မှာ ဧည့်သည်တွေရောက်နေလို့ ခွဲစိတ်ထားတဲ့ ဂဲလပ်စ် ဝဝလေးနှစ်ကောင် အိတ်နဲ့ထည့်ပြီး အိမ်ပို့ပေးစမ်းပါ။ ဘယ်သူမှ မသိ

စေနဲ့နော်’

ကိုဒေါင်း စာဖတ်နေချိန်မှာ ဆရာမကြီး မျက်နှာတွေ နီပြီး ရှက်နေပုံရတယ်။ ‘ညွှေ့သည်’ ဆိုတာလေး ထည့်ရေးထားလို့ တော်ပါသေးရဲ့လို့ အောက်မေ့ရင်း လက်ချောင်းတွေက လဆန်းရက်ကို တွက်ချက်ချိုးနေမိတယ်လေ။

ရန်ကုန်သစ်မဂ္ဂဇင်း

ဩဂုတ်၊ ၁၉၈၈။

## ဦးမက်ပျော်၏ ကိုယ်ရေးအကျဉ်း
**မင်းနွယ်စိုး**

ဦးသာထိုသည် စီးပွားရေးပျက်ပြီးနောက် ဘာမှ ဟုတ်တိပတ်တိ မည်မည်ရရ မလုပ်တော့ချေ။ အရပ်ထဲ၌ ဥပသကာလိုလို၊ အသံဒါနရှင် လိုလိုနှင့် လတ်လျားလတ်လျား ဖြစ်နေသည်။ ဓမ္မာရုံမှာ လူစုစုရှိလျှင် ဦးသာထိုကို တွေ့ရမည်။ ဘာပြင်ရန်၊ ညာပြင်ရန်၊ ဘာအတွက်၊ ညာအတွက် အကြောင်းအမျိုးမျိုးပြပြီး တစ်လမှာ ရက်နှစ်ဆယ့်နှစ်လောက် ဖွင့်သည့် ကောက်သင်းကောက် အလှူခံစခန်းမှ 'လော်'ထဲမှာတော့ ဦးသာထို အသံကို အမြဲ ကြားရမည်။ သူ့ကိုယ်သူ အသံဒါနရှင်ဟု တင်စားပြီး အရပ်ကို အသံဖြင့် နှိပ်စက်ပေါင်းများလှပြီ။ အလှူခံစခန်းမှ မက်ခွက်ကို သူတစ်ယောက်တည်း ပိုင်သလိုလို။ ထို့ကြောင့်လည်း အရပ်ထဲမှာ သူ့ကို 'ဦးမက်ပျော်'ဟု ခေါ်ကြသည်။

ဦးမက်ပျော်မှာ စီးပွားပျက်သည် ဆိုသော်လည်း စားဝတ်နေရေး အတွက်တော့ ပူရန်မလို။ မိသားစု သုံးယောက်သာရှိသည့်အတွက် သူ့ အိမ်အောက်ထပ် ငှားထားသော လခ၊ သူ့ဇနီးနှင့် သူ့သမီး အပေါင်ခံစား၍ ရသော ဝင်ငွေနှင့် လောက်သည်။

ဦးမက်ပျော် အိမ်မှာ လက်ဖက်ရည်ဆိုင်ဖွင့်မည် ဆိုသောအခါ ဒီလူကြီး ရူးပြီဟု အရပ်ထဲမှ မှတ်ချက်ချသည်။ ဦးမက်ပျော် အိမ်မှာ ဆင်ခြေဖုံးရပ်ကွက်အတွင်း လမ်းသွယ်နှင့် လမ်းကျဉ်းကလေးထောင့်မှာ ရှိသည်။ လမ်းမတန်း မဟုတ်၍ လက်ဖက်ရည်ဆိုင်ဖွင့်လျှင် စျေးကွက်စီးပွားရေးအရ အကျိုးရှိမည် မထင်။ သေသေချာချာ စုံစမ်းကြည့်တော့ ဦးမက်ပျော် မရူး။ လက်ဖက်ရည်ဆိုင်ကို ဦးမက်ပျော် ဖွင့်မည်မဟုတ်။ သူ့အိမ်အောက်ထပ်ကို တစ်ဝက်ခြမ်း၍ လမ်းထောင့်ကျသော အပိုင်းကို လက်ဖက်ရည်ဆိုင်ဖွင့်ရန် ငှားရမ်းခြင်းသာ ဖြစ်သည်။ အရပ်ထဲက လူများက ဦးမက်ပျော် ဆိုရင် အကောင်းမမြင်။

'ထင်သားပဲကွာ။ ဦးမက်ပျော်ကြီး ဒီလောက် သတ္တိမရှိပါဘူး။ သူ ပိုက်ပြီး သူများ ဒုက္ခရောက်အောင် သက်သက် ထောင်ချောက်ဆင်တာ။ လူပါးကြီး'

* * *

'သိန်းမင်းကဖီး' ဖွင့်လှစ်သည့်နေ့က လူအတော်ကျသည်။ သည်အရပ်၊ သည်ဇာတ်က သည်လိုပင်။ အလကား ဆိုသည့်စကား မကြားလိုက်နှင့်၊ ကြားသည့်နေရာ လူအုံပြီ။ လက်ဖက်ရည်ဆိုင်အသစ် ဖွင့်သည်ဆိုတော့လည်း လက်ဖက်ရည် အလကားတိုက်သည်။ တချို့လူကြီးတွေ အားမနာတတ်ပုံများ ဩချလောက်သည်။ ဘုစုခရုကလေးများ လက်ဆွဲ၍ လာရောက်အားပေးသည်။

ဆိုင်ပိုင်ရှင်မှာ လူငယ်ကလေးတစ်ဦးသာ ဖြစ်သည်။ အသက် အစိတ်ဝန်းကျင်လောက် ရှိမည်။ အညာသား။ စားပွဲထိုးကလေးများက ကျောင်းနေရမည့်အရွယ်၊ လူမမည်လေး သုံးယောက်။ အညာသားလေးတွေ။ မိဘများထံ ခိုကိုးရန် လောက်သော အကြောင်းအချက်တို့ မပြည့်စုံ၍ သိန်းမင်းကဖီးသို့ ရောက်လာဟန်တူ၏။ ကလေးဆိုတော့ သွက်သွက်လက်လက်။

ဆိုင်ရှင်မှာ လက်ဖက်ရည်ဆိုင် အတွေ့အကြုံ ရှိဟန် တူသည်။ ကိုယ်တိုင် လက်ဖက်ခြောက်စပ်၊ ကိုယ်တိုင် လက်ဖက်ရည်ဖျော်၊ ကိုယ်တိုင် ငွေပေးငွေယူလုပ်၊ ဦးဆောင်နိုင်သည်။ ဆိုင်ရှင်လေးကို ကြည့်၍ အရပ်ထဲက သနားကြသည်။

'ကောင်လေးက သနားပါတယ်ဟယ်။ ကိုယ်မွေးရင် ကိုယ့်သား လောက်ပဲ ရှိဦးမယ်။ မရှိ ရှိတာလေး စုဆောင်းပြီး ဒီဆိုင်ကို ဖွင့်ရတာနဲ့ တူတယ်'

'အေးဟယ်။ ဒီလိုနေရာမျိုးမှာ ဖွင့်မယ့်အစား လမ်းမတန်းမှာ ဖွင့်ဖို့ ကောင်းတယ်'

'လမ်းမတန်းက ဆိုင်စပေါ်နဲ့ ဆိုင်လခကို မတတ်နိုင်လို့နေမှာပေါ့'

'ဟင်း ... လက်ဖက်ရည်သောက်ရတာတောင် ဘယ်လိုဖြစ်သွားမှန်း မသိဘူး'

... ... ...

... ... ... ...။

'ဒီလက်ဖက်ရည်လောက်ဆို သောက်ပျော်ပါတယ်ဗျာ'

'ဖွင့်စမို့ပါ။ နောက်ဆိုရင် နွားမတမ်းသေးရည် ဖြစ်သွားမှာ ကျိန်းသေပါတယ်'

'ဟေ့လူ ... ခင်ဗျားက သူများတိုက်တဲ့ လက်ဖက်ရည်လည်း အလကား သောက်သေး၊ တိုက်တဲ့သူကိုလည်း မွှီချိုးမျှစ်ချိုး ပြောသေး။ အပင်းဆို့နေလိမ့်မယ်၊ ကြည့်လုပ်'

'အဟွတ် ... အဟွတ် ... ဟွတ်'

ထိုအချိန်မှာပင် လက်ဖက်ရည်ဆိုင်ထဲမှ ကက်ဆက်သီချင်းသံက

'ကျွန်တော်တို့ ရပ်ကွက်ထဲမှာ ဒီလိုပဲ ရှိတယ် ... ကျွန်တော်တို့ ရပ်ကွက်ထဲမှာ ဒီလိုပဲ ရှိတယ်'

ဟု ထပ်ကာထပ်ကာ လာ၏။

* * *

သိန်းမင်းကဖီးသည် အရပ်ထဲက ခန့်မှန်းထားသလို ဖြစ်မလာပေ။

သိန်းမင်းကဖီးမှာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၏ ရသကို ပေးစွမ်းနိုင်သည့်အတွက် လူစည်ကားလာသည်။ လက်ဆလက်ကျ မှန်မှန်၊ လက်ဖက်ရည်၊ ပဲနံပြားနှင့် အီကြာကွေး၊ ချိုမြမြ ဂီတသံ၊ အားလုံးကို စုပေါင်းလိုက်သောအခါ သိန်းမင်းကဖီးသည် ချစ်စရာပင်ကောင်းလာသည်။

ဆိုင်ရှင် အညာသား လူငယ်လေးမှာလည်း ဆက်ဆံရေးကောင်းသည်။ စားပွဲထိုးလေးများမှာလည်း အညာသံဝဲဝဲနှင့် နှစ်လိုဖွယ် ကောင်း

သည်။ ချိုစိမ့်၊ ချိုပေါ့၊ ချိုကျ၊ ချိုပြင်း၊ ချစ်ကောင်း၊ ဂိတ်ဆုံး ... စသည့် နှစ်သက်ရာကို လိုသလို မှာနိုင်သည့်အတွက်လည်း နာမည်ကောင်း ရလာသည်။

'လမ်းမတန်း ထွက်သောက်တော့လည်း ဒီလက်ဖက်ရည်ပဲကွာ။ ဘာထူးလို့လဲ။ ခြေတောင် ညောင်းသေး။ သိန်းမင်းမှာ သောက်တာပဲ ကောင်းပါတယ်'

'ခင်ဗျားပဲ ကြာရင် နွားမတမ်းသေးရည် ဖြစ်မယ်ဆို'

'ဒါကတော့ ခန့်မှန်းချက်လေ။ မိုးလေဝသ ခန့်မှန်းချက်တောင် မှားသေးတဲ့ဥစ္စာ။ ငါ မှားတာ အဆန်းလားကွ'

'ဟား ... ဟား ... ဟား ...'

ဆိုင်ရှင်လေးမှာ အရပ်ထဲမှ လူငယ်များနှင့် အလွမ်းသင့်သည်။ ကိုယ်ပိုင်ကက်ဆက် မရှိရှာသော အရပ်ထဲမှ လူငယ်တချို့သည် သူတို့ နှစ်သက်ရာရာ သီချင်းခွေတို့ကို ငှားယူလာပြီး သိန်းမင်းကဖီးမှာ ဖွင့် ခိုင်းတတ်သည်။ ဆိုင်ရှင်ကလေးသည် 'ပြင်ပတိပ်ခွေ ဖွင့်မပေးပါ'ဟု သူ့ဆိုင်တွင် စာတန်းမထိုး။ အလျဉ်းသင့်သလို လိပ်ပတ်လည်အောင် ဖွင့်ပေးတတ်သည်။ လူကြီးလူငယ် အကျုံးဝင်သော သိန်းမင်းကဖီးသည် အချိန်နှင့်အမျှ တိုးတက်စည်ပင်လာသည်။

စည်ပင်၍ပင် မဆုံးမီမှာပင် သိန်းမင်းကဖီး ပြဿနာတက်သည်။

'ကျုပ် ဘာဆက်လုပ်ရမှန်း မသိတော့ဘူး။ သူ တောင်းတဲ့ စပေါ်၊ သူ တောင်းတဲ့ လခအပြင် တစ်အိမ်လုံးသုံးတဲ့ မီတာခကိုလည်း ကျုပ် တစ်ယောက်တည်း ဆောင်ရတာ။ ခု ခြောက်လစာချုပ်ပြည့်တော့ ဦးသာထို က သူ့အိမ်ကို ဆက်မငှားတော့ဘူးတဲ့။ ဆိုင်ခန်းလခ နှစ်ရာပိုပေးမယ် ဆိုတာကိုလည်း ငြင်းတယ်။ ဦးနှောက်ပဲဗျာ ...'

ဆိုင်ရှင်လေး စကားကို အရပ်ထဲမှ သနားကြသော်လည်း ဝင်ရောက် စွက်ဖက်၍ မဖြစ်နိုင်။ ဦးမက်ပျော် အိမ်ဆိုတော့ ဦးမက်ပျော် သဘော။ တောင်မင်း မြောက်မင်း မကယ်နိုင်။ စပေါ်သုံးသောင်း၊ ဆိုင်လခ ထောင့် နှစ်ရာကို ဦးမက်ပျော် ဘာကြောင့် စွန့်လွှတ်လိုက်သနည်း ဆိုသည်ကို တော့ အရပ်ထဲမှ နားမလည်။

* * *

သိန်းမင်းကဖီးမှ အညာသားတစ်သိုက် ဆုတ်ခွာပြီး တစ်ပတ်ခန့် အကြာတွင် ဦးမက်ပျော် သဘောထားအမှန်ကို သိရသည်။ သိန်းမင်းကဖီး ဆိုင်းဘုတ်ပြုတ်သွားပြီးနောက် ဦးမက်ပျော်က အိမ်အောက်ထပ် တစ်ခန်းလုံးကို ဖွင့်ထုတ်လိုက်သည်။ ထို့နောက် ထိုင်ခုံထိုင်ခင်း အကျအန နှင့် အဖျော်ဆရာ၊ အကြော်ဆရာတို့ကို ငှားကာ 'ဥဒေါင်းမင်းကဖေး' ဟူသော ဆိုင်းဘုတ်ကို တင်လိုက်သည်။

ဆိုင်ဖွင့်ပွဲတွင် ဦးမက်ပျော်ကို အရပ်ထဲမှ အပြစ်မတင်ကြ။ ဦးမက်ပျော်က လက်ဖက်ရည်နှင့် စမူဆာ တိုက်ကျွေးသည်ကိုး။ ဒီတစ်ခါ ဦးမက်ပျော် ကြီးပွားတော့မည်ဟုပင် ကောင်းချီးပေးကြသည်။ လက်ဖက်ရည် ဆိုင်ပိုင်ရှင် ဦးမက်ပျော်မှာ အသံဒါနပြုရန် အလှူခံပင် မလိုက်နိုင်တော့။

ဆိုင်ဖွင့်စမှာ အလုည့်ကျ ကောင်တာထိုင်သော ဦးမက်ပျော်သည် လည်းကောင်း၊ ဦးမက်ပျော်၏ ဇနီးသည်လည်းကောင်း၊ ဦးမက်ပျော်၏ သမီးသည်လည်းကောင်း ဥဒေါင်းမင်းကဖေးကို များစွာ မျှော်လင့်ဟန် ရှိသည်။ ပြုံးမိန့်မိန့်ကြီးနှင့် ဦးမက်ပျော်သည်လည်းကောင်း၊ အာသွက် လျှာသွက်နှင့် ဦးမက်ပျော် ဇနီးသည်လည်းကောင်း၊ ပြိတီတီနှင့် ဦးမက် ပျော် သမီးသည်လည်းကောင်း စားသုံးသူများအပေါ် လိုက်လျောညီထွေ ဆက်ဆံ၏။

ဦးမက်ပျော်တို့ မိသားစု ရွှင်ရွှင်ပျပျ။

အချိန်တို့ ပြောင်းလဲလာသည်နှင့်အမျှ ဦးမက်ပျော်တို့ မျက်နှာ ထား ပြောင်းလာသည်။ ကက်ဆက်သံလည်း မကြားရတော့။ ပျက်သည် ဆိုပြီး မပြင်ဘဲ ထားသည်။ လက်ဖက်ရည်ဖျော်သူလည်း ဦးမက်ပျော် ဇနီးနှင့် စကားများကာ ထွက်သွားပြီ။ အကြော်ဆရာလည်း ဂျုံပိသာစား မကိုက်၍ ပြေးပြီး ဥဒေါင်းမင်းမှာ မုန့်မစုံတော့။ ဦးမက်ပျော်ဇနီး ကိုယ်တိုင် ဖျော်သော လက်ဖက်ရည်မှာလည်း နွားမတမ်းသေးရည်။

ဥဒေါင်းမင်းကဖေးမှ လပိုင်းအတွင်းမှာပင် အပြောင်းလဲကြီး ပြောင်းလဲသွားသည်။ 'ရှယ်'၊ 'ဝမ်းတီးချိုပေါ့'၊ 'ဝမ်းကော်ခါး'၊ 'အောထား'၊ 'တူးနံပြားမှာ ဝမ်းထော'၊ 'ပဲအီကြာ' စသည့် လက်ဖက်ရည်ဆိုင် ဘာသာ ဗေဒတို့ တိတ်ဆိတ်နေပြီ။

ဥဒေါင်းမင်းကဖေး ဆွံ့အသွားပြီ။

ကောင်တာမှာ ခပ်ငူငူ ထိုင်နေသော ဦးမက်ပျော် မျက်နှာထားမှာ အားရစရာမရှိ။ ခေါင်းမှာ ပြာအဖွေးသားနှင့် လက်ဖက်ရည်ဝယ်မည့်သူကို မျှော်နေသည့် ဦးမက်ပျော်၏ဇနီးမှာ စိတ်ပျက်စရာပင် ကောင်းနေသေးသည်။

သို့သော် ဦးမက်ပျော်သမီးမှာ ဆတ်ကော့လတ်ကော့ မပျက်။ ဖြီးဖြီးလိမ်းလိမ်း ပြင်ပြင်ဆင်ဆင်၊ ပြီတီတီ မျက်နှာထားပင် မပျက်။ အရှုံးကြီး ရှုံးနေသော ဥဒေါင်းမင်းကဖေးမှာ သူမနှင့် မဆိုင်သလိုပင်။ သီတင်းဝါလ မလွတ်ခင်မှာပင် ဦးမက်ပျော် သမီးသည် ဥဒေါင်းမင်းကဖေး၌ အချိန်များစွာ ဖြုန်းတတ်သော အရပ်ထဲမှ ယောင်ခြောက်ဆယ်တစ်ဦးနှင့် ခိုးရာလိုက်သွားကြောင်း ကြားရ၏။

အရပ်ထဲမှ မျှော်လင့်ထားသလို ဦးမက်ပျော် မကြီးပွားနိုင်တော့။ ဥဒေါင်းမင်းကဖေးကို အရှုံးနှင့်ပိုင်းပြီး ပိတ်လိုက်ရတော့သည်။

ဦးမက်ပျော်မှာ စိတ်ဒုက္ခ ဖိစီးနေဟန်ရှိသည်။

အလှူခံစခန်းသို့ ဦးမက်ပျော် ပြန်ရောက်လာပြီး အသံဒါနပြုရာ၌ ဒါနခန်း၊ သီလခန်းတို့နှင့် တက်တက်ကြွကြွ ဝေဝေဆာဆာ မရှိ။ မေတ္တာပို့သံလည်း မကြားရတော့။

ရန်ကုန်သစ်မဂ္ဂဇင်း

ဒီဇင်ဘာ၊ ၁၉၉၅။

# ကြက်ချေး

မစန္ဒာ

ဟွန်း … ကောင်မကိုက နံ့နံ့စော်စော်၊ ငါးပိရောင်းနေရလို့သာ တော်တော့တယ်။

အဖုံးမဲ့ ကရင်ပတ်(ပ်)ဘူးကို ဖွင့်ကာ တို့ပတ်ရိုက်နေသော ခင်မိကို ဘဲဥသည် ဒေါ်ကျေးက မျက်စောင်းနှင့် ကြည့်သည်။ ဒီမိန်းမကို သူ မကျေမနပ်ဖြစ်နေသည်မှာ ကြာလှပေပြီ။

'ကျေနပ်နိုင်ပါ့မလား။ သူ့ကြောင့် တို့ဈေးသည်တွေ အကုန်လုံး ရောပြီး သိက္ခာကျနေရတဲ့ဟာကို'

ဟုတ်သည်။ ခင်မိကြောင့် သူတို့တွေ သိက္ခာကျရသည်မှာ အမှန်ပင်။ ခင်မိက သိက္ခာရှိသည့်မိန်းမ မဟုတ်။ အကျင့်ကောင်းသည့်မိန်းမ မဟုတ်။

'အလကား … ငါးပိစော်နံ့တဲ့ ကြက်မ'

ဒေါ်ကျေးက ပါးစပ်ထဲမှ ကွမ်းတံတွေးများကို မြေပြင်ပေါ်ကို ပျစ်ခနဲ ထွေးချသည်။ ကွမ်းဖတ်များက စွဲထားသော သွားများ၏နောက်ဘက်တွင် ကျန်ခဲ့ကာ အရည်ချည်း သက်သက်ကသာ သွားကြားထဲမှ

နေပြီး အပြင်ဘက်သို့ ထွက်သွားသည်။

ဟို ... နားလေးပါးလေး မိန်းမကြီးကလည်း ဘာမှမပြောဘဲ ကြည့်ကောင်းနေသလား မသိ။

ခင်မိနှင့်အတူ ဆိုင်ထိုင်သည်က သူ၏အဒေါ် ဒေါ်စိန်ဥ ဖြစ်သည်။ သူက စိပ်ပုတီး တချောက်ချောက် စိပ်ရန်အပြင် ဘာကိုမှလည်း စိတ်မဝင်စား။ ဘာလာပြောပြောလည်း မကြား။ သို့သော်လည်း သူက ဈေးရောင်းရာတွင်တော့ တော်သည်။ ဈေးဝယ်သူက ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက် ကြိုက်ရာကို လက်ညှိုးထိုး။ သူက တက်ဈေး၊ ကျဈေး တစ်လုံးမှ မလွဲဘဲ ချက်ခနဲ ပြောနိုင်သည်။ အချိန်အတွယ်ကိုကား နှုတ်ခမ်းလှုပ်သည်ကို ကြည့်ပြီး သူ သိသည်။ အတိအကျ ချိန်တွယ်ပေးတတ်သည်။ ငွေကိုလည်း မမှားမယွင်း တောင်းနိုင်၊ အမ်းနိုင်သည်။

ခက်သည်က ခင်မိ။

သူက ငါးပိ၊ ငါးခြောက်ဆိုင်တွင် ထိုင်နေသော်လည်း ငါးပိတစ်ခုတည်း ရောင်းသည်မဟုတ်။ နံနက်ပိုင်းတွင် ဟန်မပျက် ဈေးရောင်းသော်လည်း ယခုလို ဆွမ်းခံချိန်ရောက်ပြီး ဈေးကွဲစပြုလျှင် တို့ပတ်ကလေး တပြင်ပြင်၊ နှုတ်ခမ်းနီကလေး တသသ လုပ်တတ်သည်။ ဆိုက်ကားသမား အောင်ချိန်က ဆိုင်ရှေ့တွင် ဖြတ်လျှောက်ပြီး မျက်ရိပ်ပြလိုက်လျှင် သူကလည်း ဟိုလိုလို ဒီလိုလိုနှင့် ဆိုင်ပေါ်မှ လှစ်ခနဲ ဆင်းလိုက်သည်။ ထို့နောက် အောင်ချိန်၏ ဆိုက်ကားပေါ်တွင် ပါသွားတတ်သည်။ ဂရုစိုက်ကြည့်နေသော ဒေါ်ကျေးက ကောင်းကောင်း သိသည်။

'ကောင်မ ... သူ့ကိုယ်သူ လုံလှပြီထင်နေ။ ဟင်း ... သူ ဘယ်ကိုသွားပြီး ဘာရောင်းနေသလဲ၊ မိကျေးတို့က သိလိုက်တာမှ နောလို့'

ဒေါ်ကျေးက ကွမ်းတံတွေးများကို ပျစ်ခနဲ ထွေးချလိုက်ပြန်သည်။ အနီရောင် ကွမ်းတံတွေးများကြားတွင် အင်္ကျီအနီ ဝတ်ထားသော ခင်မိပါ တလိမ့်ခေါက်ကွေး ရောပါသွားသည်ဟု ထင်လိုက်မိပြီး စိတ်ထဲတွင် အားရကျေနပ်သွားသည်။

'ဘဲဥ ဘယ်လောက်လဲ'

ဘဲဥဈေးမေးသံ ကြားတော့ ခင်မိဆီသို့ရောက်နေသော ဒေါ်ကျေး၏စိတ်သည် သူ့ရှေ့မှ ဘဲဥဗန်းဆီသို့ ဒိုင်းခနဲ ပြန်ရောက်လာသည်။

'ဒီဘက်က သုံးဆယ်၊ ဟိုဘက်က သုံးဆယ့်နှစ်'

ဝယ်သူ၏မျက်နှာကို မကြည့်မိသေး။ ဘဲဥရွေးနေသော လက်ချောင်းဖြူဖြူတုတ်တုတ်တွင် ဆင့်ပြီး ဝတ်ထားသော အနီရောင်၊ အပြာရောင်၊ အစိမ်းရောင် လက်စွပ်သုံးကွင်းကို ငေးကြည့်ရင်း 'ဆယ်ကွင်းလုံး ယူရင်တော့ ငါးမူးလျှော့ပေးသွား'ဟု အယောင်ယောင် အမှားမှားနှင့် ဆက်ပြောသည်။

'ကြက်ဥကရော'

'ဆယ်ကွင်း၊ အဲ ... ဆယ်လုံး သုံးဆယ်'

'အလုံးလေးတွေက သေးလိုက်တာ'

'သေးပေမဲ့ လတ်တယ်ကွယ်။ မနက်ကမှ ခြံက လာပို့တာ၊ ခြံဥတွေ'

'ဘဲဥ၊ ကြက်ဥများ ဒီလောက်အထိ ဈေးကြီးသွားမယ်လို့ မထင်ပေါင်။ အလျှင်တုန်းကများဆိုရင် ပေါမှပေါ'

'အလျှင်တုန်းကဈေး ဒီနေ့ လာမပြောနဲ့ ညီမရေ။ ဒီနေ့ဈေးလည်း မနက်ဖြန်ကျရင် ပြန်မပြောနဲ့။ နလုံးရောဂါ ဖြစ်တတ်တယ်'

ကိုယ့်အတွေးနှင့်ကိုယ် စိတ်အချဉ်ပေါက်နေသဖြင့် ဒေါ်ကျေးသည် အလျှင်ကလို 'ဘဲဥက ဟင်းဖြစ်ပါတယ် ညီမရဲ့။ လွှင့်ပစ်စရာလည်း အခွံပါးပါးလေး ပါပဲဟာ။ မန်ကျည်းနှစ်နဲ့ အချဉ်ဆီပြန်လေးကို မဆလာလေးအုပ်ပြီး ချက်၊ သံပရာရည်ဖျော်၊ ရေကနဖော့လေး တို့၊ အိုး ... ကြက်သား၊ ဝက်သားနဲ့ မလဲဘူးကွယ်နော်။ အသားဟင်း သုံးဆယ်ဖိုးဆိုရင် ဘာရမှာလဲ။ ဘဲဥ သုံးဆယ်ဖို့ ဆယ်လုံး ချက်လိုက်ဆိုရင် ညမနက်စာ ပြီးရော၊ ဟုတ်ဘူးလား ညီမရယ်၊ ဘာရယ်'နှင့်လည်း ဝေဝေဆာဆာ တိုက်တိုက်တွန်းတွန်း ပြောချင်စိတ် မရှိလှပေ။ မဝယ်ချင်လည်း ထွက်သွားပါစေ။ ဝယ်ချင်သူက လာဝယ်လိမ့်မယ်။ ဘာပဲဖြစ်ဖြစ် ဘယ်ခေတ်ပဲ ရောက်ရောက် ဘဲဥ၊ ကြက်ဥ ဟူသည်မှာ အိမ်ရှင်မတို့အကြိုက် တွက်ခြေကိုက်သော ဟင်းလျာသာ ဖြစ်သည်။ ဈေးဝယ်လာသော အရာရှိကတော်ကြီးပင် တစ်ပတ်လျှင် တစ်ခါ နှစ်ခါတော့ ဘဲဥဆိုင်ရှေ့မှာ ရပ်ရပြီ ဖြစ်သည်။

'မစား မဖြစ်လို့သာ စားနေရတာယ်။ ကိုယ့်ဗိုက်တောင် ကိုယ်

မသဒ္ဓါတော့ဘူး'

ပိုက်ဆံအိတ်ထဲမှ တွန့်ဆုတ်ဆုတ် ထွက်လာသော ဆယ့်ငါးကျပ်တန် နှစ်ရွက်ကို ခပ်သွက်သွက် လှမ်းယူရင်း ဒေါ်ကျေးက စိတ်ထဲမှနေ၍ 'စိန်တွေ၊ ရွှေတွေ ဝတ်ထားပြီး ကိုယ့်ဗိုက်တောင် ကိုယ် မသဒ္ဓါဘူးဆိုရင်လည်း အငတ်နေပေါ့တော်'ဟု အငေါ်တူးတူးနှင့် ပြောမိသည်။ သို့သော် နှုတ်ကမူ အကျင့်ပါနေသည့်အတိုင်း 'ငါးမူး လျှော့ပေးလိုက်တယ်။ နောက်လာဝယ်နော်'ဟု ခပ်ချိုချို ပြောသည်။

'ဝယ်မှာ၊ ဝယ်မှာ မပူနဲ့၊ စိတ်ချ။ လူတွေက ကြက်သားထက် ကြက်ဥကို ကြိုက်တယ်'

ဒေါ်ကျေး၏ဘေးတွင် ကပ်လျက်နေရာယူထားသော ကြက်သားသည် မောင်တိုးက သူ့ရှေ့တွင်ရှိသော ဇန်းထဲမှ ကြက်သုံးခြမ်းကို စိတ်ပျက်လက်ပျက်နှင့် ကြည့်ရင်း ပြောသည်။ သူက ဆိုင်ခုံရှိသူ မဟုတ်။ ဒေါ်ကျေးလိုပင် ဇန်းချပြီး ပုံကျရောင်းရသူ ဖြစ်သည်။ ဒီကြက်ကလေး မနက်ဈေးတွင် ကုန်သွားလျှင် နေ့ခင်းပိုင်းတွင် ခဏတစ်ဖြုတ် နားနိုင်မည်။ မကုန်လျှင်တော့ ထိုင်ပေတော့ မကုန်မချင်း။ ယခုလည်း ဈေးကွဲနေပြီမို့ ဒီကြက်သုံးခြမ်း ကုန်ဖို့တော့ တယ်ပြီးလမ်းမမြင်။ ဈေးကွဲချိန်တွင် ဘာကလေးများ ပေါပေါရလိမ့်မလဲဟူသော အတွေးနှင့် ယောင်ပေပေ ရောက်လာတတ်သော အိမ်ရှင်မတို့လည်း ဈေးမေးလိုက်၊ ထွက်သွားလိုက်၊ ထိုင်ကြည့်လိုက်၊ လှည့်သွားလိုက်ဆိုတော့ မောင်တိုး အတော်စိတ်ညစ်နေသည်။ 'ဟွန်း ... ခုနေသော ထီပေါက်ကြည့်။ ဒီကြက်သုံးခြမ်းကို ဘယ်သူ့မှ မရောင်းဘဲ ခွေးကျွေးပစ်လိုက်မယ်'ဟု စိတ်ချဉ်ပေါက်ပေါက်နှင့် တွေးနေသည်။

'နင့်ကြက်က ဘယ်ဈေးလဲ'

'ဆယ့်ငါးကျပ်'

'အမယ်လေးတော် ... သူများဆိုင်က ဆယ့်သုံးကျပ်၊ ဆယ့်လေးကျပ်နဲ့ ရောင်းတာကို'

'တူမလားဗျ၊ သူတို့ကြက်နဲ့ ကျုပ်ကြက်။ ဟောဒီမှာ ကြည့်။ ခြောက်သယောင်းနေတဲ့ ကြက်။ ဒီမှာ အလေးရော ကြည့်ဦးမလား။ ဒီလို အလေး ဘယ်ဆိုင်က သုံးသလဲ။ ယှဉ်ကြည့်စမ်းပါဗျာ။ ကြိုက်သလောက်

ယှဉ်ကြည့်စမ်းပါ။ ဘယ်တော့မှ အလေးမခိုး၊ ရေမထိုးတဲ့ ကြက်သည်၊ မောင်တိုး လူပျိုသိုးတဲ့။ အဟက် ... ဟက် ...'

မောင်တိုးက ခပ်ကြွားကြွား ရယ်တော့ ဒေါ်ကျေးက မြင်ပြင်းကတ်ကတ်နှင့် မျက်စောင်းထိုးသည်။

'နင် ခိုးတာ အကုန်သိတယ်။ ကြော်ငြာမနေနဲ့'

'ကြော်ငြာရတယ် အစ်မရေ။ ကျုပ်တို့ကတော့ သိုးတယ်ဆို။ သိုးတယ်။ ရှင်းရှင်းပဲ။ သူများတကာလိုတော့ လတ်ဆတ်ချင်ယောင် ဆောင်မနေဘူး'

မောင်တိုးက သဘောရိုးနှင့် ပြောသော်လည်း နားစွန်နားဖျားကြားလိုက်သော ခင်မိကတော့ မျက်နှာပျက်သွားသည်။ သူ့လက်ထဲမှ ကရင်ပတ်(ပ်)ဘူးကို ဖျတ်ခနဲ ပိတ်ကာ တစ်ဖက်သို့ ဆတ်ခနဲ လှည့်သွားသည်။

ကြက်သားရောင်းရန်က လွဲပြီး ဘာကိုမှ စိတ်မဝင်စားသော မောင်တိုးကမူ ခင်မိ မျက်နှာပျက်သွားသည်ကို သတိထားမိဟန် မတူပေ။ ခုတ်ထစ်ပြီး ပစ်ထားသော ကြက်နှုတ်သီးများ၊ စလုတ်များ၊ အစာအိမ်ဖတ်များကို အင်ဖက်ကြီးကြီးတစ်ခုထဲတွင် စုထည့်ရင်း ထင်ရာမြင်ရာ သီချင်းတစ်ပုဒ်ကို ကောက်ဆိုသည်။

'မခင်နှင်းဆီရဲ့ ... နှမ်းဆီဈေးကလေးကို ကျနေတာပဲ ကြည့်နေချင်သည် ... ဈေးကလေးတွေ တက်မှာကိုလည်း စိုးရိမ်ပါသည်'

'အင်း ... နှမ်းဆီဆိုလို့ အချိုမှုန့်နယ်ပြီး နှပ်ထားတဲ့ လက်ဖက်သား အိအိလေးကို နှမ်းဆီစစ်စစ်လေး ဆမ်းပြီး စားချင်လိုက်တာဟယ်'

ဒေါ်ကျေးက တမ်းတမ်းတတ တွေးရင်း ဗိုက်ထဲက နာသလိုလိုရှိသဖြင့် ရင်ခေါင်းကို ညာလက်နှင့် အသာဖိထားလိုက်သည်။ ထို့နောက် တင်ပါးကို မသိမသာ ကြွကာ လေလည်သည်။ အရှိန်နှင့်ထွက်လာသော လေသံက အတော်အတန် ကျယ်သော်လည်း လမ်းမမှ ကားဟွန်းသံနှင့် ရောသွားသည်။ သို့သော် ခက်သည်က အနံ့။ အသံက ရောသွားသော်လည်း စူးစူးရှရှ ထွက်လာသော အနံ့ကတော့ ဘာနှင့်မှ မရော။ သူများဆီ မရောက်မီ ကိုယ့်ဘာသာကိုယ် မြန်မြန်ရှူလိုက်သော်လည်း ကုန်အောင်တော့ မရှူနိုင်။ သူ၏ လေကြေအရပ်မှနေပြီး 'ကျစမ်းပါ ဈေးကလေးကို

စောင့်ကြည့်ချင်သည်'ဟု သံနေသံထားနှင့် ဟစ်မည့်ဟန်ပြင်နေသော မောင်တိုးခမျာ သူ့သီချင်းကို ဆက်မဆိုနိုင်ဘဲ ရပ်သွားသည်။ နှာခေါင်းကို သိသိသာသာ ရှုံ့ရင်း 'ဘဲဥက ပုပ်တာလား၊ လူက ပုပ်တာလား အစ်မကြီးရေ'ဟု စူအောင့်အောင့် လှမ်းမေးသည်။

'သေနာကောင်၊ သူဖြင့် တစ်သက်လုံး အီးတစ်ခါမှ မပေါက်ဖူးတာကျနေတာပဲ။ ရိုင်းလိုက်တာ'

ဒေါ်ကျေးက မျက်နှာထားတင်းတင်းနှင့် မကြားချင်ယောင် ဆောင်နေလိုက်သည်။ ထို့နောက် အင်း ... ငါ ဝမ်းချုပ်နေတာလည်း သုံးရက်ရှိပြီပဲ။ ဒီတော့လည်း အနံ့ဆိုးတော့မှာပေါ့ဟု ဆက်၍ တွေးကာ ရယ်ချင်သွားသည်။ ထိုစဉ်တွင် ဗိုက်ထဲမှ နာလာပြန်သည်။ ဒီတော့လည်း ဒုတိယအကြိမ် ကြုံကြိုက်ရပြန်သည်။ 'အန္တရာယ်ကိုတော့ လွယ်မထားနိုင်ဘူးတော်ရေ'

ဒီတစ်ခါတော့ မောင်တိုးက ဘာမှမပြောတော့ပေ။ သူ့ရှေ့မှ ကြက်သားဇန်းကို ကုန်း၍ မ,ကာ ခင်မိတို့ ဆိုင်ခုံဘေးသို့ ခပ်သုတ်သုတ် ရွှေ့သွားသည်။ ဈေးလည်းကွဲ၊ ကုန်လည်း ကုန်ပြီမို့ ပြန်သွားပြီဖြစ်သော ဒိန်ချဉ်သည်၏နေရာတွင် ဝင်ထိုင်သည်။

'အင်း ... နဂိုကတည်းက အဲဒီနား သွားချင်နေတဲ့ ကာလနာ။ ခုတော့ အတော်ပဲ ဖြစ်သွားတာပေါ့'

ဒေါ်ကျေးက ဘဲဥဇန်းအောက်တွင် ထိုးထည့်ထားသော ကွမ်းယာကို ဆုပ်ကာ ပါးစပ်ထဲသို့ ထပ်ထည့်သည်။ ပါးစပ်ထဲမှ လက်ကျန် ကွမ်းယာဖတ်နှင့် နောက်ရောက်လာသော ကွမ်းရွက်၊ ကွမ်းသီးတို့ ရောပြီး သမသွားအောင် ခပ်သွက်သွက် ဝါးသည်။ မျက်စိနှင့် နားကတော့ ဆိုင်ခုံပေါ်မှ ခင်မိနှင့် ဆိုင်အောက်မှ မောင်တိုးတို့ဆီသို့ ရောက်နေသည်။

'အစ်မလေး ... ကြက်သား မစားဘူးလား'

'စားချင်ရင် ရှင်က အလကားပေးမှာလား'

'မရက်စက်ပါနဲ့ဗျာ။ ထီပေါက်ရင်တော့ အလကား ပေးပါ့မယ်။ ဒီတစ်ခါတော့ ဝယ်ပါဗျာနော် ... အစ်မ'

'ဝယ်ချင်တာပေါ့ ကိုမောင်တိုးရယ်။ မနက်ကတောင် အဖေက ကြက်သားပြုတ်ကြော် စားချင်တယ်လို့ ပြောနေသေးတယ်'

'ဒါဖြင့်ရင် ဒီလက်ကျန်လေး ယူသွားပါဗျာ။ ဆယ့်လေးကျပ်ဈေးနဲ့ ပေးလိုက်မယ်လေ'

'အင်း'

ခင်မိက သက်ပြင်းရှည်ကိုချကာ ဝင်းဝါသော ကြက်ရင်ပုံခြမ်းလေးများကို ငေးကြည့်နေသည်။

'အင်း ... ကောင်မကို ငါက အမြင်ကတ်မယ်သာ ကတ်နေတာ။ တကယ်တော့ သနားလည်း သနားစရာပါလေ။ အဖေက လေဖြတ်၊ တစ်ယောက်ရှိတဲ့ မောင်ကလည်း အရိုးပျော့ရောဂါရှိလို့တဲ့။ ဖယ်ယမ်း ဖယ်ယမ်း ဆတ်တောက် ဆတ်တောက်နဲ့။ ဟော ... အဒေါ်ကျပြန်တော့လည်း တစ်မျိုး။ သူ့နား စကာဒ်ဒုံးကျည် ကွဲသွားရင်တောင် ဘယ်သူ အီးပေါက်လိုက်တာလဲ မေးချင် မေးနေဦးမှာ'

ဒီတစ်ခါတော့ ဒေါ်ကျေးက မေတ္တာရှေ့ထားပြီး ကရုဏာနှင့် တွေးမိသည်။

'ယူလိုက်စမ်းပါ အစ်မရာ။ ကျွန်တော့်ကြက်က ရေလွတ်၊ အလေးပြည့်'

'ယူချင်ပါတယ်ဆိုမှ။ ဈေးကြီးလွန်းလို့ဟာကို'

'ဆယ်လေးကျပ်ဈေးနဲ့ ယူလေဗျာ။ ဒီ့ထက်တော့ မလျှော့နိုင်ဘူး အစ်မလေးရေ။ ကျွန်တော်တို့က စလုတ်ထဲမှာ ဆန်အပြည့်နဲ့၊ အမွေးအတောင် မစင်တဲ့ ကြက်ကို ဆယ့်သုံးကျပ်နဲ့ ဝယ်ရတာ။ ပြန်ရောင်းတော့ စလုတ်ဖြုတ်ပါ၊ ခြေထောက် ခုတ်ပါနဲ့ ရေမထိုးဘဲ မှန်မှန်ရောင်းတာ။ ဒီ့ထက် မလျှော့နိုင်လို့ပါဗျာ'

ခင်မိက ဝယ်မယ့်ပုံ သိပ်မပြတော့ မောင်တိုး စိတ်တိုချင်လာသည်။ 'အခုနေသာ ထီပေါက်ကြည့်။ ဒီကြက် သုံးခြမ်းလုံးကို အဟုတ်ကို ချပြီး ခွေးကျွေးမယ်'ဟု ဒုတိယအကြိမ် တွေးမိပြန်သည်။

အခုနေသာ ငါက 'ဟဲ့ ... မောင်တိုး၊ ဒီကြက် သုံးခြမ်းလုံးကို ချိန်လိုက်စမ်း။ ငါ အကုန်ယူမယ်လို့ ပြောလိုက်ရရင် ဘယ်လောက် အရသာရှိလိုက်မလဲ'ဟု တွေးရင်း ဒေါ်ကျေးသည် ပါးစပ်ထဲတွင် ပြည့်လာသော ကွမ်းတံတွေးများကို ယောင်ယမ်းပြီး မျိုချလိုက်သည်။

'ဟော ... အောင်ချိန်'

စိတ်ကူးထဲတွင် ကြက်သားဟင်းစားရင်း မေးစင်းနေသော ဒေါ်ကျေး၏ မျက်လုံးအစုံသည် ဈေးတန်းထဲသို့ ခပ်ကိုင်းကိုင်း ဝင်လာသော အောင်ချိန်ကို လှမ်းတွေ့လိုက်ကာ ပြန်ပြီး ပြူးသွားသည်။

ဒီတစ်ခါတော့ အောင်ချိန်က မျက်ရိပ်ပြ၍ မခေါ်။ ခင်မိဆီသို့ ယောင်လည်လည်နှင့် လျှောက်သွားသည်။ စိမ်းစားငါးပိကို ငုံ့ကြည့်သလိုလို၊ ငါးဖောင်ရိုးခြောက်ကို ကိုင်ကြည့်သလိုလိုနှင့် ခင်မိနား ကပ်ကာ တိုးတိုး ပြောသည်။ ခါးကို ရှေ့သို့ကိုင်းကာ အစွမ်းကုန် နားစွင့်သော်လည်း သူ ဘာပြောသနည်း။ ဒေါ်ကျေး လုံးဝ မကြားလိုက်ပေ။

'အို ... ဒီလောက်နဲ့တော့ ဘယ်ဖြစ်မလဲ'

ခင်မိအသံက တိုးသော်လည်း ဒေါ်ကျေး ကြားဖြစ်အောင် ကြားလိုက်သည်။ အောင်ချိန်က ခေါင်းကုတ်သည်။ ထို့နောက် ခါးကို ကိုင်းကာ တိုးတိုး ပြောပြန်သည်။ ခင်မိက နှုတ်ခမ်းကို တင်းတင်းစေ့ကာ ခေါင်းယမ်းသည်။

'ဒီလိုဆိုလည်း နေလေ၊ နင့်သဘောပဲ'

အောင်ချိန်က ပခုံးကိုတွန့်ကာ ပုစွန်ခြောက်တစ်ကောင် ကောက်စားသည်။ နားရွက်ကြားတွင် ညှပ်ထားသော ဆေးပေါ့လိပ်ကို ဖြုတ်၍ ပါးစပ်တွင် တပ်သည်။ ထို့နောက် မီးမညှိဘဲ ဖွာရင်း ပြန်လှည့်ထွက်သွားသည်။

'ဟွန်း ... အလကားကောင်၊ ဒင်းလို အကောင်တွေ ကာလနာ အပြန်တစ်ရာ တိုက်ပါစေတော်'

မလှုပ်တလှုပ်နှင့် ထွက်သွားသော အောင်ချိန်၏ကျောပြင် ရှည်ရှည် ပြားပြားကြီးကို မုန်းတီးစွာ ကြည့်ရင်း ဒေါ်ကျေးက ကျိန်ဆဲသည်။ ခင်မိကို သနားသလိုလိုဖြစ်နေသော ကရုဏာစိတ်ကလေးများသည်လည်း ဘယ်ဆီ ရောက်ကုန်သည် မသိ။ အကုန်လုံး ကြက်ပျောက် ငှက်ပျောက် ပျောက်သွားသည်။

'အဖေကြီးက စားချင်တယ် ပြောနေတာ၊ ဝယ်ကျွေးလိုက်ပါလား အစ်မလေးရာ'

အလိုက်ကန်းဆိုး မသိသော မောင်တိုးက သူ့ကြက်ကို အတင်း ရောင်းနေပြန်သည်။ ဒီကြက်သား မကုန်လျှင် ဒီနေရာတွင် သူ ဆက်ထိုင်

နေရဦးမည်မို့ တွေ့ရာလူ၊ နီးရာလူကို မရရအောင် အတင်းရောင်းတော့မည် ထင်သည်။

'ဒီလောက် ဖြစ်နေတာ ကိုယ့်ဘာသာကိုယ် ချက်စားလိုက်ပါလားလို့'

'မစားနိုင်လို့ ရောင်းနေရတာပေါ့ဗျာ'

'ဒီလိုဆို ဈေးလျှော့'

အချီအချ ပြောနေသော သူတို့ကို လှမ်းကြည့်ရင်း ဒေါ်ကျေးသည် 'အင်း ... အခုနေ တတိယကမ္ဘာစစ်ကြီး ဖြစ်ရင်တောင် မောင်တိုးကတော့ သူ့ကြက်သား မကုန်ကုန်အောင် ဆက်ရောင်းနေမှာပဲ ထင်ပါရဲ့'ဟု တွေးရင်း ပြုံးချင်လာသည်။

'သူများကြက်နဲ့ မတူပါဘူးဗျာ။ ကျွန်တော့်ကြက်က ရေလွတ်၊ အလေးပြည့်'

မောင်တိုးက သူ့ကြက်သားကို အမွှမ်းတင်နေပြန်သည်။ အဝါရောင် ဝင်းဝင်း ကြက်ရင်ပုံ တင်းတင်းလေးများကို မဝယ်ချင် ဝယ်ချင်အောင် ထောင်ပြနေသည်။

နောက်ဆုံးတော့ ခင်မိက စိတ်ကို ဆုံးဖြတ်လိုက်ဟန်နှင့် နေရာမှ ဆတ်ခနဲ ထသည်။

'ကဲ ... ကိုမောင်တိုး၊ ရှင့်ကြက်သားတွေ ချိန်ပြီး အမေဒေါ်စိန်ဥကို ပေးထားလိုက်။ ပိုက်ဆံတော့ ပြန်မှယူ'

ခင်မိက ခပ်ပြတ်ပြတ်ပြောပြီး ဆိုင်ပေါ်မှ ဆင်းသည်။ 'ကိုအောင်ချိန် ... နေဦး'ဟု ခပ်အုပ်အုပ် လှမ်းခေါ်သည်။

'ဈေးကတော့ ဒီဈေးပဲနော် အစ်မ။ လျှော့လို့ မရဘူး'

'တော်ပါတော့ ကိုမောင်တိုးရယ်။ ရှင် ကြက်ဈေးမလျှော့တာ နောင်အနှစ်တစ်ရာအထိ ကျွန်မ မှတ်မိနေပါပြီ။ ထပ်မပြောပါနဲ့တော့'

ခင်မိက စိတ်ပျက်ဟန်နှင့် ပြောသည်။ အနီရောင် အိရှန်အင်္ကျီကို ခါးမှနေ၍ ဆွဲဆန့်ရင်း သူ့ကို အထင်သေးစွာ ကြည့်နေသော ဒေါ်ကျေး အပါအဝင် မျက်လုံး သုံးလေးစုံကို သတိထားမိတော့ မျက်လွှာကို ဖျတ်ခနဲ ချလိုက်သည်။ ပင့်သက်ကိုလည်း မသိမသာ ရှိုက်သည်။ သို့သော် မျက်နှာကိုတော့ အောက်မငုံ့။ ထိပ်တင်းသော မျက်နှာပေးနှင့် ရင်ကို ချီ

ကာ ခပ်သွက်သွက် လျှောက်သွားသည်။

'ရောင်းရတာလည်း အားနာတယ်ဗျာ။ ကြက်ဈေးကလည်း မကျ'

စိတ်လက်ပေါ့ပါးသွားသော မောင်တိုးက ချိန်ခွင်နှင့် အလေးကို လှမ်းဆွဲသည်။

'ဘာပြောတာလဲ၊ ကြက်ဈေး မကျဘူးတဲ့လား။ ဟုတ်ပါ့မလား မောင်တိုးရယ်'

ဒေါ်ကျေးသည် မျက်နှာကို ငဲ့ရင်း ပြောသည်။ ထို့နောက် ပါးစပ်ထဲမှ ကွမ်းတံတွေးများကို မြေကြီးပေါ်သို့ ဖွီခနဲမြည်အောင် အားပါးတရ ထွေးချလိုက်လေသည်။

ကလျာမဂ္ဂဇင်း

ဇွန်၊ ၁၉၉၁။

## သူဌေးနှင့် သူဌေးစောင့်နတ် တိုင်ပင်ခန်း
## ဇေဖမြင့်

ကျုပ်ကတော့ ငွေတစ်သိန်းလှူဖို့ ဆုံးဖြတ်လိုက်ပြီ။

ဘာဗျာ ... ငွေတစ်သိန်း၊ ဘာဖြစ်လို့လဲဗျ။

ဘာမှမဖြစ်ပါဘူး။ လှူချင်စိတ် ပေါက်လို့ပါ။

မဟုတ်တာဗျာ။ အလကားနေရင်း လှူချင်စိတ် ပေါက်တယ်လို့။ ရည်ရွယ်ချက်တစ်ခုခု မရှိဘဲနဲ့တော့ မလုပ်နဲ့ဗျာ။ ငွေတစ်သိန်းဆိုတာ နည်းသလား။

နည်းတော့ မနည်းဘူးပေါ့ဗျာ။ ဒါပေမဲ့ ကိုယ်လည်း အချမ်းသာကြီး ချမ်းသာနေပြီပဲ။ အခုလည်း နေ့စဉ်နဲ့အမျှ ငွေတွေ တရဟော ဝင်နေတာဆိုတော့ ငွေတစ်သိန်းလှူဖို့ ကျုပ်မှာ ဘာမှ မထိခိုက်နိုင်ပါဘူး။ ပြီးတော့ ...

ပြီးတော့ ဘာဖြစ်လဲ။

ဒီလိုလေဗျာ။ သူများတကာတွေလည်း ဒီလိုပဲ ချမ်းသာလာတဲ့အခါ လှူကြတန်းကြတယ် မဟုတ်လားဗျ။ ဘာသာတရားကလည်း အလှူဒါနအကျိုးကို ဟောတယ်။ အလှူရေစက် လက်နဲ့မကွာ စသဖြင့်

ပြောကြတယ်။ ကျွန်တော်တို့ ဘာသာတင်မက တခြားဘာသာဝင်တွေမှာလည်း မိမိဝင်ငွေရဲ့ ဘယ်နှပုံ တစ်ပုံကိုတော့ လှူဒါန်းရမယ်လို့ ဆိုတယ် မဟုတ်လားဗျ။

ဒါတွေကတော့ဗျာ ... ဘာသာရေးကိစ္စတွေလည်း မပြောချင်ပါဘူး။ ဘယ်ဘာသာမဆို လှူဖို့တန်းဖို့အကြောင်း ပြောကြတာချည်းပဲဗျ။ သို့သော် သူများ ပြောတိုင်း လုပ်ရမှာလားဗျ။ ခင်ဗျားကို ဘယ်သူတွေက ဘာသာရေးအကြောင်းပြပြီး လှူခိုင်းနေလို့လဲ။

တိုက်ရိုက် ပြောတဲ့ဆိုတဲ့သူတော့ ဘယ်ရှိမလဲဗျာ။ ဒါပေမဲ့ ခင်ဗျားလည်း သိပါတယ်။ ဒီလောက် ချမ်းသာပြီး ဘာအလှူအတန်းမှ မလုပ်ဘူးလို့ စောင်းပါးရိပ်ခြည် ပြောနေကြတာတွေတော့လည်း တစ်ဆင့်စကားကြားနေရတာပဲ မဟုတ်လား။

သူတို့ဘာသာသူတို့ ဘာပဲပြောပြောပေါ့ဗျာ။ ချမ်းသာတာ မနာလိုလို့ နည်းနည်းပါးပါး လျော့သွား ပဲ့သွားအောင် မြှောက်ပေးတာ၊ မခံချင်အောင် ဆွပေးတာလည်း ဖြစ်နိုင်တာပဲ။ ဒါလောက်နဲ့တော့ ခင်ဗျားပြဿနာဖြစ်မနေပါနဲ့။

အင်း ... အမှန်ကတော့ ဒီလိုဗျာ။ ကိုယ့်ချင်းမို့လို့သာ ပြောရမယ်။ ကျွန်တော် ခုတလော စိတ်ထဲမှာ သိပ်မဖြောင့်ဘူးဗျ။ နည်းနည်း ကြောက်သလိုလည်း ဖြစ်နေတယ်။ ခင်ဗျား သိတဲ့အတိုင်း ကျွန်တော့်ငွေတွေဟာ စဉ်းစားကြည့်ရင် မသန့်ရှင်းတဲ့ သဘောမျိုးတွေ ဖြစ်နေမလားလို့ ကျွန်တော် တွေးပြီး ကြောက်ကြောက်နေတယ်ဗျာ။

ဟာဗျာ ... ခင်ဗျားကလည်း ဘယ်လိုဖြစ်သွားရပြန်တာလဲ။ ဒီငွေတွေဟာ ဘာလို့ မသန့်ရှင်းရမှာလဲဗျ။ ငွေရှာတယ်ဆိုတာ ဒီလိုပဲ ရှာရတာပဲ။ ရဲရဲတင်းတင်း စီးလားနင်းလား လုပ်ရတာပဲ။ အားနာနေလို့ မရဘူး။ သနားနေလို့ မရဘူး။ ကိုယ့်လို ချမ်းသာနေတဲ့ သည့်ပြင်လူတွေလည်း အားလုံး သည်လိုပဲ လုပ်ကိုင်ပြီး ချမ်းသာလာကြတာပဲ မဟုတ်လား။ ဒီမှာ ... ဓားပြတိုက်ရင် အိမ်ရှင်သနားနေလို့ မရဘူးဗျ။ စီးပွားရေးလုပ်တဲ့အခါမှာလည်း ဒီလိုပဲ။ လမ်းမှာတွေ့တဲ့ ခလုတ်ကန်သင်း ရှင်းတန်ရှင်းပစ်ရတာပဲ။ ဒါတွေက လုပ်ငန်းကြီး လုပ်ကိုင်လာတဲ့အခါ မလွှဲသာ မရှောင်သာ တွေ့လာ ကြုံလာရမယ့် သဘာဝတွေ။ အရေးထူးစမ်းပါဗျ။

ကိုယ့်ငွေ ကိုယ် သတိစမ်းပါ။ လုပ်တုန်းက ရဲရဲတင်းတင်း လုပ်လာခဲ့ပြီး အေးအေးဆေးဆေး စားရမယ့်အချိန်ကျမှ သို့လော ... သို့လော ဖြစ်မနေပါနဲ့ဗျ။ နေဦး၊ ကျွန်တော် နားလည်ပြီ။ ခင်ဗျားစိတ်ကူး ကျွန်တော် သဘောပေါက်ပြီ။ ခင်ဗျားစိတ်ထဲမှာ ဒီငွေတွေဟာ မသန့်ရှင်းဘူး၊ မည်းနေတယ်။ ဒါတွေကို ဖြူသွားအောင် လျှော်ဖွပ်တဲ့သဘောနဲ့ တစ်သိန်းလောက် ဖဲ့လှူချင်တယ်။ အဲဒီလို လှူလိုက်ရင် ခင်ဗျားရင်ထဲ ရှင်းသွား၊ ပေါ့သွားမယ်။ ဒီသဘော မဟုတ်လား။ ပွင့်ပွင့်လင်းလင်း ပြောဗျာ။

အင်း ... အဲဒီလိုသဘောမျိုးပဲ ဆိုပါတော့ဗျာ။

ဒါပေါ့လေ၊ အချင်းချင်း သွေးကြောင်တယ်လို့လည်း မပြောချင်ပါဘူး။ ဒါပေမဲ့ အခုလို ကိုယ့်လုပ်ငန်းကိုယ် သံသယဝင်တဲ့ စိတ်တွေတော့ ဖျောက်ဖျက်ပစ်စေချင်တယ်။ နဂိုပုံမှန်အတိုင်း ရဲရဲတင်းတင်း နေစမ်းပါဗျ။ ခင်ဗျားလို ပုဂ္ဂိုလ်မျိုး ကြောက်နေရတယ်ဆိုတာ လူတွေ သိသွားရင် ရှက်စရာဗျာ။ သို့သော် ခင်ဗျား သည်အတိုင်း အားတင်းလို့မရနိုင်ဘူး။ ငွေတစ်သိန်းလောက် ဖြန့်လိုက်ရမှ နေသာထိုင်သာ ရှိသွားမယ်ဆိုရင်လည်း သည်တစ်ခါတော့ စိတ်အလိုလိုက်ပြီး လုပ်လိုက်ပေါ့ဗျာ။ ရပါတယ်၊ ကိုယ် သူဌေးပဲ။ ဒါနဲ့ ဒီငွေတစ်သိန်းကို ခင်ဗျား ဘယ်လို လှူပစ်မယ် စိတ်ကူးသလဲ။

ကျွန်တော့် အသက်ငါးဆယ်ပြည့် မွေးနေ့မှာ ကျောင်းမှာ သံဃာအပါး တစ်ထောင်ပြည့်အောင် ပင့်ပြီး တစ်ရာတန်ဆွမ်းပွဲတွေ ကပ်မယ်လို့ စိတ်ကူးထားတယ်ဗျ။

ဟားဟား ... ခင်ဗျား တော်တော် စိတ်ကူးယဉ်တဲ့ လူဗျာ။ ဘယ်တုန်းကများ ခင်ဗျားခေါင်းထဲ ဒီလို စိတ်ကူးဆန်းဆန်းပြားပြားတွေ ဝင်သွားပါလိမ့်။ ဒီမှာ ကျွန်တော် ပြောမယ်။ ခင်ဗျားကျောင်းက သံဃာတွေမှာ ဆွမ်းကွမ်း ဝေယျာဝစ္စဆိုတာ နည်းနည်းပါးပါး ချို့ငဲ့တယ် ဆိုတာမျိုးတောင် မရှိပါဘူး။ အားလုံး ပြည့်လျှံနေတယ်။ လှူမယ့်လူတွေ တန်းစီနေတယ်။ လှူချင်ရင် အစောကြီးကတည်းက ရက်ချိန်းယူထားရတယ်။ ပြီးတော့ သံဃာဆိုတာ တရားဘာဝနာ စီးဖြန်းနေတာပဲဗျာ။ ခြိုးခြံတဲ့ အကျင့်ကို ကျင့်နေတဲ့ ပုဂ္ဂိုလ်တွေပဲဗျာ။ ခင်ဗျား တစ်ရာတန် ဆွမ်းပွဲတွေ ဘာတွေနဲ့ ပကာသန သွားမလုပ်နဲ့ဗျာ။ ပြီးတော့ ခင်ဗျား အလှူပွဲကြီး

ခြိမ့်ခြိမ့်သဲဖြစ်အောင် သံဃာအပါးတစ်ထောင်က စုဝေး ကြွရောက်ပေးရမယ့်သဘော ဆိုတော့ ကိုယ်က အားမနာလုပ်ရာ မကျဘူးလား။ အလှူအတန်း ဆိုတာလည်း မလှူတတ်ရင် အပြစ်ဖြစ်တယ်။

ဒါဆိုတော့ ကျုပ်က ဘာလုပ်ရမလဲ။

ဒါဖြင့် ဒီလိုလုပ်လေဗျာ။ ဟိုတစ်နှစ်က အာရပ်သူဌေးတစ်ယောက် အာဖဂန် ဒုက္ခသည်တွေအတွက် ငွေလှူသလိုပေါ့။ သူ့ငွေတစ်သန်းကို ဘယ်အဖွဲ့အစည်း လက်မှ မအပ်ဘူး။ ဒုက္ခသည်စခန်းထိ ကိုယ်တိုင် မာစီးဒီးကားကြီးနဲ့ သွားပြီး တွေ့တဲ့လူကို ဒေါ်လာတစ်ရာတန် ငွေစက္ကူတစ်ရွက်စီ လျှောက်ဝေတယ်။ အခုလည်း ခင်ဗျား ငွေတစ်သိန်းကို အဲဒီလို ပုံစံမျိုး လှူပေါ့လား။ ဆင်းရဲသားရပ်ကွက်ထဲသွားပြီး တစ်အိမ်ထောင် ငွေတစ်ရာစီ လှူမယ်ဆိုရင် အိမ်ထောင်စု တစ်ထောင် လှူလို့ရနိုင်တယ်။

ဟာ ... ရပ်ကွက်ထဲ ရတ်ရတ်သဲသဲနဲ့ ပြဿနာရှုပ်တော့ ကိုယ့်တာဝန် ဖြစ်မယ်ဗျ။

မရှုပ်ပါဘူးဗျာ။ ဒီအတိုင်း လျှောက်ပြီးတော့တော့ မဝေနဲ့ပေါ့ဗျ။ ရပ်ကွက်လူကြီးအိမ်က ထိုင်ပြီး ဆီစာအုပ်နဲ့ တစ်ယောက်ချင်း လာထုတ်ခိုင်းရင် ရပါတယ်။ အရှင်းလေးပဲ။

မဖြစ်ပါဘူးဗျာ။ တော်ကြာ တိုးကြဝှေ့ကြနဲ့၊ ဒီဆင်းရဲသားတွေ မျက်နှာတွေလည်း ကျွန်တော် မမြင်ချင်ဘူး။ သူတို့ရှေ့လည်း ကျွန်တော့်မျက်နှာ မပြချင်ဘူးဗျ။ ဒီအထဲမှာ လူလည်တွေက ပါလာဦးမယ်။ ကျေးဇူးမတင်မယ့်အပြင် ငွေတစ်ရာယူပြီး ကျုပ်ကို မကြားတကြား ဆဲဦးမယ့်ကောင်တွေ။ သူတို့ဆီက မတရား ယူထားတာတွေ ကာလဝိပါတ် နောက်ပိုးတက်မှာစိုးလို့ စတိ လာလှူတယ်တို့၊ ဘာတို့ ပြောပြီး လူအုပ်ကြားထဲမှာ ဩဇာထူထောင်မယ့် အကောင်တွေ။ ပြီးတော့ ဒီအထဲမှာ ဆီစာအုပ်အပေါင်ခံထားတဲ့ လူတွေကလည်း တစ်ယောက်တည်း တစ်ထောင်၊ တစ်ထောင့်ငါးရာ ရသွားမှာ ရှိသေးတယ်။

ဒါလောက်တော့လည်း အသေးစိတ် လိုက်မနေနဲ့ပေါ့ဗျာ။ လူစုစုရှိရင် ဒီထဲမှာ လည်တဲ့လူ၊ ကျယ်တဲ့လူ တစ်ယောက်၊ နှစ်ယောက်တော့ရှိမှာပဲပေါ့။ ကျုပ်တို့လည်း ဒီကနေ့ ထိပ်တန်းရောက်လာပေမဲ့ တစ်ချိန်တုန်းက အောက်ခြေမှာ ဒီလိုပဲ လုပ်ကိုင် စားသောက်လာခဲ့တာ မဟုတ်

လားဗျ။ ခင်ဗျား မေ့သွားပြီလား။

မမေ့ပါဘူးဗျာ။ မမေ့လို့ ခက်နေတာပေါ့။ ခင်ဗျား စဉ်းစားကြည့်။ ကျွန်တော်တို့က အဲသလို ကျယ်နိုင် လည်နိုင်လို့ တဖြည်းဖြည်း ချမ်းသာလာတာ။ မလည်တဲ့၊ မကျယ်တဲ့ လူတွေက တဖြည်းဖြည်း ဆင်းရဲလာတာ။ သူတို့ များများဆင်းရဲမှ ကျွန်တော်တို့ များများ ချမ်းသာတာ။ ဆင်းရဲတာ တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်း ... အဲသလိုရှိမှ သူဌေး တစ်ယောက် ရှိလာနိုင်တာ။ အဲဒီတော့ လူတွေကို ကျုပ်က ကျုပ်ပိုက်ဆံတွေ ပြန်ပေးလိုက်မယ်ဆိုရင် ကျုပ် သောက်ရူးပေါ့ဗျ။ ကိုယ် ထူထောင်ခဲ့တဲ့ ဘဝ ကိုယ် ပြန်ဖျက်ဆီးတာနဲ့ အတူတူပဲပေါ့ဗျ။ ဒါမျိုး ဘယ်နည်းနဲ့မှ မလုပ်နိုင်ဘူး။ တော်ပြီဗျာ။ အလကား ... စာရင်းရှုပ်တယ်။ ကိုယ့်ပိုက်ဆံ ကိုယ့်လက်ထဲ သိမ်းထားတာ အကောင်းဆုံးပဲ။ ဘယ်မှ လှူမနေတော့ဘူး။

ရုပ်ရှင်အမြုတေ မဂ္ဂဇင်း

မတ်၊ ၁၉၈၈။

## အထူးအပါး

**သန်းမြင့်အောင်**

'အလောင်းထုတ်ရန် နှစ်ဦးသာ ဝင်ပါ'ဟု ဆေးအပြာနှင့် ရေးထားသော မှန်တံခါးချပ်ရှေ့မှ ခုံတန်းလျားလေးပေါ်ရှိ ပန်းခြင်းလှလှကြီးကို ပေတိုး ကြည့်မဝ ဖြစ်နေသည်။

ကျောက်ခက်စိမ်းစိမ်းများပေါ်တွင် ပိန်းပန်းအဖြူ ခပ်သေးသေးများကို ပြောက်ကျားထိုးထားပြီး မရန်းစေ့ရောင် သစ်ခွပွင့် ခပ်များများ ညှပ်ထားသော အဖိုးတန် ပန်းခြင်းမှာ အသွင်တစ်မျိုးထူးပြီး အတော်ကလေး မျက်စိပသာဒ ကျနေသည်။ ပြီးတော့ အလောင်းပြင်ရာတွင် သုံးရန် ယူလာသော နှင်းဆီပန်းစည်းကြီးကလည်း တော်ရုံမဟုတ်။

အရောင်အသွေး တောက်ပပြီး ငွားငွားစွင့်စွင့် တစ်ပွေ့တစ်ပိုက်ကြီးမို့ ဒီအသုဘကတော့ မျက်နှာကြီးမျိုးထဲကဖြစ်မှာပဲဟု တွေးရင်း အလောင်းထုတ်ရန် တာဝန်ရှိသူအချို့နှင့် စကားပြောနေသော ဂျင်းဂျာကင်နှင့်လူ၏ လက်မှ အမ်(မ်)စီ ဟန်း(န်)ချိန်းကြီးကိုလည်းကောင်း၊ ရှေ့ခုံတန်းလျားပေါ်မှာ ထိုင်ရင်း ပန်းခြင်းကို ပိုက်ထားသော အနက်ရောင် ရှပ်အင်္ကျီပွပွ၊ အသားဖြူဖြူ၊ ဘိုဆန်ဆန် မျက်နှာနှင့် ကောင်မလေး၏ စကားပြော

လိုက်တိုင်း အရှိန်နှင့် ယမ်းယမ်းသွားသည့် ရှည်မျောမျော နားဆွဲလေးကို လည်းကောင်း ပေတိုး ကြည့်ကောင်းကောင်းနှင့် ငေးနေမိသည်။

'အောင်မယ်လေး ... အဖေရဲ့။ သမီးတို့ကို ပစ်ထားပြီလား'

နောက်ဘက် အခန်းငယ်တစ်ခုထဲမှ စူးစူးဝါးဝါး အော်သံ ထွက်လာသဖြင့် ပေတိုး သတိပြန်ဝင်လာပြီး ထိုနေရာသို့ ပြေးလာခဲ့သည်။

ရုပ်ကလာပ်ကို ခေါင်းထဲသွင်းနေပြီ။ ပိန်လှီခြောက်ကပ် မွဲညစ်နေသော အသုဘ၏ ကျန်ရစ်သူ ဇနီးသည်က ယောက်ျား၏အမည်ကို တကြော်ကြော် ခေါ်ရင်း မိန်းမနှစ်ယောက် ဆွဲခေါ်ရာသို့ တရွတ်တိုက် ပါသွားသည်။ ချေးအထပ်ထပ်နှင့် ကလေးများက တစာစာ အော်ငိုနေကြစဉ် ခေါင်းကို လှည်းပေါ်တင်သူ တင်၊ ရေအိုး မ,သူက မ,ဖြင့် အလုပ်ရှုပ်နေကြဆဲ ပေတိုး ကမန်းကတန်း ခေါင်းရင်းမှလူဆီ ပြေးကပ်သွားပြီး ...

'ဦးလေး ... ပန်းခွေတွေ ယူမသွားနဲ့နော်'

'ဟော ... မယူရဘူးလားကွ။ ပိုက်ဆံပေးပြီးပြီပဲ'

'တစ်ခွေ တစ်ဆယ်ပဲ ယူထားတာ။ အဲဒါ ငှားခဗျ။ အပြီးဝယ်ရင်တော့ ပိုက်ဆံပိုပေးရမှာပေါ့။ ဦးလေးတို့ ယူသွားချင်ရင် ဝယ်လိုက်လေ'

'အေးပါကွာ။ ဝယ်သွားတော့ရော ဘာလုပ်ရမှာလဲ။ ထားပါ့မယ်'

'ပြီးရင် ချမယ်ဟော့။ ကဲ ... ထွက်ကြ၊ ထွက်ကြ'

တစ်စုံတစ်ယောက်၏ နှိုးဆော်သံနှင့်အတူ အခန်းထဲမှ စုပြုံတိုးဝှေ့ထွက်သွားကြစဉ် ပေတိုးက နံရံပေါ်မှ ပန်းခွေနှစ်ခွေကို ဖြုတ်ယူလိုက်သည်။

ခပ်လှမ်းလှမ်းမှ ရေအိုးချခွဲသံ 'ခွပ်'ခနဲ ထွက်ပေါ်လာသည်။

* * *

'ဟော့ကောင် ... ခန်းမ ၃ ကို လိုက်ခဲ့။ ပန်းယူမယ်နဲ့တူတယ်'

ပိတ်ဖြူအုပ်ထားသော အလောင်းတင် လက်တွန်းလှည်းကို တွန်းလာရင်းမှ ဦးလေးညိုကြာ ကပ်ပြောသွား၍ ပေတိုး လှည်းနောက် ပါသွားသည်။

ပေတိုးအလုပ်က ဘယ်က ပန်းရနိုင်မလဲ၊ ဘယ်သူ ပန်းဝယ်မလဲ၊ သို့မဟုတ် ဘယ်သူက အလောင်းတင့်တယ်ရုံ ပန်းခွေ ခဏငှားချိတ်မလဲ

ဆိုတာ မလစ်လပ်အောင် စောင့်ကြည့်ရသည့် အလုပ်။

အစစ အရာရာ အလုအပကို ဦးစားပေးသော မြို့ပြသည် အသုဘ အခမ်းအနားက အစ၊ ပေတိုးတို့ဇာတိ အညာနှင့် ကွာချင်တိုင်း ကွာသည်။

လူသားတို့ ဘဝနှင့် ရုပ်ခန္ဓာ နိဂုံးချုပ်ချိန်အထိ လှလှပပ ပေါ်ပေါ် လွင်လွင်ကြီး ထုံမွမ်းပြင်ဆင်ကြခြင်းသည် အဆန်းတော့ မဟုတ်တော့။

မသေခင်က မည်မျှ တာဝန်ကျေခဲ့သည် မသိသော်လည်း အအေး တိုက်၏ ခန်းမထဲရောက်လျှင်တော့ အလှဆုံး၊ အကောင်းဆုံး၊ အခမ်းနား ဆုံးဖြစ်အောင် ပြင်ဆင်ခြယ်သကြပြီး ပန်းခွေ၊ ပန်းခြင်း မြိုင်မြိုင်ဆိုင်ဆိုင် ဖြင့် အနမြောမရှိ၊ အပြိုင်အဆိုင် ပြင်ပြီး တဖွဲဖွဲရောက်လာသော အသုဘ ရှုသူများကို အမြင်တင့်တယ်အောင် အပြခံရသော မိဘတို့၏ သက်မဲ့ခန္ဓာ များခမျာလည်း တရှုပ်ရှုပ် ပူပန်ငိုကြွေးနေသော သားသမီး မြေးမြစ်များ ၏ အလယ်တွင် ကျေနပ်စဖွယ်ပင်။

ထိုအသုဘများမှ မီးသင်္ဂြိုဟ်စက်ရှေ့သို့ ရောက်ပြီဆိုသည်နှင့် ပန်းခွေ၊ ပန်းခြင်းများကို စွန့်ပစ်ခဲ့ပြီး အလောင်း မီးသင်္ဂြိုဟ်စက်ထဲ ဝင် ရောက်ပြီးပြီဆိုသည်နှင့် ကိစ္စပြတ်ပြီးသွားပြီမို့ အသုဘရှင်များ ပြန်သွား သည်နှင့် တစ်ပြိုင်နက် ကျန်ခဲ့သော ပန်းခွေ၊ ပန်းခြင်းလှလှများကို ပေတိုးတို့က သိမ်း၍ စတိုခန်းတစ်ခုတွင် အသင့်ရှိနေသော မတူးထံ ပြန်သွင်းရသည်။

မတူးက ပန်းအနေအထားကိုကြည့်၍ ပေးသော ငွေစသည် ပေတိုး တို့အတွက် ကိုယ်ပိုင်ဝင်ငွေ ဖြစ်သည်။

ထိုသို့ မတူးအား ပန်းပြန်သွင်းနိုင်ရန်အတွက် မတူး ဝယ်ထား သော ပန်းများကိုလည်း ရောင်းတန်တာ ရောင်း၊ ငှားတန်တာ ငှားရအောင် ပေတိုးတို့က ကူဖြန့်ပေးရသေးသည်။ အချို့ နယ်မှလာ၍ ဆေးကုသ ခံရင်း ပျက်စီးသွားကြသူများ၊ အတွေ့အကြုံမရှိ၍လည်းကောင်း၊ မလုပ် တတ်၍ မကိုင်တတ်၍လည်းကောင်း၊ မေ့လျော့နေကြ၍လည်းကောင်း ပန်းခွေမပါလာကြသော အသုဘရှင်များက ပြင်ပြီးသည့်အခါမှ အခြား သူများနှင့် ယှဉ်ကြည့်ရင်း အလောတကြီး လိုအပ်လာတတ်ကြသဖြင့် ပေတိုးတို့ထံမှ မိမိတတ်နိုင်သော အင်အားဖြင့် ဝယ်ကြ၊ ငှားကြရသည်။

ထိုသို့သောသူများကို အလောင်း လာထုတ်ကြသည်နှင့် ဦးစွာ

ဆက်သွယ်နိုင်အောင် ပေတိုးက ကြိုးစားရသည်။ မတူးထံမှ ဝယ်သူရှိမှ မတူးကလည်း ပေတိုးတို့ထံမှ ပန်း ပြန်ဝယ်ဖြစ်မည်လေ။ သို့မဟုတ်ပါက ပန်း ပြန်သွင်းရန် အခွက်တွေ့ရလိမ့်မည်။ မတူး ပန်းများများ ရောင်းရလေ ပေတိုး ပန်းသွင်းရတာ ချောရလေပင်။

တစ်ခါတစ်ခါတော့လည်း သည်အလုပ် လုပ်ရတာ လိပ်ပြာမလုံချင်တော့။ တစ်ဦးတစ်ယောက်အတွက် ၎င်းမိသားစုက အမြတ်တနိုးရည်စူးထားသော ပစ္စည်းကို ကိုယ်က ယူပြီး စာတန်းတွေဖြုတ်၊ အကျအနပြန်ပြင်ပြီး တစ်လက်ပြီးတစ်လက်၊ နာမည်တစ်ခုပြီးတစ်ခု ပြောင်းချိတ်ပေးနှင့် ဖြတ်စားလျှပ်စား လုပ်ရသောကိစ္စသည် သိပ်တော့ မကောင်းလှ။ ဒါပေမဲ့ ပေတိုး မလုပ်လည်း သည်အလုပ်ကို အေးသောင်တို့၊ အောင်ဘုတို့ လုပ်ကြသည်ပင်။ စကားစပ်မိလျှင် သည်ကောင်တွေက ...

'လူတွေက အဓိပ္ပာယ်မရှိတာကွ။ သူတို့ ယူလာတဲ့ ပန်းတွေက ဘယ်လောက်လှလှ၊ အဖိုးတန်တန် သေတဲ့လူက ဘာလုပ်လို့ ရတာမှတ်လို့။ ပြီးတော့လည်း နွမ်းသွား၊ ကြွေသွား၊ ပျက်စီးသွားတာပဲ။ ငါတို့တွေ ခုလို လုပ်နေတာကမှ ငါတို့လည်း ဝမ်းပြည့်၊ ဒီ့ပြင်လူတွေလည်း အဆင်ပြေ။ အလကားဖြစ်မယ့်အစား အကျိုးရှိရှိ အသုံးချနေကြတယ်လို့ပဲ မှတ်စမ်းပါကွာ'

ဟု ကိုယ်လိုရာကိုယ် ဆွဲပြောတတ်ကြသည်။

'ဟေ့ကောင် ပေတိုး၊ မြန်မြန်လာပြီး ဝိုင်းမ,စမ်းပါဦးကွ'

ခန်းမ ၃ ရှေ့အရောက် ဦးလေးညိုက လှမ်းခေါ်လိုက်၍ အမြန်ပြေးသွားပြီး အလောင်းပေါ်မှ ပိတ်စကိုဖယ်ကာ အောက်ခံပိတ်ဖြူမှ အလောင်းတင်ထားသည့် အနေအထားအတိုင်း ခြေရင်းနှင့် ခေါင်းရင်းမှ တစ်ဝက်စီ မ,၍ လက်တွန်းလှည်းပေါ်မှတစ်ဆင့် အလောင်းပြင်မည့် စတီးခုံပေါ်သို့ ရွှေ့လိုက်သည်။

'ကျွန်မ တူမလေးကို လှအောင် ပြင်ပေးကြပါရှင်။ သူက သိပ်အလှကြိုက်တာ။ ဟင့် ... ဟင့် ... ဒီမှာ သူ့အလှပြင်ပစ္စည်းတွေ။ သူ့ပစ္စည်းနဲ့ သူ့ လိမ်းပေးပါနော်'

ပြောပြောဆိုဆို အမျိုးသမီးက ငိုယိုမြည်တမ်းရင်း မိတ်ကပ်၊ နှုတ်ခမ်းနီ၊ ပေါင်ဒါ၊ မျက်ခုံးဆွဲခဲတံ အစရှိသည့် အလှပြင်ပစ္စည်းများနှင့်

အလောင်းလွှမ်းရန် ဝတ်ကောင်းစားလှများ၊ ဖယောင်းတိုင်၊ အမွှေးတိုင်များ ထည့်ထားသော ကြိမ်ခြင်းကြီး တစ်ခြင်းကို ချပေးခဲ့ပြီး ခပ်လှမ်းလှမ်းမှာ သွားထိုင်ကာ ငိုနေတော့သည်။

အလောင်းက အသက်နှစ်ဆယ်ခန့်သာ ရှိသေးသော မိန်းကလေးဖြစ်ပြီး အလွန်လှပသူမို့ မိဘ၊ ညီအစ်ကို မောင်နှမများအတွက် ရင်ကျိုးစရာ။

ဘာရောဂါကြောင့် သေသည်ကို ပေတိုးတို့ မသိသော်လည်း ဦးခေါင်းနှင့် အရှေ့ပိုင်း လည်ပင်းအောက်မှ ဆီးစပ်အထိ ခွဲ၍ ပြန်လည်ချုပ်နှောင်ထားသဖြင့် မြင်ရသည်မှာ စိတ်လှုပ်ရှားစရာ။

အဒေါ်ဖြစ်သူက စိတ်မခိုင်သဖြင့် မထိရဲ၊ မကိုင်ရဲ။ ဦးလေးညိုကတစ်ယောက်တည်း ပြင်ပေးရတော့မည်မို့ သွက်လက် ဖျတ်လတ်နေသည်။

ပထမဆုံး မိန်းကလေး၏မျက်နှာမှ ရေခဲချွေးများကို အချိန်ကြာကြာ စုပ်ယူထားရန်အတွက် မွေးပွမျက်နှာသုတ်ပဝါလေးကို ဖြန့်ပြီး အသာအယာ ဖိ၍ ကပ်ထားလိုက်သည်။

ထို့နောက် အလောင်း၏ ထိပ်မှနေ၍ ဒဏ်ရာနှင့် ချုပ်ရိုးမှ သွေးများနှင့် ရေခဲငွေ့ပျော်ရည်များ ရောကာ တစက်စက်ကျနေသော ဆံပင်များအား ခြောက်သွေ့အောင် သုတ်ပြီး ပလတ်စတစ်ဘီးဖြင့် အနောက်သို့ လှန်ချကာ စိတ်ရှည်လက်ရှည် ဖြီးသင်လိုက်သည်။

ပြီးမှ အဝတ်နွမ်း ဝတ်ထားသော ခန္ဓာကိုယ်ပေါ်သို့ တောက်ပသစ်လွင်သော အဝါရောင်ဝတ်စုံတစ်စုံအား လွှမ်းတင်ပေးလိုက်ပြီး လက်နှစ်ဖက်ကို အသာအယာ မ,ကာ ရင်ညွန့်အောက်နားတွင် လက်ဖဝါးနှစ်ဖက်အား လှပစွာ ပူးယှက်ကာ ထိုလက်များထဲတွင် နှင်းဆီပန်း လေးငါးပွင့်ကို ပန်းစည်းသဏ္ဍာန်ပြု၍ ထည့်ထားပေးလိုက်သည်။

ဆံပင်နှင့် အဝတ်အစားတို့ကို ပြင်ဆင်ပြီးတော့မှ မျက်နှာပေါ်မှ ပဝါကို ခွာချ၍ ချွေးစချွေးနများ စင်ကြယ်အောင် သုတ်သင်ပြီး မိတ်ကပ်ကို ခပ်ပါးပါးလေး ညီညာအောင် ပွတ်လိမ်းပြီး ကရင်ပတ်ကလေး ထပ်ဖို့လိုက်သောအခါ မိန်းကလေး၏မျက်နှာမှာ ဝင်းပသွားတော့သည်။

ထို့နောက် နဂိုက ပုံကျနေသော မျက်ခုံးကလေးပေါ်တွင် ခဲတံဖြင့်အသာလိုက်ပြီး ကော့ပျံနေအောင် မထူမပါး အနေတော် ဆွဲပေးပြီး နောက်

ဆိုး နှုတ်ခမ်းနီ ပန်းရင့်ရောင်ကို ပုံကျပန်းကျ ဆိုးပေးနေသော ဦးလေး ညိုကြိုကို ကြည့်ကာ သည်ပညာတွေ ဘယ်လိုတတ်နေပါလိမ့်ဟု ပေတိုး စိတ်ထဲက ချီးကျူးလိုက်မိသည်။

ထို့နောက် ဂန္ဓမာပန်းများကို အပွင့်လိုက် ခြွေပြီး ဆံပင်ကြားမှ ပေါ်ထွက်နေသော ဒဏ်ရာများနှင့် မျက်နှာဘေးတစ်ဖက်တစ်ချက်တွင် သာမက ခန္ဓာကိုယ်ဘေးမှ လွတ်နေသော နေရာအနှံ့အပြားတွင် အစီအရီ ချပြီး နှင်းဆီပွင့်ချပ်များကိုပါ လှပစွာဖြင့် ဖြန့်ဖြူးလိုက်သောအခါ ပန်း မွေ့ရာပေါ်တွင် နှစ်ရှည်လများ အိပ်မောကျနေသော ပုံပြင်ထဲက နတ်သမီးလေး တစ်ပါးကဲ့သလို့ လှချင်တိုင်း လှနေပါတော့သည်။

'ပေတိုးနှယ် ... ငေးရန်ကောကွာ။ ရေခဲတိုက်မှာနေပြီး မသာ မမြင်ဖူးတာကျနေတာပဲ။ ကိုယ့်အလုပ် ကိုယ် လုပ်မှပေါ့။ ဟိုဆရာလေး တို့ ... ပန်းခြင်းလေး၊ ပန်းခွေလေး ချထားမှ လှမှာပေါ့ဗျ။ ပါမလာရင် လည်း အချိန်ရှိတုန်း ဝယ်လိုက်လေ။ ဒီကောင်လေးတွေဆီမှာ ရှိတယ်'

ပေတိုးကို သတိပေးရင်း တစ်ဆက်တည်း မသာရှင်တွေကိုပါ လှမ်းအကြောင်းကြားလိုက်သည်။

'အိမ်က လာရင် ပန်းခွေပါချင် ပါလာမှာ။ လိုလိုမည်မည် ပန်းခြင်း တစ်ခြင်းလောက်တော့ ဝယ်ချင်တယ်။ ဘယ်လောက်လဲ ...'

'လိုက်ကြည့်ပေါ့။ အစ်ကိုတို့ ကြိုက်တာရွေးပေါ့။ ပြီးမှ ဟိုမှာ ဈေးပြော'

ပေတိုး သွက်လက်ဖျတ်လတ်စွာ ပန်းထားရာ စတိုခန်းဘက်သို့ ဦးဆောင်ခေါ်လာပြီး စတိုခန်းတံခါးကို အသာ တွန်းဝင်လိုက်ပြီး ...

'အစ်မရေ ... ပန်းယူမယ်'

ဟု လှမ်းအသံပြုလိုက်သည်။ အခန်းထဲတွင် ပန်းခြင်း သုံးလေး ခြင်းနှင့် ပန်းခွေအချို့ကို မတူးက စီတန်းပြရင်း ...

'ကြိုက်တာ ရွေးပါ'

ဟု ဆိုရင်း ဝယ်သူ မျက်စိကျမည့် ပန်းခြင်းကို ပန်းများ ထပ်မံ ဖြည့်စွက်ပြုပြင်ကာ မွမ်းမံပေးနေသဖြင့် ရှီးပန်းတုတ်တုတ်ကြီးများဖြင့် ဝေဝေဆာဆာ လှနေသော သစ္စာပန်းခြင်းကြီးကို ရွေးပြီး တစ်ရာ့လေး ဆယ်နှင့် ဝယ်ဖြစ်သွားသည်။ ဝယ်သူ ပြန်ထွက်သွားသောအခါ ပေတိုးက...

'အစ်မတို့ပဲ ကောင်းတယ်။ အလုပ်ကို ဖြစ်လို့'

'ဟဲ့ ... နင်ကရော မဖြစ်လို့လား'

'ဘယ်မှာ ဖြစ်သေးလို့လဲဗျ။ တစ်မနက်လုံး အစ်မကိုပဲ လုပ်ပေးနေတာ'

'ဒီခြင်း ပြန်ဝယ်မှာပေါ့။ ဒါပေမဲ့ ပန်းက သိပ်မလတ်တော့ဘူး။ အသစ်ကလေး ဘာလေး ရှာဦးလေ'

'ဟာ ... ကျွန်တော် ခုမှ သတိရတယ်။ ခန်းမ ၁ မှာ ထားမယ့် သစ်ခွပန်းခြင်း အရမ်းလှတာပဲ။ ကျွန်တော် အဲဒါ သွားစောင့်ပြီး အစ်မဆီ ယူလာခဲ့မယ် ... သိလား'

'အေး ... ရအောင်လုပ်နော်။ စောစောရရင် ပိုကောင်းမယ်။ နောက်အချိန်တွေ မီရင် ဒီနေ့ပဲ ဈေးဦးပေါက်နိုင်တာပေါ့။ သစ်ခွဆို အကြာကြီးခံမှာဟ'

'အဲဒါလည်း ငါးဆယ်ပဲလား'

'နင်းကလည်းဟယ် ... ပိုပေးမှာပေါ့'

ပိုမှ ဖြစ်မည်။ သည်ကနေ့ ပေတိုး ငွေလိုနေသည်။ ညည ဝေဠုဝန်မှ လူငယ်တွေစုပြီး ဂစ်တာတီးနေတာကို အားကျပြီး သွားထိုင် ငေးမောခဲ့တာ ကြာပြီ။

သူတို့အချင်းချင်းတောင် လူနဲ့ ဂစ်တာနဲ့ မမျှလို့ အချိန်ပိုင်းနှင့် တီးကြရသည်။ တစ်ခါတစ်ရံ သူတို့အချင်းချင်း စကားပြောခိုက်၊ ဆေးလိပ်ဖွာခိုက် ခဏတစ်ဖြုတ် ကောက်ကိုင်ပြီး ဟိုခေါက်သည်ခေါက် ခေါက်ကြည့်ရတာကိုက အရသာရှိလှသည်။

သို့သော် ပေတိုးက ကော့ဒ်တွေတောင် အားလုံး လက်မယဉ်သေး။ ဂစ်တာရှိလျှင် သင်ပေးမည်ဆို၍ ဂစ်တာတစ်လုံးကို အသည်းအသန်လိုချင်နေသည်။

ညက ထိုဝိုင်းမှ တစ်ယောက်က ဂစ်တာအဟောင်းတစ်လုံးကို တစ်ရာ့ငါးဆယ်နှင့် ရောင်းမည်ဆို၍ ပေတိုး ရောဂါတက်နေသည်။

ရှိစုမဲ့စု ခြစ်ခြုတ်ထုတ်လိုက်တော့ ငွေလေးဆယ် ရသည်။ သည်ကနေ့ အလုပ်ဖြစ်လျှင်တော့ အတော်ခံ၍ ထိုဂစ်တာကို ဝယ်လိုက်မည်ဟု အားခဲထားသည်။ သည်တစ်ရက် နှစ်ရက်မှ မဝယ်နိုင်လျှင် သူများလက်

ထဲ ပါသွားပေတော့မည်။

သို့ပေမဲ့ ကုသိုလ်ကံ ကောင်းချင်တော့ သည်ကနေ့ သစ်ခွပန်းခြင်း တစ်ခြင်းကပဲ အနိမ့်ဆုံး ခြောက်ဆယ်၊ ခုနစ်ဆယ်တော့ ရပေလိမ့်မည်။ ရှိုးပန်းခြင်းကို ပြန်သွင်းလျှင် ငါးဆယ် ရမည်။ ကိုယ့်ရှိတဲ့ငွေနှင့် ပေါင်းလျှင် ဒီနေ့ ဂစ်တာကို အဝကြီး တီးပစ်လိုက်နိုင်တော့မည်။

ပေတိုး စိတ်အေးလက်အေးနှင့် မီးသဂြိုဟ်စက်နားက အုတ်ခုံပေါ် မှာ ခြေတွဲလောင်းချ ထိုင်၍ ရေခဲထုပ်တစ်ထုပ် ဝယ်စုပ်ရန် စောင့်နေလိုက်သည်။

အသုဘတွေ တစ်လောင်းပြီးတစ်လောင်း ချသွားသည်။ မက်လောက်စရာ လုပ်ကွက်ကို ရှာမတွေ့သေး။ ပုဏ္ဏာရိက်ပန်းတွေ၊ ငွေပန်းတွေနှင့် တစ်နေ့ခံ ဖြစ်သလိုလုပ်ထားသော ပန်းခွေတွေက များသည်မို့ မီးသဂြိုဟ်စက်ရှေ့ ရောက်လိုက်၊ အသုဘရှင်တွေက ဘေးသို့ လှမ်းပစ်ချိတ်လိုက်၊ သုသာန်ဝင်းထဲ လာကျောင်းထားသော ဆိတ်တွေက ဆွဲစားလိုက်နှင့် ပန်းခွေအစအနများက မီးသဂြိုဟ်စက်ဘေးမှာ ဖရိုဖရဲ။

သစ်ခွပန်းခြင်းနှင့် ချလာမည့် အသုဘကို မျှော်နေဆဲ စောစောက ဦးလေးညို ပြင်ပေးထားသော ရှိုးပန်းခြင်းဝယ်သွားသည့် အလောင်းကိုလှည်းပေါ်မတင်ဘဲ လူတွေ ဝိုင်းထမ်းပြီး ချလာကြ၍ ပေတိုး အုတ်ခုံပေါ်မှ ခုန်ဆင်းကာ ရောယောင်ပြီး လိုက်ပါသွားသည်။

အသုဘအလောင်းကို မီးသဂြိုဟ်စက်ဘက်သို့ သယ်မလာဘဲ မြေမြှုပ်ရန် ဂူတွေဘက် သယ်ချသွားစဉ် ဆူပူငိုယိုနေသူတွေကြား ပန်းခြင်းကိုင်ထားသူနှင့် အနီးဆုံးတွင် ပေတိုး နေရာယူလိုက်သည်။

အလောင်းကို တွင်းနှုတ်ခမ်းဘေးမှ ဆိုင်းကြိုးပေါ်တွင်ချပြီး ခေါင်းကို ခဏဖွင့်ပြသည့်အခိုက် အော်ဟစ် ငိုယိုသံများ ဆူညံသွားသည်။

'မကြည်ဝင်း'အတွက် မိသားစုပန်းခြင်းဟု စာတန်းအသစ် ပြန်ထိုးထားသော ပန်းခြင်းကြီးကိုမူ ခုချိန်ထိ ကိုင်ထားသူ လူရွယ်က လက်ဆင့်မကမ်းသေး။

ဖရိုဖရဲ မနိုင်မနင်းနှင့် ဆွဲသူ၊ ရုန်းသူ၊ အော်သူ၊ ဟစ်သူများကြား ခေါင်းကို ပြန်ပိတ်ပြီး ကြိုးဖြင့်ဆိုင်း၍ မြေတွင်းထဲ ချလိုက်ကြသည်။

ပြီးတော့ မြေကြီးခဲတွေ တစ်လုံးပြီးတစ်လုံး ကောက်ပြီး ပစ်ထည့်

ပေးကြသည်။ ပန်းခြင်းကိုမူ ကိုင်သူက ကိုင်ထားဆဲ။ မြေဖို့ပြီးမှ မြေပုံပေါ်တွင် တင်သွားလေမည်လားဟု ကြည့်နေစဉ် ပန်းခြင်းကိုင်ထားသူ လူရွယ်က တွင်းနှုတ်ခမ်းနား သွားရပ်ပြီး ခြင်းထဲက သစ္စာပန်းတွေကို တစ်ပွင့်ချင်း ဆွဲနုတ်ပြီး ခေါင်းပေါ်သို့ ပစ်ချရင်း မျက်ရည်ပေါက်ပေါက် ကျနေသည်။

'သွားပြီ ...'

မသာရှင်နှင့်အတူ သူပါ ရောငိုချင်သွားသည်။ စိတ်ပျက်လက်ပျက် နှင့် လှည့်ထွက်ခဲ့စဉ် အဝေးမှ စူးစူးရှရှ အော်သံတစ်ခုကို ကြားလိုက်ရ သည်။

ဟော ... သစ်ခွပန်းခြင်းပါတဲ့ အသုဘ ချလာပြီ။ မီးသင်္ဂြိုဟ်စက် ရှေ့သို့ပင် ရောက်လုပြီမို့ မြေပုံတွေ၊ ဂူတွေကြားမှ ပေတိုး အပြေးအလွှား ထွက်လာခဲ့သည်။ ခြင်းကို အောက်နား သွားချိတ်ထားလိုက်လို့ ဆိတ် စားသွားရင် ခက်ရချည့်။

ဟူး ... တော်ပါသေးရဲ့။ မီးရုံလေး ရှိတော့လို့ ခေါင်းကို မီးသင်္ဂြိုဟ် စက်ထဲသွင်းမည့် လှည်းပေါ်တင် ...

အဖုံး ဖွင့်ကြည့် ...

ပြန်ပိတ် ...

ပန်းခွေ အပေါ်စားများကို ဘေးနားက သံချိတ်ဆီပို့ ...

ဟော ... ပန်းခြင်းကိုလည်း သွားစွန့်ဖို့ လက်ဆင့်ကမ်း ...

ပေတိုး အားရဝမ်းသာ သံချိတ်နှင့် လေးငါးလှမ်း အကွာက လက် ဆင့်ကမ်းယူရန် လက်အလှမ်း ...

'အဲဒီပန်းခြင်းကလေးကို သူနဲ့အတူ ရောသင်္ဂြိုဟ်ပေးလိုက်ပါ။ သူ့ အတွက် တကူးတက လေယာဉ်နဲ့တောင် သယ်လာရတာပါ'

တဖြည်းဖြည်းနှင့် ပန်းခြင်းက လက်သုံးလေးဘက်ကို ပြန်ကျော် ပြီး ခေါင်းပေါ်အရောက် ...

'ဂျိုင်း'

ခနဲ မီးစက်တံခါးပိတ်သံက ပေတိုးရင်ကို သိမ့်သိမ့်တုန်သွားစေ သည်။ ဒီကနေ့ ပေတိုး ကံဆိုးလေပြီ။ ရီဝေဝေ မျက်ဝန်းများနှင့် ပန်း ခွေများကို ဖွဲ့ရှုံ့စားသောက်နေသာ ဆိတ်မည်းမည်းတစ်ကောင်ကို မလို

တမာ ငေးကြည့်နေရင်းမှ ခေါင်းပြန်အမော့မှာ လေအပင့်တွင် ကစဥ့်ကလျား ဖြစ်သွားသော မီးစက်ခေါင်းတိုင်ဝမှ မီးခိုးငွေ့များကြောင့် တကက်တစ်ချက် ခေါက်လိုက်မိသည်။

'တောက် ... မီးခိုးကလည်း ထွက်တာတောင် ရိုးရိုးမထွက်ဘူး။ ဂစ်တာပုံ ပေါက်အောင်များ တွန့်လိမ်ပြီး ထွက်ပြလိုက်ရသေးတယ်။ ဟင်း ...'

ရင်ခုန်ပွင့် မဂ္ဂဇင်း

မေ၊ ၁၉၉၃။

## အခန်း (၄)

## ရှာ

## ရွှေမန်ကျည်း ခုနစ်စင်
**ညီပုလေး**

အဲဒီတုန်းက ဒီတစ်နယ်လုံး ဘယ်မှာမှ အသံချဲ့စက် မရှိသေးဘူး။ ကျုပ်တို့ရွာမှာပဲ ရှိတာ။ ကျုပ်က အငှားလိုက်တာလေ။ အလှူတွေ၊ မင်္ဂလာဆောင်တွေ တော်တော်လိုက်ရတယ်။

ဖျောက်ဆိပ်ပင်၊ ဆင်ဖြူကုန်း၊ ကြက်စိမ့်၊ ကြက်မြား၊ ညောင်ပင်ကြီး၊ ကန်သစ်၊ မင်းတပ်၊ လက်ပန်၊ ရှမ်းကန်၊ ဖားလင်ပိုး၊ ညန်ကွေ့၊ တောင်နောက်၊ နံ့လို့ပါပဲ။ ဒီအနား ပတ်ဝန်းကျင်တော့ ကျုပ်နားရွက်ရာတွေချည်းပေါ့။

ကျုပ်က ဓာတ်စက်ဖွင့်ရင် မူကလေးထားပြီး ဖွင့်တယ်။ ဘယ်တော့မဆို စစချင်း 'ကြည်နူးဖွယ်' နဲ့ စဖွင့်တယ်။ သိမ်းလို့ရှိရင် 'ကြည်နူးဖွယ်' နဲ့ပဲ သိမ်းတယ်။ 'ကြည်နူးဖွယ်' ဖွင့်တာတောင် နှစ်မျိုး ဖွင့်တယ်။ ပွဲအစကို 'ကြည်နူးဖွယ်' တီးလုံးအစဘက်နဲ့ စတယ်။ ပွဲပြီးလို့သိမ်းရင် ကြည်နူးဖွယ် အဆိုပါတဲ့ဘက် အဆုံးနဲ့ သိမ်းတယ်။ စာသားပါတဲ့ဘက်ကပေါ့။ သဘောကတော့ ဓာတ်စက်သိမ်းပါပြီ။ နောက်ပွဲ ကူးပါတော့မယ်။ နှုတ်ဆက်ပါတယ်။ ကြည်နူးနိုင်ကြပါစေပေါ့။

များသောအားဖြင့်တော့ အသံချဲ့စက်၊ ဓာတ်စက်ပွဲတစ်ပွဲ ငှားတယ်ဆိုရင် ညနေ ၄ နာရီကနေ နောက်တစ်နေ့မနက် ၁၀ နာရီအထိ ငှားတတ်တယ်။ တစ်ခါတလေ ၁၀ နာရီကျော်သွားလို့ ၁၁ နာရီထိုးတဲ့အခါလည်း ထိုးပေါ့။ မနက် အိပ်ရာထ ဘယ်လိုဓာတ်ပြားမျိုး ဖွင့်မယ်။ ညနေစောင်း ဖွင့်တဲ့ ဓာတ်ပြားက တစ်မျိုး။ ညပိုင်းဖွင့်တဲ့ ဓာတ်ပြားတွေရယ်လို့ သီးသန့်ခွဲခြားထားတဲ့ မူပါ။

ညနေ ရောက်တယ်။ လော်စပီကာတွေ ဆင်ပြီးလို့ စက်စဖွင့်ရင် ကြည်နူးဖွယ် ဖွင့်တယ်။ ပြီးရင် အဆိုကျော်တွေရဲ့ သီချင်းတွေ ဖွင့်ပေးလိုက်တယ်။ မေရှင်တို့၊ ဘိလပ်ပြန်သန်းတို့၊ ခင်မောင်ရင်တို့၊ ကိုမြကြီးတို့၊ မေလှမြိုင်တို့ ဓာတ်ပြားတွေ အကုန်နီးနီး ကျုပ်ဆီမှာ ရှိတယ်။ လျော့လှ နှစ်ချပ်၊ သုံးချပ်ပဲ။

ကိုမြကြီးရဲ့ မခင်နှင်းဆီတို့၊ ကန်သင်းဆည်မှာလားတို့၊ မေလှမြိုင်ရဲ့ နွေဦးတေးသံတို့၊ မကြောက်တရားတို့ ... အစုံပါပဲ။ နောက်ဆုံး တင်တင်မြရဲ့ ပေဖူးလွှာအထိ ကျုပ် မီလိုက်သေးတယ်။

သီချင်းတွေဖွင့်လို့ နေဝင်သွားပြီ၊ စပါးရိတ်တဲ့လူတွေလည်း အိမ်ပြန်ရောက်ပြီ၊ ချက်ပြုတ် စားသောက်ချိန်ဆိုရင် ကျုပ် ဇာတ်ထုပ်တွေ ဖွင့်တယ်။ ဖိုးစိန်ကြီးရဲ့ တာနေဘယက္ခ၊ ဦးအောင်မောင်းရဲ့ ဝိဇယ၊ ရွှေဘိုတင်မောင်ရဲ့ ဆဒ္ဒန်ဆင်မင်း၊ ပြီးတော့ ဒုတိယဖိုးစိန်ရဲ့ ကျိုက်ထီးရိုးတို့၊ ချင်းဖဝေး၊ ချင်းရွှေလုံး၊ ပြီးတော့ ရွှေကျီးညိုရဲ့ သဒ္ဒါသုမနဇာတ်ထုပ်။ အလျဉ်းသင့်သလို ဖွင့်တာ၊ ပွဲတောင်း တောင်းသလို ...

အနည်းဆုံး သဒ္ဒါသုမနဇာတ်ထုပ်က ၁၂ ပြားရယ်။ ဖိုးစိန်ကြီးရဲ့ တာနေဘယက္ခက ၉ ပြားရယ်။ ဦးအောင်မောင်းရဲ့ ဝိဇယဇာတ်ထုပ်ရယ် လောက်တော့ ဖွင့်ပေးရတာ။ များသောအားဖြင့် တစ်ညကို ဇာတ်ထုပ် သုံးထုပ်လောက် နားထောင်လိုက်ရရင် ပရိသတ်က ကျေနပ်သွားကြတာပါပဲ။

တချို့ကတော့ လာငှားကတည်းက ရွှေမန်း ပါအောင်ယူခဲ့ပါ၊ ဦးဖိုးစိန်ကြီး ပါအောင်ထည့်ခဲ့ပါနဲ့ မှာတတ်တယ်။

ဇာတ်ထုပ်ပြီးလို့ရှိရင် ကျိုက်ဝိုင်းဆရာတော်ရဲ့ တရားဟော ဓာတ်တော်ကို ဖွင့်ရတယ်။ တော်တော်ကို မိုးချုပ်နေပါပြီ။ ပြီးတော့ ကြည်နူး

ဖွယ် ဖွင့်ပြီး တစ်ညအတွက် ခာတ်စက်သိမ်းလိုက်တယ်။

တချို့အရပ်တွေကျတော့ အလှူရှင်၊ မင်္ဂလာရှင်က အိမ်ရေးအပျက် ခံပြီးတော့ကို နားထောင်ကြတာ။ သန်းခေါင်သန်းလွဲကျော်လို့ နာရီပြန် တစ်ချက်ထိုးရင် ထိုးတာ။ ဓာတ်ထုပ်တွေ အဖွင့်ခိုင်းတာပါပဲ။ ကြည်နူး ဖွယ် ဖွင့်ပြီးလို့ သိမ်းလိုက်ပေမဲ့ ရွာထဲက ဟိုလူက လာစကားပြော၊ ဟို ဟာ မေး၊ ဒီဟာ စုံစမ်းနဲ့ စကားထိုင်ပြောရသေးတယ်။ မနက်လည်း ၄ နာရီ ထရတာ။ ခဏလေး မှေးတယ်ဆိုရုံလောက် မှေးလိုက်ရတဲ့ နေ့တွေ က အများကြီး။ နေ့လယ် ပွဲပြီးလို့ ခာတ်စက်ဆရာ၊ လာ … ထမင်း သုံးဆောင်ရအောင်၊ ခာတ်စက်ဆရာ ကြွကြွဆိုလို့ သွားစားလိုက်ရင် ခုနစ်လုတ်၊ ရှစ်လုတ် စားရခါရှိသေးတယ်။ မျက်လုံး စင်းနေ၊ မှေးနေပြီ။ လှည်းပေါ် ခာတ်စက်ပစ္စည်းတွေ တင်ပြီးလို့ နောက်တစ်ပွဲကူးတုန်း လေး ငါးခြောက်မိုင် ခရီးမှာတင် ခာတ်စက်သေတ္တာမှီ၊ လှည်းရုံတိုင်ကြားထဲ အိပ်ပြီးလိုက်ရတာ။ ငယ်လည်း ငယ်သေးတော့ ဒီလောက် အိပ်လိုက်ရရင် ကို အိပ်ရေးဝတာ။

မနက်ဆိုရင် လေးနာရီထပြီး ကြည်နူးဖွယ်ဖွင့်၊ ပြီးတော့ ကျိုက် ဝိုင်းဆရာတော်ရဲ့ တရားတော် ဖွင့်တဲ့အခါ ဖွင့်။ ပြီးရင် မေရှင်ရဲ့ အောင် ခြင်း ရှစ်ပါး၊ ခင်မောင်ရင်ရဲ့ ဘုရားငါးဆူ ပွင့်တော်မူသည်ဆိုတဲ့ သီချင်း တို့၊ ပြည်လှဖေရဲ့ ရှင်သီဝလိဂါထာတို့၊ ရွာစားစိန်ဗေဒါရဲ့ မင်္ဂလာဖျော ညွှန့်တို့ ဖွင့်ပေးရတယ်။ ရွှေမန်းရဲ့ အောင်ပါစေလည်း ပါရတာပေါ့။ အဲဒါဆိုရင် ပတ်ဝန်းကျင်တစ်ခွင်လုံး၊ ကြားကြားသမျှ ကျက်သရေမင်္ဂလာ ရှိသွားပြီ။ မင်္ဂလာရှင်လည်း ကျေနပ်သွားပြီ။

ဟိုတုန်းက မင်္ဂလာသက်သက်မှာပဲ ခာတ်စက်ဖွင့်ကြတာ။ အခု တော့ တချို့ 'ကိစ္စ'ရှိရင်တောင် ကက်ဆက်ဖွင့်ကြသတဲ့။ အံ့ရောဗျာ။

ခာတ်စက်ကတော့ ကိုလံဘီယာ ခွေးတံဆိပ်ပါပဲ။ ကျုပ်မှာ အေ အက်စ်အီး ဝပ်နှစ်ဆယ် အင်ပလီဖိုင်ယာ ရှိတယ်။ ဖန်သီး ခြောက်လုံးနဲ့ ဟာ။ ဗာဘရိုက်တာ တစ်လုံး၊ ဖြူ့စ်နဲ့။ သူက ကားရင့်ရော၊ ဘက်ထရီ နဲ့ပါ ဖွင့်လို့ရတယ်။ ဗာဘရိုက်တာတစ်လုံးလည်း အပိုဆောင်သွားရတယ်။ ဟွန်းကြီးက နှစ်လုံး၊ ဟွန်းတွေနောက်က တပ်တဲ့ ယူနစ်တစ်ခုက အိန္ဒိယ ယူနစ်၊ တစ်ခုက အင်္ဂလန်ယူနစ်။ မြည်လိုက် ကြည်လိုက်သမျှ အလွန်

ပါပဲ။

တချို့ရွာများ ကျုပ် ဟွန်းဆင်ပြီးလို့ စက်စဖွင့်ရင် ဟွန်းဦးတည်ရာ တောင်တစ်ယောက်၊ မြောက်တစ်ယောက် စက်ဘီးနဲ့ဖြစ်ဖြစ်၊ မြင်းနဲ့ဖြစ်ဖြစ် ပေးပြီး နားထောင်ကြတာ။ ဆင်ဖြူကုန်းက ဓာတ်စက်ဖွင့်တာ ကန်သစ်၊ မင်းတပ်ကကို ကြားရတဲ့ စက်ပေါ့လို့ ပြောကျန်ရစ်ခဲ့တာ။

ဟွန်းကို အရမ်းမဆင်ပါဘူး။ ရွာက ရွာတန်းရှည်လား၊ လေးထောင့်ပုံလား ကြည့်တယ်။ ရွာတန်းရှည်ရင် သူ့အလျားလိုက် ဖွင့်ရုံပဲ။ အနီးအနားမှာ ဘယ်ရွာတွေ ရှိသတုံး။ ရှိရင် အဲဒီရွာတွေဘက် ဟွန်းလှည့်ပေးလိုက်တယ်။ တောင် ခံနေသလား၊ အဆောက်အအုံမြင့်မြင့် ဟွန်းရှေ့က ခံနေသလားလည်း ကြည့်ရတာပေါ့။ အလှူလာတဲ့လူ၊ မင်္ဂလာဆောင်လာတဲ့လူတွေက သီချင်းသံနားစွင့်ပြီး လာကြတာလေ။

ဓာတ်စက်စဖွင့်ကတည်းက စနစ်တကျ ဖွင့်တာ။ ပြောရင် ယုံမှာမဟုတ်ဘူး။ ဓာတ်ပြားတစ်ချပ်ကို အပ်တစ်ခါ လဲတယ်။ ဓာတ်ပြား တစ်မျက်နှာကို သံပတ်ခုနစ်ပတ် သုံးကြိမ် ပေးတယ်။ ဘယ်တော့မှ အသံမတိမ်းတော့ဘူး။ ထောင်ရတဲ့ နားမှာ အသံတင်းသွားတာ၊ အောင့်ပြီး အိတ္တဲကြီးမျိုးလည်း မဖြစ်တော့ဘူး။

အင်ပလီဖိုင်ယာ နံပါတ်တစ်ကနေ တစ်ဆယ်အထိ ရေးထားပေမဲ့ ထစ်ကုန် မဖွင့်ပါဘူး။ နံပါတ်သုံးဆိုရင် မြည်လှပြီ။ အလွန်ဆုံး သုံးကျော်ကျော်ပေါ့။ လေးအထိတောင် မတင်ရပါဘူး။

တစ်နေ့တော့ 'ညန်ကွေ့ရွာ'က လာငှားတယ်။ အလှူလည်း မဟုတ်ဘူး။ မင်္ဂလာဆောင်လည်း မဟုတ်ဘူး။ ကာလသားတွေ ပျော်ချင်းပါးချင်လို့၊ သက်သက်မယ့် နားထောင်ချင်လို့။ လာငှားတဲ့လူက တင်တင်မြရဲ့ ပေဖူးလွှာဓာတ်ပြား ရှိလား၊ ယူဖြစ်အောင် ယူခဲ့ပါလို့ မှာတယ်။ ညတွင်းချင်း ပြီးပြီးချင်း ပြန်ပို့ဖို့ပြောတော့ သူတို့ကလည်း ပို့ပေးပါ့မယ်တဲ့။ ဟိုတုန်းက တစ်ရွာ့တစ်ရွာ အချိန်မရွေး သွားလို့လာလို့ကလည်း ကောင်းတယ်။ တစ်ရွာ့တစ်ရွာ အချိန်မရွေး သွားလို့လာလို့ကလည်း ဖြစ်တယ်။

ညန်ကွေ့ရောက်တော့ ကြည်နူးဖွယ် စဖွင့်တာပါပဲ။ ကြည်နူးဖွယ်ပြီးတော့ သီချင်းတွေ ဖွင့်ပေးလိုက်တယ်။ ကျုပ် ဓာတ်ပြားတွေ ဖွင့်နေတုန်း ကာလသားတစ်ယောက် ရောက်လာတယ်။ ရွာစားစိန်ဗေဒါရဲ့ ဆိုင်းတီးလုံးတွေ

အဖွင့်ခိုင်းတယ်။ ကျုပ်က ဖွင့်ပေးမှာပါပေါ့။ ထိုင်ပါဦး၊ လက်ဖက်ရည်ကြမ်း သောက်ပါဦး။ အထိုင်ခိုင်းထားတယ်။

ဖွင့်လက်စသီချင်းတွေ ပြီးတော့ သူ အဖွင့်ခိုင်းတဲ့ဆိုင်း ဖွင့်ပေးလိုက်တယ်။ အဲဒီတင် သီချင်းဖွင့်နေတာ ဘာလို့ ရပ်ရတာတုံးပေါ့။ မကျေနပ်တဲ့လူတွေက လာကြပြန်ရော။ ကျုပ်က အထိုင်ခိုင်းထားတယ်။ သီချင်းပြီးရင် ဓာတ်ထုပ်ဖွင့်ပေးရမယ်ဆိုပြီး မူးနေတဲ့ လူတွေကလည်း ပါလာကြတော့ ကျုပ် သိပ်မဖြေရှင်းလိုက်ရပါဘူး။ သူတို့ချင်း ရှင်းလိုက်ကြတာ။ မျက်ကွင်းညိုတဲ့လူက ညို၊ နှုတ်ခမ်းပေါက်တဲ့လူက ပေါက်ပေါ့။

လာငှားတဲ့လူက ကိုညီညီတဲ့။ အခုထိ ရှိသေးတယ်။ တောင်သူလုပ်နေတာ။ သူကတော့ တင်တင်မြမှ တင်တင်မြပဲ။ ပေဖူးလွှာကို လေးခါကျော့ပေးရတယ်။

ညက သတ်ပုတ်ထားတဲ့လူတွေလည်း မနက်ကျတော့ တစ်ယောက်လည်ပင်း တစ်ယောက် ပြန်ဖက်လို့ပဲတဲ့။ ကျုပ် ဖွင့်ပေးတဲ့ ဓာတ်ဆီ၊ ဓာတ်ဆန်ရဲ့ ရေနံချောင်းက ဖေကံကောင်း ဓာတ်ပြားထဲက ပြက်လုံးတွေ ပြန်ပြောပြီး ရယ်နေကြသတဲ့။

'ဖျောက်ဆိပ်ပင်'တုန်းက တစ်မျိုး။ ဖျောက်ဆိပ်ပင်က လာခေါ်တဲ့လှည်းက ကိုထွန်းလှိုင်ကြီးရဲ့ လှည်း။ တော်တော်စောစောကတည်းက လှည်းက ရောက်နေတာ။ အလှူရှင်က လွှတ်လိုက်တာ။ ကျုပ်က ကိုထွန်းလှိုင်ကြီးကို မှာထားတယ်။ ဖျောက်ဆိပ်ပင်ရောက်ခါနီးရင် ကျုပ်ကို ပြောနော်လို့။ သူကလည်း စိတ်ချပါတဲ့။

ဖျောက်ဆိပ်ပင်သွားတဲ့လမ်းက လှတယ်။ တကယ် သာယာတယ်။ ချိုးကူသံ တနွဲ့နွဲ့နဲ့။ လမ်းမှာလည်း နေပူတာက ခပ်နည်းနည်းပဲ။ ကုက္ကိုပင်ကြီးတွေ အုပ်လို့။ မန်ကျည်းပင်ကြီးတွေက နှစ်ပေါင်း ဘယ်လောက်ကြာပြီလဲ မဆိုနိုင်ဘူး။ ယောက်ျားကြီး နှစ်ဖက်စာလောက် ရှိမယ်။ တော်တော်လေး သွားမိတော့ ကိုထွန်းလှိုင်ကြီးက ဟိုရှေ့ကဟာ ဖျောက်ဆိပ်ပင်ပဲတဲ့။ သူကသာ လှမ်းပြတာ။ ကျုပ်က ဘယ်ဟာမှန်း သိတာမဟုတ်ဘူး။ မြင်မှ မမြင်ရသေးဘဲကိုး။ ဘယ်ဟာတုံး၊ ခင်ဗျားတို့ ဖျောက်ဆိပ်ပင်ရွာကဆိုတော့ ... ဟိုရှေ့ကဟာပဲတဲ့။ သူ ပြတော့ တော်တော့်ကို လိုပါသေးတယ်။ ဒါနဲ့ ကျုပ်က နည်းနည်းလိုသေးတယ်ဗျာ။ ရှေ့က ထန်းပင်တွေ

ကျော်လောက်မှ ကျုပ်ကို နှုတ်ဆိုပြီး အသာပြန်မေးပြီး လိုက်လာခဲ့တယ်။

ထန်းပင်တွေနားရောက်တော့ ရွာကို သဲသဲကွဲကွဲ မြင်နေရတယ်။ နာမည်ကသာ ဖျောက်ဆိပ်ပင်။ အပြင်က မြင်ရတာဖြင့် တစ်ရွာလုံး ထနောင်းပင်တွေချည်းပဲ။ ကျုပ်က အင်ပလီဖိုင်ယာလေး သူ့တင်ပျဉ်ခွေထဲ အသာထည့်၊ ရှေ့က ဟွန်းနဲ့ဂျိုင်း၊ ဟွန်းက ကွဲတိုင်မှာ တင်လာတာ။ ဓာတ်စက်ကို ကျုပ် တင်ပျဉ်ခွေထဲမှာ အသာတင်ပြီး 'မေလှမြိုင်' ရဲ့ သီချင်းနာမည်တော့ မေ့နေပြီ။

'ထနောင်းပင် ... ထနောင်းပင် ... လှည့်ပတ်ကာ၊ ချောင်းစပ်ကို ကျော်ပါလျှင် ... ဖြူဖြူဖွေးဖွေး ထုံးရေးရေးနဲ့ ... ဘုရားစေတီမြင်' ဆိုတဲ့ သီချင်းလေး တစ်မျက်နှာ ဖွင့်ပေးလိုက်တာ။

ရွာထဲက လူတွေ အံ့ဩလို့၊ ပျော်လို့၊ ရွှင်လို့၊ ပြေးထွက်လာကြပြီး ကြိုဆိုလိုက်ကြတာ တရှန်းရှန်းနဲ့။ အလှူ့ဒကာကလည်း ကျုပ်တို့လှည်းကို ဘုန်းကြီးလှည်း ကြိုဆိုသလို ကြိုတယ်။ ခေါင်းအုံး၊ သင်ဖြူး၊ ကွမ်း၊ ဆေး၊ လက်ဖက်နဲ့ လက်ဖက်ရည်ပွဲပါ အစုံအလင်နဲ့ သန့်ပြန့်တဲ့နေရာ ပေးတယ်။

ပစ္စည်းတွေ ချပြီးတော့ အလှူ့ဒကာက 'လာ ... ဓာတ်စက်ဆရာ၊ ရေချိုး'တဲ့။ ကျွန်တော်က တောင်းပန်ရတာပေါ့။ ဒီရွာမှာ ရေသိပ်ရှားတာ ကြားဖူးပါတယ်ဗျာ။ မချိုးပါရစေနဲ့တော့။ မဟုတ်ဘူး။ ဒီပေပါ ခင်ဗျားအတွက် သီးသန့်လုပ်ထားတာ၊ ချိုးသာချိုးပါ။ အားမနာပါနဲ့တဲ့။ ဓာတ်စက်ဆရာ မျက်နှာပွင့်ပုံတွေပေါ့။

ဥယျာဉ်ကြီးရွာကျတော့ ကျုပ် တောင်းပန်ပြီး ပြန်ခဲ့ရတယ်။ ကံကောင်းလို့ ဇက်မပြတ်တာ။ ထမင်းအိုးလေး ကွဲတော့မလို့။ မနည်းတောင်းပန်ပြီး ပြန်ခဲ့ရတယ်။

ဥယျာဉ်ကြီးက သူကြီးဦးထူးနဲ့ ကျုပ်က အရင်ကတည်းက သိတော့ အလှူမဏ္ဍပ်ထဲ မနေချင်တာနဲ့ သူကြီးရယ်၊ ဒီဧည့်ခံတဲ့ တဲကလေးထဲကနေပဲ ဓာတ်စက်ဖွင့်တော့မယ်ဗျာလို့ ပြောတော့ သူက ရတယ်၊ ဖွင့်သာဖွင့်ပါ။ ကိုယ်လက်ချမ်းသာတဲ့နေရာသာ နေပါတဲ့။ ဦးထူးက ပြောတယ်။

ထုံးစံအတိုင်း ကျုပ်က စက်ကိုဖွင့်တာပေါ့။ ညနေ ၆ နာရီလောက် နေဝင်ဖျိုးဖျအချိန်ကျတော့ ရွာထဲက ဖျာတွေ ကျုပ်ရှေ့ လာခင်းကြတယ်။

ဘာလို့ လာခင်းကြမှန်း ကျုပ် မသိဘူး။ စားသောက်ပြီးချိန်ကျတော့ အသက်ကြီးကြီးရော၊ ငါးဆယ်ကျော်တွေ၊ ခြောက်ဆယ်ကျော်တွေရော၊ လူလတ်တွေရော အစုံပဲ။ ပြောင်းဖူးဖက်ဆေးလိပ်တွေနဲ့၊ ကွမ်းအစ်၊ လက်ဖက်အစ်တွေနဲ့ ခုနက ဖျာတွေပေါ်ထိုင်ပြီးတော့ အကျအနထိုင်ပြီးတော့ ဇာတ်ထုပ်နားထောင်ကြတာကိုး။

ရှင်မွန်လုဇာတ်ထုပ် ဖွင့်တော့ ပြဿနာတက်တော့တာပဲ။ ရှင်မွန်လုကို စုန်းလို့ စွပ်စွဲခန်းမှာ ပုဏ္ဏားက ကုန်းချောလိုက်တယ်လေ။ အနော်ရထာမင်းက တိုင်းပြည်က နှင်ပါလေရော။ ဒီမှာတင် လူသုံးလေးယောက် ကျုပ်ဆီ ထလာတယ်။ လက်ထဲမှာလည်း ပုဆိန်ကြီးနဲ့၊ ပုဏ္ဏားကို ထုတ်ပေးရမယ်တဲ့။ မပေးရင် ကျုပ်ကို အချ။ ကျုပ်က မနည်းတောင်းပန်ရတယ်။ ရှင်းလည်း ရှင်းပြရတယ်။ သူကြီးဦးထူးကလည်း ဝင်ပြောပေလို့သာပေါ့။ မောင်မင်းကြီးသားတို့ ကျေနပ်အောင် ဓာတ်ပြားကို လက်နဲ့အကိုင်ခိုင်း၊ အပ်ကို အကိုင်ခိုင်းပြီး ဟောဒါနဲ့ ဟောဒါလေး ဟောဒီလိုလုပ်လို့ ဇာတ်ထုပ် မြည်တာပါလို့ ရှင်းပြရတယ်ဗျို့။

ဟိုတုန်းက ဓာတ်စက်တစ်ခါလိုက်ရင် တစ်ပွဲ ခုနစ်ဆယ့်ငါးကျပ်ရတယ်။ ကန်တော့ပွဲလည်း ရတယ်။

ကျုပ်က တစ်ပွဲမှ ငါးကျပ် ရတာပါ။ ပိုင်ရှင်ကို ခုနစ်ဆယ် ပေးရတာ။ ရေစင်ဖိုး ငါးမတ်တော့ ကျုပ် ယူတယ်။ ငှက်ပျောနှစ်ဖီးနဲ့ အုန်းတစ်လုံးလည်း သူ့ကို ပေးလိုက်တယ်။ သူကလည်း ကျုပ်ကို ငှက်ပျောတစ်ဖီး ပြန်ပေးပါတယ်။ အဲဒီတုန်းက ငှက်ပျောက ကျုပ်တို့တစ်နယ်လုံး စိုက်ကြတာ။ အခုလို ဈေးမတန်ပါဘူး။ နွားနဲ့ ထယ်ထိုးကြတာ နွားရော၊ လူရော တစ်မနက်မှ နှစ်ကျပ်ခွဲရတဲ့ခေတ်။ ဆီက တစ်ပိဿာ သုံးကျပ်။ ကျုပ် ရတဲ့ ငါးကျပ်က မဆိုးပါဘူး။

အခုတော့ ကက်ဆက်တွေက ပေါလာလိုက်တာ။ တစ်ပွဲမှ သုံးဆယ်ပဲ ရကြသတဲ့။ ကျုပ် ဒီအလုပ် မလုပ်တော့ပါဘူး။ အလှူလည်းဖွင့်၊ ကိစ္စရှိလည်း ဖွင့်၊ ကောက်စိုက်လည်း ဖွင့်၊ လုပ်အားပေးလည်း ဖွင့်ကြနဲ့၊ သီချင်းတွေက ဒီသီချင်းတွေချည်းပဲ။ ကိုယ် ဖွင့်တဲ့သီချင်းနဲ့ မင်္ဂလာ ရှိရဲ့လားလည်း မသိ။ ရတဲ့ငွေ သုံးဆယ်က ဈေးတစ်ခါ ထွက်ဝယ်လိုက်ရင် ကုန်ရော။

ကျုပ် ငါးကျပ်ရတုန်းက နံနံပင်တို့၊ ချဉ်ပေါင်ရွက်တို့၊ ငရုတ်သီးတို့ဆိုတာ နောက်တစ်ခါ ကိုယ့်ဆိုင် ဝယ်ချင်အောင် ဈေးသည်က ပေးတဲ့ လက်ဆောင်ပစ္စည်းပါ။ ဝယ်ရင်လည်း တစ်မတ်ဖိုးဆို လှည်းကျိုးမယ်။ အခုဆိုရင် ဘာမေးလိုက် မေးလိုက်၊ တစ်ကျပ်အောက် လျော့တာ မရှိဘူး။ အရင်က လက်ဆောင်ပေးတဲ့ ပစ္စည်းကို ဝယ်စားနေရတယ်။

ကျုပ်တို့တုန်းက ညနေကတည်းက ဆင်ထားတဲ့ ဟွန်းနှစ်လုံးကို နောက်တစ်နေ့ နေ့လယ် ပြန်ခါနီးကျတော့မှ ဖြုတ်သိမ်းတာ။

အခု ကက်ဆက်လိုက်ဖွင့်တဲ့ လူတွေ မိုးချုပ်ချုပ်ကျရင် ဟွန်းတွေ အောက်ဖြုတ်ချပြီး သိမ်းကြရပြီး ဟွန်းနောက်က ယူနစ်တွေ ခိုးကြလွန်းလို့တဲ့။

စန္ဒာ မဂ္ဂဇင်း

နိုဝင်ဘာ၊ ၁၉၈၉။

## ရေစက်
## ဆောင်းဝင်းလတ်

နိုးထလှုပ်ရှားစ တာဝရွာကလေး၏ နတ်လမ်းတံတားအနီး နံနက်ဈေးမှာ စည်ကားပေသည်။

'ဟဲ့ … မိုးလင်းကတီး၊ နင်နဲ့ငါနဲ့ ငါးသလောက်တစ်ကောင် တစ်ယောက် တစ်ပိုင်းစီ ဆုံကြရအောင်'

ဘယ်ဘက်လက်ဖဝါးတွင် ဆုပ်ကိုင်ထားသော ဆယ်တန်၊ ငါးကျပ်တန်နှင့် ကျပ်တန်နွမ်းနွမ်းကလေးများကို ရေတွက်နေရာမှ မသန်းလှက ကင်ပွန်းချဉ်ရွက်နှစ်စည်း ငုံ့ဝယ်နေသည့် 'မိုးလင်းကတီး' ဆိုသည့် မိန်းမကို လှမ်းပြောတော့ ထိုမိန်းမက လှည့်ကြည့်ရင်း …

'ဆုံချင် ဆုံလေ။ ခေါင်းပိုင်းတော့ ကျွန်မ ယူမယ်။ အိမ်ကဟာက ငါးသလောက်ဆို ခေါင်းမှ ကြိုက်တာ'ဟု ပြောလေသည်။

စင်စစ်တွင် 'မိုးလင်းကတီး'၏ အမည်ရင်းမှာ 'မစိန်ရီ' ဖြစ်၏။

တာဝရွာသူ မဟုတ်ပေ။

ဟသ်ာတဘက်မှ ဖြစ်၏။

သည်ရွာက လှထွေးသည် အဲသည်ဘက်သို့ အလုပ်ကိစ္စနှင့်သွားရင်း

မစိန်ရီကို ခိုးပြေးလာရာမှ တာဝမှာ သည်ကောင်မလေး ထွေးရောယှက်တင် သောင်တင်သွားရခြင်း ဖြစ်၏။

သူတို့ဒေသဘက်မှ လေသံအရ 'မိုးလင်းကတည်းက'ကို 'တဲ'ဟု အသံမထွက်ဘဲ 'ကျွန်မကတော့ မိုးလင်းကတီးက ထမင်းအိုးတစ်အိုး တည်ပြီးပြီတော့'ဟု ပြောလေ့ရှိ၍ တာဝရွာသူရွာသားများ အကြားအာရုံ တွင် ချစ်ချင်သဖွယ်ရှိသည်မို့ သူ့ကိုမြင်လျှင် ခင်မင်ရင်းနှီးစွာ 'မိုးလင်း ကတီး'ဟုသာ ခေါ်ဝေါ်ဆက်ဆံလာခဲ့ကြရာမှ အမည်ရင်း 'မစိန်ရီ'သည် တစ်စတစ်စ ကွယ်ပျောက်သွားလေတော့၏။

မသန်းလှနှင့် မိုးလင်းကတီးတို့ သူငယ်ချင်းနှစ်ဦးသည် တာဝရွာ ကလေး၏ သဘာဝအရ တစ်ဦးတည်း၊ တစ်ယောက်တည်း ငါးတစ်ကောင် လုံး မဝယ်နိုင်သည့်သူကို ဖေးကူသည့် သဘောမျိုးဖြင့် တစ်ပိုင်းစီ 'ဆုံ ၍' ဝယ်ကြလေသည်။

အမှန်တော့ ကိုယ် လိုချင်သလောက် ပိုင်း၍ ဈေးသည်များက ရောင်းပေးကြသော်လည်း ယခုလို တစ်ယောက် တစ်ပိုင်းစီ အတူတူ တိုင်ပင်၍ ဝယ်သည့်ဓလေ့မှာ ကျေးလက်သဘာဝ ရင်းနှီးချစ်ခင်မှုသဘော ကို ပြသသလို ထင်မှတ်ရပေ၏။

တာဝရွာသူများ အားလုံးထဲတွင် မသန်းလှကိုသာ မိုးလင်းကတီး က အခင်ဆုံး၊ အချစ်ဆုံး မဟုတ်ပါ။ အားလုံးကို သူသည် လိုက်လျော ညီထွေ ဆက်ဆံတတ်ပါပေသည်။

သို့ပါသော်လည်း လယ်ထဲဆင်း၍ ကောက်စိုက်ကြရာတွင် မသန်း လှနှင့်သာ 'ကောက်ငန်း'ချင်း ယှဉ်၍ စိုက်ရမှ ခါးညောင်းပြေသလို ထင်မိတတ်၏။

ကောက်စိုက်ရင်း ဗလွတ်ရွတ်တွ ပေါက်တတ်ကရ ပြောရတာ ပိုမို အာတွေ့သည်ဟု ထင်မိသေး၏။

အို ... အစစ အရာရာတွင် စိတ်ချင်း သဘောချင်း အတော်ကလေး နီးစပ်သည်ဟု ထင်မိလေသည်။ နှစ်ယောက်လုံး၏အသားတွေက ဒယ်အိုး ဖင်မှ အရှိုးပေးရလောက်အောင် မည်းကြသော်လည်း အင်္ကျီ၊ ထဘီဟောင်း ကလေးများ မြို့အထည်ဟောင်းတွေ လာရောင်း၍ ဝယ်ကြပြီဆိုလျှင် လည်း အဝါရောင် ကြိုက်တတ်တာချင်းကအစ တူညီကြ၏။

သူငယ်ချင်းနှစ်ယောက်တွင် မတူညီနိုင်တာ တစ်ခုကတော့ဖြင့် မသန်းလှကား လင်ယူသားမွေး ရှုပ်ရှုပ်ထွေးထွေး သပွတ်အူကို ဘဝထဲ ဆွဲယူခြင်း အလျှင်းမရှိသေးဘဲ ယခုအချိန်အထိ နေနိုင်ခြင်းပါတည်း။

သည်ကိစ္စအတွက် မိုးလင်းကတီးကလည်း မသန်းလှကို အိမ်ထောင်ပြုရန် ယခုအချိန်အထိ တိုက်တွန်းဆွဲငင်ခြင်း မပြုခဲ့ပါပေ။

'နင့်လင် လှထွေးဆိုတဲ့အကောင်က ခြေထောက်မှာ ဗွေအလုံးတစ်ရာလောက်များ ပါနေသလား မသိပါဘူး။ ကိုယ့်ရွာမှာကိုယ် လုပ်ကိုင်စားနေတာ တော်လာလို့ တခြားအလုပ်တစ်ခု ပြောင်းလုပ်ရတယ်ဆိုရင်လည်း တော်ပါသေးရဲ့။ အခုလည်း နင်တို့ ပုံမှန်စားနေကြရတဲ့ဥစ္စာ။ ဘာစိတ်ကူးနဲ့ အရှုးထပြီး ရန်ကုန်ပြောင်းချင်ရတာလဲ'

မသန်းလှသည် မကျေမနပ်ဖြင့် တတွတ်တွတ် ပြောနေ၏။ လင့်မျက်နှာ တစ်ရွာထင်ကာ ရွာစဉ်လျှောက်လိုက်ရန် ဇာတာပါလာခဲ့ဟန်တူသော မိုးလင်းကတီးကတော့ သူငယ်ချင်း အပြစ်ဆိုသမျှကို ခေါင်းငုံ့၍ ကြိတ်ခံနေလေသည်။

'ဟိုတလောက သူ ရန်ကုန်သွားတော့ အုတ်ကျင်းမှာနေတဲ့ သူ့အစ်မတွေက ဈေးထဲမှာ သူတို့ဆိုင်နဲ့ ဘေးချဉ်းယှဉ်ပြီး တစ်နေရာစာ လွတ်နေတာ သူ့ကို ဝယ်ခိုင်းတာနဲ့ ဝယ်လာခဲ့တာဟ။ သူ့အစ်မတွေကတော့ လက်ဖက်ခြောက် ရောင်းကြတယ်။ သူ့ကိုတော့ ကြိုက်တာ လာရောင်းလို့ ပြောလိုက်တယ်တဲ့'

မိုးလင်းကတီးက သူငယ်ချင်းမျက်နှာကို မဝံ့မရဲကြည့်ကာ ပြောပြပါသည်။

'အေးလေ၊ သူ့ဟာသူ ရန်ကုန်မှာ ငံပြာရည်သွားရောင်းတာ ရောင်းပစေပေါ့။ ညည်းနဲ့ ကလေးနှစ်ယောက်က ဘာလို့ လိုက်သွားရမှာတုံးအေ့'

... ဟု ပြောချင်တာပြောရန် ဆန္ဒကို မသန်းလှ ရတ်တရက် မျိုချလိုက်ပြီး ...

'ဩော် ... သူ့ခမျာ လင်နဲ့သားနဲ့ ဘယ်ခွဲပြီး နေနိုင်ရှာပါ့မလဲ။ ဟုတ်တော့လည်း ဟုတ်ပါတယ်လေ။ ရွာမှာနေပြီး ကျပန်းလုပ်နေမယ့်အစား ရန်ကုန်မှာ ရောင်းတတ်ဝယ်တတ်လာရင် လှထွေးတို့ မျက်စိ ပိုကျယ်လာမှာပေါ့။ ဟုတ်တယ်၊ ဟုတ်တယ်။ စွန့်နိုင်တဲ့လူတွေ ဒါကြောင့်

ကြီးပွားတာ။ မြို့ရောက်တော့ ကလေးတွေလည်း အသွေးအမွေး ပိုပြောင်ရင် ပြောင်လာမှာ'

... ဟု စိတ်ကောင်းဝင်မိ၏။

ထို့ကြောင့် ...

'စပါးရိတ်ပြီးရင်တော့ ငါလည်း လာလည်နိုင်အောင် ကြည့်လုပ်ရမှာပဲ။ ညည်းတို့ ခုသွားနေမယ့် အုတ်ကျင်းက အိမ်ကျတော့ ဘယ်လိုလဲ၊ လှထွေး အစ်မတွေနဲ့ အတူနေရမှာလား'

... ဟု မေးလိုက်၏။

မိုးလင်းကတီးက လှထွေးတို့အစ်မတွေ နေသည့်နေရာနှင့် တစ်လမ်းကျော်တွင် ငှားနေရမည်ဖြစ်ကြောင်း ပြောပြလေသည်။

'လှထွေးအစ်မ ဝင်းဝင်းတို့အိမ်တော့ ငါ ရောက်ဖူးတယ်။ အဖေဆေးရုံသွားတက်တုန်းက ဒေါ်လေးမထွေးကြည် တစ်ခေါက်ခေါ်သွားလို့ လိုက်သွားတာ။ သူတို့နေရာလေးက အတော်စည်တာအေ့။ နင်တို့ဆီ ငါလာဖြစ်ရင် ဝင်းဝင်းတို့ လိုက်ပို့ခိုင်းမှာပေါ့'

မသန်းလှ စကားကြောင့် မိုးလင်းကတီးမှာ အနည်းငယ် ပြုံးနိုင်လာလေသည်။

နွေဦးတောင်မှ မပေါက်လိုက်ရပါ။ နတ်တော်မဆန်းခင်မှာပင် မိုးလင်းကတီးနှင့် ကလေးနှစ်ယောက်သည် ရွာသို့ ပုံပျက်ပန်းပျက်နှင့် ပြန်ရောက်လာကြ၏။ ခရီးရောက်မဆိုက်ပင် ယောက္ခမများ (လှထွေးအဖေ၊ အမေ) နှင့် မိုးလင်းကတီးတို့ ခွန်းကြီး ခွန်းငယ် ပြောသံဆိုသံ ဆူဆူညံသွားတော့၏။

လှထွေးကား သစ္စာမဲ့လေပြီ။

ငံပြာရည် လက်ကားသွားယူနေကျ အိမ်တစ်အိမ်မှ တစ်ခုလပ်မ တစ်ယောက်နှင့် ငြိခဲ့လေပြီ။

'သူ့အဖေ အမေတွေ သိအောင် လာပြောပြရတာလေ။ ကလေးနှစ်ယောက် ခေါ်ပြီး ငါ့ရွာငါ ပြန်တော့မယ်ဟာ'

မသန်းလှနှင့်တကွ တာဝမှ သူငယ်ချင်းများအား မိုးလင်းကတီးက ပြောပြနေရှာသည်။

'မပြန်ပါနဲ့ဟယ်။ ယောက္ခမအိမ်မှာ မနေချင်ရင် ငါတို့အိမ်တွေ

ရှိတာပဲ။ နင် နေချင်တဲ့အိမ် တက်နေစမ်းပါ။ တာဝသူတွေ ဘယ်သူမှ မရိုင်းပါဘူး'

မျက်နှာတစ်ပြင်လုံး ကျောက်ပေါက်မာတွေ ထူလပျစ်ဖြစ်နေသော မမြစိန်က ကရုဏာမျက်ဝန်းအစုံဖြင့် ကြည့်ကာ ပြောလေသည်။

မခင်ထွေး၊ မခင်အေးတို့ ညီအစ်မ၊ စန်းစန်းကြည်တို့ သမီးယောက်မတို့ကလည်း ကြိုက်တဲ့အိမ်မှာ လာတက်နေရန် ဖိတ်ခေါ်ကြသည်။

မသန်းလှတစ်ယောက်ကတော့ မခေါ်ဝံ့ရှာပါ။ သူငယ်ချင်းကို ချစ်ပါ၏။ ခင်ပါ၏။ သို့သော် ခေါ်ချင်ပါလျက် ခေါ်ရခက်နေရှာလေသည်။

အဘယ့်ကြောင့်ဆိုသော် မသန်းလှ၏အစ်မအရင်း မထွားဖံနှင့် မိုးလင်းကတီးတို့သည် ခွန်းကြီး ခွန်းငယ်မျှသာမက လူးလိမ့်ရိုက်နှက်ကြသည်အထိ ရန်ဖြစ်ထားဖူးကြသူများ ဖြစ်သောကြောင့်ပင်တည်း။ အစ်မကြီး မထွားဖံကို မသန်းလှ မလွန်ဆန်နိုင်ရှာပါ။

သည်နေရာကျတော့ သူငယ်ချင်းနှစ်ယောက်တို့၏ အချစ်သည် သူစိမ်းဆန်သွားပြန်လေပြီတည်း။

အခြေအနေမှာ တစ်မျိုးပြောင်းခဲ့ပါ၏။ မိုးလင်းကတီး၏ ယောက္ခမများက လှထွေးဘက်မှ မှားနေကြောင်း သိသည့်အပြင် မြေးအနှစ် နှစ်ယောက်၏ စားဝတ်နေရေးနှင့် ပတ်သက်၍ တာဝန်မကင်းကြောင်း လူကြီးပီပီ သိကြသောကြောင့် မိုးလင်းကတီးတို့ သားအမိကို ဖျောင်းဖျကာ သူတို့အိမ်မှာပင် ဆက်လက်နေထိုင်ပြီး လုပ်နိုင်သည့် တစ်နိုင်တစ်ပိုင် အလုပ်ကလေးတွေကို လုပ်ကာ တစ်အိုးတည်း စားသွားကြဖို့ တိုက်တွန်းကြလေသည်။

လက်ရှိပုံပန်းဖြင့် ဇာတိရွာဆိပ်ကမ်းသို့ ပြန်မတက်ချင်သော မိုးလင်းကတီးကလည်း ကြိတ်မှိတ်ကာ တာဝရွာမှာပင် နေထိုင်ဖို့ စိတ်နှလုံး တုံးတုံးချလိုက်ပါ၏။

ကောက်ရိတ်သူများ ရေဆာချိန်ပင်တည်း။ ခဏနားချိန်တွင် ကန်သင်းရိုးရှိ ပေါက်ပန်းဖြူပင်ရိပ်ကလေးရှိရာသို့ ပြေးလာကာ အပန်းဖြေကြသည်။

ပြီးတော့ အရီးဒေါ်မယ်မြ၏ လယ်ကွက်ဘေးမှ ရစ်ခွေစီးဆင်းလျက်ရှိသော နွေရေချောင်းကလေးမှ ဝါဖျော့ဖျော့ ချောင်းရေချိုကို လက်ခုပ်နှင့်

ခပ်ကာ ခပ်ကာ အားပါးတရ သောက်ကြသည်။

နွေရေချောင်းကလေးကျမှ ရေက ဘာကြောင့် အဝါရောင်သမ်းရပါသလဲ။

ဩော် ... ရေတိမ်၍ အနည်အမှုန်ထတာ ဖြစ်မှာပါ။ အဲသည်ချောင်းကလေးရဲ့အဝ ချောင်းမကြီးတောင်မှ အရောင်က စိမ်းတော့မလိုလို၊ ဝါနေသလိုလိုနှင့်။

ကြည့်စမ်းဦး။

ရေလာသောက်ချိန်မှ သူငယ်ချင်းနှစ်ယောက် ဆုံမိကြပြန်ပြီ။

သို့သော် တစ်ယောက်ကိုတစ်ယောက် မခေါ်မပြောဖြစ်ကြတော့ပါလား။ မသန်းလှက မိုးလင်းကတီးကို မျက်နှာလွှဲ၍ ရေသောက်နေသည်။

'နင့်ကလေးတွေအတွက် ငါ့ကောက်ရိတ်ခထဲက တစ်နေ့ကို လေးကျပ်၊ လေးကျပ် ပေးတာ နင်က မာနနဲ့ မယူတာလား။ ဒါမှမဟုတ် နင့်လင်နဲ့ ကွဲပြီး ရွာကိုပြန်ရောက်တော့ ငါ့အိမ်မှာလာနေဖို့ နင့်ကို မခေါ်မိတာ နင့်ရင်ထဲမှာ နာနေလို့လား။ ငါ့အစ်မ မထွားဖံနဲ့ နင်နဲ့ မတည့်လို့ မခေါ်တာ နင် မသိဘူးလား။ ရပါတယ်လေ။ ငါ့စိတ်ရင်း နင် မသိရင်လည်း မခေါ်ဘဲနေကြတာ လေကုန်သက်သာပါတယ်'

... ဟု သူ့သဘော သူ ဆောင်ကာ မခေါ်နိုင် မပြောနိုင်ဖြစ်သွားပြီး စိမ်းစိမ်းကြီး နေနိုင်ရက်သော မသန်းလှအား မိုးလင်းကတီး အနေဖြင့် ဘာမှမရှင်းပြဘဲ ကြိတ်မှိတ် ဝမ်းနည်းနေရတာ ကြာပါပေါ့။

မာနကြီး၍ ငွေလေးကျပ်ကို မယူခြင်း မဟုတ်ပါ။ ချွေးကျရတာချင်း အတူတူမို့ ကိုယ်ချင်းစာ မယူရက်ခဲ့ခြင်းပါ။ သူငယ်ချင်းကို ချစ်တာက တခြား၊ ကိုယ်ချင်းစာရမှာက တခြားပါ။

မထွားဖံကြောင့် မသန်းလှက သူ့အိမ်ကို မခေါ်တာလည်း မထွားဖံနှင့် ရန်ဖြစ်ပြီးစကပင် နားလည်ပြီးသားပါ သူငယ်ချင်းရယ်။ နင့်ကို ငါ ဘယ်တော့မှ ရှင်းမပြဘူးဟဲ့။ ငါ့ရင်ထဲက ဟာတွေ ငါ့ဟာငါ အသိဆုံး။

မိုးလင်းကတီးသည် လယ်တစ်ကွင်းတည်းမှာပင် ကောက်ငန်းချင်းနှစ်ယောက်ကျော် ခြားခဲ့ပြီဖြစ်သော ချစ်သူငယ်ချင်းဆီသို့ လှမ်းကြည့်ကာ ချွေးနှင့်ရောလျက် မျက်ရည်တွေရစ်ဝဲပြီး မျက်စိထဲ စပ်ဖျင်းဖျင်းကြီး

ဖြစ်လာသည်။

ပါးစပ်မှာတော့ ချွေးကြောင့် ငန်ကျိကျိဖြစ်နေတာ ရိုးပြတ်တောထဲ ထွေးချပစ်လိုက်လေသည်။

ကြေးစည်ထုသံကြီး ကြားရချိန်တွင် မသန်းလှတို့အိမ်ပေါ်သို့ မိုးလင်းကတီးသည် အရဲစွန့်ကာ တက်ခဲ့တော့၏။

မသန်းလှတို့ တစ်အိမ်လုံး၏ ငိုသံကြီးမှာ ဟည်းထ၍ နေလေသည်။ မငိုနိုင်သေးဘဲ လည်ချောင်းဝမှာ တစ်ဆို့ဆို့ကြီး ဖြစ်နေသူမှာ မိုးလင်းကတီး။

မထွားဖုံပင်လျှင် မိုးလင်းကတီးကို မြင်သည်နှင့် ...

'ညီမလေးရဲ့ ... နင့်သူငယ်ချင်း မိုးလင်းကတီး ရောက်လာပြီလေ။ ထကြည့်ပါဦး'ဟု အော်ဟစ် တမ်းတလိုက်လေသည်။

သူငယ်ချင်း မမြစိန်က မိုးလင်းကတီး၏အနီးရှိ ဖျာစုတ်ကလေးမှာ လာထိုင်ရင်း ...

'လယ်ကွင်းထဲက နွေချောင်းရေကို မသောက်ကြနဲ့လို့ ကျန်းမာရေးမှူးက ပြောသွားတယ်။ ကောက်ရိတ်ဆင်းရင် ရွာထဲက တွင်းရေသန့်သန့်ကို သံပုံးနဲ့ဖြစ်ဖြစ် ထမ်းရင် ထမ်းသွား၊ ဒါမှမဟုတ်ရင် အိုးတွေနဲ့ ရွက်ရင် ရွက်သွားကြတဲ့။ ချောင်းလေးထဲက မသန့်တဲ့ နွေရေတွေ သောက်မိလို့ မသန်းလှ အသည်းရောင် အသားဝါရောဂါ ဖြစ်တာတဲ့။ ဆီးတွေ၊ ဘာတွေ ဝါနေကတည်းက သူ့ကို လာပြရင် ချက်ချင်း ဆေးရုံကို လှည်းနဲ့ပို့မှာပေါ့တဲ့။ အခုတော့ လွန်မှပဲ သိရတယ်တဲ့။ မျက်စိတွေ၊ အသားတွေ၊ ဆီးတွေ ဝါလာရင် သူ့ကို ချက်ချင်းလာပြကြပါတဲ့။ ရေသန့်သန့် သောက်ရမယ်၊ ယင်ကောင်တွေနားတဲ့ မုန့်တွေ၊ ထမင်းဟင်းတွေလည်း မစားနဲ့တဲ့။ အိမ်သာဝင်ပြီးရင်လည်း လက်ကို ဆပ်ပြာနဲ့ စင်စင်ဆေးရမယ်တဲ့။ ညည်းတို့၊ ငါတို့ ဆပ်ပြာနဲ့ဆေးနေကျမဟုတ်တော့ ခက်သားအေ့'

... ဟု ခပ်တိုးတိုးပြောတာ ကြားနေရသော်လည်း ရင်ထဲမှာ ပူလောင်နေတာလောက် ဘာမှ ဂရုမစိုက်ဖြစ်တော့ပေ။

ကြေးစည်သံကြီးက ပိုပြီး မြည်ဟည်းလာသည်။ မသန်းလှ သွားရပေတော့မည်။ လူတွေ လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။

မိုးလင်းကတီးက မသန်းလှကို ထည့်သွင်းထားပြီး ဖြစ်သော

တလား၏ ခြေရင်းမှ ရေအိုးကလေးကို ရုတ်တရက် ကောက်ကိုင်လိုက်သည်။ အားလုံးက သူ့ကို လှမ်းကြည့်ကြသည်။ ရေအိုးကလေးထဲမှ ရေမှာ ကြည်လင်သော တွင်းရေချို ဖြစ်သည်။

'အစ်မ ထွားဖံရယ်၊ ကျွန်မ သေရင် ခွဲချင်တဲ့သူ ရေအိုးလာခွဲကြပါ။ ကျွန်မ သူငယ်ချင်းအတွက်တော့ ကျွန်မကိုယ်တိုင် ရေအိုးခွဲလိုက်စမ်းပါရစေ'

မထွားဖံကို ဆို့နင့်သောအသံဖြင့် မိုးလင်းကတီးက လှမ်းပြောလိုက်သည်။

ခေါင်းထမ်းသူများနောက်မှ ထက်ကြပ်မကွာ လိုက်ဆင်းသွားသော မိုးလင်းကတီးသည် မသန်းလှတို့အိမ်ဆင်း လှေကားရင်းအရောက်တွင် လက်ထဲမှာ ကိုင်လာသည့် ရေအိုးကို မြေပြင်ပေါ်သို့ အားပါးတရ ပစ်ပေါက်ချလိုက်လေသည်။

အစိတ်စိတ် အမြွှာမြွှာ ကွဲကြေကာ ရေတွေ ပြန့်ကျဲစီးဆင်းသွားလေ၏။

သူငယ်ချင်းအပေါ်တွင် ချစ်သော၊ နားလည်သော၊ ခွင့်လွှတ်သော၊ အားနာ ကိုယ်ချင်းစာတတ်သော မိုးလင်းကတီး၏ နှုတ်ခွန်းဆက်မျက်ရည်၊ သို့မဟုတ် မေတ္တာရေစင်များကား မြေပြင်ပေါ်တွင် ...။ သို့တည်းမဟုတ် သူတို့နှစ်ယောက်ရဲ့ ရှေးက ရေစက်တွေ ...။

ပေဖူးလွှာ မဂ္ဂဇင်း

အမှတ် ၁၁၁၊ ၁၉၉၀။

## ခွန်ဖွားဖရာတိုင်းသား
## မောင်သွေးချွန်

၁။

ငါ့နားထဲမှာ အဆက်မပြတ် မွှေနေတဲ့ သံချောင်းခေါက်သံက ကျယ်သထက် ကျယ်လာတယ်။ မောမောနဲ့ မှေးခနဲ အိပ်ပျော်သွားရာက ငါ ရုတ်ခနဲ လန့်နိုးလာတယ်။ အင်း ... ရွာထဲမှာတော့ လူစိမ်းဝင်နေပြီ။ အိမ်ပေါ်က ခုန်ဆင်းပြေးသံ၊ အချင်းချင်း အာလုတ်စကားသံတွေနဲ့ အချက်ပေးသံ၊ တစ်ချက်ချင်း ပိုကျယ်လာတဲ့ သံချောင်းခေါက်သံတွေက လေးလံကိုက်ခဲနေတဲ့ ငါ့ခန္ဓာကိုယ်ကြီးကို ပြတင်းပေါက်က ခုန်ချပြီးသား ဖြစ်သွားအောင်ပဲ ပေါ့ပါးစေခဲ့တယ်။

'ဝေး ... တမောင်၊ နင် ဘယ်ခါ ပြန်ရောက်သလဲ။ သံချောင်းခေါက်သံ ကြားတယ်ကော'

'လခွေး ... ရောက်လို့မှ မကြာသေးဘူး။ သံချောင်းခေါက်သံ ကြားတာပဲ။ ဘယ်ခွေးမျိုး ဝင်လာလဲ မသိဘူး။ မေးမေးပြီး လည်လိမ်ချိုး ပစ်ချင်တယ်'

'ဒီလူစိမ်းလည်း ခုလောက်ရှိ ရွာထဲ ပိတ်မိနေပါပြီ။ လာ ... သွားစို့'

ရွာထဲမှာ လူစိမ်းဝင်တာလောက် ငါတို့ရွာအတွက် အရေးကြီးတာ မရှိဘူး။ လူစိမ်းဝင်လာတာနဲ့ 'ရွာစောင့်' အလှည့်ကျသူက သံချောင်းကို ညံနေအောင် ခေါက်သံကြားရင် ကိုယ် လုပ်နေတဲ့အလုပ် ရပ်ပြီး ရွာရှိ လူကုန် လမ်းပေါ်ထွက်ရတယ်။ လူစိမ်းကို ဝိုင်းမိလောက်ပြီဆိုမှ သံချောင်း ခေါက်သံလည်း ရပ်ရတယ်။

'လမ်းရိုးအတိုင်း လာရင် ဘုံရွှေပင်က ရွာစောင့် လိုက်ပို့မှာပေါ့။ တို့ရွာကို တည့်တည့်ကြီးရောက်လာဖို့ဆိုတာ မလွယ်ဘူးနော်၊ တမောင်'

ငါ့သူငယ်ချင်း တညိုပြောတာ မှန်တယ်။ ငါတို့ရွာက အတော့်ကို အတွင်းပိုင်းကျတာ။ ပြီးတော့ တောင်ကြီးလမ်းမပေါ်မှာ ရှိတာ မဟုတ် လို့ တကူးတကလာမှ ရောက်တဲ့ရွာ။ 'ဘုံရွှေပင်'ကို ဖြတ်ပြီး တောလမ်း အတိုင်း တောင်တစ်လုံး ကျော်ပြီးမှ ရောက်နိုင်တဲ့ရွာ။ သည်လိုဆိုရင် လည်း ဘုံရွှေပင်ရွာစောင့်က လိုက်ပို့ရမှာပေါ့။

ငါတို့ဆီမှာ ရွာစောင့်ဟာ အင်မတန် အရေးကြီးတာ။ မျက်နှာစိမ်း ဝင်တာနဲ့ ရွာစောင့်က စစ်မေးပြီးသား။ ဘယ်သွားမလဲ။ ဘာကိစ္စလဲ။

လူကောင်းဆိုရင်တော့ သူ သွားချင်တဲ့နေရာရောက်အောင်၊ သူ့ကိစ္စ ပြီးမြောက်အောင် ကူညီပေးတယ်။ ကြက်သွန်ဖြူမျိုး သွားရှာမလား၊ သနပ်ဖက် ဝယ်မလား။ တစ်ရွာဝင် တစ်ရွာထွက် မျက်နှာမငယ်ရဘူး။ ခလုတ်တစ်ချက် မထိစေရဘူး။ ဆူးတစ်ချောင်း မငြိစေရဘူး။ လမ်းမှာ ရှိသမျှ ရွာတွေက ရွာစောင့် အလှည့်ကျသူက အဆင့်ဆင့် လိုက်ပို့တယ်။ ဘယ်အိမ် တက်စားစား၊ ရွာစောင့်ကို မြင်တာနဲ့ အခါးရည် (ရေနွေးကြမ်း) ခပ်ပြီးသား။

အေး ... ရွာစောင့်မပါဘဲ သူ့ချည်း 'ပွန်'လာလို့ကတော့ သံသယ တွေနဲ့ ကြိုနေတတ်မြဲ။ ရွာထဲ ခြေတစ်လှမ်း ကျွံလိုက်တာနဲ့ ရွာစောင့်က 'သံချောင်း' ခေါက်ပြီးသား ဖြစ်နေပြီ။ ဒါဆိုရင် လူစိမ်းဝင်လာမှန်းလည်း တစ်ရွာလုံးက တန်းသိနေတတ်ပြီ။

ငါတို့ အောက်ရွာက ဘုံရွှေပင်။ ငါတို့ အထက်ရွာက ဘုရားဖြူ။

'ဟော ... သံချောင်းခေါက်သံတောင် မကြားတော့ဘူး'

'ဟုတ်တယ် တညို။ ဒီကောင် ဘယ်လမ်းက ဝင်လာသလဲ ငါ တွေးနေတယ်။ ဒီနေ့ နမ်းပေါင်ဈေးနေ့။ ငါ ခုနပဲ ပြန်ရောက်တယ်။

တစ်လမ်းလုံး လူသွားလူလာ မပြတ်ဘူး။ ဘယ်ရွာမှာမှ လူစိမ်းဝင်တယ်လည်း မကြားဘူး'

'သံချောင်းခေါက်သံက တစ်ချက်ချင်း ခေါက်သွားတာကွ။ ဒီကောင်တစ်ယောက်တည်း ဖြစ်ရမယ် တမောင်'

ဟုတ်တယ်။ လူစိမ်းတစ်ယောက်တည်းဆိုရင် သံချောင်းခေါက်သံတစ်ချက်ချင်း အဆက်မပြတ် ပေါ်လာတယ်။ နှစ်ယောက်ဆိုရင် သံချောင်းနှစ်ချက်တွဲ ဆက်ခေါက်ပြီး သုံးယောက်ဆိုရင် သုံးချက်တွဲ ခေါက်ရတယ်။ သုံးယောက်ထက် ပိုလာရင်တော့ ရွာစောင့်က သူ့လက်မောင်း ပြုတ်ထွက်မတတ် တရစပ် ခေါက်ရတော့တာပဲ။

'အာဂကောင်ကွ။ ရွာစောင့်မပါဘဲ တစ်ယောက်တည်း လာရဲတယ်လို့'

'လာချင်ရင် လာ။ ဒီရွာမှာ တမောင် ရှိတယ်ကွ။ တမောင် ရှိလျက်နဲ့ ရွာကို ကျော်သွားတာမျိုး လုပ်ကြည့်ပါလား'

'ငါ သိပါတယ် တမောင်။ ဟောဟိုမှာ ဘကြီးစံတို့ လာနေပြီ'

၂။

ဘကြီးစံကို မြင်တော့ လူအုပ်ကြီးလည်း ခပ်ချဲချဲလုပ်ပြီး လမ်းဖယ်ပေးတယ်။ ငါလည်း အတင်းတိုးဝှေ့ပြီး ရှေ့ဆုံးကို ရောက်လာတယ်။ ငါ့မျက်လုံးက လူစိမ်းဆီ ရောက်သွားတယ်။ အာလာလာ။

တကယ့်လူပဲ။ နည်းနည်းမှ တုန်လှုပ်ဟန်မပြဘဲ လွယ်အိတ်ထဲက ကွမ်းထုပ်ကို ဖြေလို့ ကွမ်းတစ်ယာကို အေးအေးဆေးဆေး ယာနေလိုက်သေးတယ်။ သူ့ကိုဝိုင်းထားတဲ့ ငါတို့ကို တရားနာပရိသတ်များ ထင်နေသလား မသိဘူး။ သေချာတယ်။ သည်လူကြီးဟာ တို့နယ်သားမဟုတ်မှန်းသူ့ခေါင်းပေါ်က စပြနေတယ်။ ကြည့်လေ၊ ခေါင်းပေါင်းစကို နားထင်ဘေးမှာ အောက်စိုက် ချထားပုံကိုက။ ငါတို့ ခေါင်းပေါင်းစတွေကတော့ အမြဲတမ်း ဦးထိပ်မှာ နဂါးမောက် ထောင်နေသလို ရှိတတ်တယ်။ ငါတို့ဟာ နဂါးမျိုးတွေ၊ နဂါးက ဆင်းသက်လာသူတွေလို့ ငါတို့ ယုံကြည်ကြလို့ပဲ။

'နင် ဘယ်သူလဲ၊ ဘယ်က လာလဲ၊ ဘယ်သွားမလဲ'

ဘကြီးစံက လူစိမ်းကို သေသေချာချာ အကဲခတ်ပြီး အသံသြဇာ ပြည့်ပြည့်နဲ့ မေးလိုက်တယ်။ လူစိမ်းက ဣန္ဒြေရရ ပြုံးလိုက်ရင်း ...

'ငါ ဆရာအို ဆေးဆရာပါ။ နင်တို့ရွာမှာ ငါ့မိတ်ဆွေ ကိုထီးပျို ရှိတယ်။ ငါနဲ့ သူ ရွှေဥဒေါင်းတောင်ပေါ်မှာ အခိဋ္ဌာန် ပုတီးစိပ်ရင်း သိခဲ့ကြတယ်'

သူ့စကားဆုံးတော့ ကိုထီးပျိုလည်း လူအုပ်ကြားက အလျင်စလို ထွက်လာပြီး လူစိမ်းကို သေချာကြည့်တဲ့ပြီး ...

'ဝေး ... တအို၊ ငါတို့ ရွှေဥဒေါင်းတောင်ပေါ်မှာ တွေ့ခဲ့ကြတာ အတော်ကြာပြီနော်။ ကြာဆို ရွှေဥဒေါင်းတောင် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူတဲ့ နှစ်ကပဲနော်'လို့ အလွမ်းသယ်နေလိုက်သေးတယ်။ ပြီးမှ ဘကြီးစံကို ...

'နင် စစ်ဦးလေ။ ဒါ ငါ့ညှေ့သည်ပါ'လို့ လူစိမ်းကို အပ်တယ်။

'ဆရာအို ... နင် ဘယ်လမ်းက လာတာလဲ။ ဒါပဲ ငါ သိချင်တယ်'

'ဟုတ်တယ်၊ ဟုတ်တယ်'

ငါတို့ ဒါကိုပဲ သိချင်တယ်။ တို့ရွာကို လမ်းရိုးအတိုင်း မဟုတ်ဘဲ ဘယ်လမ်းက လာခဲ့သလဲဆိုတာ အရေးကြီးတယ်။

'အေး ... နင်တို့ အံ့သြနေတယ် မဟုတ်လား။ ရွာစောင့်မပါဘဲ ရောက်လာလို့ ငါ့ကို သံသယဝင်နေကြတာလည်း ငါ သိပါတယ်။ ဒါတွေကို ထီးပျို ပြောပြထားလို့ ငါ သိပြီးသား၊ လေးစားပြီးသားပါ။ ဒါကြောင့်လည်း နင်တို့ ခွန်ဖွားဖရာတိုင်းဟာ နာမည်ကြီးတာပဲ'

လူစိမ်းက ကွမ်းတစ်ယာကို ပါးစောင်ထဲ ထိုးထည့်ရင်း ဆက်ပြောတယ်။

'ငါ ဟို ... နို့အုံတောင်က ဖြတ်ဆင်းခဲ့တယ်။ ဘုံရွှေပင်တို့၊ ဘုရားဖြူတို့ မရောက်တော့ဘူးပေါ့။ ငါ စိုက်ခေါင်က ပြန်လာတယ်'

သူ့အဖြေထဲမှာ 'နို့အုံတောင်'ဆိုတဲ့စကား ပါလာလို့ ငါတို့ရွာသားတွေ ပြုံးစိစိ ဖြစ်ကုန်တယ်။ အဲသည်တောင်က မိန်းမတစ်ယောက် ပက်လက်လှန် အိပ်နေတာနဲ့ တူတယ်။ ထူးဆန်းတာက ဘယ်ဘက်က ကြည့်ကြည့် ပုံပြောင်းမသွားဘူး။ သည်အတိုင်းကြီး တွေ့ရတတ်တာပဲ။ အေး ... တောင်တွေရဲ့ သဘာဝဟာလည်း သည်လို လှည့်စားတတ်တယ်။

ပြီးတော့ သည်တောင်မှာ မျက်စိလည်ပြီးရင် မိန်းမ ရတတ်တယ်လို့လည်း ကျီစယ်ပြော ပြောတတ်ကြသေးတာမို့ သည်လူကြီး မိန်းမရဦးမှာပေါ့လေ'

လူစိမ်းအဘိုးကြီးက ပြုံးလိုက်ပြီး ...

'ငါ့မှာ အားဆေးရှိလို့သာ ဒီတောင်ကို ကျော်လာနိုင်ခဲ့တာပေါ့' လို့ ဆက်ပြောလိုက်တော့ ဝါးခနဲ ပွဲကျသွားတယ်။ ဘကြီးစံ အသံကြားမှ ငါတို့မျက်နှာတွေလည်း တည်သွားတယ်။

'နင် ထီးပျံအိမ်မှာ နားမယ်ပေါ့။ အေး ... ငါတို့ဆီလည်း လာလည်နိုင်ပါတယ်'

'အေး ... လူမမာရှိတဲ့အိမ် ငါ ရောက်မှာပဲ။ ပြီးတော့ နင်တို့ရွာက တန်ခိုးကြီးလှတဲ့ တောဘုရားမှာလည်း အဓိဋ္ဌာန် ပုတီးစိပ်ချင်ပါတယ်'

တို့ လူစုခွဲလိုက်တာနဲ့ ဆရာအိုလည်း ထီးပျံနောက် လိုက်သွားတယ်။

'စိုက်ခေါင်က ပြန်လာတာတဲ့ကွ။ မကြီးမငယ်နဲ့ နို့အုံတောင် ဖြတ်လာတော့ မိန်းမရဦးတော့မယ် ထင်တယ်။ ဟီးဟီး။ တို့ရွာထဲ မိုးသုန်တစ်ယောက်ပဲ မုဆိုးမ ရှိတာ'

တညိုက သူ့အတွေးနဲ့ သူ သဘောကျနေတယ်။

၃။

ခုတော့လည်း တစ်ရွာလုံးနီးပါးက ဆရာအို၊ ဆရာအိုနဲ့ ရှိသေလေးစားနေကြပါပြီ။ တချို့လူကြီးတွေများဆို 'တအို၊ တအို'နဲ့ ပါးစပ်ချိုနေကြပြီလေ။ နာမည်ရှေ့မှာ 'တ'ထည့်ခေါ်ရင် အဲသည်လူကို ရင်းနှီးနှစ်လိုတဲ့သဘော ဆောင်တယ်။ သူတို့ ရောဂါတွေပျောက်ကြလို့ ကျေးဇူးတင်စိတ်နဲ့ ရင်းနှီးသွားတာ ရှိမှာပေါ့လေ။

'ညဆိုရင် ကာလသားတွေများ အပျိုအိမ်သွားဖို့ မေ့တယ်။ အဘိုးကြီးနား ဝိုင်းလို့။ သူ ပြောတဲ့ သရဲတစ္ဆေပုံပြင်တွေ ကျောချမ်းအောင် နားထောင်ကြတာ။ နင် တစ်ညလောက် လာခဲ့ပါလား တမောင်'

ယုံလွယ်တဲ့ တညိုကို ကြည့်ရင်း ငါ ပြုံးလိုက်တယ်။

'ငါ ဒီလူကြီးကို တစ်နေရာရာမှာ မြင်ဖူးခဲ့တယ်ကွ။ မျက်စိထောင့်

ထိ ကုန်းကျနေတဲ့ သူ့မျက်ခုံးမွေးကြီးကို ငါ မှတ်မိတယ်။ တောင်ကြီးဈေးထောင့်မှာ ဆေးရောင်းနေတုန်းကလား၊ နောင်ဒိုင်းတောင်ကြားမှာ နွားသမားတွေနဲ့အတူ ဖြတ်သွားတုန်းကလား၊ ဒီလူကြီးမှ ဒီလူကြီးပါပဲကွာ'

'ဟုတ်လား။ နင်က စဉ်းစားတတ်တယ်။ ဒါပေမဲ့ သူ ကုတာတော့ ပျောက်တာပဲ။ ပန်းနာ၊ ငှက်ဖျား၊ ဒူးဆစ်ရောင်၊ ဘာရောဂါဖြစ်ဖြစ် သက်သာသွားတာပဲ။ ပိုက်ဆံလည်း မယူဘူး။ အခွံခွာန်နဲ့ကု ဆိုပဲကွ'

'ငါ မယုံဘူးကွာ'

'သြော် ... တမောင်၊ နင် တကယ် အားမနာ ဆိုးတာပဲနော်၊ လူတစ်ဖက်သားကို။ ငါ့အချစ်ဆုံးသူငယ်ချင်းနဲ့ မငြင်းခုံချင်ပါဘူး။ တခြားသူတွေဆို ဒီလောက်တောင် အပြောခံမှာ မဟုတ်ဘူး။

'တမောင်နော် ... နင်၊ နင့်ဦးရီးလိုပဲ ဖွတ်တရွတ် နင် ပြောချင်ရာပြော၊ လုပ်ချင်ရာလုပ်နဲ့ ရွာလည်း မကပ်နဲ့။ ငါတို့ ဒါမျိုး မကြိုက်ဘူး'

အဲသည်လိုတောင် အပြောခံရဦးမှာ။ ငါ နားလည်ပါတယ်လေ။ သစ်ပင်ဖြောင့် တက်ရခက်၊ စကားဖြောင့် ကြားရခက်တယ် မဟုတ်လား။ ငါဟာ ငါ့သူငယ်ချင်းတွေနဲ့ ဘာလို့များ မတူခဲ့ပါလိမ့်။ သူတို့လို ငါဟာ လယ်ထဲယာထဲ၊ ခြံထဲမှာချည်း မနေဘူး။ ငါ့ကိုယ်ငါ မြေကြီးမှာ ချည်နှောင်မထားချင်ဘူးလေ။ အသက် ၁၃ နှစ်လောက်က စပြီး လယ်ကွင်းထဲဆင်းရတာ။ အသက် ၆၀ အိုမင်းမစွမ်း ရှိလောက်မှ လယ်ကွင်းပေါ်က ပြန်တက်ရတဲ့ သည်ဘဝကို ငါ တစ်ခါတစ်ခါ စိတ်ပျက်မိတာ အမှန်ပါပဲ။ ဒါကြောင့်လည်း ငါဟာ ရွာကို သိပ်ကပ်တယ်မရှိဘဲ ကျောက်သွေးတောင်ပေါ် ရောက်ချင် ရောက်နေမယ်။ ငါ့ဦးရီး ရှိစဉ်ကတော့ ငါ့ဦးရီး လင့်စင်ပေါ် ရောက်ချင် ရောက်နေတတ်တာပေါ့။ သည်တော့ ငါ့ကို ရွာအပေါ်သံယောဇဉ် နည်းတယ်၊ ခွန်ဖွားဖရာတိုင်းသား မပီသဘူးလို့ ဝေဖန်လာကြတယ်။ ကိစ္စမရှိပါဘူး။ ငါ လုပ်ချင်တာ လုပ်ရရင် ငါ ပျော်နေတာပဲဟာ။ ငါ့အဘကလည်း ငါ့ကို မိတဆိုးသားလေးဆိုပြီး တောင်ကျရေလိုလွှတ်ပေးထားလိုက်တယ်။ ဒါပေမဲ့ ငါ စီးချင်ရာ မစီးပါဘူး။ အချိန်တန်လို့ မိုးကျရင် ငါ ထွန်မြဲ၊ ငါ စိုက်မြဲပဲဆိုတာလည်း တစ်ရွာလုံး သိကြပါတယ်။

ဆိုးတာကတော့ ငါ အရက်ကြိုက်တတ်တာပဲ။

တို့ ခွန်ဖွားဖရာတိုင်းသားတွေထဲမှာ အရက်သမား အင်မတန် နည်းတယ်။ အရက်လည်း တရားဝင်ရောင်းခွင့် မရှိဘူး။ အရက်ဟာ အမှားအားလုံးကို ဖြစ်စေတယ်လို့ လူကြီးသူမတွေ ဆုံးမကြတယ်။ အရက် ခိုးရောင်းတဲ့သူ ရှိရင်လည်း မညှာမတာ ဒဏ်တပ်ကြရတယ်။ အရက် တစ်ရာဖိုး မိရင် နှစ်ရာဖိုး ဒဏ်တပ်တယ်။ သောက်တဲ့လူလည်း အတူတူပဲ။ နှစ်ကျပ်ဖိုး သောက်ရင် လေးကျပ် ဒဏ်ဆောင်ရတယ်။ သည်ဒဏ်တွေက ရွာရဲ့ သာရေးနာရေး၊ ဘာသာရေးတွေမှာ သုံးတယ်။ သည်လိုဘက်က တော့ ငါလည်း ဆယ်ခါ၊ ဆယ့်ငါးခါလောက် ဒဏ်ဆောင်ပြီးသား။ အလှူတော်ငွေ ပါဝင်ပြီးသားပေါ့။

အဲဒါတွေကြောင့် ငါ့ကို ရွာက သိပ်နှစ်မြို့လှတာ မဟုတ်ဘူး။ အခု ငါ ဒူးလေးကြီးတကိုင်ကိုင် လုပ်နေတာလည်း သူတို့က မျက်စောင်း တခဲခဲနဲ့။

အစဉ်အလာအားဖြင့် ငါတို့ တောင်ပေါ်သားတွေဟာ ဓားကိုပဲ အားကိုး မြတ်နိုးကြတယ်။ အဆောင်အယောင်တစ်ခုအနေနဲ့ကို ငါတို့ ခါးမှာ အမြဲတမ်းပဲ ခါးချပ်ထားလေ့ ရှိတယ်။ အပျိုလည်ချိန်မှာတောင် ဓားပါတယ်။ နောက်ဆုံး မြို့ကိုတက်တဲ့အခါမှာတောင် ဓားကတော့ ခါး မှာ တန်းလန်းပဲ။ မြို့ဂိတ်တွေမှာရှိတဲ့ တာဝန်ရှိသူတွေကလည်း ငါတို့ ဓားကို ဘယ်တော့မှ မသိမ်းဘူး။ ဒါပေမဲ့ ငါ ဓားမကိုင်နိုင်တော့တာ ငါ့ သူငယ်ချင်းတွေ မသိကြဘူးလေ။

ငါ့ ညာလက်က လက်သန်းတစ်ချောင်းဟာ အကောင်းအတိုင်း မဟုတ်တော့ဘူးလေ။ လက်သန်းကလေးဟာ မသန်တော့ဘဲ တဖြည်း ဖြည်း သိမ်ကျုန်ခဲ့တယ်။ ဒါကြောင့် ငါ့မှာ ဆုပ်အား၊ ခုတ်အား မကောင်း လှဘူး။ ငါ့အတွက်တော့ ဓားဟာ အလှသက်သက်ထက် မပိုတော့ဘူး။ ဝါးခုတ် နီးဖြာလောက်သာ အသုံးဝင်တော့တယ်။

ဟောသည် ဒူးလေးကြီးကတော့ ငါ့အကြိုက်ပဲလေ။ ငါ့ဦးရီး ဆုံး တော့ သူ့ဒူးလေးကြီးကို ငါ အမွေရလိုက်တယ်။ ငါ့ဦးကြီးက မုဆိုး။ ကိုးကုန်းကိုးကျင်း လည်ပြီး ပစ်ခတ် သတ်ဖြတ် အမဲလိုက်ဖို့လောက် စိတ်ကူးနေတဲ့လူ။ တစ်ရွာလုံးကို မဆိုထားနဲ့၊ သူ့သားချင်းတွေကတောင်

'အကုသိုလ်ကောင်ကြီး'ဆိုပြီး ဝိုင်းပယ်ထားတဲ့လူ။ သူကလည်း ခပ်ရွှတ်ရွှတ်ရယ်။ ဘယ်သူ ဘာပြောပြော သူ လုပ်ချင်ရာလုပ်တဲ့သူ။ နောက်ဆုံး သူ့ဟာသူ လင့်စင်ကလေးနဲ့ သွားနေတာပဲ ကြည့်။

'တမောင် ... ဦးရီးကို ရွာသားတွေက ကဲ့ရဲ့ကြတာ နင် စိတ်မဆိုးဘူးလား'

ငါ ဘာမှ မဖြေဘဲ ဦးရီးကို ငေးကြည့်နေခဲ့တယ်။

'သူတို့ ပြောတာ အမှန်တွေပဲ။ ရွာ့စည်းကမ်း၊ ရွာ့ထုံးတမ်းပဲ။ ဦးရီးတောင် မလိုက်နာနိုင်လို့ ရွာပြင်ထွက်ခဲ့တာ။ ဦးရီးက လယ်မထွန်ချင်ဘူး။ တောင်ယာ မခုတ်ချင်ဘူး။ သနပ်ဖက် မခူးချင်ဘူး။ ပိုက်ဆံလည်း မလိုချင်ဘူး။ အေး ... အဘခွန်ဖွားဖရာရဲ့ မျက်နှာကို အိုးမည်းသုတ်မိတယ်ဆိုရင်တော့ ငါ စိတ်မကောင်းဘူး။ တို့အမျိုးထဲမှာ ငါတစ်ယောက်တည်းပဲ ဖြစ်ပစေ။ နင် လိုက်မဖြစ်နဲ့။ ခု နင်လည်း ရွာအရေးကိစ္စတွေမှာ တရှောင်ရှောင်ပဲဆို'

ဦးရီးဆီရောက်တိုင်း ငါ ကြားရလေ့ရှိတဲ့ စကားတွေပဲ။ ဦးရီးက အဖော်မဲ့နေတယ် မဟုတ်လား။ တွေ့လိုက်ရင် စကားတွေ တဝေါဝေါ ပြောတော့တာ။ သားကောင်နောက် လိုက်နေသလိုပဲ။

'တမောင် ... ငါ ပြောတာ ကြားလား'

'အေးပါ ဦးရီးရဲ့။ ငါ ရွာမှာမရှိတဲ့အချိန်ဆို ရွာထဲမှာ အရေးအရာ ပေါ်လာပြီလား၊ ပေါ်ပြီ။ တောင်ယာခုတ်တာနဲ့၊ လမ်းပြင်တာနဲ့၊ ဆွမ်းပြင်တာနဲ့ ငါနဲ့ လွဲလွဲနေတယ်။ ငါ ပုန်းနေတာမှ မဟုတ်ဘဲ'

ငါ တတ်သရွေ့ ရှင်းပြလိုက်ပေမဲ့ စိတ်ထဲမှာ မကျေလည်ဘူး။ ငါ ကျောက်သွေးသွားခူးနေချိန် ရွာစည်းရိုးပြင်ချင် ပြင်တတ်တယ်။ ငါ ဦးရီးဆီ ရောက်နေချိန် ရေကန်ဆည်ချင် ဆည်တတ်ကြတယ်။ ငါ ဘယ်တတ်နိုင်မလဲ။ ဒါပေမဲ့ ငါ ခွန်ဖွားဖရာတိုင်းသားပါ။ ငါ့ရွာ၊ ငါ့မြေကို ငါ မချစ်ဘဲ နေပါ့မလား။

ငါတို့အခေါ် 'ခွန်ဖွားဖရာတိုင်း' ဆိုတာ တောင်ကြီးမြို့နယ်နဲ့ ဆီဆိုင်မြို့နယ်ကြားက ပအိုဝ်း၊ တောင်သူ၊ တောင်ရိုး၊ ဓနု၊ ရှမ်း၊ အင်းသား၊ ထနော့လူမျိုးတွေ နေထိုင်တဲ့ ရွာစဉ်တစ်ကြောလုံးကို ခေါ်တာပဲ။ ငါတို့ အောက်ညောင်ရွှေမြို့နယ်ထဲက ရွာတွေ ထီးပုန်း၊ ရွာသစ်၊ တဲကုန်း၊

ကျောက်ရေအိုး စတဲ့ ရွာစဉ်တစ်ကြောလုံးကိုတော့ အင်းလေးကန်ကြီးနဲ့ နီးလို့ 'ကန်တော်ကြီးနယ်'လို့ အစွဲပြုခေါ်တယ်။

ငါတို့အဘိုးအဘေးများ လက်ထက် 'ဖရာ'ဆိုတဲ့ ပအိုဝ်းလူငယ်လေး တစ်ယောက် ရှိခဲ့ဖူးတယ်။ သူဟာ ရွာတိုင်းမှာ ရေတွင်းရေကန်ရှိဖို့၊ ရွာ စည်းရိုးကို တစ်နှစ်တစ်ခါ ပြင်ကာဖို့၊ တစ်ရွာနှင့်တစ်ရွာ အကူးမှာ 'ရွာ စောင့်' စစ်ဆေး ကူညီဖို့၊ တောင်ယာတွေ နှစ်စဉ်ချဲ့ထွင်ဖို့ စတဲ့ အကျင့် ကောင်းတွေကို တစ်ရွာဝင် တစ်ရွာထွက် မမောမပန်း လှေ့ကျင့်ပေးခဲ့တယ်။ သူ့နာမည် 'ဖရာ'ဆိုတာ 'ဖြူတယ်'လို့ အဓိပ္ပာယ်ရတယ်။ သူ ကြီးလာတော့ ဟောသည် ရွာစဉ်တစ်ကြောလုံးက 'ဖွားဖရာ'လို့ အမြတ်တနိုး ခေါ်ကြတယ်။ အဓိပ္ပာယ်ကတော့ 'အဘဖြူ'ပေါ့။ အဘဖြူ ဆုံးတော့ အဘဖြူရဲ့ စည်းကမ်း နည်းလမ်းတွေနဲ့ ဖွံ့ဖြိုးစည်ပင်လာတဲ့ ငါတို့နယ်ကို ခွန်ဖွားဖရာတိုင်း လို့ ဂုဏ်ပြုခေါ်ဆိုခဲ့ကြတာ သည်နေ့အထိပဲ။

ဒါကြောင့် ငါတို့လူငယ်တွေ အရက်မူးပြီး ရမ်းကားမိရင်၊ အချင်း ချင်း ရန်ဖြစ်ရင်၊ အလုပ်ခိုကပ်ရင် ခွန်ဖွားဖရာ မျက်နှာကို ကြည့်ပါလို့ လူကြီးတွေက ဆုံးမလေ့ရှိတယ်။

ငါ့ဦးရီးကတော့ ဆိုးဆိုးမိုက်မိုက်ကြီးပေမို့ သူ့ဟာသူ ရွာပြင်ထွက် ပြီး ငါ့ကိုလည်း သူ့လိုမဖြစ်အောင် အတွင်းကြီး မှာထားရစ်ခဲ့တယ်။ ငါ သည်လောက်ကြီး မဆိုးပါဘူး ဦးရီးရယ်။ ငါ့အဘ အိုကြီးအိုမကိုလည်း ငါ အနားယူစေခဲ့ပါပြီ။ ငါ့တောင်ယာစပါးကလည်း ဘယ်တုန်းကမှ မညံ့ခဲ့ဖူးဘူး။ ငါဟာ တစ်ခါတစ်ခါ တညို့ ခေါ်လို့၊ တစ်ခါတစ်ခါတော့ ငါတစ်ယောက်တည်း နွေဦးပေါက်ပြီဆိုရင် ကျောက်သွေးတောင်ပေါ် တက်ပြီး ငွေရှာတဲ့အထိ ငါ ယောက်ျားပီသပါတယ်။

နွေဦးဝင်တာနဲ့ ငါတို့ 'ဓောင်းဖိုးရွာ' အရှေ့ဘက် လေးငါးမိုင် လောက် ဝေးတဲ့ ကျောက်သွေးတောင်ပေါ် ငါ ရောက်နေပြီ။ ကျောက်ချွန် ကျောက်ဆွယ်တွေကလည်း ပေါ၊ မြင့်ကလည်း မြင့်၊ မတ်ကလည်း မတ် နဲ့မို့ အင်မတန် ခဲရခဲဆစ် တက်နိုင်မှ ကျောက်သွေးတောင်ထိပ်ကို ရောက်တယ်။ တောင်ထိပ်ရောက်ပြန်တော့လည်း ကျောက်သွေး တက်ခူး ဖို့ဆိုတာ သက်စွန့်ဆံဖျားပဲ။ ဘာလေ့ကားမှလည်း မရှိ။ နွယ်တစ်ပင် သစ်တစ်ကိုင်းတောင် တွယ်တက်စရာမရှိတဲ့ ကျောက်ဆောင် ကျောက်ချွန်

ကြီးတွေကို အတင်းကုတ်ကတ် ဖက်တက်ပြီး ကျောက်တောင်မျက်နှာပြင်က အန်ကျနေတဲ့ ကျောက်သွေး ကျောက်စေး နီနီညိုညိုတွေကို ကတ်သီးကတ်သတ် ရူးရတာ။ ဓားနဲ့ ခြစ်ရတာ။ ဓားသွားပေါ်ပါလာတဲ့ ကျောက်သွေးအမှုန့်ကလေးတွေကို ယူလာတဲ့ ပုလင်းလွတ်ထဲ တယုတယ တရိုတသေ ထည့်ရတာ။ တစ်နေ့လုံး ရူးမှ နှစ်ကျပ်သား၊ သုံးကျပ်သား ပြည့်အောင် ရချင်မှ ရတတ်တာ။

သည်ကြားထဲ မျောက်လေးငါးကောင် အုပ်ဖွဲ့ရောက်လာပြီး ကျောက်သွေး လာခြစ်ကြ၊ စားကြ၊ လျက်ကြနဲ့ ကြုံရင် သက်လုံကွဲမတတ် မောင်းမဲအော်ဟစ် တိုက်ခိုက်ပြီး ကျောက်သွေး လုရူးရတာ။ မျောက်တွေလည်း မျောက်မို့ တော်တော့တယ်။ ကျောက်သွေး အားရှိတာ သိနေတဲ့ အလား လာလာ စားကြ၊ လျက်ကြနဲ့။ တညို့ ပါရင်တော့ သူက မျောက်မောင်း၊ ငါက ကျောက်တောင်ကြီး ရင်ဘတ်အပ်ပြီး စိတ်ရှည်ရှည် ရူးနိုင်သေးတယ်။ တစ်ယောက်တည်းကဖြင့် သည်မျောက်တွေနဲ့ ရန်ဖြစ်၊ မျောက်တွေ မခန့်လေးစားလုပ်သမျှ အသက်လုပြီး ပြန်ချရတာ။ ငါက ကျောက်သွေးကို မီလုမီခင် အမောဖြေရင်း ကျောက်ဆွယ်ပေါ် ထိုင်နေတုန်း သင်းတို့ရောက်လာပြီး ငါ့ကို ကွိကွိကွကွနဲ့ ရန်မူတော့တာပဲ။ ငါ မပြေးနိုင်တာ၊ ပြေးတာနဲ့ ချောက်ထဲကျမှာကိုလည်း သိနေပုံနဲ့ မျောက်တွေ ဝိုင်းအုံလာတာပဲ။ ဘယ်ပြောကောင်းမလဲ။ ဓားနဲ့ယမ်း၊ လက်သီးနဲ့ ထိုးနဲ့ ငါ့လက်သန်းကလေးဟာ အကြောတင် အဆစ်လွဲသွားပြီး ပြန်မကောင်းတော့တာ ခုထိပဲ။ အဲသည်ကတည်းက ငါ့ဦးရီးရဲ့ ဒူးလေးကြီးကို ငါ တမ်းတမ်းစွဲမိတော့တာပဲ။

'တမောင်ရယ် ... နင့်အသက်ကလေး နှမြောစရာ။ ကျောက်သွေး တစ်ကျပ်သားမှ တစ်ဆယ်ပဲ ရတာ။ တောင်တက်ခတောင် မရှိဘူး။ နင် အလွန်ဆုံးရ ငါးကျပ်သားပေါ့။ နင် သနပ်ဖက်တစ်ခြိ မဝယ်နိုင်ပါဘူး။ ကိုယ့်ဟာကိုယ် တောင်ယာခုတ်နေတာကမှ သက်သာပါသေးတယ်'

ဦးရီးရဲ့ စကားတွေကို ငါ မပယ်လှန်ဝံ့ပါဘူး။ ဒါပေမဲ့ ကျောက်သွေးက ရောင်းစားရတယ် သိပ်မရှိဘဲ ရွာထဲက သက်ကြီးရွယ်အိုတွေကို ပျားရည်နဲ့ ဖျော်စပ်ပြီး အားသစ်တိုးအောင်၊ အသက်ရှည်အောင်၊ အမောလုံအောင် ကူညီနေတာကိုတော့ ငါ့ဦးရီး ကြားပါလေစ။

'ဒူးလေးဆိုတာ မျောက်လောက် အကောင်ကို ပစ်ရတာမဟုတ်ဘူး တမောင်ရဲ့။ ပြီးတော့ ဒူးလေးကိုင်လို့ ဦးရီးကို လူတွေ ခံ့ညားနေတယ် များ ထင်သလား။ ဒူးလေးဆိုတာ အဝေးက ပစ်ရတာမို့ ဓားသမားလောက် တော့ သတ္တိမကောင်းနိုင်ဘူးနော်'

ဘာပဲဖြစ်ဖြစ် ဦးရီး ဆုံးတော့ ငါ ဒူးလေးကြီး ရလိုက်တယ်။

'တမောင် ... နင့်လက်သန်းကို ဆရာအိုနဲ့ပြကြည့်ပါလား'

တညိုရဲ့ စေတနာစကားက ငါ့ရဲ့ ငြိမ်ဆိတ်မှုကို ဖောက်ခွဲပစ်လိုက် တယ်။

'ငါ့အားနည်းချက်ကို နင်တစ်ယောက်ပဲ သိပစေ တညို။ ပြီးတော့ ငါ ဆရာအိုကို မယုံဘူးလို့ဆို'

၄။

အခုတော့ ငါ ယုံခဲ့ရပြီ။

ဆရာအိုအပေါ် ထားရှိခဲ့တဲ့ ငါ့သံသယတွေကို ငါ ဘယ်လို ပေး ဆပ်ရမှာပါလိမ့်။ ပန်းနာ ပြန်ထလာတဲ့ ငါ့အဘကို သက်သာအောင် ကုပေးတဲ့ ဆရာအိုကို ငါ တစ်ခုခုနဲ့ ကန်တော့ရမှ ကျေနပ်နိုင်တော့မယ်။ သည်လိုနဲ့ ငါ တစ်နွေလုံး ရူးထားတဲ့ လက်ကျန် ကျောက်သွေးပုလင်း လေးနဲ့ ငါ မြို့ကို ရောက်ခဲ့ပြန်တယ်။ ကျောက်သွေးရောင်းပြီး ပြန်လာ တဲ့ ငါ့ကိုတော့ မီးတောက်ခမန်း မျက်လုံးတွေနဲ့ လူအုပ်ကြီးထဲက ငါ့ကို ကြိုနေလေရဲ့။ ငါဟာ အံ့အားသင့်တာထက် ပိုပြီး ထိတ်လန့်နေလျက် က ...

'ဘာလဲ ... ငါမရှိတုန်း အရေးပေါ်ပြီလား။ ဓားပြ ရွာထဲဖြတ်သွား သလား။ နွားခိုး မိထားသလား။ ငါ့ကို ခိုင်းချင်တာ ခိုင်းကြပါ'

လို့ ငါ့ကိုယ်ငါ လူအုပ်ကြီးကို အပ်လိုက်တယ်။

'အေး ... သိချင်ရင် ဘုန်းကြီးကျောင်း လိုက်ခဲ့။ နင် သိပ်ဆိုးတယ်။ နင်ဟာ မကောင်းဆိုးဝါး တစ်ကောင်ပဲ'

ဘာတွေလဲ၊ ဘာတွေလဲ။ ငါ ဘာမှမသိတော့ပါလား။ ဘုန်းကြီး ကျောင်းဝင်းထဲမှာလည်း လူအုပ်ကြီးက အသင့်ကြိုစောင့်လို့။ မျက်စိ မျက်နှာပျက်နေတဲ့ တညိုကိုလည်း ငါ တွေ့လိုက်ရတယ်။

'ဟေး ... တမောင်၊ ဒါ ဘုန်းကြီးကျောင်းနော်။ မှန်မှန်ပြော'

ဆရာအိုရဲ့မိတ်ဆွေ ထီးပျိုက ငါ့ကို မေးတယ်။ ငါ နားမလည်ဘူး။ ငါ ဘာဖြစ်လို့လဲ။

'အေး ... ငါ စကားလည်း များများ မပြောဘူး။ ပြောရင်လည်း အမှန်ပဲ ပြောတယ်။ ငါ ဘာလုပ်လို့လဲ။ ငါ့ကို ဘာလုပ်ကြမလို့လဲ'

ငါ့အသံတွေက တုန်ယင် ကျယ်လောင်နေတယ်။

'နင့်အဘကို ဘယ်မှာ ထားခဲ့လဲ'

လူကြီးတစ်ယောက်က မိုးကြိုးပစ်သံနဲ့ မေးတယ်။

'ငါ့အဘ ဒီမှာပဲ ထားခဲ့တာပဲ။ ဆရာအိုနဲ့ ပုတီးစိပ်နေကြတာလေဝေး။ ငါ မြို့ကို ကျောက်သွေး သွားရောင်းတယ်။ အဆင်မပြေဘူး။ တစ်ညအိပ်တယ်။ ခု ငါ့အဘ ဘယ်မှာလဲ'

'နင့်အဘ မရှိတော့ဘူး လူကလေး။ ညကပဲ ပျောက်သွားတယ်။ ငါလည်း ပုတီးစိပ်ပြီးတာနဲ့ အိပ်ပျော်သွားတယ်။ လင်းအားကြီးတော့ နင့်အဘကို မတွေ့တော့ဘူး။ ဖိနပ်ရာတွေကတော့ ကျောင်းအရှေ့ဘက် ထွက်သွားပုံပဲ။ တို့လည်း လိုက်ရှာပြီးပြီ။ မတွေ့လို့ ဘုံရွှေပင်၊ ဘုရားဖြူ၊ တီရိ၊ နောင်ခိုင်း၊ ထိပုန်းအထိ ရွာစောင့်တွေနဲ့ အကြောင်းကြားထားတယ်'

ဆရာအို လူကြားထဲက ထွက်လာပြီး လေအေးအေးနဲ့ ရှင်းပြတယ်။ ငါက ရင်ကွဲမတတ် အသံအက်ကြီးနဲ့ ...

'မသိဘူး၊ မလိုချင်ဘူး။ ငါ့အဘကို ခုခေါ်ပေး'

အော်လိုက်တယ်။

'ဒီမှာ တမောင်။ နင့်အဘရော၊ ငါတို့ဘုရားရော ပျောက်သွားတယ်။ ပြော ... နင့်အဘ ဘယ်မှာထားခဲ့သလဲ။ ဘုရားနဲ့ နင့်အဘကို ဘယ်မှာ ဝှက်ထားခဲ့သလဲ'

ကျားဟိန်းသံလို အသံကျယ်ကြီးကြောင့် ငါ တုန်သွားတယ်။ ငါ့နားကို မယုံနိုင်အောင်ပဲ မျက်ရည်တွေလည်း ပိုးပိုးပေါက်ပေါက် ကျလာတယ်။

'ငါ မသိဘူး။ ငါ မခိုးဘူး။ ငါ့အဘလည်း မခိုးဘူး။ ခု ငါ့အဘကို ရှာပေး။ ငါ့အဘ ဘယ်မှာလဲ'

ငါ့အသံတွေ တိမ်ဝင်သွားတဲ့အထိ၊ ငါ့စကားတွေ ဗလုံးဗထွေး

ဖြစ်သွားတဲ့အထိ ငါ အော်နေမိပြီ။

'စိတ်အေးအေးထားစမ်း တမောင်။ ဘုရားရော၊ နင့်အဘရော ပျောက်သွားလို့မို့ ငါတို့ အစဉ်းစားရ ကျပ်နေတာပဲ။ ဘုရားက တစ်နေရာ၊ နင့်အဘက တစ်နေရာလည်း ရှိချင် ရှိနေခဲ့မှာပဲ။ ခုတော့ နင်တို့သားအဖ က ကံဆိုးစွာနဲ့ပဲ အယိုးစွပ်ခံနေရပြီ။ နင် ဘုရားစာရသလား တမောင်'

တစ်ချိန်လုံး ငြိမ်နေပြီး ငါ့ကို တွေတွေကြီး စိုက်ကြည့်နေတဲ့ ဘကြီးစံက ဝင်ပြောတယ်။ ငါ ဘုရားကျောင်းဆောင်ဘက် လှည့်ကာ ဒူးတုပ်ချလိုက်ပြီး လက်အုပ်ချီလျက် ...

'သုဂတော၊ သုဂတဓာန်၊ သုဂတော၊ သုန္ဒရံပိစ
သုဂတော၊ ယာတိ၊ နိဗ္ဗာနံ၊
သုဂတော၊ တေနမောနမာ'

ဘုရားစာကို အသံငြိမ်ငြိမ်ထားပြီး ရွတ်ဖတ်ပူဇော်လိုက်တယ်။

'ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရား သည် နိဗ္ဗာန်သို့ ကြွမြန်းတော်မူခဲ့ပြီ။ ကောင်းသော စကားများဖြင့် ဆုံးမ တော်မူခဲ့သော နိဗ္ဗာန်မှ မြတ်စွာဘုရားအား ငါ ရှိခိုးပါ၏'လို့လည်း ဘုရားစာရဲ့ အဓိပ္ပာယ်ကို ငါ စိတ်နဲ့ ရွတ်ဆိုနေလိုက်တယ်။

ငါ့အာရုံထဲမှာ ရွှေရောင်တဖျပ်ဖျပ် တောက်ပတဲ့ 'သုဂတော ဘုရား ဆင်းတုတော်'ရဲ့ အတင့်အတယ် စံမြန်းနေဟန်ကို ဖူးလိုက်ရတယ်။ ပူ လောင်နေတဲ့ငါ့ရင် ကျောက်စက်ရေလို ချက်ချင်း အေးသွားရုံမက သည် ဘုရားရဲ့ ဂုဏ်တော်ကြောင့် ငါတို့ရွာ မိုးလေဝသ ကောင်းတာ၊ စီးပွား ဖြစ်ထွန်းတာတွေကို ငါ အောက်မေ့နေလိုက်တယ်။

'ကဲ ... တမောင်၊ နင် ဘာလုပ်ရမယ်ဆိုတာ သိပြီလား'

'သိပါပြီ ဘကြီးစံ။ ငါ့ဘုရားကို ငါ ပြန်ပင့်နိုင်မှာပါ။ ငါ့အဘကို ငါ ကယ်တင်နိုင်မှာပါ'

ငါ အဖြေမဆုံးသေးခင် လူအုပ်ကြီးထဲက အသံတွေ လျှံလာတယ်။

'တမောင်ကို လွှတ်လိုက်လို့ ဘယ်ဖြစ်မလဲ'

'သူ့အဘတောင် ရှာမတွေ့သေးတာ'

'အေး ... သူ့အဘနဲ့ ပေါင်းမိသွားမှာပေါ့'

'သူ့အဘကို မိမှ တမောင်ကို လွှတ်ပေး'

ငါ ဒူးတုပ်ထားရာက ဖြည်းဖြည်းချင်း ထလိုက်ပြီး သူတို့ကို စေ့စေ့ကြည့်လိုက်တယ်။

'နင်တို့ ငါ့စကားကို နားမထောင်ကြဘူးလား။ တမောင် ပြန်မလာရင် ငါ့ကို နင်တို့ ကြိုက်သလိုလုပ်'

ဘကြီးစံ ဆုံးဖြတ်ပေးလိုက်တာနဲ့ လူအုပ်ကြီးကြားက ငါ လွတ်မြောက်ခဲ့ပြီ။ ကျောင်းအရှေ့ဘက် ငါ့အဘ ခြေရာတွေကို လိုက်ကောက်နေမိပြီ။

ဩော် ... ငါ့ချစ်သူငယ်ချင်း တညို လိုက်လာရှာသားပဲ။ အားတက်မိရာက ...

'ဟုတ်တယ် တညို။ ဒီတစ်ခါ နင်သိပ်တော်တာပဲ။ ငါ့အဘ ဖိနပ်ကတော့ အဟောင်းပဲ။ သိပ်ထင်နေတာ ဖိနင်းထားလို့။ တစ်ယောက်ယောက်က ခွစီးလို့။ အို ... တစ်ယောက်ယောက်က ငါ့အဘ ဖိနပ်ကို စီးပြီး ငါ့အဘကို ထမ်းခေါ်သွားတာကော မဖြစ်နိုင်ဘူးလား'

'ဟုတ်ပ တမောင်'

'ဟောဒီမှာ ဖိနပ်ရာတွေထဲမှာ နိုင်လွန်ကြိုးရာကိုလည်း တွေ့တယ်ဟေ့'

ငါ သေချာကြည့်လိုက်လေ၊ သဘောပေါက်လေပဲ။ ဖြစ်ရလေ အဘရယ်။

'တညို ဖိနပ်တွေက အရှေ့ကို ပြနေတယ်နော်။ လာ ... အနောက်ကို လိုက်ကြစို့'

'လာ ... မြန်မြန်။ လမ်းကျမှ ငါ ရှင်းပြမယ်'

ကျောင်းအနောက်ဘက် ရိုးထဲအတိုင်း ငါတို့ ဆင်းလိုက်ခဲ့ကြတယ်။

'ဓားင်းဖိုးသားပေမဲ့ ဒီလောက် မအ,သေးဘူး တညိုရေ။ ငါ့ဦးရိုးကလည်း မှဆိုးနော်။ စဥ်းစားနည်းတွေပါ ငါ အမွေရခဲ့တယ်။ ခွေးမသား၊ ဒူးလေးစာ ကျွေးပစ်မယ်'

'ငါ နားမည်တော့ဘူး'

'ငါ့အဘဖိနပ်ကို ယူမယ်။ အောက်ခံဆိုးပြားကို လှီး၊ ဖိနပ်မှာ ပြောင်းပြန်တပ်၊ အရှေ့ပြ အနောက် ရောက်တော့တာပေါ့ကွ'

'ဟုတ်ပါ့ကွာ'

'ငါ့အဘကို နတ်သိကြားတွေ စောင့်ရှောက်ပါစေ။ သူခိုးက ဆရာအိုကို စောင့်နေမှာ ဆိုတော့ သိပ်ဝေးဝေး မရောက်နိုင်သေးဘူး။ မြန်လည်းမြန်၊ ခြေသံလည်း လုံပစေ တညိုရေ'

## ၅။

ခုတော့လည်း လူအုပ်ကြီးဟာ အာစေးမိထားသူတွေလို ဘာမှ မပြောနိုင်တော့ဘဲ သူတို့ နှုတ်ခမ်းတွေကို ဆွဲလှန်ထားလိုက်သလို ပါးစပ်အဟောင်းသားနဲ့။ ပင်ပန်းနွမ်းနယ်လှပြီဖြစ်တဲ့ ငါ့ကို ငေးကြည့်လို့။ တညိုက ငါ့အစီအမံအတိုင်း လက်ဦးခင်လို့သာ ဆရာအိုကို ဘကြီးစံ အကူအညီနဲ့ အချိန်မီ ဖမ်းမိလိုက်တာပဲ။

လက်ပြန်ကြိုးတုပ်၊ မေ့ဆေးအတိုက်ခံထားရတဲ့ ငါ့အဘကို ရိုးထိပ်ချုံကြားမှာ တွေ့တယ်ဆိုရင်ပဲ တညိုက ရွာအရောက် ပြန်တန်းပြေးပြီး ငါကတော့ ဟောသည်ဒူးလေးကို သက်စောင့်လုပ်ကာ နောင်ဒိုင်းတောင်ခြေဘက် ဖြတ်ဆင်းခဲ့တယ်။ သည်လမ်းဟာ နွားမောင်းသမားတွေ အသုံးပြုဖူးတဲ့ နွားမောင်းတဲ့လမ်း။ ငါတို့နွားတွေပါ အပျောက်မခံ၊ အပါမခံနိုင်လွန်းလို့ ခု ငါတို့ ပိတ်ဆို့တားမြစ်ထားတဲ့ နောင်ဒိုင်းတောင်ခြေလမ်း။

ငါ စာတောင်ခြေလမ်းရိုးအတိုင်း လိုက်မနေတော့ဘဲ နောင်ဒိုင်းတောင် ခါးလယ်က ဖြတ်တက်ပြီး လမ်းရိုးရှေ့က ပိတ်စောင့်နေခဲ့တယ်။ သိပ်မစောင့်လိုက်ရဘူး။ ဂုန်နီအိတ်ထမ်းလို့ ငိုက်စိုက် ငိုက်စိုက်နဲ့ လျှောက်လာတဲ့ သင်းနဲ့ ပက်ပင်းတိုးတော့တာပဲ။

'ဟေး ...'

ငါ အော်လိုက်ပြီး သင်း ပေါင်ရင်းဆီ ငါ့မြားတံကို လွှတ်လိုက်တယ်။ သင်း ခွေလဲကျသွားတာနဲ့ ငါလည်း မြားရဲ့အဟုန်နဲ့ သင်းဆီရောက်နင့်ပြီး ဂုန်နီအိတ်ထုပ်ကို အတင်း ဆွဲလုယူလိုက်တယ်။

'ပြော ... နင့်ကို ဆရာအို ထုပ်ပေးလိုက်တာ မဟုတ်လား။ နင် ဆရာအို့လူ မဟုတ်လား'

'ဟုတ် ... ဟုတ်ပါတယ်'

ဘကြီးစံက တစ်လုံးချင်း ချက်ပိုင်ပိုင် မေးနေတယ်။ ငါ့လူတွေ

လည်း အံ့သြဝမ်းသာတဲ့ အကြည့်တွေနဲ့ ဆင်းတုတော်၊ ဆရာအို၊ သူ့လူ၊ ဘကြီးစံနဲ့ ငါ့ကို လိုက်ကြည့်နေကြတယ်။

'အေး ... နင်တို့ ဖွတ်ထွက်မှ တောင်ပို့မှန်း သိပြီမဟုတ်လား။ ဒီဆရာအို ဆေးကုတတ်တာ အမှန်ပါပဲ။ ငါကတော့ နင်တို့ ပြောပြောနေတဲ့အတိုင်း ငါ့ရွာ၊ ငါ့မြေကို မချစ်ဘူးပဲ ထားလိုက်ပါတော့။ အေး ... ငါ အခု ဘုရားပြန်ပင့်ပေးခဲ့ပြီ။ မိုးလေကောင်းလို့ နင်တို့ များများစိုက်နိုင်ကြပါစေ။ ငါ့အသက်လည်း ကြီးလှပြီမို့ ဘုန်းကြီးကျောင်းမှာပဲ ပုတီးစိပ် နေရစ်ပါရစေတော့။ ငါကတော့ ...'

'တမောင် ... တမောင်'

တညိုက ငိုသံပါကြီးနဲ့ လှမ်းအော်တယ်။

'အေး ... ဒီဆရာအိုတို့ နှစ်ယောက်ကိုလည်း လက်လွန်ခြေလွန် မဆိုးမပါနဲ့နော့။ မြို့တက်ပြီး ရဲလက် အပ်လိုက်ပါ။ ငါကတော့ ...'

'တမောင် ... တမောင်'

တညို ငိုသံကြီးနဲ့ လှမ်းအော်ပြန်တယ်။

'ငါ ခွန်ဖွားဖရာတိုင်းသား၊ နင်တို့လိုပဲ။ အတူတူပဲ။ ဒါပေမဲ့ ခုလောလောဆယ် ငါ ရွာမှာ မနေချင်တော့ဘူး။ ငါ ... ငါ ...'

လူအုပ်ကြီးဟာ မှင်သက်မိနေရာက 'ဟင် ... ဟာ' ဖြစ်ကုန်ကြတယ်။ ငါ သူတို့ကို အတင်းတိုးဝှေ့ပြီး ထွက်ခဲ့တယ်။

'တမောင် ... မသွားနဲ့၊ တမောင်'

တညိုက သတိဝင်လာပြီး လှမ်းအော်တယ်။ ငါကတော့ ငါ့မှာရှိသမျှ အင်အားတွေ ဖျစ်ညှစ်ပြီး ရွာစွန်တောစပ်ဆီ အားသွန်ပြေးတော့တယ်။

'တမောင် ... သွားပြီ။ သူ့ဦးရီးလို ရွာပြင်မှာ နေတော့မှာ တမောင်ရေ'

ငါ ချစ်တဲ့ တညို ခေါ်သံတွေ ငါ့နောက်က ကပ်ပါလာတယ်။ ပြီး ငါ့နောက်ကို ပြေးလိုက်လာတဲ့ လူအုပ်ကြီးရဲ့ အသံဗလံတွေ။

'တမောင် ... တို့ကို ခွင့်လွှတ်ပါ'

'တမောင်ရေ ... ပြန်လှည့်ခဲ့။ ဟေး ... တမောင်'

'တမောင် ... နင် လူတော်လေးပါ။ ဘကြီးစံ ခေါ်နေတယ်။ ဟေး တမောင်'

'ဟေး ... တမောင် ... တမောင် ... တမောင် ...'

တောင်ခြေ တောစပ်ထဲမှာ ငါ့ကိုယ်ငါ ဝင်ရောက်ပျောက်ကွယ်သွားတဲ့အထိ ငါ ပြေးနေတယ်။ တမောင် ... တမောင် ဆိုတဲ့ အသံလှိုင်းတွေ ပဲ့တင်ရိုက်ဟည်းနေတယ်။

ငါကတော့ ငါ့ဦးရီးတော်ရဲ့ မြေပုံကလေးဆီ မရောက်မချင်း ဖုန်းဖုန်းလဲကျသွားပစေ။ ငါ့ရွာသားတွေနဲ့ ဝေးအောင် ပြေးနေတယ်။ ငါ့ဦးရီးရဲ့ မြေပုံကိုရောက်လို့ ဟောဒီ ဒူးလေးနဲ့ မြားကျည်တောက်ကို စွန့်လှူပြီး ...

'ငါ့ရွာကို ငါ သိပ်ချစ်ပါတယ် ဦးရီးရယ်။ ငါ ခွန်ဖွားဖရာတိုင်းသားပါ'လို့ ပြောပြီးတာနဲ့ ငါ့ခြေလှမ်းတွေ ရွာဘက် ပြန်လှည့်လာမှာကိုတော့ ငါ ချစ်တဲ့ တညိုတောင် သိနိုင်ပါ့မလားလေ။

ရင်ခုန်ပွင့် မဂ္ဂဇင်း
ဒီဇင်ဘာ၊ ၁၉၈၉။

**နောက်ဆက်တွဲ ၁**
**၂၀၀၄ တွင် ထုတ်ဝေသော 'စံပယ်တွေ ရမယ် ... နှင့်**
**ဂျပန်ဘာသာပြန် မြန်မာဝတ္ထုတိုများ' အတွက်**
**မပန်းခက် အမှာစာ**

ဂျပန် စာရေးဆရာမမှ မြန်မာ စာဖတ်ပရိသတ်သို့ ...

ကျွန်မ ကိုယ့်ကို ချစ်သလို သူများကိုပါ ချစ်ပါတယ်။ ကိုယ့်အမျိုးကို ချစ်မြတ်နိုးသလို သူတို့အမျိုးကိုပါ ချစ်မြတ်နိုးပါတယ်။ ကိုယ့်ရဲ့စာပေကို လောဘထားသလို သူတို့စာပေကိုပါ လေးစားပါတယ်။ တစ်ခုတော့ ရှိပါတယ်။ ကျွန်မတို့ စာရေးဆရာတွေထက် မြန်မာစာရေးဆရာတို့ကို ပိုချစ်မြတ်နိုးတတ်ပါတယ်။ သူတို့ စေတနာ၊ သူတို့ သတ္တိ၊ သူတို့သစ္စာ၊ သူတို့ မေတ္တာတွေကို ပိုလေးစားပါတယ်။

ကျွန်မ မြန်မာစာ လေ့လာတာ အနှစ် ၃၀ ကျော် ရှိပါပြီ။ မြန်မာစာပြ ဆရာမ လုပ်တာလည်း အနှစ် ၂၀ ကျော်ပြီ။ မြန်မာစာပေနဲ့ ပတ်သက်ပြီး ဆောင်းပါးများစွာ၊ စာတမ်းများစွာ ရေးခဲ့ပါပြီ။ ဝတ္ထုတို၊ ဝတ္ထုရှည် ဘာသာပြန်ပေးထားတာလည်း မနည်းပါ။ ဒါပေမဲ့ မြန်မာစာဖတ်ပရိသတ်အတွက်တော့ တစ်ခါမှ စာမရေးဖူးပါဘူး။ ဂျပန် စာဖတ်ပရိသတ်အတွက်ပဲ စာရေးခဲ့တာပါ။

မြန်မာစာရေးဆရာမှာ မြန်မာ စာဖတ်ပရိသတ် တာဝန်ရှိသလိုကျွန်မတို့မှာ တို့ဂျပန် စာဖတ်ပရိသတ်အပေါ် တာဝန်ရှိပါတယ်။ ကျွန်မ

မှာ ဂျပန် စာရေးဆရာမတစ်ယောက်အနေနဲ့ ဂျပန် ပြည်သူလူထု အတွေး အခေါ်၊ အမြော်အမြင် ပိုတိုးတက်လာအောင်၊ ပိုကျယ်ပြန့်လာအောင် စည်းရုံးမြဲ စည်းရုံးနေတုန်းပါပဲ။ ဥပမာဆိုရင် ဒုတိယကမ္ဘာစစ်ကြီးတုန်းက ကျွန်မတို့နိုင်ငံမှာ ဖက်ဆစ်ဝါဒ လွှမ်းမိုးခဲ့ရတယ်။ မြန်မာ အစရှိတဲ့ အာရှသူ၊ အာရှသားများကို ဒုက္ခမြောက်မြားစွာ ပေးခဲ့ပြီး ဒီတစ်ခါသာ မိုက်ပေမဲ့ နောက်တစ်ခါတော့ မမိုက်ရဘူး။ ခေတ်ကြီးအား နောက်ပြန် မဆုတ်စေရဘူးပေါ့။ အဲဒါ ကျွန်မတို့တာဝန် မဟုတ်လား။

အခု ချစ်စရာကောင်းတဲ့ မြန်မာစာရေးဆရာမ မခက်မာက အမှာစာ လှမ်းတောင်းလာတယ်။ မပန်းခက် စုစည်း ဘာသာပြန်တဲ့ 'အထူအပါး ခေတ်ပေါ် မြန်မာဝတ္ထုတိုပေါင်းချုပ် ၂' သူတို့ မြန်မာပြည်မှာ ပြန်ထုတ် ဝေချင်လို့တဲ့။ ကောင်းပါပြီ။ ဒီစာအုပ်ဟာ ကျွန်မ သားသမီးလိုမျိုးပါပဲ။ သားသမီးအတွက် ကျွန်မ တာဝန်ယူရမှာပါ။ နည်းနည်းပဲဖြစ်စေ စာရေး ရမှာပေါ့။ ဒါကြောင့် မပန်းခက် တစ်သက်တစ်ခါ မြန်မာ စာဖတ်ပရိသတ် အတွက် စာရေးနေတာပါ။

ဒီစာအုပ်ကို ၁၉၉၈ ခုနှစ်က Daido Life Foundation အကူ အညီဖြင့် ထုတ်ဝေပါတယ်။ ဆိုင်မှာရောင်းဖို့ မဟုတ်ပါ။ စာကြည့်တိုက် တို့၊ တက္ကသိုလ်တို့ကို အခမဲ့ ဖြန့်ဝေဖို့ ထုတ်ဝေတာပါ။ ဂျပန် စာဖတ် ပရိသတ်ကတော့ ဒီစာအုပ်ကို သဘောကျကြပါတယ်။ သတင်းစာတချို့၊ မဂ္ဂဇင်းတချို့မှာလည်း ဒီစာအုပ်နဲ့ပတ်သက်ပြီး ရေးကြပါတယ်။ ကျွန်မ လည်း စာအုပ်နောက်ဆက်တွဲမှာ ဝတ္ထုနောက်ခံကားချပ်၊ ဝတ္ထုရေစီး ကြောင်း၊ စာရေးသူတို့အကြောင်း စသည်တို့ မှတ်ချက်များများ ချခဲ့ပြီ။ အဲဒါ ဂျပန် စာဖတ်ပရိသတ်အတွက် ရေးခဲ့တာပါ။ ဒီမှာ ရှည်ရှည်ရှင်းပြ ဖို့ မလိုဘူး ထင်ပါတယ်။ လေးစားအပ်တဲ့ မြန်မာ စာဖတ်ပရိသတ်တို့ ဒီစာအုပ်ဖတ်ပြီးရင် မပန်းခက် ဂျပန် စာဖတ်ပရိသတ်တို့အား မပန်းခက် ဘာဖော်ပြချင်ခဲ့သလဲဆိုတာ သိနားလည်နိုင်မှာပါ။

မြန်မာစာပေ ပိုမိုမြင့်ပါစေ၊ မြန်မာလူမျိုး ပိုတင့်ပါစေလို့

ဆုတောင်းလျက် ...

**မပန်းခက်**

## နောက်ဆက်တွဲ ၂
## ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခြင်းနှင့် ပတ်သတ်၍
## မပန်းခက်၏ ဖြည့်စွက်ချက်

### ၁။ ခေတ်ပေါ် မြန်မာဝတ္ထုတိုပေါင်းချုပ် ၂

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလတွင် ဂျပန်နိုင်ငံ၌ The Daido Life Foundation အကူအညီဖြင့် 'ခေတ်ပေါ် မြန်မာဝတ္ထုတိုပေါင်းချုပ် ၂၊ အထူအပါးနှင့် အခြားဝတ္ထုတိုများ' ထုတ်ဝေခဲ့လေသည်။ ၁၉၈၈ ခုနှစ်မှ ၁၉၉၆ ခုနှစ်ထိ ၉ နှစ်စာအတွင်း၌ မြန်မာစာမဂ္ဂဇင်းတွင် ပါရှိခဲ့သော ဝတ္ထုတို ၁၈ ပုဒ်ကို မပန်းခက် ရွေးချယ်၍ ဘာသာပြန်ဆိုခဲ့ခြင်း ဖြစ်သည်။ ဂျပန် စာဖတ်ပရိသတ်အတွက် ဆရာမကြီး လူထုဒေါ်အမာ ရေးပေးသော 'ပဏာမ အမှာစကား'ကိုပါ ဘာသာပြန်ဆို၍ ထည့်လိုက်ပါသေးသည်။

### ၂။ ကလောင်သူငယ်ချင်းတစ်ယောက်၏ အကူအညီများ

ဆရာမကြီးနှင့် စတွေ့ရသည်မှာ ၁၉၇၇ ကုန်ခါနီးလောက် ဖြစ်ပေသည်။ 'မပန်းခက်'ဟူ၍ ဗမာကလောင်နာမည် မှည့်ပေးခဲ့သော ကလောင်သူငယ်ချင်း ကွယ်လွန်သူ ကိုစိုးမောင်၊ ကဗျာဆရာ မောင်တင်မြိုင် (အင်းလေး) တစ်ယောက် လူထုတိုက်၌ ဆရာ၊ ဆရာမကြီးတို့နှင့် တွေ့နိုင်ရန် စီစဉ်ပေးလေသည်။

ကိုစိုးမောင်နှင့် မိတ်ဆက်ပေးခဲ့သူသည် ပါမောက္ခ အိုနိုတိုရူ ဖြစ်ပေသည်။ ဆရာအိုနိုသည် ၁၉၆၇–၆၉ ခုလောက် IFL ၌ တာဝန်ထမ်း

ဆောင်ခဲ့၍ ပညာရေးတက္ကသိုလ်ကျောင်းသား အင်းသား ကိုစိုးမောင်နှင့် သိကျွမ်းခဲ့လေသည်။ ဆရာ၏ ဂျပန်တပည့်နှစ်ယောက် မပန်းခက်နှင့် ကိုလှဝေတို့ကို ကလောင်သူငယ်ချင်းအနေနှင့် ရွေးချယ်၍ သူနှင့် မိတ်ဆက်ပေးခဲ့သည်။

မပန်းခက် ဘွဲ့ယူသော်လည်း မဟာဝိဇ္ဇာ ဆက်မတက်ဖြစ်။ စားဝတ်နေရေးကိစ္စ ဦးစားပေးလျက် ရုန်းကန်နေရသော ကာလ၌ ကိုစိုးမောင်သည် ခဏခဏ လူကြုံနှင့် စာပေလက်ဆောင်များ ပို့ပေးရှာသည်။ မပန်းခက် အလုပ်တစ်ဖက်နှင့် မဟာဝိဇ္ဇာယူပြီးလျှင် သုတေသန ဆက်လုပ်သော ကာလ၌လည်း သူ ခဏခဏ အားပေးလေ့ရှိသည်။ ၁၉၇၇ ခုကုန်ခါနီး မပန်းခက် ပထမအကြိမ် မြန်မာနိုင်ငံရောက်လာ၍ သူတို့မိသားစုနှင့်လည်း ဆုံတွေ့ရလေတော့သည်။

## ၃။ ပါမောက္ခအိုနိုတိုရှု အကြံပေးချက်

လှုပ်တစ်ပြက် မြန်မာမရောက်မီ ဆရာအိုနိုနှင့် ခရီးစဉ်နှင့်ပတ်သက်၍ ဆွေးနွေးမိသော် ဆရာ အကြံတစ်ခု ပေးလေသည်။

'တစ်ပတ်ပဲ ရှိတာကိုး။ ရန်ကုန်နားတစ်ဝိုက် လေ့လာဖို့ ကောင်းမှာ။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် မန္တလေးကိုပါ သွားမယ်ဆိုရင်တော့ လူထုတိုက် သွားရမယ်။ လူထုဦးလှ၊ လူထုဒေါ်အမာတို့နဲ့ တွေ့ရမယ်။ တစ်ခုတော့ ရှိတယ်။ လူထုဒေါ်အမာ ပိုစူးရှတာ သတိထား။

ဆရာ၏ဆိုလိုရင်း မပန်းခက် ကောင်းစွာ နားမလည်ချေ။ သို့သော်လည်း မပန်းခက်တစ်ယောက် ဤသို့လျှင် လူထုတိုက်သို့ ရောက်လေတော့သည်။ ပထမသော် ဆရာကြီးရုံးခန်း၌ ဂျပန်ခေတ် မြန်မာရောက်စာရေးဆရာ Takami Jun ၏စာပေနှင့် ပတ်သက်၍ ဆွေးနွေးလေသည်။ ထို့နောက် ဆရာမကြီးရုံးခန်း၌ ထိုင်လေသည်။ မပန်းခက် အနည်းငယ်ထိတ်လန့်တုန်လှုပ်လျက် ရှိသည်။ 'ပိုစူးရှ'သော ဆရာမကြီးနှင့် မည်သို့စကားပြောရမည်နည်း။

## ၄။ ယဉ်ယဉ်ကျေးကျေး နွေးနွေးထွေးထွေး

'လင်မယား ရန်ဖြစ်နေရလို့ ရုံးခန်းလည်း ကွဲနေရတာပဲရှင်'

ဝင်ဝင်ချင်း ဆရာမကြီး ဤသို့ ရယ်စရာပြောရှာသည်။ သူတို့ ရုံးခန်းတွေ ဟိုတုန်းက ဘယ်ညာတွဲလျက် ရှိခဲ့သည်မှာ အမှန်ပင်။ ဆရာမကြီးသည် ဒေါနှင့်မောနှင့်ပြောဖို့ ဝေးစွ။ ပြောပုံဆိုပုံမှာ ရည်ရည်မွန်မွန် ယဉ်ယဉ်ကျေးကျေး ဖြစ်ပေသည်။

မပန်းခက်လည်း စိတ်ပြေလက်ပျောက် ဖြစ်သွားမိ၍ ဂျပန်-မြန်မာ နှစ်နိုင်ငံတို့၏ အခြေအနေနှင့်ပတ်သက်၍ လွတ်လပ်စွာ ထင်မြင်ချက် ပြောပြမိလေတော့သည်။ ဆရာမကြီးသည် တပြုံးပြုံး နားထောင်ပြီးလျှင် နောက်ဆုံး၌ နွေးထွေးစွာ ပြောရှာသည်။

'ဒီမှာ လူတကာနဲ့ ဒီလို လွတ်လွတ်လပ်လပ် မပြောရဘူးရှင်။ ရိုးအ,သော မပန်းခက်အပေါ် ဆရာမကြီး စိတ်ပူခဲ့ပုံရလေသည်။ ဤ တစ်ခါမှ စ၍ ဆရာမကြီးသည် မပန်းခက်အတွက် ဤနိုင်ငံ၌ ယုံကြည်မှု အရှိဆုံး ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သွားလေတော့သည်။

## ၅။ စာပေကိစ္စ ကူညီပေးသော ဆရာမကြီး

ဒုတိယတစ်ခေါက် လူထုတိုက် သွားဖြစ်သည်မှာ ၁၉၉၃ ခုနှစ် ဖြစ်လေသည်။ ညွှေ့လမ်းညွှန် မငှားမဖြစ်သော ခေတ်ကာလ ဖြစ်ပေသည်။ ညွှေ့လမ်းညွှန် မန္တလေးသားကြီးသည် သတ်မှတ်ထားသော နေရာတွေသို့ပင် လိုက်ပို့လေသည်။ လူထုတိုက်သို့သော် ပို့ချင်ပုံမရ။ မပန်းခက်အတွက်လည်း အဆင်ပြေလေတော့သည်။ ဆိုက်ကားနှင့် လွတ်လပ်စွာ လူထုတိုက်သို့ သွားလေသည်။ ဆရာမကြီးသည် ကလောင်အင်အားကောင်းသော ဆရာ၊ ဆရာမတွေ ဖိတ်ခေါ်၍ မပန်းခက်နှင့် မိတ်ဆက်ပေးလေသည်။

တတိယတစ်ခေါက် ရောက်ဖြစ်သည်မှာ ၁၉၉၅ ခုနှစ် ဖြစ်သည်။ ရုံးခန်း၌ စုဝေးကြသော စာရေးဆရာ၊ ဆရာမ အယောက် ၅၀ ကျော်ကျော်နှင့် ဆရာမကြီး မိတ်ဆက်ပေးလေသည်။ ဆရာမကြီးသည် မပန်းခက် စာပေကိစ္စ အလွန့်အလွန် ကူညီပေးခဲ့သော ကျေးဇူးရှင်တစ်ယောက်လည်း ဖြစ်သွားတော့သည်။

၁၉၉၇ ခုနှစ်၊ ဩဂုတ်၌ ဆရာမကြီးကို 'ခေတ်ပေါ် မြန်မာဝတ္ထုတို ပေါင်းချုပ် ၂'အတွက် အမှာစာ တောင်းလေသည်။ အမှာစာသည် ဂျပန်

စာဖတ်ပရိသတ်အတွက် ဖြစ်သော်လည်း မြန်မာ စာဖတ်သူတို့အတွက် လည်း တန်ဖိုးရှိပေသည်။ မပန်းခက်လည်း ဆရာမကြီးအကြောင်း မိတ်ဆက်စကား ရေးရသေးသည်။ နောက်ဆုံးစာပိုဒ်မှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

> 'ဆရာမကြီးသည် ဤဝတ္ထုပေါင်းချုပ်၌ ပါသော 'ရွှေမန်ကျည်း ခုနစ်စင်' ရေးသူ ဆရာညီပုလေး၏မိခင် ဖြစ်သည်။ ထို့ပြင်မက သေး၊ မန္တလေး ဆရာ၊ ဆရာမ အားလုံးတို့၏ မိခင်တစ်ယောက် သဖွယ် ချစ်ခင်လေးစားခြင်းခံလျက် ရှိသည်'

ထိုနှစ်မှစ၍ မပန်းခက် နှစ်စဉ် မန္တလေးရောက်ဖြစ်သည်။ ဆရာမကြီးနှင့် စကားစမြည်ပြောလေ့ ရှိသည်။ တစ်ခါတလေ ဆရာမကြီး မုန့်ကျွေးရှာသည်။ ဆောက်လက်စ လူထုစာကြည့်တိုက်ကိုပါ ပြသေးသည်။

## ၆။ ဆရာမကြီးနှင့် နှုတ်ဆက်ခြင်း

ဆရာမကြီး မကျန်းမမာဖြစ်၍ မေမြို့အိမ်၌ နေရသော်လည်း မပန်းခက် သွားတွေ့ပါသေးသည်။ ၂၀၀၈ ခုနှစ်၊ ဧပြီလ အိပ်မက်၌ ဆရာမကြီးနှင့် ဆုံမိသည်။ ဆရာမကြီးသည် လုပစ္စာ ဝတ်ဆင်လျက် ချိုသာစွာပြုံးလျက် ရှိသည်။ နောက်မကြာမီ ဆရာမကြီး ဆုံးသွားပြီဟု သိရလေသည်။

ဤသို့ လာနှုတ်ဆက်သွားသော ဆရာမကြီး ရုပ်ပုံလွှာသည် မပန်းခက် စိတ်ထဲ၌ အမြဲကိန်းဝပ်လျက် ရှိပေသည်။ ဆရာမကြီး မရှိသော မန္တလေးသို့ မပန်းခက် နှစ်စဉ်ရောက်သေးသည်။ လူထုစာကြည့်တိုက်၌ အငမ်းတကြီး စာဖတ်သော မပန်းခက်ကို နံရံကပ်ပုံထဲမှနေ၍ ဆရာမကြီး ချိုသာစွာ ပြုံးကြည့်လျက် ရှိတော့သည်။

## ၇။ ၉ နှစ်စာ ဝတ္ထုတိုများ

၂၀၀၄ ခုနှစ်၌ 'ခေတ်ပေါ် မြန်မာဝတ္ထုတိုပေါင်းချုပ် ၂၊ အထူအပါးနှင့် အခြားဝတ္ထုတိုများ'ကို ဆရာမ ခက်မာ စီစဉ်၍ မြန်မာ စာဖတ်ပရိသတ်အတွက် 'မာတာစာအုပ်တိုက်'မှ 'စံပယ်တွေ ရမယ်နှင့် ဂျပန်ဘာသာပြန် မြန်မာဝတ္ထုတိုများ' ခေါင်းစဉ်ဖြင့် ထုတ်ဝေခဲ့လေသည်။ 'အထူအပါး'

ရေးခဲ့သော ဆရာမ သန်းမြင့်အောင်လည်း 'အထူအပါးနှင့် အခြားဝတ္ထုတိုများ' ခေါင်းစဉ်ဖြင့် စာအုပ်ထုတ်ဝေလျက် ရှိသည်။ ထိုခေါင်းစဉ် မသုံးနိုင်သောကြောင့် ဆရာမြသန်းတင့်၏ 'စံပယ်တွေ ရမယ်' ခေါင်းစဉ်ဖြင့် ထုတ်ဝေသည်ဟု ဆိုသည်။

ထိုစာအုပ်၌ ဆရာမကြီး၏ 'ပဏ္ဏာမအမှာစကား' မထည့်ဖြစ်ခဲ့ပါ။ ထိုစာအုပ်မှ ဝတ္ထုတိုတွေကို ဂျပန်ဘာသာပြန်အတွက် သုံးခဲ့သော စာမူတွေနှင့် နှိုင်းယှဉ်ကြည့်သော် စကားလုံးတချို့၊ ဝါကျတချို့ ကွက်ကျား ကွက်ကျား ပျောက်နေသည်ကိုပါ တွေ့ရလေတော့သည်။

ဂျပန်ဘာသာပြန်စာအုပ် ထုတ်ဝေနေတုန်းမှစ၍ အနှစ် ၂၀ ကျော်သော်လည်းကောင်း၊ မာတာတိုက်မှ စာအုပ်ထုတ်ဝေတုန်းမှ စ၍ ၁၅ နှစ်ကျော်သော်လည်းကောင်း ကြာမြင့်ခဲ့လေသည်။ ထိုအတောအတွင်း ဝမ်းနည်းဝမ်းသာ အတွေ့အကြုံမျိုးစုံနှင့် တွေ့ရှိရလေသည်။

ဥပမာဆိုလျှင် ဟိုတုန်းက ဆရာလေး၊ ဆရာမလေးတွေ ခု ဆရာကြီး၊ ဆရာမကြီးတွေ ဖြစ်လာကြသည်မှာ ဝမ်းသာစရာတစ်ခု ဖြစ်ပေသည်။ ဆရာ၊ ဆရာမ ၁၈ ယောက်မှ ၅ ယောက် ဆုံးသွားရှာသည်မှာလည်း စိတ်မကောင်းစရာတစ်ခု ဖြစ်ပေသည်။ စာပေလောက အခြေအနေမှာလည်း ပြောင်းလဲလာပြီ။ မူရင်းပုံစံအတိုင်း စာအုပ်ထုတ်ဝေ၍ ရလောက်ပြီဟု မြင်သောကြောင့် မပန်းခက် ဒုတိယအကြိမ် စီစဉ်ခဲ့ခြင်း ဖြစ်ပေသည်။

'ခေတ်ပေါ် မြန်မာဝတ္ထုတိုပေါင်းချုပ် ၂၊ အထူအပါးနှင့် အခြားဝတ္ထုတိုများ' ၌သော်လည်းကောင်း၊ 'စံပယ်တွေရမယ်နှင့် ဂျပန်ဘာသာပြန်မြန်မာဝတ္ထုတိုများ' ၌သော်လည်းကောင်း ဝတ္ထုတို ၁၈ ပုဒ် ပါလေသည်။ သို့သော်လည်း ဒုတိယအကြိမ် ထုတ်ဝေမည့် ဤစာအုပ်၌သော် ဝတ္ထုတို ၁၇ ပုဒ်သာ ပါလေတော့သည်။ ဆရာမ ခင်မြဇင် ရေးသော 'ချောင်းခြားတေး' တစ်ပုဒ်ကို ဆရာမ၏ တောင်းဆိုချက်အရ ပယ်ဖျက်သောကြောင့် ဖြစ်ပေသည်။

မည်သို့ဆိုစေ ၁၉၈၈ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ၉ နှစ်စာအတွင်း၌ မဂ္ဂဇင်းတွင် ပါခဲ့သော ဝတ္ထုတို ၁၇ ပုဒ်မှတစ်ဆင့် ၉ နှစ်စာ သမိုင်းတွေ ပြန်လေ့လာ သုံးသပ်၍လည်း ရမည်ဟု မျှော်လင့်လျက် ခေါင်းစဉ်ကို '၉ နှစ်စာ ဝတ္ထုတိုများ' ဟူ၍ မှည့်ထားခဲ့လေသည်။

ဤစာအုပ်ထုတ်ဝေရန်အတွက် ကူညီပေးကြသော ပုဂ္ဂိုလ်အားလုံး ကို ကျေးဇူးတင်လျက် ရှိသည်။

**မပန်းခက် (Midori Inouye Minamida)**
ဂုဏ်ထူးဆောင်ပါမောက္ခ၊ အိုစကာတက္ကသိုလ်
၂၊ ၉၊ ၂၀၁၉။
ခေတ္တ ရန်ကုန်။

## စာရေးသူများ၏ အတ္ထုပ္ပတ္တိအကျဉ်း



**မောင်တင်ဆင့်**

အမည်ရင်းမှာ တင်ဆင့်။ ၁၉၅၀ တွင် ဖြူး၌ မွေးဖွားသည်။ ၁၉၇၀ တွင် မဂ္ဂဇင်း၌ ဝတ္ထုတို ပါရှိခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ကွယ်လွန်သည်။



**ခင်ပန်နှင်း(မြောင်းမြ)**

အမည်ရင်းမှာ ခင်မြင့်ဦး။ ၁၉၅၀ တွင် မြောင်းမြ၌ မွေးဖွားသည်။ ၁၉၈၂ တွင် မဂ္ဂဇင်း၌ ဝတ္ထုတို ပါရှိခဲ့သည်။ ၂၀၁၇ တွင် ကွယ်လွန်သည်။



**ဆူးငှက်**

အမည်ရင်းမှာ ကျော်ဆန်း။ ၁၉၅၈ တွင် မန္တလေး၌ မွေးဖွားသည်။ ၁၉၈၉ တွင် မဂ္ဂဇင်း၌ ဝတ္ထုတို ပါရှိခဲ့သည်။



**ကျော်စွာထက်**

အမည်ရင်းမှာ တင်မောင်ညွန့်။ ၁၉၅၇ တွင် မန္တလေး၌ မွေးဖွားသည်။ ၁၉၇၈ တွင် မဂ္ဂဇင်း၌ ဝတ္ထုတို ပါရှိခဲ့သည်။

**ခင်ဆွေဦး**

အမည်ရင်းလည်း ခင်ဆွေဦး။ ၁၉၃၃ တွင် စစ်ကိုင်း၌ မွေးဖွားသည်။ ၁၉၅၈ တွင် မဂ္ဂဇင်း၌ ဝတ္ထုတို ပါရှိခဲ့သည်။





**မေမောင်**

အမည်ရင်းမှာ တင်သန္တာဝင်း။ ၁၉၅၇ တွင် မြင်းမူ၌ မွေးဖွားသည်။ ၁၉၈၆ တွင် မဂ္ဂဇင်း၌ ဝတ္ထုတို ပါရှိခဲ့သည်။

**မောင်ညိုပြာ**

အမည်ရင်းမှာ စံအုန်း။ ၁၉၄၅ တွင် ဘီလူးကျွန်း၌ မွေးဖွားသည်။ ၁၉၇၀ တွင် မဂ္ဂဇင်း၌ ဝတ္ထုတို ပါရှိခဲ့သည်။





**မဝင့်(မြစ်ငယ်)**

အမည်ရင်းမှာ ကြည်ဝင့်။ ၁၉၅၇ တွင် မြစ်ငယ်၌ မွေးဖွားသည်။ ၁၉၈၆ တွင် မဂ္ဂဇင်း၌ ဝတ္ထုတို ပါရှိခဲ့သည်။



**မြသန်းတင့်**

အမည်ရင်းမှာ မြသန်း။ ၁၉၂၉ တွင် မြိုင်၌ မွေးဖွားသည်။ ၁၉၄၉ တွင် မဂ္ဂဇင်း၌ ဝတ္ထုတို ပါရှိခဲ့သည်။ ၁၉၉၈ တွင် ကွယ်လွန်သည်။



**ရဲသျှမ်း**

အမည်ရင်းမှာ ရဲလွင်။ ၁၉၅၉ တွင် မန္တလေး၌ မွေးဖွားသည်။ ၁၉၈၅ တွင် မဂ္ဂဇင်း၌ ဝတ္ထုတို ပါရှိခဲ့သည်။



**မင်းနွယ်စိုး**

အမည်ရင်းမှာ စိုးသိန်း။ ၁၉၅၇ တွင် ရန်ကုန်၌ မွေးဖွားသည်။ ၁၉၈၂ တွင် မဂ္ဂဇင်း၌ ဝတ္ထုတို ပါရှိခဲ့သည်။ ၂၀၁၂ တွင် ကွယ်လွန်သည်။



**မစန္ဒာ**

အမည်ရင်းမှာ ချိုချိုတင်။ ၁၉၄၇ တွင် ရန်ကုန်၌ မွေးဖွားသည်။ ၁၉၆၁ တွင် မဂ္ဂဇင်း၌ ဝတ္ထုတို ပါရှိခဲ့သည်။



**ဖေမြင့်**

အမည်ရင်းလည်း ဖေမြင့်။ ၁၉၄၉ တွင် သံတွဲ၌ မွေးဖွားသည်။ ၁၉၈၆ တွင် မဂ္ဂဇင်း၌ ဝတ္ထုတို ပါရှိခဲ့သည်။



**သန်းမြင့်အောင်**

အမည်ရင်းမှာ သန်းသန်းမြင့်။ ၁၉၅၃ တွင် ကျိုက်ထို၌ မွေးဖွားသည်။ ၁၉၇၈ တွင် မဂ္ဂဇင်း၌ ဝတ္ထုတို ပါရှိခဲ့သည်။



**ညီပုလေး**

အမည်ရင်းမှာ ငြိမ်းချမ်း။ ၁၉၅၂ တွင် မန္တလေး၌ မွေးဖွားသည်။ ၁၉၈၅ တွင် မဂ္ဂဇင်း၌ ဝတ္ထုတို ပါရှိခဲ့သည်။



**ဆောင်းဝင်းလတ်**

အမည်ရင်းမှာ ဖုန်းမြင့်။ ၁၉၄၉ တွင် ကွမ်းခြံကုန်း၌ မွေးဖွားသည်။ ၁၉၇၃ တွင် မဂ္ဂဇင်း၌ ဝတ္ထုတို ပါရှိခဲ့သည်။



**မောင်သွေးချွန်**

အမည်ရင်းမှာ မြင့်စိုး။ ၁၉၅၅ တွင် သာစည်၌ မွေးဖွားသည်။ ၁၉၈၆ တွင် မဂ္ဂဇင်း၌ ဆောင်းပါး စတင်ပါရှိခဲ့သည်။

မြန်မာနိုင်ငံစာကြည့်တိုက်များ အောင်အေးရှင်းက
လှူဒါန်းပါသည်။